# နန္ဒကျော်သူ

## ရွှေစင်အရိုးစုနှင့် ပန်းတစ်ရာတောင်ကြား

လုံးချင်း ၈ ဆုံး



● စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၃၂၀/၈၉ (၅)

● မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၁၃/၈၉ (၆)

ပထမအကြိမ်

၁၉၈၉ ခုနှစ် ဇူလိုင်လ

အုပ်ရေ – ၆၀၀၊ တန်ဖိုး – ၃၂ ကျပ်

အဖုံးရိုက် – လင်းအော့ဖ်ဆက်

ထုတ်ဝေသူ – ဦးကံညွန့် (မြဲ ၀၃၀၆၇)
ရွှေမိစာပေ
အမှတ် ၁၈၈၊ ဘောင်ဆရီလမ်း၊
ဗဟန်း ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးပါကြီး (မြဲ ၀၁၉၅)
ဆန်းသစ်ပုံနှိပ်တိုက်
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း၊
ရန်ကုန်။

စာအုပ်ချုပ် – ချယ်ရီ

စီစဉ်သူ – ခင်မောင်ကျော်

# နန္ဒကျော်သူ

## ရွှေစင်အရိုးစုနှင့်ပန်းတစ်ရာတောင်ကြား

စာပေမန်းပွင့်

[လုံးချင်းသိုင်းဝတ္ထု အစ-အဆုံး]

## စနှုသမုဆိုး

ဝါးလင်တောင်တန်း။

ဝါးလင်တောင်တန်းမှာ မတ်စောက်ပြီးအသွားအလာခဲယဉ်းသည်။

သစ်ပင်ကြီးများနှင့် ဖုံးလွှမ်းထား၏။

သားရဲတိရစ္ဆာန် ပေါများသော တောင်တန်းတစ်ခုဖြစ်၏။

ထို့ကြောင့် မုဆိုးများမှာ ဝါးလင်တောင်တန်းတဝိုက်တွင် ကျက်စားကြ၏။

သို့သော် မုဆိုးတိုင်းလိုလိုပင် ဝါးလင်တောင်တန်းအောက် မရောက်ဘူးကြပါ။

ဝါးလင်တောင်တန်းမှာ ကြီးမားကျယ်ပြန့်မှုမက အချို့နေရာများသည် အလွန်ပင်မတ်စောက်လှသည်မဟုတ်ပါလား။

*

ည....

ညဥ့်နက်လှပြီဖြစ်၏။

ဝါးလင်တောင်တန်းတစ်ခုလုံးမှာတစ်ခါတစ်ရံ တောင်တောင်များ၏ အော်မြည်သံမှတစ်ပါး တိတ်ဆိတ်နေ၏။

ညအမှောင် လရောင်မသဲမကွဲအောက်ဝယ် ဝါးလင်တောင်တန်းမှာ ငြိမ်သက်စွာ လဲလျောင်းနေ၏။

သို့သော် သေချာစွာကြည့်မည်ဆိုပါက ဝါးလင်တောင်တန်းပေါ်ဝယ် လူတစ်ယောက် ပြေးလွှားနေသည်ကို တွေ့ရပေသည်။

လရောင်ဖြင့် သေချာစွာ ကြည့်မည်ဆိုလျှင် ထိုလူသည် အသက်သုံးဆယ်ကျော်ခန့်ရှိပြီး သူ့ဆံပင်များမှာ ရှုပ်ပွနေ၏။

မုတ်ဆိတ်မွေးများမှာလည်း ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

သူ၏မျက်နှာပေါ်ဝယ် ချွေးများ စို့ရွှဲနေ၏။

မောပန်းခြင်း ဆာလောင်ခြင်းဟူသည့် အရိပ်လက္ခဏာများလည်း မြင်နေရ၏။

ထိုလူမှာ နောက်သို့ သုံးဝမလှည့်ကြည့်ပါ။

ရှေ့သို့သာ တစိုက်မတ်မတ် ပြေးနေ၏။

သူ၏အင်္ကျီမှာ အကျဉ်းသားများ ဝတ်ဆင်ထားသော အင်္ကျီတစ်ထည်ဖြစ်နေသောကြောင့် ထိုလူသည် မည်သည့်နေရာမှထွက်ပြေးလာသည်ကို ညွှန်ပြနေသလို ဖြစ်နေ၏။

သူ၏အင်္ကျီပေါ်တွင် သွေးစသွေးနများ ပေကျံနေသည်၊ ပြေးနေရာတွင်လည်း သူ၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေ၏၊ ထိုလူ ဒဏ်ရာရထားကြောင်းလည်း သိသာလှသည်။



သို့သော် ထိုလူသည် ဒယီးဒယိုင်နှင့်ပင် မတ်စောက်သောလမ်းကို တက်လာသည်။

သူ၏ပိရိသော နှုတ်ခမ်းများက ငွေ့အလွန်ရှိကြောင်းကို ဖော်ပြနေ၏။

ထိုလူမှာ မတ်စောက်သောတောင်တက်လမ်းကို အမြန်တက်နေရာ သုံးလေးကြိမ်မက ချော်လဲခဲ့၏။

သို့သော် ချက်ချင်းလူးလဲထပြီး ဆက်တက်ခဲ့သည်။

သူ၏ကိုယ်ပေါ်တွင် ဖုန်အလိမ်းလိမ်းဖြစ်နေ၏။

သူက ငွေ့မလျော့ဘဲ တက်လာခဲ့ရာ နောက်ဆုံး တောင်ထိပ်ပေါ်သို့ ရောက်ရှိလာလေသည်။

တောင်ထိပ်သို့ရောက်သောအခါ ထိုလူသည် အလွန်အားအင်ကုန်ခမ်းနေလေပြီ။

ခြေလှမ်းကိုပင် အနိုင်နိုင်သယ်ရင်း လျှောက်သွား၏။

အတန်ကြာ လျှောက်လိုက်သောအခါ သစ်လုံးဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးဆီသို့ ရောက်ရှိလာသည်။

ထိုလူ၏မျက်နှာပေါ်တွင် အပြုံးတစ်ချက် ပေါ်လာ၏။

တံခါးဝအရောက်ဝယ် စိတ်ကိုလျှော့ချလိုက်၍ ပုံလျက်သား လဲကျသွားလေတော့သည်။

'ဝုန်း'

လဲကျနေသော ထိုလူအားတွေ့သောအခါ လူတစ်ယောက်ကမန်းကတန်းဆွဲယူပွေ့ကာ အိမ်ထဲသို့ မနိုင့်တနိုင်နှင့် ဆွဲသွင်းသွားလေတော့သည်။

* * *

နေရောင်ခြည်မှာ ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ပင် ရောက်လာ၏။

ခုတင်ပေါ် ဝယ် အိပ်နေသောလူသည် မျက်နှာပေါ်သို့ နေရောင်ခြည်ကျလာတော့မှ လူးလွန့်ကာ နိုးလာ၏။

သူက မျက်လုံးဖွင့်ကြည့်လိုက်၏။

မိုးထိန်ထိန်လင်းနေပြီဖြစ်၏။

သူ့ကိုယ်သူငုံ့ကြည့်ရာ တောင်သားအဝတ်အစားနှင့်ပင်တွေ့ရသည်။

အခန်းတွင်း၌ တိရစ္ဆာန်တို့၏သားရေများ၊ ချိုများပြည့်နှက်နေအောင် ချိတ်ဆွဲထား၏။

ထိုအခါမှ သက်ပြင်းချလိုက်ပြီး

'အင်း ...ကံကောင်းလို့ ငါ့အိမ်ကိုပြန်ရောက်လာတာပဲ'

ဟု ရေရွတ်လိုက်၏။

သူက ခုတင်ပေါ်က ဆင်းရန်ဟန်ပြင်လိုက်၏။

သို့သော် သူ့ခန္ဓာကိုယ်က သူ့အလိုကိုမလိုက်လျောပါ။

အလွန် ကိုက်ခဲနေသည်မဟုတ်ပါလား။

ယခုမှ သူက သူ၏ကိုယ်ပေါ်တွင် ဆေးထည့်ထားခြင်း ပတ်တီးစည်းထားခြင်းတို့ကို ဂရုပြုမိ၏။

လိုက္ခ ထပ်မံ သက်ပြင်းချလိုက်၏။ လွန်ခဲ့သော တစ်လက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာလေသည်။

သူလွန်ခဲ့သောတစ်လက ဇနီးဖြစ်သူကို နှုတ်ဆက်ကာ မြို့သို့ တက်ကာ ဖမ်းဆီးရမိထားသော သားကောင်များ သားရေများကို ရောင်းချခဲ့၏။



ဤသို့ တက်ရောင်းမိခြင်းမှာပင် သူ့အတွက်ကံဆိုးခြင်းဖြစ်၏။ မူးယစ် ရမ်းကားသော လူသုံးယောက်က အဘိုးအိုတစ်ယောက်အား ဒုက္ခပေးနေသည်ကိုတွေ့ရသဖြင့် မနေနိုင်ဘဲဝင်ပါမိ၏။

ထိုပြဿနာတွင် အမူးသမားတစ်ယောက်ကို သူသတ်လိုက်မိ၏။ ထို့ကြောင့် အာဏာသားများ၏ ဖမ်းဆီးခြင်းခံခဲ့ရ၏။

သူသည် သူ့ကိုယ်သူအပြစ်မရှိဟု ယူဆ၏။ အကျဉ်းချထားခြင်းကိုလည်း သူ့အပေါ် မတရားချုပ်နှောင်ခြင်းဟု ယူ[illegible] ထို့ကြောင့် ထောင်ဖောက်ကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်[illegible]၏။

ယခုမူ သူ၏အိမ်သို့ ပြန်ရောက်လာပြီဖြစ်၏။ စိတ်သဲအတော်အသင့် လွတ်လပ်သွား၏။ ဇနီးဖြစ်သူကိုလည်း သတိရသွားမိ၏။

ဇနီးဖြစ်သူ၏ အရိပ်အယောင်ကို မတွေ့ရပါ သူနိုးလာသည်ကို မတွေ့သောကြောင့်ပင်လော။

ထိုအခိုက် အိမ်အပြင်ဘက်မှ ကလေးငယ်တစ်ဦး၏ အသံကို ကြားလိုက်ရ၏။ သူ မျက်မှောင်ကြုတ်သွား၏။

သူတို့တွင် ကလေးမရှိပါ။ ယခု ကလေးအသံကိုကြားနေရ၏။ မည်သူ့ကလေးပါနည်း။

သူတို့၏အိမ်ကလေးသို့ မည်သည့်လူ တစ်ယောက်မျှ မရောက်လာဖူးပေ။ လာရန်လည်း လမ်းခရီးကမလွယ်ပါ။

တွေးရင်း စိတ်ရှုပ်လာ၏။ ဇနီးဖြစ်သူကို အော်ခေါ်လိုက်လေသည်။

'ချင်းပင်....ချင်းပင်'

သူ၏အသံမှာ ဟိန်းထွက်လာ၏။ သူ၏ အသံ အဆုံးဝယ် တံခါးပွင့်သွား၏။ အငွေ့တထောင်းထောင်း ထနေသော ဆံပြွတ်ပန်းကန်ကိုကိုင်ကာ မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

သူ၏ မျက်လုံးအစုံမှာ မိန်းကလေးအား တွေ့သောအခါ ပို၍ပြူးကျယ်သွားလေသည်။

* * *



မိန်းကလေးမှာ အသက် နှစ်ဆယ်ကျော်မျှဖြစ်၏။ ဝိုင်းစက်သောမျက်လုံး နီထွေးသောနှုတ်ခမ်း ပေါ်လွင်သော နှာတံနှင့် မျက်ခုံးတို့ကြောင့် မိန်းမလှတစ်ယောက်ဟု သိသာနိုင်၏။

သူမ၏ ခန္ဓာကိုယ်အချိုးအစားမှာလည်း အတော်ပြေပြစ်လှ၏။ ခုတင်ပေါ်မှလူမှာ မိန်းကလေးအား ငေးစိုက်ကြည့်နေ၏။

မိန်းကလေးက နှစ်လိုဖွယ်ပြုံးလိုက်ပြီး...

'ရှင် နိုးလာပြီလား'

ဟုမေးလိုက်၏။

ခုတင်ပေါ်မှလူက လူးလဲထထိုင်ကာ—

'နေပါဦး မင်းဘယ်သူလဲ ချင်းပင်ရော'

မိန်းကလေးက မျက်မှောင်ကြုတ်ကာ...

'ချင်းပင်ဟုတ်လား ချင်းပင်ဆိုတာ ဘယ်သူလဲ'

ဟုပြန်မေးလိုက်၏။

ပတ်ဝန်းကျင်ကို သေချာစွာကြည့်လိုက်ပြီး—

'အင်း.... အိမ်ကတော့ ငါ့အိမ်ပဲ'

မိန်းကလေးက—

'ဟုတ်ပါတယ် ကျွန်မအိမ်မဟုတ်ပါဘူး၊ ဒါထက် ချင်းပင်ဆိုတာ ဘယ်သူလဲ'

ထိုလူက...

'ချင်းပင်ဆိုတာ ကျုပ်ဇနီး၊ ခင်ဗျားကဘယ်သူလဲ ဘာဖြစ်လို့ ကျုပ်အိမ်ထဲကိုရောက်နေရတာလဲ'

ဟု ခပ်မာမာမေးလိုက်၏။

မိန်းကလေး၏မျက်နှာမှာ ညှိုးငယ်သွား၏။

အတန်ကြာမှ…

'ကျွန်မနာမည် လုဖုန်းပါ၊ ကျွန်မတို့ဒီကိုရောက်တာ တစ်ပတ်ပဲရှိပါသေးတယ်၊ ဒီမှာ လူတစ်ယောက်မှမရှိလို့ ဝင်ပြီး နေထိုင်နေတာပါ'

'ဘာ'

ခုတင်ပေါ်မှလူက ထအော်လိုက်သဖြင့် လုဖုန်းမှာ ကြောက်လန့်သွား၏။

ထိုလူအား မျက်လုံးအဝိုင်းသားဖြင့် ပြန်ကြည့်လိုက်၏။

ခုတင်ပေါ်မှလူက….

၄ 'ဒီမှာ လူတစ်ယောက်မှမရှိဘူး ဟုတ်လား'

'ဟုတ်….ဟုတ်ပါတယ်'

'မင်းမညာနဲ့၊ ငါ့ဇနီးကော'

'ကျွန်မ တစ်ခါမှမတွေ့ခဲ့ပါဘူး၊ ဒါပေမယ့် ဒီဘက်ကို သူပုန်တွေဝင်ပြီးသွားတယ်ဆိုတာတော့ ကြားမိပါတယ်၊ ဟိုဘက်တောင်ကြောက မုဆိုးရွာလဲ လုံးဝပျက်အောင် ဖျက်ဆီးသွားပါတယ်'

ခုတင်ပေါ်မှလူမှာ ငေးငိုင်သွား၏။

အတန်ကြာမှ ကြေကွဲသွားသောလေသံဖြင့်….

'ဒါဆို ကျုပ်ဇနီးလဲ သေသွားပြီပေါ့'

လုဖုန်းက ခေါင်းကိုခါယမ်းလိုက်ပြီး….

'ကျွန်မ ဒီကိုရောက်တော့ အလောင်းတစ်လောင်းမှ မတွေ့ဘူး'

ထိုလူမှာ စိတ်ရှုပ်ဟန်ပေါ်သွား၏။



လုဖုန်းက…

'ဒါထက် ရှင်က နာမည်ကျော်မုဆိုး တုကျိုကောင်း မဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူ၏ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

လုဖုန်းအား စိုက်ကြည့်ပြီး…

'မင်း ငါ့နာမည်ကိုသိတယ် ဟုတ်လား'

လုဖုန်းက….

'ကျွန်မ မုဆိုးရွာရောက်တော့ သူတို့က ဒီဘက်ကိုညွှန်ရင်း ရှင့်နာမည်ပါပြောလိုက်လို့ပါ'

တုကျိုကောင်းက

'ဒါဆို မင်း ငါနဲ့တွေ့ဖို့လာခဲ့တာပေါ့'

လုဖုန်းက ခေါင်းခါယမ်းလိုက်ပြီး

'မဟုတ်ပါဘူး၊ သူတို့ရွာမှာ ကျွန်မအတွက် နေဖို့နေရာမရှိလို့ ဒီဘက်ကို လွှတ်လိုက်တာပါ'

'မင်း နေစရာမရှိလို့လား'

'ဟုတ်ပါတယ်၊ ကျွန်မယောကျ်ားက အာမခံဌာနကဟိုကျိုပါ၊ သူ့ကို သူပုန်တွေသတ်သွားတော့ ကျွန်မတို့လဲနေစရာ မရှိဘဲ ပြေးမိပြေးရာ ပြေးလာခဲ့တာပါ'

တုကျိုကောင်းက မျက်မှောင်ကြုတ်သွားပြီး

'ကျွန်မတို့ဆိုတော့ မင်း တစ်ယောက်တည်း မဟုတ်ဘူး၊ နောက် ဘယ်သူပါလာသေးလဲ'

လုဖုန်းက စိုစွတ်နေသောမျက်ရည်ကို လက်ခုံဖြင့် သုတ်ရင်း

'ကျွန်မသားကလေးနဲ့ပါ'

တုကျိုကောင်းက

'အပြင်ဘက်က ကလေးသံဟာ မင်းရဲ့သားပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

လုဖုန်းက လက်ထဲမှဆန်ပြုတ်အား ခုတင်အနီးရှိ ခုံပေါ်တင်လိုက်ပြီး

'ရှင် ဆာနေတယ်မဟုတ်လား၊ ပူတုန်းသောက်လိုက်ပါဦး'

တုကျိုကောင်းက

'ဒါဆို ငါ့ဇနီးအကြောင်း မင်း ဘာပြောနိုင်မလဲ'

လုဖုန်းက သက်ပြင်းချရင်း

'ကျွန်မစိတ်ထဲထင်တာ ပြောရရင်တော့ သူ့ကို သူပုန်တွေ ဖမ်းသွားတာဖြစ်မယ်ထင်တယ်'

တုကျိုကောင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'ဒါထက် မင်းတို့ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ'

လုဖုန်းက မျက်နှာညှိုးငယ်သွား၏။

အတန်ကြာမှ

'ကျွန်မတို့သားအမိ လောလောဆယ် ဘယ်သွားရမှန်းမသိလို့ ဒီမှာခဏနေတာပါ၊ တကယ်လို့ ရှင်လက်မခံနိုင်ရင်တော့ ကျွန်မတို့ထွက်သွားပါ့မယ်'

အတန်ကြာမှ တုကျိုကောင်းက တစ်ချက်စဉ်းစားလိုက်ရင်း

'ဒါဆို မင်းတို့သွားဖို့ပြင်တော့'

လုဖုန်းမှာ မျက်နှာပျက်သွား၏။



အတန်ကြာမှ....

'ကျွန်မဟာ ရှင်မသိဘဲ ရှင့်အိမ်မှာ နေထိုင်မိတဲ့အတွက် ခွင့်လွှတ်ပါ၊ ရှင့်ကျေးဇူး ကျွန်မအပေါ်ရှိနေပါပြီ၊ အခု ရှင်နေမကောင်းသေးတော့ ရှင်နေကောင်းတဲ့အထိ ကျွန်မပြုစုပေးပါရစေ၊ ရှင်နေကောင်းတာနဲ့ ကျွန်မထွက်သွားပါ့မယ်'

ဟုပြောပြီး အခန်းထဲမှ လှည့်ထွက်သွားလေသည်။ တုကျိုကောင်းမှာ ပြန်ပြောရန် အချိန်မရလိုက်တော့ပေ။

သက်ပြင်းတစ်ချက် ချလိုက်ပြီးဆန်ပြုတ်ပန်းကန်ကို ကောက်ယူလိုက်၏။ အဆိပ်ပါမပါစမ်းသပ်ပြီး အဆိပ်မပါကြောင်းသေချာမှ ဆန်ပြုတ်ကိုပန်းကန်လိုက် မော့ချလိုက်လေတော့သည်။

* * *

နောက်တစ်နေ့...

တုက္ကျီကောင်းက လူဖုန်းပေးသော ဆေးရည်ကိုမော့သောက်လိုက်ပြီး....

‘မင်း ငါ့ကို အထူးတလည် ပြုစုဖို့မလိုပါဘူး၊ ငါလဲ နေကောင်းပါပြီ’

လူဖုန်းက ပြုံးလိုက်ပြီး...

‘ရှင် နောက်ထပ်သုံးရက်လောက်မှ နေကောင်းမှာ၊ ရှင့်ကိုပြုစုတာဟာ ကျွန်မယောကျ်ားကတောင် ရှင့်ကို မကြွခဏ ချီးကျူးခဲ့လို့ ရှင်ဟာ ရွှန်းစီနယ်က ထိပ်တန်းသိုင်းသမားမှန်း သေသေချာချာ သိလိုက်လို့ပါ’

တုက္ကျီကောင်းက မျက်မှောင်ကြုတ်သွားပြီး...

‘မင်းယောကျ်ားက ငါ့ကိုသိတယ် ဟုတ်လား’

လူဖုန်းက ခေါင်းညိတ်လိုက်ပြီး....

‘ကျွန်မ ယောကျ်ားစင်မဟုတ်ဘူးရှင်၊ လူတော်တော်များများက ရှင့်ကိုသိကြပါတယ်၊ ရွှန်းစီနယ်မှာ မုဆိုး သိုင်းသမားတုက္ကျီကောင်းကို ဘယ်သူမှမကျော်နိုင်ပါဘူး’

တုက္ကျီကောင်းက ခေါင်းခါလိုက်ပြီး...

‘ငါ သိုင်းလောကသားလဲ မဟုတ်ဘူး၊ သိုင်းလောကထဲမဝင်ဘူး’



‘ဟုတ်ပါတယ် ကျွန်မ ယောကျ်ားကလည်း ရှင်သာ သိုင်းလောကထဲဝင်ရင် ရွှန်းစီနယ်တင်မကဘူး တခြားနယ်တွေပါ ရှင့်နာမည် ဖုံးလွှမ်းသွားမှာပဲတဲ့’

တုက္ကျီကောင်းက ဘာမှပြန်မပြောတော့ပါ။ ပါးစပ်ကိုသာ မိတ်ထားလိုက်လေတော့သည်။

နောက်တစ်နေ့ နံနက်စောစော....

လုဖုန်း၏သားကလေး ဟိုစိန်ကျားမှာ အိမ်အဖြင် ဆက်တွင် ကစားနေရာမှ အပြေးအလွှားဝင်ရောက်လာပြီး....

'မေမေ ဓားပြတွေလာနေတယ်'

ဟု အော်ပြောလိုက်လေသည်။

လုဖုန်းမှာ ကမန်းကတန်း ပြေးထွက်လာ၏။ တုကျိကောင်းကလည်း ခုတင်ပေါ်မှထလိုက်ပြီး ပြတင်းပေါက်ကန့်လန့်ကာကို အသာလှပ်၍ကြည့်လိုက်၏။

တောင်တက်လမ်းအတိုင်း အနက်ရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားသော လူနှစ်ယောက် မြင်းကိုယ်စီနှင့် တက်လာကြသည်ကိုတွေ့လိုက်ရ၏။

တုကျိကောင်းမှာ အံကိုတင်းတင်း ကြိတ်လိုက်၏။ ထိုလူနှစ်ဦးမှာ အာဏာသားများဖြစ်ကြ၏။

သူ့အား ဖမ်းဆီးရန် ရောက်ရှိလာခြင်းဖြစ်သည်ကို ကောင်းစွာနားလည်လိုက်၏။

ထိုစဉ်မှာပင် လုဖုန်းဝင်ရောက်လာပြီး....

'အာဏာသားတွေ လာနေတာသိလား'

ဟုမေးလိုက်၏။

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး နံရံမှဓားကိုဖြုတ်ယူရန် ဟန်ပြင်လိုက်၏။

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး....

'ရှင်ဘာလုပ်မလို့လဲ သူတို့နဲ့တိုက်ခိုက်မလို့လား၊ ရှင်မှ နေမကောင်းသေးပဲ'



တုကျိကောင်းက သက်ပြင်းချလိုက်ပြီး....

'ငါ ထောင်ထဲပြန်မသွားချင်ဘူး'

'ရှင် သူတို့နဲ့ တိုက်ခိုက်စရာမလိုပါဘူး'

'ဒါဆို ငါဘာလုပ်ရမလဲ'

'တစ်နေရာမှာ သွားပုန်းလိုက်လဲပြီးတာပဲ မဟုတ်လား'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပြီလေ၊ ငါ့ပစ္စည်းတွေကိုသိမ်းထားလိုက်ပါ'

ဟု ပြောပြီးသည်နှင့် အတွင်းဘက်သို့ ဝင်သွားလေတော့သည်။

အာဏာသား နှစ်ယောက်မှာ အိမ်ရှေ့သို့ ရောက်သောအခါ မြင်းပေါ်မှ ဆင်းလိုက်ပြီး အိမ်ကလေးအား အကဲခတ်ကြည့်လိုက်၏။

လုဖုန်းကအိမ်ထဲမှထွက်လိုက်ပြီး အာဏာသားများကို ကြည့်လိုက်၏။

ဟိုစိန်ကျားက....

'မေမေ သူတို့ကလူဆိုးတွေလား'

ဟု မေးလိုက်၏။

လုဖုန်းက

'မဟုတ်ပါဘူးသားရယ်'

အာဏာသားနှစ်ဦးက လုဖုန်းထံလျှောက်သွား၏။

လုဖုန်းအား စေ့စေ့စပ်စပ်ကြည့်လိုက်ပြီးနောက်....

'မင်းဘယ်သူလဲ'

'ကျွန်မနာမည်လုဖုန်းပါ၊ သူကတော့ ကျွန်မသားပါ'

အာဏာသား နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

အာဏာသားနှစ်ဦးအနက် အသက်ငယ်သောသူက...

'တုကျိကောင်းမှာ သားသမီးရှိတယ်လို့ ကျွန်တော်မကြားဖူးဘူး'

အသက်ကြီးသော အာဏာသားက—

'မိန်းကလေး မင်းနဲ့ တုကျိကောင်း ဘယ်လိုပတ်သက်သလဲ'

ဟု မေးလိုက်၏။



လုဖုန်းကမသိဟန်ဆောင်လိုက်ပြီး—

'တုကျိကောင်း... ဟုတ်လား၊ တုကျိကောင်းဆိုတာ ဘယ်သူလဲ'

ဟု ပြန်မေးလိုက်၏။

အသက်ငယ်သောအာဏာသားက မျက်မှောင်ကြုတ်သွားပြီး

'မင်း သူ့အိမ်မှာ နေပြီး သူ့ကိုမသိဘူးဆိုတာတော့ ယုတ္တိမရှိဘူး၊ တုကျိကောင်း ဘယ်မှာလဲဆိုတာ ပြောပါ၊ ဒီမှာ ရှိသလား'

လုဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျွန်မတို့သားအမိ ဒုက္ခသည်ပါ၊ သူပုန်တွေရန်ကြောင့်ပြေးရင်း ဒီကိုရောက်လာတာ၊ ဒီအိမ်ကလေးမှာဘယ်သူမှမတွေ့လို့ဝင်ပြီး နေနေကြတာပဲ၊ ဒါထက် တုကျိကောင်းဆိုတာ ဒီအိမ်ပိုင်ရှင်လား'

အာဏာသားက ခေါင်းညိတ်လိုက်ပြီး....

'မင်းယောကျ်ားက ဘယ်သူလဲ'

'ဟိုကျိပါ'

'နဂါးအာမခံဌာနက ဟိုကျိ ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ သူ့ကိုရှင်တို့သိသလား'

'သိတော့မသိပါဘူး၊ နာမည်ကို ကြားဖူးတာပါ၊ ဒီတော့ အခု ခင်ဗျားတို့ဘယ်သွားကြမလဲ'

လုဖုန်းကကြေကွဲဟန်ဖြင့်—

'လောလောဆယ် ဘယ်သွားရမှန်း မစဉ်းစားတတ်အောင် ဖြစ်နေလို့ ဒီမှာသောင်တင်နေတာပါ'

အသက်ကြီးသောအာဏာသားက....

'အင်း... မင်းကို သတိပေးလိုက်ဦးမယ်၊ တုက္ကိုကောင်းဟာ လူသတ်မှု ကျူးလွန်ခဲ့တယ်၊ အခု တောင်ဖောက် ပြေးသွားလို့ ငါတို့လိုက်ရှာနေတာ၊ သူဒီကိုရောက်လာရင်....'

ဟု ပြောရင်း လုဖုန်းအား စေ့စေ့ကြည့်လိုက်၏။

လုဖုန်းမှာ ထိတ်လန့်တုန်လှုပ်သွားပြီး

'ဒါ....ဒါဆို ကျွန်မတို့သားအမိ ဘယ်လိုလုပ်မလဲ'

အာဏာသားက...

'အင်းလေ ဒီလောက်တော့လဲ မစိုးရိမ်ပါနဲ့၊ တုက္ကိုကောင်းဟာ လူဆိုးတော့မဟုတ်ပါဘူး၊ သူဟာ ဒေါသကြောင့် တရားခံဖြစ်ရတာပဲ၊ ကဲ မိန်းကလေး ကျုပ်တို့ ဝတ္တရားအရ အိမ်ထဲ ဝင်ရှာမယ်'

လုဖုန်းက အပေါက်ဝမှ ဖယ်ပေးလိုက်ပြီး...

'ရှာပါရှင် ကြိုက်သလိုရှာပါ'

အာဏာသားနှစ်ယောက်မှာ တစ်အိမ်လုံးအနှံ့ရှာဖွေလိုက်၏၊ အိမ်ထဲတွင် မည်သူမျှမရှိပါချေ။

အတန်ကြာအောင် ရှာဖွေပြီးနောက် လုဖုန်းအားနှုတ်ဆက်အော ထွက်သွားကြလေသည်။



အာဏာသားနှစ်ဦးမှာ မြင်းကိုယ်စီဖြင့် တောင်အောက်သို့ ပြန်ဆင်းလာကြ၏။

အသက်ကြီးသော အာဏာသားက

'အခုကိစ္စ မင်းဘယ်လိုထင်သလဲ'

ဟု မေးလိုက်၏။

အသက်ငယ်သောအာဏာသားက ပြုံးပြလိုက်ပြီး

'နဂါးအာမခံဌာနမှာ ဟိုကျိဆိုတာ ရှိမှမရှိဘဲ၊ ဒီတော့ ကျွန်တော်တို့တွေ့ခဲ့တဲ့မိန်းကလေးဟာ ဟိုကျိဇနီးမဟုတ်ဘူး'

'အေး...ဒီလိုပဲ၊ တုက္ကိုကောင်းရဲ့ဇနီးမဟုတ်ဘူးကွ'

'ဟုတ်ကဲ့၊ ပြီးတော့ အိမ်ထဲစားသောက်ပွဲမှာ တူသုံးစုံတွေ့တယ်၊ ဒီတော့ နောက်တစ်ယောက်ရှိရမယ်'

'မင်းမဆိုးဘူး၊ ဘယ်သူလို့ထင်သလဲ'

'ဒီလူဟာ တုက္ကိုကောင်းပဲဖြစ်မှာပေါ့'

အသက်ကြီးသောအာဏာသားက ရယ်မောလိုက်ပြီး

'ဒါဆို ဒီအိမ်ထဲမှာ တုက္ကိုကောင်း ပုန်းနေတယ်လို့ မင်းယုံကြည်ထားတယ်ပေါ့'

အာဏာသားက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ကဲ့ တုက္ကိုကောင်းဟာ ဒီအိမ်ထဲက လျှို့ဝှက်အခန်းတစ်ခုခုမှာရှိမယ်လို့ ကျွန်တော်ယုံကြည်တယ်'

'ဒါဆို ဘာလို့ မင်းရအောင် မရှာလဲ'

အာဏာသားငယ်က ပြုံးလိုက်ပြီး

'ဦးတောင် ဒီအတိုင်းပြန်ထွက်လာသေးတာ ကျွန်တော်က ဘာလို့ရှာတော့မှာလဲ'

'ဒါဆို ငါဘာလို့ ဆက်မရှာလဲ သိလား'

'ဟုတ်ကဲ့၊ဦးနဲ့ကျွန်တော်နှစ်ယောက်ပေါင်းလဲတုကျိုအောင်းကို မနိုင်နိုင်ဘူးဆိုတာ သိထားလို့ပါပဲ'

'ဟား....ဟား....ဟား'

အာကာသားနှစ်ယောက်မှာ သဘောကျစွာ ရယ်မောလိုက်သည်။

ပြီးမှ အာကာသားငယ်က

'သူဇီမှာရှိတယ်ဆိုတာ သိပြီးပြီပဲ၊ သူ့ကိုအင်အားနဲ့ အမြန်ဖမ်းနိုင်အောင်ပဲ လိုတော့တယ်'

အသက်ကြီးသော အာကာသားက ခေါင်းညိတ်လိုက်ပြီး....

'အေး....သန်ဘက်ခါဆို တို့ဇီကိုပြန်လာနိုင်ပါတယ်၊ မပူပါနဲ့ သူ့ကိုပြန်မိကိုမိမှာပါ'

## ရွှေစင် အရိုးစု

လုဖုန်းမှာ အာကာသားများ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ပြီး အိမ်ထဲသို့ပြန်ဝင်လာခဲ့ရာ တုကျိုအောင်း တစ်ယောက် မီးဖိုဆောင်ထဲမှ ထွက်လာသည်ကို တွေ့လိုက်ရသည်။

လုဖုန်းက အံ့အားသင့်သွားပြီး

'ရှင် စောစောက ဘယ်မှာပုန်းနေတာလဲ'

တုကျိုကောင်းက

'အိမ်ထဲမှာပါ'

'အိမ်ထဲမှာ သူတို့မျက်စိမှုန်နေလို့ပါ'

'ရှင်ဘယ်မှာပုန်းနေတာလဲ၊ ကျွန်မမသိရဘူးလား'

တုကျိုကောင်း ပြန်မဖြေဘဲ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

လုဖုန်းက

'ရှင်က ကျွန်မကို မယုံလို့လား'

တုကျိုကောင်းက ပြန်မပြောပါ။

လုဖုန်းက ဆက်ပြောသည်။

'မင်းသာဖွင့်ပြောရင် ဒီလူနှစ်ယောက်ကော မင်းကော၊ ငါ သတ်ပစ်မှာပဲ'

လုဖုန်းမှာ ပါးစပ်ပိတ်သွားသည်။

ထိုစဉ် ဟိုစိန်ကျား ဝင်လာပြီး

'ဦးဦး....စောစောကလူတွေက ဦးဦးကိုလူဆိုးတဲ့၊ ဦးဦးကံ မဆိုးဘဲနဲ့၊ ဦးဦးကလူကောင်းပါနော်'

ဟုပြောရင်း တုကျိုကောင်း၏ပေါင်ပေါ် ဝင်ထိုင်လိုက်၏။

တွေ့ဆုံသည်မှာ နှစ်ရက်မျှသာရှိသေးသော်လည်း သွက်လက် ချက်ချာလှသော ဟိုစိန်ကျားအပေါ် တုကျိုကောင်း သံယောဇဉ် ဖြစ်မိ၏။

သူသည် သားသမီးမရခဲ့သည် မဟုတ်ပါလော။

ထို့အတူ ဟိုစိန်ကျားကလည်း သူ့အပေါ်တွင် သွေးသား တစ်ဦးပမာ သံယောဇဉ်တွယ်နေကြောင်း သိထား၏။

လုဖုန်းက သက်ပြင်းချလိုက်ရင်း

'ရှင်....မယုံကြည်ရင် ကျွန်မတို့ မနက်ဖြန်သွားပါမယ်၊ ရှင်လဲ နေကောင်းနေပြီပဲ'

တုကျိုကောင်း ခေါင်းခါလိုက်သည်။

'မလိုဘူး'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး

'ဘာဖြစ်လို့လဲ'

'ကျုပ် မနက်ဖြန် သွားတော့မှာမို့ပါ'



'ရှင်က ဘယ်သွားမှာလဲ'

'ကျုပ်ဇနီး လိုက်ရှာရမယ်'

'ရှင့်ဇနီး ဘယ်ရောက်နေတယ်ဆိုတာ ရှင်သိလို့လား'

'မသိဘူး'

'မသိဘဲနဲ့ ဘယ်လိုရှာမလဲ'

တုကျိုကောင်းက အပြင်သို့ ငေးကြည့်ရင်း

'သူဟာ ဒီကမ္ဘာပေါ်မှာ ရှိနေပါစေ၊ ကျုပ် မတွေ့တွေ့ အောင်ရှာမှာပဲ၊ သူ့ကိုဒုက္ခပေးတဲ့လူကို ကျုပ်က ဒုက္ခပြန်ပေး မှာပဲ'

ဟု ဆွဲ့မြည့်စွာပြောလိုက်၏။

လုဖုန်းက

'တကယ်လို့ ဘယ်မှာမှရှာမတွေ့ဘူးဆိုရင် ရှင် ဒီကိုပြန်လာ မှာလား'

တုကျိုကောင်းက လုဖုန်းအားစိုက်ကြည့်လိုက်ပြီး

'ဘာဖြစ်လို့မေးတာလဲ'

လုဖုန်းက မျက်နှာငုံ့လိုက်ပြီး'

'ဒီမှာ ကျွန်မတို့သားအမိနှစ်ယောက်အပြင် ယောကျ်ား တစ် ယောက်ရှိရင် ပိုပြီးလုံခြုံမှာမို့ပါ'

ဟု တိုးတိုးလေး ပြောလိုက်၏။

တုကျိုကောင်းက ပြုံးလိုက်ပြီး

'ငါ ခဏလေးနဲ့ ပြန်ရောက်လာမယ်မထင်ပါဘူး'

'ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မတခြားကို သွားစရာမှမရှိပဲ၊ ဒီမှာနေရင်းနဲ့ပဲ ရှင့်ကိုစောင့်ကြည့်ပါမယ်'

တုကျိုကောင်းက သက်ပြင်းချလိုက်ပြီး

'ငါ မနက်ဖြန် ညနေပဲသွားမယ်၊ မင်းတို့အတွက် ရိက္ခာအပြည့်ရှိပါတယ်၊ ဒါပေမယ့် ငါပြန်လာဖို့က ဘယ်တော့ဆိုတာ မဟုတ်ဘူး၊ မင်းတို့စားဝတ်နေရေး ပြဿနာကြုံလာရင် မုဆိုးရွာတွေမှာသွားပြီး အကူအညီတောင်း....'

'ဟုတ်ကဲ့'

တုကျိုကောင်းမှာ ထိုင်ရာမှ ထကာ ခရီး သွားရန်အတွက် ပြင်ဆင်လိုက်၏။

လုဖုန်းကလည်း ကူညီပြင်ဆင်ပေးလိုက်၏။ ဟိုစိန်ကျားမှာမူ တုကျိုကောင်းနှင့် ခွဲရမည်ကိုသိသောကြောင့် အိမ်ဝတွင်မှိုင်ကာ ထိုင်နေလေတော့သည်။



နောက်တစ်နေ့ နံနက်....

တုကျိုကောင်းမှာ လုဖုန်းတို့ သားအမိအား နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ထိုည လုဖုန်းမှာ အိပ်မရသေးပါ။ ထို့အတူ ဟိုစိန်ကျားမှာလည်း တော်တော်နှင့် မအိပ်ပါချေ။

လုဖုန်းမှာ ဟိုစိန်ကျားအား ချော့မော့သိပ်နေ၏။ ညဥ့်အတော်နက်မှပင် ဟိုစိန်ကျားမှာ အိပ်ပျော်သွားလေသည်။

လုဖုန်းက ဟိုစိန်ကျားအားစောင်ခြုံပေးလိုက်ပြီး ခုတင်ပေါ်မှဆင်းလိုက်၏။

မီးအိမ်ကို ထွန်းညှိလိုက်ပြီးနောက် မီးအိမ်ကိုယူကာ မီးဖိုဆောင်ဘက်သို့ လျှောက်သွားလေသည်။

မီးဖိုဆောင်သို့ ရောက်သောအခါ မီးအိမ်ကို စားပွဲပေါ်တွင် တင်လိုက်ပြီး မီးဖိုးဆောင်အား အကဲခတ်ကြည့်လိုက်သည်။

လေးငါးရက်မျှ ထိုမီးဖိုဆောင်သို့ သူမဝင်ရောက် ချက်ပြုတ်ခဲ့သည့်အတွက် မီးဖိုဆောင်သည် သူမနှင့်မစိမ်းပါချေ။

လုဖုန်းမှာ မီးဖိုဆောင်၏ ကြမ်းပြင်များကို သေချာစွာစစ်ဆေးကြည့်လိုက်၏။

သူမက သေချာစေ့စပ်စွာပင် စစ်ဆေးကြည့်ရှုလိုက်ခြင်းဖြစ်သည်။

မည်သည့်ထူးခြားချက်မှ မရှိပါချေ။ လုဖုန်းမှာ မကျေမနပ်ဖြစ်သွား၏။

သေသေချာချာ စစ်ဆေး၏။ မြေအောက်ခန်းရှိသည့် အရိပ်အယောင်မှပင် မတွေ့ရပါချေ။

လုဖုန်းမှာ မျက်မှောင်ကြုတ်သွား၏။

တုကျိကောင်း ပုန်းအောင်းသည်မှာ မီးဖိုဆောင်အတွင်းဖြစ်၏၊

ထို့ကြောင့် မီးဖိုဆောင်တွင် လျှို့ဝှက်အခန်းရှိရမည်ဟု သူမယုံကြည်၏။

လုဖုန်းက နံရံများအား စတင်စစ်ဆေးလိုက်၏။

နံရံများသည် သစ်လုံးများဖြင့်ပြုလုပ်ထားသဖြင့် အလွန်ခိုင်ခံ့နိုင်ခဲ့၏။

လုဖုန်းက နံရံများအား နေရာအနှံ့ လိုက်လံခေါက်ကြည့်၏။

နံရံနှစ်ခုအား စစ်ဆေးပြီးသွားသော်လည်း ထူးခြားမှုမရှိပါ။ တတိယနံရံသို့အရောက်တွင် လိုဏ်သံကိုကြားလိုက်ရလေသည်။

လုဖုန်း၏မျက်နှာမှာ ပြုံးရွှင်သွား၏။ နံရံကိုနောက်တစ်ကြိမ်ခေါက်လိုက်၏။

လိုဏ်သံပင် ထွက်ပေါ်လာ၏။ လုဖုန်းကကျေနပ်စွာပြုံးလိုက်သည်။ လျှို့ဝှက်အခန်းသည် ဤနံရံနောက်တွင်ရှိရပေမည်။

လုဖုန်းက နံရံကိုသေချာစွာ ကြည့်လိုက်၏။ တံခါးပေါက်ကိုရှာမတွေ့ပါ။ လုဖုန်းက နံရံရှိအရာများကိုကြည့်ရှုလိုက်၏။

တိရစ္ဆာန် ဦးချိုလေးခုခန့် ချိတ်ထားသည်ကို တွေ့ရလေ၏။ လုဖုန်းက တစ်ခုဆီကို ဆွဲကြည့်လိုက်ရာ တစ်ခုသော ဦးချိုအရောက်တွင်....

'ကျွိ'

ဟူသောအသံနှင့်အတူ လူတစ်ယောက်ဝင်စာ အပေါက်တစ်ခုပွင့်သွားသည်ကို တွေ့လိုက်ရလေသည်။



လုဖုန်းက မီးအိမ်ကို ကောက်ယူလိုက်ပြီး ကြည့်လိုက်ရာ အောက်သို့ဆင်းလာသော ဝါးလှေကား တစ်ခုကို တွေ့လိုက်ရသည်။

လုဖုန်းအား မီးအိမ်ကိုကိုင်ကာ ဝါးလှေကားအတိုင်း ဆင်းသွားလိုက်၏။

စုစုပေါင်း ဆယ့်ငါးထစ်မျှရှိသဖြင့် မြေအောက်(၁၂)ပေခန့်နက်ကြောင်း ခန့်မှန်းမိလိုက်၏။

အောက်သို့ ရောက်သောအခါ ပေ(၂၉)ခန့် ကျယ်သော အခန်းတစ်ခုဖြစ်ကြောင်း တွေ့လိုက်ရ၏။

အခန်းထဲ၌ မည်သည့်ပစ္စည်းမျှ မရှိပါ။ အခန်း အလယ်၌ အနက်ရောင် ခေါင်းတလား တစ်ခုသာရှိပေသည်။

ညဉ့်အချိန် ထိုအခန်းထဲ၌ ရောက်ရှိပါက ကြောက်လန့်ဖွယ်ရာကောင်းသော်လည်း လုဖုန်းမှာမူ ကြောက်ရွံ့ခြင်းမရှိပါချေ။

ထိုခေါင်းတလားကိုတွေ့သောအခါ ကြောက်ရွံ့ရမည့်အစား ဝမ်းသာသော အရိပ်အယောင်များပင် ပေါ်ထွက်လာလေတော့သည်။

အနက်ရောင် ခေါင်းတလား....။

ခေါင်းတလားတွင် သုတ်ထားသောဆေးအနက်ရောင်မှာ မီး ရောင်အောက်တွင်တောက်ပနေ၏။

လုဖုန်းမှာ ခေါင်းကိုအတန်ကြာအောင် စိုက်ကြည့်နေသည်။

ပြီးမှ ခေါင်းအနီးသို့ ချဉ်းကပ်လာပြီး ခေါင်းအဖုံးကို အသာ တွန်းဖွင့်လိုက်သည်။

'ကျွီ'

ခေါင်းအဖုံးမှာ သံရိုက်ထားခြင်းမရှိပါ။

တကျွီကျွီအသံပေးရင်း ပွင့်သွားတော့သည်။

လုဖုန်းက မီးအိမ်ကိုအပေါ် မြှောက်လိုက်ပြီး ခေါင်းအတွင်း သို့ကြည့်လိုက်သည်။

ခေါင်းအတွင်း၌ လူသေအလောင်းမရှိပါ။

သို့သော် အရိုးစုတစ်ခုကမူ ရှိနေပါသည်။

သာမန်လူတစ်ယောက်အဖို့ ထိုအရိုးသာ တွေ့မြင်လိုက်ရလျှင် ထိတ်လန့်ပြီး နောက်သို့ဆုတ်သွားမိမည်မှာ သေချာ၏။

သို့သော် လုဖုန်းမှာမူ နောက်ဆုတ်ခြင်းမရှိပါ။ ရှေ့သို့ပင်ပို၍ တိုးလာသည်။

မီးအိမ်လှုပ်ရှားသွားသဖြင့် အရိုးစုမှာ တဖျတ်ဖျတ်တောက်ပ သွား၏။

အရိုးစုံက မည်သည့်အတွက် တောက်ပသွားရပါသနည်း။

ထိုအရိုးစုသည် သာမန်အရိုးစုမဟုတ်ပါ။



လူတစ်ယောက်၏ အရွယ်ပမာဏအတိုင်း အရိုးစုဖြစ်၍၊ သို့သော် အရိုးစစ်စစ်မဟုတ်ပါ။

ဤသို့ဆိုလျှင် မည်သို့အရိုးနည်း။

ဤအရိုးသည် ရွှေသားအတိနှင့်ပြုလုပ်ထားသော အရိုးစုပင် ဖြစ်ပါသည်။

အရိုးစုမှာ တဖျတ်ဖျတ်တောက်ပနေ၏။

ထိုအတူ လုဖုန်း၏ မျက်လုံးအစုံ မှာလည်း တဖျတ်ဖျတ်တောက်ပနေလေသည်။

လုဖုန်း၏မျက်နှာပေါ်တွင် လင်းသေမှုဆိုးမတစ်ဦး၏ ကြေကွဲဟန်မရှိတော့ပါ။

ဝမ်းသာမှုကြောင့် မျက်နှာတစ်ခုလုံး ပြုံးရွှင်နေသည်။

လုဖုန်းက အရိုးစုအား အတန်ကြာအောင် စိုက်ကြည့်နေသည်။

သူမ၏အကြည့်တွင် ရှိသေခြင်း၊ မက်မောခြင်းများ ပြည့်လျှံနေသည်။

အတန်ကြာမှ ရွှေစင်အရိုးစုအား ကောက်ယူရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အေးစက်သောအသံကို ကြားလိုက်ရသည်။

'သွားမကိုင်နဲ့'

လုဖုန်း၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွား၏။

မျက်နှာပေါ်မှအပြုံးများ၊ မျက်လုံးမှ အရောင်တောက်ပမှုများ ရုတ်ခြည်းပျောက်ကွယ်သွားသည်။

သက်ပြင်းကို မသိမသာချရင်း နောက်သို့လှည့်ကြည့်လိုက်၏။

သူမ၏ရင်ထဲ၌ တုန်ခါသွားလေသည်။

သူမ၏နောက် ခြေငါးလှမ်းမျှ အကွာ၌ ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူမှာ သူမ လုံးဝ မမျှော်လင့်ထားသော တုကျိကောင်းဖြစ်နေသည်မဟုတ်ပါလော။



လုဖုန်း၏ခန္ဓာကိုယ် တုန်ယင်သွား၏။

မျက်နှာမှာလည်း ဖြူရော်သွားလေသည်၊

တုကျိကောင်းမှာ လုဖုန်းအားစိုက်ကြည့်နေသည်။

သူ၏အကြည့်မှာ အေးစက်လှ၏။

သူ့မျက်နှာမှာလည်း တင်းမာခက်ထန်နေသည်။

လုဖုန်းမှာ ရပ်၍ပင်မရနိုင်အောင် ပျော့ခွေသွား၏။

တုကျိကောင်းကို အသနားခံသောအကြည့်နှင့်ကြည့်လိုက်ပြီး

'ကျွန်မကို ဒီလိုမကြည့်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

တုကျိကောင်းက မဲ့ပြုံးပြုံးလိုက်ပြီး—

'မင်းဟာ လူလိမ်ပဲ၊ မင်း ငါ့အိမ်ကို ရောက်လာတာဟာ ဒီကိစ္စပဲမဟုတ်လား'

ဟု မေးလိုက်၏။

လုဖုန်းက ခေါင်းကို တုင်တွင်ခါယမ်းလိုက်ပြီး....

'မဟုတ်ပါဘူးရှင်၊ ကျွန်မ ဒီလျှို့ဝှက်အခန်းကို စိတ်ဝင်စားလွန်းလို့ ရောက်လာရင်းကြည့်မိတာပါ'

'မင်းက ဘာလို့ ဒီအခန်းကိုသိချင်ရတာလဲ'

'ရှင်သွားတုန်း သူပုန်တွေရောက်လာရင် ကျွန်မတို့သားအမိ ပုန်းခိုနိုင်ဖို့ပါ'

'မင်းညာနေတာ'

'ကျွန်မ မညာပါဘူးရှင်'

လုဖုန်းမှာတုန်တုန်ယင်ယင်နှင့် ပြောရင်း ဒူးထောက်လိုက်၏။

တုကျိကောင်းက ခေါင်းဆဲ့ဟုတ်လိုက်ပြီး

'မင်း ဘယ်သူ့အတွက်လာတာလဲ၊ မင်းကိုဘယ်သူခိုင်းလိုက်လို့လဲ'

ဟု အေးစက်စွာ မေးလိုက်၏။

လုဖုန်းက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး

'ကျွန်မ မသိပါဘူးရှင်၊ ဒီကိစ္စကို တကယ်မသိတာပါ၊ ကျွန်မတို့သားအမိဟာ ဒုက္ခသည်တွေပါ၊ ကျွန်မရဲ့စပ်စုမှုကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်'

တုကျိကောင်းက နှာခေါင်းရှုံ့လိုက်ပြီး

'မင်း သေမင်းတမန်ဂိုဏ်းမှာ ဘာတာဝန်ယူထားသလဲ'

လုဖုန်း မျက်လုံးပြူးသွားပြီး

'သေမင်းတမန်ဂိုဏ်း ဟုတ်လား၊ ကျွန်မ ဘာမှမသိပါဘူးရှင်'

တုကျိကောင်းက မဲ့လိုက်ပြီး

'မင်းဟာ သာမန်မိန်းကလေးမဟုတ်တာ သေချာတယ်၊ အရိုးစုတို့ ခေါင်းတလားတို့တွေ့တာတောင် မကြောက်ဘူး'

လုဖုန်းက သက်ပြင်းချလိုက်ပြီး

'ကျွန်မဟာ သိုင်းလောကသားတစ်ဦးရဲ့မိန်းမပါ၊ သွေးသံရဲရဲတွေကို မကြာခဏ မြင်ဖူးပါတယ်၊ မဆန်းတော့ပါဘူး'

တုကျိကောင်းက ရယ်မောလိုက်ပြီး

'မင်း အခုထိညာတုန်းပဲလား၊ ငါဒေါသထွက်လာရင်မင်းကို သတ်မိလိမ့်မယ်'

ဟု ပြောလိုက်၏။



လုဖုန်းမှာ ကြောက်ရွံ့သွားပြီး

'မသတ်ပါနဲ့ရှင်၊ ကျွန်မတို့ဒီနေရာက ထွက်သွားပါ့မယ်၊ ကျွန်မကိုခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်'

ဟု ငိုယိုရင်း ပြောလိုက်၏။

တုကျိကောင်းက ရယ်မောရင်း

'မင်းကို ခွင့်လွှတ်ရမယ် ဟုတ်လား၊ ငါကတော့ မင်းကို လုံးဝ ခွင့်မလွှတ်နိုင်ဘူး'

လုဖုန်းမှာ ပို၍ထိတ်လန့်သွားပြီး

'ဒါဆို ရှင်....ရှင်'

'ဟုတ်တယ်၊ မင်းကိုငါ အရှင်မထားနိုင်တော့ဘူး'

တုကျိကောင်းက ပြောပြောဆိုဆို ဓားနှင့်ခုတ်ချလိုက်၏။

'အမလေး'

လုဖုန်းမှာ စူးရှထိတ်လန့်စွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားသည်။

သို့သော် သူမ မသေပါ။

တုကျိကောင်း၏ဓားသည် သူမ၏လည်ကုပ်သို့ ရောက်ခါနီး တစ်လက်မအလိုတွင် ရပ်တန့်သွားသောကြောင့် ဖြစ်သည်။

လုဖုန်း၏ခန္ဓာကိုယ်မှာ သိမ့်သိမ့်ခါနေ၏။

သူမ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏၊

ကြောက်ရွံ့နေသဖြင့် နှုတ်ခမ်းများ တဆတ်ဆတ် တုန်ခါနေ၏။

မျက်ရည်များကလည်း စီးကျနေသည်။

တုကျိကောင်းက ဓားကိုပြန်သိမ်းလိုက်၏။

ထူသည်။ ဤလုဖုန်းအားမယုံကြည်သဖြင့် စမ်းသပ်လိုက်သည်၊ လုဖုန်းသည် သေမင်းတမန်ဂိုဏ်းသားတစ်ဦးဖြစ်လျှင် သိုင်းပညာတတ်ကျွမ်းရပေမည်။

ကျဉ်းထဲကျပ်ထဲရောက်နေသောအချိန်ဝယ် လုဖုန်းအနေဖြင့် သူ့ဓားကို လွတ်အောင်ရှောင်ရပေမည်။

ယခု သူမသည် မရှောင်တိမ်းပါ။

ကျောက်ရုပ်ပြီးသာလဲကျသွား၏။

လုဖုန်း သိုင်းပညာမတတ်ဟု ယုံကြည်လိုက်၏။

လုဖုန်းအပေါ် သေမင်းတမန်ဂိုဏ်းသားဟုထင်သောသံသယများသည် ပျောက်ကွယ်သွား၏။

တုကျိုကောင်း သက်ပြင်းချရင်း

'အင်း....အပါတော့ မင်းကို ငါ မသတ်တော့ဘူး'

ဟု ပြောလိုက်သည်။

လုဖုန်းက

'ရှင်....ရှင်....တကယ်ပြောတာလား'

'တကယ်ပြောတာပါ'

'ဒါဆိုရင် ကျေးဇူး တင်ပါတယ်၊ နောက်နောင် ကျွန်မ ဘာတစ်ခုမှ မစပ်စုတော့ပါဘူး၊ မနက်ကျရင် ကျွန်မတို့ အား အမိ သွားပါတော့မယ်'

တုကျိုကောင်းက ပြုံးလိုက်ပြီး....

'မင်းသွားဖို့ကို ငါစဉ်းစားဦးမယ်'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး....

'ရှင်က ကျွန်မတို့ကို ဖမ်းထားဦးမလို့လား'



တုကျိုကောင်းက ခေါင်းခါယမ်းလိုက်ပြီး...

'ငါ မင်းတို့ကို ဒုက္ခမပေးတော့ပါဘူး၊ ဒါထက် အဲဒီ အရိုးစုဟာ ဘာလဲဆိုတာမင်းသိသလား'

လုဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

'မသိပါဘူး ရှင်ပြောပြနိုင်ရင် အို ကျွန်မကလဲစပ်စုမိနေပြန်ပြီ'

တုကျိုကောင်းက ပြုံးလိုက်ပြီး—

'ဒီအရိုးစုကို ရွှေစင်အရိုးစုလို့ခေါ်တယ်၊ သိုင်းလောကအဖွဲ့ အစည်းတစ်ခုရဲ့ အမှတ်အသားပါပဲ'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး...

'သိုင်းလောကမှာ အဲဒီလို အဖွဲ့အစည်းရှိကြောင်း ကျွန်မ တစ်ခါမှမကြားဖူးပါလား'

တုကျိုကောင်းက ခေါင်းညိတ်ပြလိုက်ပြီး....

'အေး ဒီအဖွဲ့ကို သေမင်းတမန် ဂိုဏ်းလို့ခေါ်တယ်၊ သေမင်းတမန်ဂိုဏ်းမှာ ဂိုဏ်းခွဲ(၁)ခုရှိပြီး အင်အားလည်း အလွန် တောင့်တင်းတယ်'

သိုင်းလောကအရေးကို ဝင်မစွက်ပေမယ့် ဒုစရိုက်မှုမှန်သမျှ ကျူးလွန်တဲ့ဂိုဏ်းတစ်ခုပဲ'

လုဖုန်းက စိတ်ဝင်စားစွာ နားထောင်နေသည်။

'ဒါပေမယ့် လွန်ခဲ့တဲ့ ရှစ်နှစ် သေမင်းတမန်ဂိုဏ်းချုပ် သေသွားပြီးတဲ့နောက် သူတို့ဂိုဏ်းဟာ စည်းလုံးမှုမရှိတော့ဘူး၊ အကွဲကွဲအပြားပြား ဖြစ်သွားကြတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်နှစ်နီးပါးလောက်မှာတော့ ဖုရှောက်လုံဆိုတဲ့ လူတစ်ယောက်က သေ

မင်းတမန်ဂိုဏ်းကို ပြန်ပြီးစုစည်းခဲ့တယ်၊ သူ့ရဲ့သိုင်းပညာကြောင့် ကျန်တဲ့ဌာနမှူးတွေဟာ သူ့အောက်ကို ရောက်လာကြတယ်'

လုဖုန်းက...

'ဒါဆို သေမင်းတမန်ဂိုဏ်းချုပ်က ဖုရှောက်လုံပေါ့'

'မဟုတ်သေးဘူး သူဟာ သေမင်းတမန်ဂိုဏ်းကို ဦးဆောင်နိုင်ပေမယ့် ဂိုဏ်းချုပ်အဖြစ် တရားဝင်ဆက်ခံဖို့ စည်းမျဉ်းတစ်ခုနဲ့သွားပြီး ငြိနေတယ်၊ သေမင်းတမန်ဂိုဏ်းချုပ်ဖြစ်ဖို့ သူ့မှာ အမှတ်အသားမရှိဘူး'

'ဘာအမှတ်အသားလဲ'

'မင်းအခုတွေ့နေရတဲ့ အရိုးစုပဲ'

'ဩော်'

'သူဟာ ဒီရွှေစင်အရိုးစုကို ပြန်ရဖို့အမျိုးမျိုးနဲ့ ကြိုးစားပေမယ့် ခုထိ ဘယ်မှာရှိမှန်းမရှိတော့ မရခဲ့ဘူးပေါ့'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး...

'ဒါဖြင့် ရွှေစင်အရိုးစုက ရှင့်လက်ထဲဘာလို့ ရောက်နေရတာလဲ၊ ရှင်ကော သေမင်းတမန်ဂိုဏ်းသားပဲလား'

ဟု မေးလိုက်၏။

တုက်ကျိကောင်းက ပြုံးလိုက်ပြီး....

'ငါက သေမင်းတမန်ဂိုဏ်း မဖြစ်လာနိုင်အောင် အရိုးစုကို ခိုးယူထားလိုက်တာပေါ့၊ နို့မဟုတ်ရင် သိုင်းလောကမှာကြောက်စရာကောင်းတဲ့ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်း ပေါ်ထွက်လာလိမ့်မယ်'

လုဖုန်း၏မျက်နှာမှာ ကွက်ခနဲပျက်သွား၏။



အတန်ကြာမှ...

'ဒီအရိုးစု မရှိတော့ကော သူတို့က ဂိုဏ်းမဖွဲ့နိုင်တော့ဘူးတဲ့လား'

ဟု မေးလိုက်ပြန်၏။

တုက်ကျိကောင်းက ပြုံးလိုက်ပြီး

'မဖွဲ့နိုင်ဘူး'

'ဘာလို့လဲ'

'ဘာလို့လဲဆိုရင် သေမင်းတမန်ဂိုဏ်းရဲ့ ဌာနခွဲမှူးတိုင်းက ငယ်သားမဖြစ်ချင်ဘူး၊၊ ဂိုဏ်းချုပ်လုပ်ချင်တဲ့ လူချည်းပဲ၊ သူတို့ဟာ ဖုရှောက်လုံကို မနိုင်လို့သာကြည့်နေရပေမယ့် ကြောက်တာတော့မကြောက်ဘူး၊၊ ဖုရှောက်လုံထက်လဲ အင်အားကောင်းတဲ့ လူတွေချည်းပဲ၊ ဒီတော့ ရွှေစင်အရိုးစုကိုပိုင်ဆိုင်လာမှသာ ဂိုဏ်းချုပ်လုပ်နိုင်တယ်၊ ဒါဟာ အရင်ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ပဲ၊ ဒီတော့ ဌာနမှူးတိုင်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရွှေစင်အရိုးစုကို ရအောင်ရှာနေကြတယ်၊ ဒါပေမယ့် သူတို့ဘယ်တော့မှ ရမှာမဟုတ်ပါဘူး'

ဟု ပြောရင်း စကားကိုအဆုံးသတ်လိုက်၏။

လုဖုန်းက

'ရှင်ဟာ စိတ်ထားကောင်းတဲ့ လူတစ်ယောက်ပါပဲ'

တုက်ကျိကောင်းက ရယ်မောလိုက်ပြီး

'လောကပေါ်မှာ စိတ်ကောင်းထားတိုင်း မကောင်းပါဘူး၊ အခု ကျုပ်ဒုက္ခရောက်နေတာပဲကြည့်ပါတော့'

လုဖုန်းမှာ ပါးစပ်ပိတ်သွားသည်။

တုက္ကိုကောင်းအေ ခေါင်းတလားအတွင်းမှ ရွှေစင်အရိုးစုကို ဆွဲထုတ်လိုက်ပြီး အသင့်ပါလာသော အိတ်အတွင်း ထည့်လိုက်သည်။

တုက္ကိုကောင်း၏လှုပ်ရှားမှုသည် ပေါ့ပါးလှ၏။

ကြွမျှလေးလံသော ရွှေစင်အရိုးစုကို မပင်မပန်းသယ်ယူနိုင်ခြင်း သူ၏ အတွင်းအားမှာ အတော်ပင် ကောင်းမွန်မည်ဟု လုဖုန်းကတွေးလိုက်မိ၏။

တုက္ကိုကောင်းက အိတ်ကိုပခုံးပေါ်သို့ထမ်းလိုက်ပြီး

'ကျုပ် အပြင်ခဏသွားဦးမယ်၊ မင်း ကျုပ်ပြန်လာမှပဲ တက်ပေတော့'

ဟုပြောရင်း အပေါ်သို့ တိုးတက်သွား၏။

ထို့နောက် ဝါးလှေကားကိုပါ ဆွဲတင်လိုက်ပြီး တံခါးပိတ်ကာ ထွက်သွားသည်။

လုဖုန်းမှာ အခန်းအလယ်တွင် ထိုင်ချပြီး နေလိုက်ရလေတော့သည်။

*　*



တုက္ကိုကောင်းက လုဖုန်းအားပေးထားသော အခန်းတွင်းသို့ ဝင်လိုက်၏။

အခန်းထဲရှိခုတင်ပေါ်တွင် ဟိုစိန်ကျားမှာ အိပ်ပျော်နေ၏။

တုက္ကိုကောင်းက ဟိုစိန်ကျားအား အသာပုတ်နှိုးလိုက်၏။

ဟိုစိန်ကျားမှာ အိပ်ချင်မူးတူးနှင့် ထလာသည်။

တုက္ကိုကောင်းအား တွေ့သောအခါ....

'ဟင်....ဦးဦးပြန်လာတာလား'

ဟိုစိန်ကျားက....

'မေမေရော'

'မင်းမေမေရှိပါတယ်၊ ဦးဦးမေးမယ် မှန်မှန်ဖြေနော်'

'ဦးဦး၊ ဘာမေးမလို့လဲ'

'သားရဲ့မေမေဟာ သေမင်းတမန်ဂိုဏ်းသားလား'

ဟိုစိန်ကျားက နားမလည်ဟန်ဖြစ်သွားပြီး

'ဟင့်အင်း သားမသိဘူး၊ တစ်ခါမှလဲမကြားဖူးဘူး၊ ဘာဖြစ်လို့လဲ'

တုက္ကိုကောင်းမှာ တွေဝေသွား၏။

ဟိုစိန်ကျားမှာ မည်သည့်အခါမျှ ညာမပြောတတ်ချေ။

ထို့ကြောင့် လုဖုန်းအပေါ်တွင်ရှိနေသော သံသယများမှာ အားလုံးပျောက်ကွယ်သွားသည်။

ဂိုဏ်းသေချာစေရန် ထပ်မေးလိုက်၏။

'သားသား ဖေဖေက ဘယ်သူ....ဦးဦးမေ့သွားလို့'

ဟိုစိန်ကျားက

'ဟုတ်ကဲ့လေ၊ မေမေက ဦးကိုပြောပြသားပဲ'

'အေးအေး ဟုတ်ပြီ၊ ကဲ သားအိပ်တော့နော်၊ ဦး သွားတော့မယ်၊ သားမေမေခဏနေပြန်လာလိမ့်မယ်'

ဟုပြောရင်း အခန်းထဲမှထွက်သွားတော့သည်။

*

အခွင့်အရေး

*

တုကျဲကောင်းထွက်ခွာသွားပြီဖြစ်၏။

တုကျဲကောင်းက အိပ်ပါဟု ပြောသွားသော်လည်း ဟိုစိန်ကျားမှာ အိပ်မရတော့ပါ။

စောင်ကိုဖယ်အာ ခုတင်ပေါ်မှဆင်းလိုက်၏။

ထို့နောက် ညှော်ခန်းဘက်သို့ထွက်လာခဲ့သည်။

သူ၏မိခင်အား မတွေ့ပါချေ။

ဟိုစိန်ကျားက စိတ်ပူသွားပြီး....

'မေမေ...မေမေ'

ဟုအော်ရင်း တစ်ခန်းဝင် တစ်ခန်းထွက်လိုက်၏။

မည်သည့်အခန်းတွင်မျှ မရှိပါချေ။

ဟိုစိန်ကျားမှာ ပို၍စိတ်ပူလာ၏။

'မေမေ...မေမေ'

ဟု တကြော်ကြော်အော်ရင်း မီးဖိုဆောင်ဘက်သို့ ဝင်ရှာလိုက်၏။

သူ့မိခင်၏ အရိပ်အယောင်ကိုပင် မမြင်ရပါချေ။

ဟိုစိန်ကျားမှာ မီးဖိုဆောင်မှ ဧည့်ခန်းသို့ ပြန်ထွက်လိုက်၏။

ထိုအခါ သူသည် အလွန် ကြောက်လန့်သွားလေတော့သည်။

* * *



အနီရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားသော လူလေးယောက်မှာ ဓားလွယ်ကိုယ်စီကိုင်ဆော အိမ်တွင်းသို့ဝင်ရောက်လာ၏။

ဟိုစိန်ကျားအားတွေ့သောအခါ တစ်ယောက်က လျင်မြန်စွာ ဖမ်းချုပ်လိုက်၏။

ဟိုစိန်ကျားမှာ အထဲသို့ဝင်ပြေးရန် ဟန်ပြင်လိုက်သော်လည်း မရပါ။

ထိုလူ၏ လက်တွင်းသို့ ကြက်ကလေး ငှက်ဆလေးသဖွယ် အဖမ်းခံလိုက်ရသည်။

ဟိုစိန်ကျားက အော်ဟစ်ရင်း အတင်းရုန်းကန်နေ၏။

ထိုစဉ်မှာပင် ဗိုလ်မှူးကလေးဝတ်စုံနှင့် လူတစ်ယောက်ဝင်လာသည်။

ဗိုလ်မှူးကလေးက

'တစ်အိမ်လုံး သေသေချာချာရှာကြ'

ဟု အမိန့်ပေးလိုက်၏။

အာဏာသားများသည် အိမ်တွင်းသို့စင်ရောက် ရှာဖွေလိုက်ကြ၏။

အာဏာသားခေါင်းဆောင်က ဗိုလ်မှူးကလေးအား အရိုအသေပြုရင်း

'အိမ်ထဲမှာ ဘယ်သူမှမတွေ့ပါဘူး'

ဟု အစီရင်ခံလိုက်၏။

ဗိုလ်မှူးကလေးမှာ မျက်မှောင်ကြုတ်သွား၏။

ဟိုစိန်ကျားထံ လျှောက်လာပြီး ပြုံးရွှင်စွာဖြင့်

'သားသား....တုက္ကိုကောင်းကော ဘယ်သွားလဲ'

ဟု မေးလိုက်၏။

ဟိုစိန်ကျားက

'ဦးဦးတုက္ကိုကောင်း ထွက်သွားပြီ၊ ပြီးတော့ မေမေ့ကိုလဲ ရှာမတွေ့ဘူး'

ဟု ပြောလိုက်သည်။

ဗိုလ်မှူးကလေးက

'ဘယ်တုန်းကထွက်သွားတာလဲ၊ မင်းမေမေကော အတူပါသွားသလား'

'စောစောကပဲ အိတ်တစ်လုံးနဲ့ထွက်သွားတာ၊ သားမေမေတော့မသိဘူး'

ဗိုလ်မှူးကလေးက အာဏာသား ခေါင်းဆောင်ဘက် လှည့်လိုက်ပြီး

ဘယ်လိုလဲ'

အာဏာသားခေါင်းဆောင်က

ကလေးကိုထားခဲ့တာဆိုတော့ ကြာမယ်မထင်ဘူး၊ကျွန်တော်တို့ စီကပဲစောင့်ကြရအောင်'

ဗိုလ်မှူးကလေးက သဘောတူလိုက်ပြီး အာဏာသားများအား ပုန်းအောင်းကာ စောင့်ဆိုင်းနေစေလိုက်လေတော့သည်၊



အရှေ့ဆီမှ အရုဏ်ဦးရောင်ခြည်ပင် သန်းလာလေပြီ။

ဗိုလ်မှူးကလေးမှာ စိတ်မရှည်တော့ပါ။

တုက္ကိုကောင်းနှင့် လုဖုန်းတို့ ပေါ်မလာသောကြောင့် ဖြစ်ပါသည်။

ဗိုလ်မှူးကလေးက

'သားသား....သားသားမေမေလုဖုန်းဟာ သားသားရဲ့ အမေအရင်းလား'

ဟိုစိန်ကျားက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ကဲ့'

'သားသားနဲ့တုက္ကိုကောင်း ဘာတော်သလဲ'

'ဦးဦးပေါ့၊ ဦးဦးတုက္ကိုကောင်းက သားသားကိုသိပ်ချစ်တာ'

ဗိုလ်မှူးကလေးက ပြုံးလိုက်ပြီး

သားသားတစ်ခုခုဖြစ်နေရင် သားသားရဲ့ တုက္ကိုကောင်းက လာကယ်ပါ့မလား'

ဟိုစိန်ကျားက

'သိပ်လာတာပေါ့၊ သားသားကို အခြားတစ်ယောက်က ရန်လုပ်တာနဲ့ သူနဲ့တွေ့မယ်လို့ ပြောဖူးတယ်'

ဗိုလ်မှူးကလေးက အာဏာသားခေါင်းဆောင်အား လှမ်းကြည့်လိုက်၏။

အာဏာသားခေါင်းဆောင်က

'ဗိုလ်မှူးကလေးက သူ့ကိုဓားစာခံလုပ်မလို့လား'

'ဟုတ်တယ်'

'တုကျီကောင်း လာပါမလား'

'ကျုပ်သိသလောက်တော့ တုကျီကောင်းဟာ သူ့ကြောင့် တစ်ပါးသူဒုက္ခရောက်တာကို ငြိမ်နေမယ့်လူ မဟုတ်ပါဘူး၊ ကျုပ်တို့သာ သူ့ကိုခေါ်သွားရင် သူ ကျုပ်ရှေ့ကိုရောက်လာမယ်လို့ ကျုပ်ယုံကြည်တယ်'

အာဏာသားခေါင်းဆောင် ဘာမှပြန်မပြောတော့ပါ။

လက်အောက်ငယ်သားများကို ပြန်လည်စုစည်းလိုက်သည်၊

ထို့နောက် ဟိုစိန်ကျားအား ခေါ်ဆောင်ကာ ဗိုလ်မှူးကလေးနှင့် တောင်ပေါ်မှဆင်းသွားလေတော့သည်။

* * *



လုဖုန်းမှာ မြေပေါ်တွင် ခေ-ခွကလေး အိပ်ပျော်နေ၏။ သူ့နာမည်ခေါ်သံကြားမှ နိုးလာသည်။

ထိုအခါ ဝါးလှေကားချထားသည်ကို တွေ့ရပြီး

'လုဖုန်း တက်ခဲ့တော့'

ဟူသော တုကျီကောင်းအသံကိုလည်း ကြားလိုက်ရသည်။

လုဖုန်းက လှေကားအတိုင်းတက်သွား၏။

အပေါ်ရောက်မှ နေပင်ထွက်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။

လုဖုန်းက သက်ပြင်းချရင်း

'ကျွန်မ ရှင့်ကို စောင့်ရင်း အိပ်ပျော်သွားတယ်၊ ဒါထက် သားကော'

ဟု မေးလိုက်၏။

တုကျီကောင်း မျက်နှာပျက်သွားပြီး

'ငါ့ကိုခွင့်လွှတ်ပါ'

ဟု လိုက်လှဲစွာ ပြောလိုက်၏။

လုဖုန်းမှာ ထိတ်လန့်သွားပြီ'

သားကော၊ သားဘယ်မှာလဲ၊ ရှင်ဘာလုပ်သိုက်သလဲ'

ဟု အလောတကြီးမေးလိုက်၏။

တုကျီကောင်းက

အာဏာသားတွေ ဖမ်းသွားပြီ'

'ရှင်'

လုဖုန်း၏မျက်နှာမှာ ဖြူရော်သွား၏။

အံ့ကိုလည်း တင်းတင်းကြိတ်ပြီး

'ရှင်မညာနဲ့၊ ရှင် ကျွန်မသားကို ဘာလုပ်လိုက်ပြီလဲ၊ ရှင် လူစိတ်မှရှိရဲ့လား'

ဟု အော်လိုက်၏။

'ငါမညာဘူး၊ သူတို့ဟာငါ့ကို လာရှာကြတာပါ၊ ငါ့ကို မတွေ့လို့ မင်းရဲ့သားကို ဖမ်းသွားကြတာ'

ဟု လေးနက်စွာပြောလိုက်သည်။

လုဖုန်းမှာ တုကျိကောင်း၏ တည်ကြည်သော မျက်နှာထားကြောင့်ယုံကြည်သွားပြီး

'ရှင့်ကို ဘာလို့ ဒီလောက်သဲကြီးမဲကြီး ဖမ်းနေရတာလဲ'

တုကျိကောင်းက

'ကျုပ်က လူသတ်သမား ဝရမ်းပြေးတစ်ယောက်ပဲ'

'မဖြစ်ဘူး၊ သူတို့ဟာ သူပုန်တွေအတွက် အလုပ်ရှုပ်နေတာ၊ ရှင့်ကို ဒီလောက်ကြိုးစားပမ်းစား လိုက်ဖမ်းနေတာ အကြောင်းရှိမယ်'

'ငါလဲမသိဘူး'

'ကျွန်မသားလေးကော အန္တရာယ်ကင်းပါ့မလား'

'ငါလဲမသိဘူး'

လုဖုန်းမှာ စိတ်ထိခိုက်သွားသည်။

မျက်ရည်များ စီးကျလာသည်။

'ကျွန်မသွားမယ်၊ ကျွန်မသားကို ရအောင်ပြန်ထောင်းရမယ်'

'မင်းသွားစရာမလိုဘူး'



လုဖုန်းက အလန့်တကြား တုကျိကောင်းအား မော့ကြည့်လိုက်၏။

တုကျိကောင်းက

'မင်းရဲ့သား ငါ့အတွက် ဓားစာခံဖြစ်နေတာပါ၊ ငါ သွားလိုက်ရင် ပြေလည်သွားမှာပါ'

လုဖုန်းကအံ့အားသင့်ပြီး

'ရှင်သွားရင် ရှင်အဖမ်းခံရမှာပေါ့'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်'

လုဖုန်းက တုကျိကောင်း၏ လက်မောင်းကိုဆုပ်ကိုင်လိုက်ပြီး

'ရှင်မသွားနဲ့၊ ရှင်ဒုက္ခရောက်လိမ့်မယ်၊ ကျွန်မသားကို ကျွန်မ ရအောင်ပြန်တောင်းမယ်'

တုကျိကောင်းက သက်ပြင်းချလိုက်ပြီး—

'ငါ့အတွက် မပူပါနဲ့၊ ဒီကောင်တွေကို ငါ အချိန်မရွေး ဖောက်ထွက်နိုင်ပါတယ်'

လုဖုန်းက မျက်လုံးပြူးသွား၏။

တုကျိကောင်းက ဆက်ပြောလိုက်သည်။

'ငါ ညနေသွားမယ်၊ ငါ့အတွက် အဆင်သင့်ပြင်ပေးထားပါ'

လုဖုန်းက

'ရှင် ပြန်လာနိုင်ပါ့မလား'

'လာနိုင်မှာပါ'

ညကကိစ္စအတွက် ကျွန်မကိုခွင့်လွှတ်တယ်နော်'

တုက္ကိုကျောင်းကခေါင်းညိတ်လိုက်ပြီး

'မင်းကသိချင်လို့ ကြည့်မိတာပဲ၊ ငါအပြစ်မယူပါဘူး၊ မင်း သာဓကစောင့်နေပါ၊ ငါ ဟိုစိန်ကျောက်ကို ပြန်ရောက်အောင် ပို့ပေးပါ့မယ်'

လုဖုန်း၏မျက်ဝန်းအိမ်သည် မျက်ရည်များရစ်ဝဲလာသည်။

လုဖုန်း၏မျက်နှာသည် ငိုနေသော်လည်း လှမနေဆဲပင်။

တုက္ကိုကျောင်းမှာ လုဖုန်း၏ဘဝကို သနားမိ၏။

သို့သော် သနားရုံထက်မပိုနိုင်ပါ။

သူ၏ဇနီးသည်ကို ရှာရဦးမည်မဟုတ်ပါလော။



မြင်းတစ်စီးမှာ ဒုန်းစိုင်းလာပြီး အဆောက်အအုံ တစ်ခုရှေ့ အရောက်ဝယ် တုံ့ခနဲရပ်တန့်သွား၏။

မြင်းပေါ်မှလူက လွှားခနဲခုန်ဆင်းလိုက်၏။

အဆောက်အအုံကို စောင့်ကြပ်နေသော စစ်သည်တော်များ မှာ ထိုလူအားတွေ့သောအခါ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ ပြီး ထိုလူအားဝိုင်းရံထားလိုက်ကြ၏။

ထိုလူက စိုးစဉ်းမျှ တုန်လှုပ်ခြင်းမရှိပါ။

စစ်သည်တော်များအားကြည့်ရင်း

'မင်းတို့ ဗိုလ်မှူးကလေးဆီ ငါ့ကိုခေါ်သွား'

ဟု တည်ငြိမ်စွာပင်ပြောလိုက်၏။

စစ်သည်တော်များမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် ထိုလူအား ဝိုင်းရံထားကာ အဆောက်အအုံ အတွင်းသို့ ခေါ်ဆောင်သွားလေတော့သည်။

* * *

ကြီးမားသော စားပွဲတစ်လုံး— စားပွဲပေါ်တွင် မြေပုံတစ်ခု ဖြန့်ခင်းထား၏။

စားပွဲတစ်ဘက်ရှိ ကုလားထိုင်တွင် ဗိုလ်မှူးကလေးမှာ ထိုင်နေပြီး မြေပုံကိုစိတ်ဝင်စားစွာ ကြည့်နေ၏။

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး စစ်သည်တော်များ ခြံရံလျက် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဗိုလ်မှူးကလေးက ပြုံးလိုက်ပြီး—

'ဟုတ်တယ်၊ သူ့ကိုထားပြီး ထွက်သွားပါ'

ဟုပြောလိုက်၏။

စစ်သည်တော်များက ဗိုလ်မှူးကလေးအား အရိုအသေပြုလိုက်ပြီးနောက် ပြန်လည်ထွက်ခွာသွားလေတော့သည်။

ထိုလူက ဗိုလ်မှူးကလေး၏ စားပွဲရှေ့ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ပြီး....

'ကျုပ် တုကျိုကောင်းပါ'

ဗိုလ်မှူးကလေးက ခေါင်းညိတ်လိုက်ပြီး

'ဟိုစိန်ကျားအတွက် လာအဖမ်းခံတာလား'

တုကျိုကောင်းက ခေါင်းညိတ်လိုက်၏။

ဗိုလ်မှူးကမေ့လိုက်ပြီး

'ကျုပ် လူကောင်းဆိုရင် ဝရမ်းပြေးဖြစ်ပါ့မလား'

တုကျိုကောင်းက ပြန်ပြောလိုက်၏။

ဗိုလ်မှူးကလေးက ရယ်မောလိုက်ပြီး

'ကျုပ် ခင်ဗျားအမှုတွဲကို လေ့လာပြီးပြီ၊ လူသတ်မှုယာ သေဒဏ်အထိ အပြစ်ပေးနိုင်တယ်'



ကျုပ်သိတယ် အခု ကျုပ်ရောက်လာပြီမဲ့၊ ကလေးကိုသာ ပြန်လွှတ်ပေးပါ'

'စိတ်ချပါ၊ ကျုပ်က ကလေးတင်မကဘူး ခင်ဗျားကိုပါပြန်လွှတ်ပေးရကောင်းမလားလို့ စဉ်းစားနေတာ'

'ဗျာ

တုကျိုကောင်းမှာ အံ့အားသင့်သွား၏။ အတန်ကြာမှ သက်ပြင်းချရင်း

'ကျုပ်ကို အကြောင်းမဲ့တော့ ပြန်လွှတ်ပေးမယ်မထင်ဘူး'

ဗိုလ်မှူးကလေးက

'ခင်ဗျားအနေနဲ့ လူသတ်မှု ကျူးလွန်တာဟာ မှုးယစ်ရမ်းကားနေတဲ့လူတွေကို မခံချင်စိတ်နဲ့ ဝင်တိုက်ခိုက်လို့ သေသွားတာပါ၊ တကယ်လို့များ ကျုပ်ကသာခင်ဗျားဘက်က သက်သေထွက်မယ်ဆိုရင် ခင်ဗျားအမှုကနေ လွှတ်နိုင်ပါတယ်'

တုကျိုကောင်းက

'ဒါဆို ဗိုလ်မှူးကလေးအတွက် ကျုပ်က ဘာလုပ်ပေးရမှာလဲ'

ဟု ခပ်ပြတ်ပြတ် မေးလိုက်၏။

ဗိုလ်မှူးကလေးက

'လုပ်ပေးဖို့မဟုတ်ပါဘူး၊ ကျွန်တော်က အကူအညီတောင်းချင်တာပါဗျာ'

'ဗျာ'

တုကျိုကောင်းမှာ ဒုတိယအကြိမ် အံ့အားသင့်သွားပြန်၏။ ဗိုလ်မှူးကလေးက ဆက်ပြောလိုက်၏။

'ကျုပ်တို့ ခင်ဗျားကို အလိုရှိနေတယ်၊ တိုင်းပြည်အကျိုးအတွက် ခင်ဗျားကိုဆောင်ရွက်ပေးစေချင်တယ်'

တုကျိကောင်းက သက်ပြင်းချရင်း

'ကျုပ်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါလား'

ဗိုလ်မှူးကလေးက

'ကျုပ်တို့ နိုင်ငံမတည်မငြိမ်ဖြစ်နေတာ ခင်ဗျားသိတယ်နော်'

'ဟုတ်ကဲ့'

'သူပုန်တွေကို မြို့ပေါ်အနေ မောင်းထုတ်နိုင်လိုက်ပေမယ့် သူတို့က လစ်တာနဲ့ မြို့တွေရွာတွေကိုဝင်ဖျက်ဆီးနေတုန်းပဲ'

'ဟုတ်ကဲ့ ပြောပါ'

'ကျုပ်တို့အနေနဲ့ သူပုန်တွေကို လက်ပိုက် ကြည့်မနေနိုင်ဘူး ရှင်းလင်းပစ်ရမှာပဲ မဟုတ်လား'

'ဟုတ်ကဲ့'

'အခု ကျုပ်တို့ကလဲ အောင်ပွဲခံနေပါတယ်၊ ဒါပေမယ့် သူပုန်တွေကလဲ အင်အားထောင်နဲ့ချီပြီး ရှိနေသေးတယ်၊ သူတို့အင်အားကို ကျုပ်တို့မမှုပါဘူး၊ ဒါပေမယ့် ခက်တာက တစ်ခုပဲရှိတယ်'

'ဘာများလဲ'

'သူပုန်တွေဟာ ပန်းတစ်ရာတောင်ကြားမှာ အခိုင်အမာတပ်စွဲနေကြတယ်၊ ပန်းတစ်ရာတောင်ကြားရဲ့ ပထဝီအနေအထားအရ ခံစစ်အား သိပ်ကောင်းတယ်၊ ကျုပ်တို့ အတွင်းဝင်ဖို့ သုံးကြိမ်ကြိုးစားခဲ့ပြီးပြီ၊ အကျအဆုံးများလွန်းတာနဲ့ လက်လျှော့လိုက်ရတယ်၊ အခုတော့ အပြင်ကပဲ ဝိုင်းရံထားခဲ့တယ်...



ဒါလဲ သူတို့အလုံးအရင်းနဲ့ မထွက်နိုင်အောင်လို့ပဲ၊ လူနည်းစုထွက်တာကိုတော့ တားလို့မရပြန်ဘူး၊ ပန်းတစ်ရာတောင်ကြားမှာ ဘာကလဲထူးလွန်းတယ်မဟုတ်လား'

'ဟုတ်ကဲ့'

'ခင်ဗျား ပန်းတစ်ရာတောင်ကြားကို ကျင်လည်ခဲ့ဖူးတယ်လို့ ကျုပ်သိရတယ်' ဟုတ်သလား'

'မှန်ပါတယ်'

ဗိုလ်မှူးကလေးက စဉ်းစားလိုက်ပြီး...

'ခင်ဗျား ပေဟုန်ကိုသိတယ်မဟုတ်လား'

တုကျိကောင်းက

'သူပုန်ခေါင်းဆောင် မဟုတ်လား၊ သူ့ လက်အောက်မှာ သိုင်းသမား ခုနစ်ယောက်ရှိသေးတယ်'

'ဘယ်သူတွေလဲ'

'ကိုကျိကွမ်း၊ လောက်ချား၊ လီဟွန်း၊ မျက်နှာတစ်ထောင်၊ ခြေမရှိ၊ အဆိပ်ဘုရင်နဲ့ ကျင်းအောတို့ပဲ'

ဗိုလ်မှူးကလေးက

'အင်း မင်း ဒီလောက်သိထားတော့ ပိုလွယ်တာပေါ့'

တုကျိကောင်းက မျက်မှောင်ကြုတ်သွားပြီး

'ဘာလဲ ကျွန်တော် လမ်းပြရမှာလား'

'မဟုတ်ဘူး၊ စစ်တပ်နဲ့ ဝင်လို့ကိုမရဘူး၊ ကျုပ်တို့ ကြိုးစားပြီးပြီ'

'ဒါဖြင့် ဘာလုပ်ရမှာလဲ'

ဗိုလ်မှူးကလေးက ထိုးတိုးပြောလိုက်၏။

တုက္ကိုကောင်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်ကို သေဒဏ်သာပေးလိုက်ပါတော့'

ဗိုလ်မှူးကလေးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

'ဒီအထဲကိုရောက်သွားရင် ကျွန်တော်သေသွားတာနဲ့ ဘာထူးဦးမှာလဲ'

'မင်းက မုဆိုးပဲမဟုတ်လား'

'လူနဲ့တော့ရန်စွာရန် မတူဘူးလေ'

ဗိုလ်မှူးကလေးက သက်ပြင်းချပြီး

'မင်း ဒီမှာအသတ်ခံရမှာပဲ၊ ဟိုကိုသွားတော့လဲ သေသွားတယ်ပဲထား...တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း သေရတာက မင်းအတွက်မကောင်းဘူးလား၊ ဘာလို့ အသေခံရမှာလဲ၊ ပြီးတော့ မင်းကိုတစ်ခုပြောလိုက်ဦးမယ်၊ မင်းဇနီး ချင်းပင် ပန်းတစ်ရာတောင်ကြားမှာ ရှိတယ်လို့ကြားတယ်'

'ဗျာ'

တုက္ကိုကောင်းမှာ တတိယအကြိမ် အံ့အားသင့်သွားရပြန်လေသည်။

ဗိုလ်မှူးကလေးအား စိုက်ကြည့်လိုက်ပြီး

'ဒီသတင်းအမှန်ပဲလား'

ဟု မေးလိုက်၏။

ဗိုလ်မှူးက

'မင်းသွားအောင် ညာပြောတာ မဟုတ်ဘူး၊ ငါ ကြားတဲ့အတိုင်းပြောတာ၊ မှန်ချင်မှလဲမှန်မယ်'



တုက္ကိုကောင်းမှာ တွေဝေသွား၏။

ဗိုလ်မှူးကလေးမှာ သူ၏အစီစဉ်များကို ဆက်လက်ပြောပြနေသည်။

တုက္ကိုကောင်းမှာ ကြားတစ်ချက် မကြားတစ်ချက်ဖြစ်နေ၏။

သူ၏ ဇနီးသည် ပန်းတစ်ရာ တောင်ကြားတွင် ရှိနေပါသလော။

ရှိလျှင် သူရအောင်ကယ်တင်ရပေမည်။

ဤသို့ဆိုလျှင် ဗိုလ်မှူးကလေး၏ အစီအစဉ်ကို လက်ခံရပေမည်။

သူ ရွေးစရာမရှိတော့ပါ။

သူ၏အသက်၊ သူ့ဇနီးအတွက် တိုင်းပြည်အတွက် အန္တရာယ်များလှသော ခရီးကြမ်းကို စတင်ရန် ဆုံးဖြတ်လိုက်တော့သည်။

နောက်တစ်နေ့။

လုဖုန်းမှာ အိမ်ရှေ့တံခါးဝတွင်မှီကာ ထိုင်နေသည်။

သူမ၏မျက်လုံးအစုံသည် လမ်းကလေးကိုသာ မျှော်၍ကြည့်နေသည်။

ရုတ်တရက် သူမ၏မြင်ကွင်းထဲသို့ လူရိပ်နှစ်ခု ပေါ်လာသည်၊

တုကျိကောင်းနှင့် ဟိုစိန်ကျားတို့ပင် လုဖုန်း၏မျက်နှာ ဝင်းလက်သွားသည်။

ဝမ်းသာသွားပြီး လမ်းကလေးအတိုင်း ပြေးဆင်းသွား၏၊

သားဖြစ်သူကိုပွေ့ချီကာ နမ်းရှုပ်လိုက်သည်။

ဝမ်းသာမှုကြောင့် မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာတော့သည်။

ဟိုစိန်ကျားက တုကျိကောင်းဘက်လှည့်လိုက်ပြီး

'ဦးဦးမေမေက ဒီလိုပဲဝမ်းသာရင် ငိုတတ်တယ်ဗျ'

ဟု ပြောလိုက်လေသည်။

တုကျိကောင်းမှာ သားအမိနှစ်ယောက်ကို ကြည့်ရင်း ပီတိဖြစ်နေမိသည်။

လုဖုန်းက တုကျိကောင်းကို ဒူးထောက် ဂါရဝပြုလိုက်ပြီး...

'ရှင့်ကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်း မသိတော့ပါဘူး'

ဟု ပြောလိုက်လေသည်။

တုကျိကောင်းက ဖေးမထူလိုက်ပြီး

'ကိစ္စမရှိပါဘူးကွာ ငါ့ကြောင့် မင့်သား အဖမ်းခံရတာဆိုတော့ ငါပြန်ခေါ်ထားဖို့ တာဝန်ရှိတယ် မဟုတ်လား'



လုဖုန်းက တစ်စုံတစ်ရာကို စဉ်းစားမိသွားပြီး

'ဒါထက် သူတို့က ရှင့်ကိုတော့ ဘာလို့ ပြန်လွှတ်လိုက်တာလဲ'

ဟု မေးလိုက်လေသည်။

တုကျိကောင်းက ဗိုလ်မှူးကလေး ခိုင်းစေသော တာဝန်ကို ပြောပြလိုက်လေသည်။

'ရှုဇီသွားမယ် ဆိုပါတော့'

'ဟုတ်တယ် အဲ့ဒီမှာ ကျုပ်ဇနီးလဲရှိတယ်လို့ကြားတယ်'

'ဒါဆိုရင်...'

တုကျိကောင်းက သက်ပြင်းချလိုက်ပြီး

'ငါပြန်လာနိုင်မှပြန်လာမယ်၊ မင်းတို့ဒီမှာပဲနေရစ်ပေါ့'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး

'ရှင် အခုသွားတော့မလို့လား'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ် အခုဘဲထွက်သွားတော့မယ်'

လုဖုန်း၏မျက်နှာမှာ ညှိုးငယ်သွားသည်။

အတန်ကြာမှ...

'ရှင် အမြန်ဆုံးပြန်လာနိုင်ပါစေလို့ ဆုတောင်းပါတယ်'

ဟု ပြောလိုက်လေသည်။

တုကျိကောင်း ရယ်မောလိုက်ပြီး...

'မင်း ငါ့အိမ်ထဲမှာစပ်စုတာ အသက်မသေပေမယ့် ပတ်ဝန်းကျင်တို့ တောထဲသို့ကိုတော့ သွားမစပ်စုနဲ့၊ သားရဲတိရစ္ဆာန်တွေနဲ့ မုဆိုးတွေရဲ့ ထောင်ချောက်တွေရှိတယ်၊ အသွားမတော် သေသွားလိမ့်မယ်'

ဟု သတိပေးလိုက်လေသည်။

လုဖုန်းက ခေါင်းညိတ်လိုက်ပြီး

'စိတ်ချပါ စပ်စုတဲ့အကျင့်ဟာ အန္တရာယ် ရှိတယ်ဆိုတာ ကျွန်မနားလည်နေပါပြီ'

ဇာကျီကောင်းအာ ဟိုစိန်ကျွားအား ပွေ့ဖက်နမ်းရှုပ်လိုက်၏၊ ထို့နောက် တောင်ပေါ်မှဆင်းသွားလေ့တော့သည်။

* *

## တစ်ဖက်လမ်းအဘိုးအို

ပါစန်းတောင်။

ပါစန်းတောင်သည် ပန်းတစ်ရာတောင်ကြားသို့ ရောက်ရန်လမ်းအစပင်ဖြစ်ပါသည်။

ပါစန်းတောင်သို့ရောက်ပြီဆိုလျှင် ပန်းတစ်ရာတောင်ကြားသို့ ရောက်ရန် သုံးရက်မျှသာလိုပါတော့သည်။

ဇာကျီကောင်းမှာ ပါစန်းတောင်သို့ရောက်ရှိလာပြီဖြစ်သည်။

သူသည် နောက်ဆုံးခရီးတစ်ထောက်ဖြစ်သော ရွာကလေးသို့ ဝင်လိုက်လေ၏။

ထိုရွာထိပ်ရှိဆိုင်တွင် စားသောက်ကာ အနားယူလိုက်သည်။

ယင်းသို့ ဝင်ရောက် အနားယူလိုက်ခြင်းသည် သူ့အတွက် ပြဿနာကို ဖိတ်ခေါ်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်သွားတော့သည်။

* *

တုကျိကောင်းမှာ ခေါက်ဆွဲပြုတ်ကို ငုံမ်ခံစားသောက်နေသည်။

ထိုစဉ် အဝတ်တစ်ထည်လုံး ဖာထေးရာများ အပြည့်နှင့် အဘိုးအိုတစ်ယောက်ဟာ သူ၏စားပွဲသို့ ရောက်ရှိလာပြီး

'ကျုပ် ဒီမှာထိုင်လို့ရမလား'

ဟု မေးလိုက်သည်။

တုကျိကောင်းက ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက တုကျိကောင်းရှေ့တွင် ဝင်ထိုင်လိုက်ပြီး

'ကျုပ် ထမင်းမစားရတာ နှစ်ရက်ရှိပြီ၊ ကျုပ်ကိုနည်းနည်း လောက်ကျွေးနိုင်မလား'

တုကျိကောင်းက ပြုံးလိုက်ပြီး အဘိုးအိုအား စိုက်ကြည့်လိုက်သည်၊

အဘိုးအိုသည် ယာဘက်မျက်စိမရှိပါ။

ကြည့်ရသည်မှာ အတော်ပင် အကျည်းတန်၏။

အဝတ်အစားမှာ အဖာအထေးများနှင့် ပြည့်နေသော်လည်း ချေးသိပ်တင်မနေပါ။

အတော်ပင် သန့်သန့်ရှင်းရှင်းရှိ၏။

တုကျိကောင်းက

'အာလို၊ ကိုယ့်ဘာသာကိုယ် ဝယ်မစားတာလဲ'

'ပိုက်ဆံမရှိလို့ပါ'

'သေချာရဲ့လား၊ ခင်ဗျားဟာ သူတောင်းစားနဲ့မတူဘဲ ငုံမ်ထတ်တဲ့လူနဲ့ ပိုတူနေတယ်'



မျက်စိတစ်ဖက်လပ် အဘိုးအိုက မျက်နှာကွက်ခနဲပျက်သွားပြီး....

'ကျုပ်လို သူတောင်းစားကို ခင်ဗျားမို့ ထင်ရက်တယ်'

တုကျိကောင်း ရယ်မောလိုက်ပြီး

'ခင်ဗျားရဲ့လက်နှစ်ဖက်နဲ့ နောက်ထပ် မျက်စိတစ်လုံးကို ဖောက်လိုက်မှပဲ ခင်ဗျား သူတောင်းစား တကယ်ဖြစ်သွားမယ်'

မျက်စိတစ်ဖက်လပ်အဘိုးအိုမှာ မနေနိုင်တော့ပါ။

ရယ်မောလိုက်ပြီး

'မင်း... မင်းဟာ....အင်မတန်မှ မျက်စိလျင်တယ်ဆိုတာ ကျုပ် ယုံကြည်ပါပြီဗျာ'

တုကျိကောင်းက

'ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စနဲ့ရောက်လာတာလဲ'

တစ်ဖက်လပ်အဘိုးအိုက

'အင်း....သိလျက်နဲ့မေးတော့လဲ ကျုပ် ညာပြောလို့အပိုပါပဲ ကျုပ်ကို သိုင်းလောကသားတွေက တစ်ဖက်လပ်လို့ ခေါ်ကြပါတယ်'

တုကျိကောင်းက မဲ့လိုက်ပြီး

'မင်း... ဌာနခွဲမှူးကိုး၊ ခင်ဗျား ဘယ်လိုဖြစ်ပြီး သူတောင်းစားဘဝရောက်နေတာလဲ၊ ခင်ဗျားတို့ ဌာနခွဲက ဒီလောက်အထိ အခြေအနေဆိုးနေပြီလား'

ဟု ခပ်တည်တည်မေးလိုက်၏။

တစ်ဖက်လပ်မှာ မျက်နှာနီရဲသွားပြီး

'တုကျိုကောင်း၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောရင် ကောင်းမယ်ထင်တယ်'

တုကျိုကောင်းက

'ဒါဆို ခင်ဗျားလာကတည်းက ပွင့်ပွင့်လင်းလင်း လာဖို့ကောင်းတယ်'

'ကျုပ်ကအခြေအနေအရမို့ပါ၊ ကျုပ်ကိစ္စကိုလဲ သိမယ်ထင်ပါတယ်'

တုကျိုကောင်း မျက်မှောင်ကြုတ်သွားပြီး

'ခင်ဗျားကိစ္စကို ကျုပ်က ဘယ်လိုလုပ် ကြိုသိရမှာလဲ'

တစ်ဖက်လပ်အဘိုးအိုက သက်ပြင်းချရင်း

'အင်း...ရွှေစင်အရိုးစုကိစ္စပါ'

'ဘာ...ရွှေစင်အရိုးစု ဟုတ်လား၊ ခင်ဗျား ဘာတွေပြောနေတာလဲ'

'မသိဟန် ဆောင်မနေပါနဲ့ဗျာ၊ သေသေချာချာ သတင်းရပြီးပါပြီ၊ အခုလဲ ဌာနမှူးရဲ့အမိန့်နဲ့ ခင်ဗျားကိုလာပြီး ဈေးနှုန်းတာပါ'

တုကျိုကောင်းက ခေါက်ဆွဲပန်းကန်ကို လက်စသတ်လိုက်ပြီ၊

'ခင်ဗျားနဲ့ကျုပ် ဘာမှဆွေးနွေးစရာမလိုပါဘူး'

တစ်ဖက်လပ်အဘိုးအိုက

'ဒီလိုလဲ အပြတ်မပြောနဲ့လေ၊ ခင်ဗျားအတွက်ငွေကို ကျုပ်တို့ပေးပါမယ်'

တုကျိုကောင်း ရယ်မောလိုက်ပြီး



'ခင်ဗျားတို့မှာ ဒီလောက်ငွေရှိရင်လဲ အရိုးစု အသစ်တစ်ခုထပ်ပြီး လုပ်လိုက်ပါလား'

'ဒီအရိုးစုကို ထပ်ပြီးလုပ်လို့ ရမှဖြင့် ခင်ဗျားဆီကိုတောင်မလာပါဘူး'

'ဘာလဲ ခင်ဗျားတို့ဌာနခွဲမှူးက ဂိုဏ်းချုပ် သိပ်ဖြစ်ချင်နေထင်တယ်၊ ဂိုဏ်းစည်းကမ်းနဲ့မညီလို့ အားလုံးက လက်မခံနိုင်ကြဘူးဟုတ်လား'

တစ်ဖက်လပ်က ခေါင်းညိတ်သိုက်သည်။

တုကျိုကောင်းက...

'ဒါတင်မကသေးဘူး ဒီရွှေစင် အရိုးစုမှာ လျှို့ဝှက်ချက်တစ်ခုရှိသေးတယ်မဟုတ်လား'

တစ်ဖက်လပ်မှာ မျက်နှာပျက်သွားပြီး

'မင်းသိတာ ထော်တော် များနေပြီပဲ'

'ဟုတ်တယ် ဒါတောင် အကုန်မသိသေးဘူးဗျ'

'ကျုပ်ပြောမယ် ရွှေစင်အရိုးစုကိုပေးပါ၊ ကျုပ်တို့ ငွေသားတစ်သိန်းတိတိ ပေးပါမယ်'

တုကျိုကောင်းက ရယ်မောလိုက်ပြီး...

'ကျုပ်လက်မခံနိုင်ဘူး'

'ဘာလဲ ကျုပ်ပေးတဲ့ငွေက နည်းလို့လား'

'ငွေကို ကျုပ်ကမက်မောတယ်လို့ ထင်လို့လား'

'ဒါဆို မင်းကဂိုဏ်းချုပ်လုပ်ဖို့များ စဉ်းစားနေပြီပေါ့'

တုက္ကိုကောင်းက ရှုံ့မဲ့လိုက်ပြီး….

'ခင်ဗျားမို့ မေးရက်တယ် ဗီလောက် အပုစိန့် တဘောင်းထောင်းထွက်နေတဲ့ဂိုဏ်းကို ကျုပ်ကဂိုဏ်းချုပ်လုပ်ပါ့မလား'

တစ်ဖက်လူပ်မှာ ဒေါ်ယ ချောင်းချောင်းထွက်သွား၏။

ဝုန်းခနဲသရုပ်လိုက်ပြီး….

'မင်း စကားကောင်းကောင်းပြောရင် ကောင်းမယ်၊ ကျုပ်ပြောတာကို ခင်ဗျားဘယ်လို သဘောရသလဲ'

ဟုမေးလိုက်၏။

တုက္ကိုကောင်းပြုံးလိုက်ပြီး….

'ကျုပ်အနေနဲ့ ဗီရွှေစင်အရိုးစုကိုမြေကြီးထဲမှာပဲ အမြဲထားဖို့ဆုံးဖြတ်ထားတယ်'

'မင်း ဒုက္ခရောက်မှာမကြောက်ဘူးလား'

'ဘာများ ကြောက်စရာရှိလို့လဲ'

တစ်ဖက်လပ်က တုက္ကိုကောင်းအား အေးစက်စွာကြည့်လိုက်သည်။

သူ့အကြည့်တွင်လူသတ်လိုသော အရိပ်အယောင်များ ပေါ်ထွက်နေလေသည်။

တုက္ကိုကောင်းက အရက်ကို မော့သောက်လိုက်ပြီးမှ—

'ခင်ဗျား ဖုရှောက်လုံကိုပြောလိုက်ပါ'

'ဘာပြောရမှာလဲ'

'သူနဲ့ပညာသင်ဘက် ညီအစ်ကိုတစ်ယောက်က သူ့ကိုသတိပေးလိုက်တယ်၊ မှားခဲ့တာတွေကို ဆက်မမှားဖို့ နောင်တရဖို့ပြောလိုက်ပါ'



တစ်ဖက်လပ်၏ တင်လုံးတည်းသောမျက်လုံးမှာ ပြူးကျယ်သွား၏။

တုက္ကိုကောင်းအား စိုက်ကြည့်လိုက်ပြီး

'ဗီလူက မင်းလား'

တုက္ကိုကောင်းမှာ ခေါင်းညိတ်လိုက်၏။ တစ်ဖက်လပ်မှာ ဘာမှ ပြန်မပြောတော့ပါ။ ဆိုင်ထဲမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ည။

တုက္ကိုကောင်းမှာ ဗေဒါလမ်းကလေးအတိုင်း လျှောက်လာနေ၏။

လရောင် ပိုးတဝါးသာရှိသဖြင့် ပတ်ဝန်းကျင်မှာ အတော်မှောင်နေ၏။

တဖန် သစ်ပင်ချုံနွယ်တို့ကြောင့်လည်း အမှောင်ထုမှာ သိပ်သည်းနေလေသည်။

တုက္ကိုကောင်းမှာ တစ်လှမ်းချင်းလျှောက်နေရာမှ ထူးခြားသော အနံ့အသက်များကြောင့် သူ၏ခြေလှမ်းမှာ အလိုလို ရပ်တန့်သွား၏။

သူသည် သားကောင်လိုက်ရာတွင် အလွန်ကျွမ်းကျင်သော မုဆိုးတစ်ဦးဖြစ်သည်။

အနံ့ခံရာတွင်လည်း သူမတူအောင် ထူးချွန်၏။ ယခုလည်း လေအငွေ့တွင် လူသားတို့၏အနံ့အသက်များကို ရှူရှိုက်လိုက်မိသည် မဟုတ်ပါလော။

တုက္ကိုကောင်းက ပြုံးလိုက်ပြီး....

'ကဲ မိတ်ဆွေတို့ ပုန်းမနေနဲ့ထွက်ခဲ့ပါ။

ဟု ပြောလိုက်လေသည်။

သူ၏စကားဆုံးသွားသောအခါ သူ၏အရှေ့ဘက် သစ်ပင်ချုံနွယ်များကြားမှ လူခုနစ်ယောက်ခန့် ထွက်ပေါ်လာသည်။

ထိုလူခုနစ်ယောက်က တုက္ကိုကောင်းအား ဝိုင်းရံထားလိုက်လေသည်။



ထိုလူများသည် ရွှေရောင်ခေါင်းစည်းများကို စည်းနှောင်ထားကြလေသည်။

တုက္ကိုကောင်းက ရယ်မောလိုက်ပြီး

'အင်း.... ဌာနခွဲတစ်က လူတွေပါလား၊ တစ်ဖက်လပ်က ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

တစ်ဖက်လပ်မှာ ပုန်းကွယ်မနေနိုင်တော့ပါ။

သစ်ပင်နောက်မှ ထွက်လာခဲ့လေသည်။

တုက္ကိုကောင်းက တစ်ဖက်လပ်အားကြည့်လိုက်ပြီး

'ခင်ဗျားက ကျုပ်ကိုသတ်မလို့လား'

ဟု မေးလိုက်၏။

တစ်ဖက်လပ်က

'ကျုပ်က ခင်ဗျားအသက်ကို မလိုချင်ပါဘူး၊ ခင်ဗျားကို ငွေပဲပေးချင်တာပါ၊ ဒါပေမယ့်....'

တုက္ကိုကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ကျုပ်ကိုသတ်လိုက်တောင် ခင်ဗျားတို့ ရွှေစင်ရုပ်အရိုးစုကို ရမှာမဟုတ်တာသေချာတယ်'

တစ်ဖက်လပ်က

'ကျုပ် မင်းကိုနောက်ဆုံးအခွင့်အရေး ပေးလိုက်မယ်၊ မင်း ငါပြောတဲ့အတိုင်း...'

တုက္ကိုကောင်းက လက်ကာပြလိုက်ပြီး....

'အခွင့်အရေး မလိုချင်ပါဘူး၊ ခင်ဗျားတို့ လုပ်စရာရှိတာ လုပ်ပါ'

ဟုပြောရင်း ဓားကိုဆွဲလိုက်သည်။

ဓားရှောင်မှာလရောင်ဖြင့် ဝင်းလက်သွားသည်။

တစ်ဖက်လပ်က လက်ဝှေ့ယမ်းလိုက်သည်။

သူ၏ယယ်သွားသုံးယောက်က လက်နက်ကိုယ် စီဆွဲထုတ်ကာ တုက္ကျီကောင်းအား ဝိုင်းရံတိုက်ခိုက်လိုက်တော့သည်။



တိတ်ဆိတ်နေသောညဉ့်ဦးယံတွင် တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်နေသည်။

တစ်ဖက်လပ်မှာ လက်နှစ်ဖက်နောက်ပစ်လျက် တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်နေသည်။

သူ၏ယယ်သားသုံးယောက်မှာ တုက္ကျီကောင်းအား တရကြမ်း တိုက်ခိုက်နေသည်။

သို့သော် တုက္ကျီကောင်းကိုထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိပါချေ။

သိုင်းကွက်သုံးဆယ်ခန့် ရောက်သောအခါ သူ၏ ယယ်သားခုနစ်ယောက်အနက် နှစ်ယောက်မှာ တုက္ကျီကောင်းလက်ချက်ဖြင့် ဒဏ်ရာရသွားပြီး တိုက်ပွဲအတွင်းမှ ထွက်လာခဲ့ရသည်။

တစ်ဖက်လပ်က သက်ပြင်းချလိုက်၏။

သူ၏ယယ်သားများသည် တုက္ကျီကောင်းအား မည်သို့မျှယှဉ်ပြိုင်နိုင်မည် မဟုတ်ကြောင်း ကောင်းစွာနားလည်လိုက်၏။

ထို့ကြောင့်....

'အားလုံးနောက်ဆုတ်'

ဟု အမိန့်ပေးလိုက်သည်။

ယယ်သားများမှာ ချက်ချင်းဆိုသလိုပင် နောက်ဆုတ်သွားသည်။တစ်ဖက်လပ်ကဓားကိုဆွဲထုတ်လိုက်ပြီးတုက္ကျီကောင်းထံသို့ လျှောက်လာသတော့သည်။

တုက္ကျီကောင်းကမဲ့လိုက်ပြီး

'ခင်ဗျားကိုယ်တိုင်လာတော့ကော နိုင်မယ်ထင်လို့လား'

ဟု မေးလိုက်၏။

တစ်ဖက်ထပ်ကပြုံးလိုက်ပြီး

'မင်းရဲ့ပညာကို လေ့လာကြရတာပေါ့'

ဟုပြောရင်း ခါးကိုစက်ဝိုင်းသဏ္ဍာန် ဝှေ့ယမ်း၍ တိုက်ခိုက်လိုက်သည်။

တုက္ကျီကောင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

တခဏချင်းပင် သိုင်းကွက်သုံးကွက်ခန့် ယှဉ်ပြိုင်မိသွား၏၊

တစ်ဖက်လူပ်မှာ တုက္ကျီကောင်း၏သိုင်းပညာသည် သူ့ထက် မြင့်မားကြောင်း နားလည်လိုက်၏။

သူ မည်သို့မျှမနိုင်နိုင်ပါ။

သို့သော် သူ မည်သို့မျှမလျှော့ပါ။

အရှုံးမပေးပါ။

အံကို တင်းတင်းကြိတ်လိုက်ပြီး တရကြမ်း တိုက်ခိုက်လိုက်တော့သည်။



အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်....

လျှော့ချက်ချည်းကျွန်၊ အလှံမလှဲဟူသော စိတ်ဓာတ်သည်၊ ယောကျ်ားကောင်းတစ်ယောက်၏ စိတ်ဓာတ်ပင်ဖြစ်သည်။

သို့သော်....

ထိုစိတ်ဓာတ်ကို အများအတွက်အကျိုးရှိသော လုပ်ငန်းတွင်သာ အသုံးချအပ်ပေသည်။

အများအကျိုးကိုထိခိုက်စေမည့် ကိစ္စမျိုးနှင့် မကောင်းမှုကျူးလွန်သည့်ကိစ္စမျိုးတွင်၊ ထိုစိတ်ဓာတ်မျိုးသည် အချည်းနှီးသာဖြစ်ပေသည်။

သူတစ်ပါးအား အနိုင်ကျင့်စော်ကားရန်အတွက်၊ ဇွဲသတ္တိကြီးမားစွာ အားထုတ်ကြိုးပမ်းခြင်းသည်၊ လမ်းလွဲလိုက်ခြင်းသာဖြစ်သည်။

တလွဲဆံပင်ကောင်းခြင်းသာ ဖြစ်၏။

လျှော့ချက်ချည်းကျွန်၊ အလှံမလှဲမခံသည့်စိတ်ဓာတ်ကို၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိရှိအသုံးချရန် လိုအပ်ပေ၏။

သို့မှသာ ယောကျ်ားကောင်းပီသ သလို....

တာဝန်သိပြည်သူတစ်ဦးအနေဖြင့်ပါ ဂုဏ်သတင်းကျော်ကြားစေနိုင်မည်ဖြစ်ပေသည်။

တိုက်ပွဲမှာ ပြင်းထန်နေ၏။

တုက္ကျီကောင်းမှာ ချွေးပင်မစို့သေးပါ။

တစ်ဖက်ထပ်၏ခန္ဓာကိုယ်တွင်မူ ချွေးများယိုစီးနေပြီဖြစ်၏။

သို့သော် တစ်ဖက်လပ်က လုံးဝအရှုံးမပေးသေးပါ။

စွမ်းအားရှိသလောက် ပြင်းထန်စွာတိုက်ခိုက်နေဆဲပင်ဖြစ်၏။

တုကျိကောင်းမှာ သက်ပြင်းချလိုက်၏။

တစ်ဖက်လပ်သည် သက်ပြင်းချလိုက်၏။

တစ်ဖက်လပ်သည် သေမှုအရှုံးပေးမည့်လူစားဖြစ်သည်။

ထိုသို့ဇွဲသတ္တိမျိုးကို သူချီးကျူးလေးစား၏။

ထိုသို့သောလူမျိုးအား သူမသတ်လိုပါ။

ထို့ကြောင့် တိုက်ကွက်ကို ပြောင်းလဲလိုက်၏။

ဓားရိပ်များမှာ တစ်ဖက်လပ်၏တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည်။

'အား....'

စူးရှသောအော်ဟစ်သံနှင့်အတူ ဓားရိပ်များ၊ ပျောက်ကွယ်သွား၏။

တုကျိကောင်းက ဓားကို ပြန်သိမ်းလိုက်၏။

တစ်ဖက်လပ်၏လက်မောင်းမှာ သွေးများချင်းချင်းနီရဲနေ၏၊

ဓားမှာလည်း မြေပေါ်သို့ ပြုတ်ကျနေသည်။

တုကျိကောင်းက....

'ကျုပ် လူမသတ်ချင်ဘူး။ ဒီတော့ ခင်ဗျား တို့ထွက်သွားပါတော့ ကျုပ်ကိုမနှောင့်ယှက်ပါနဲ့'

ဟု အေးတိအေးစက် ပြောလိုက်၏။

တစ်ဖက်လပ်မှာ ဘာမှမပြောတော့ပါ။

မြေပေါ်တွင်ပြုတ်ကျနေသောဓားကို ကောက်ယူကာ၊ ထွက်ခွာသွားလေသည်။

သူ၏တပည့်များမှာလည်း၊ နောက်မှလိုက်ပါသွား၏၊

မကြာမီ အမှောင်ထုအတွင်း ပျောက်ကွယ်သွားလေတော့၏။



တစ်ဖက်လပ်ကား ဇွဲသတ္တိရှိသူဖြစ်သည်။

ကိုယ့်ထက်အင်အားသာမှန်းသိသည့်အတိုင်း၊ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့်၊ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သည်။

ဤစိတ်ဓာတ်ဖြင့် ရပ်ရွာအကျိုး တိုင်းပြည်အကျိုးဆောင်ရွက်လုပ်ကိုင်မည်ဆိုလျှင်၊ တိုင်းပြည်အတွက် တန်ဖိုးရှိသောလူတစ်ယောက်ဖြစ်လာနိုင်ပေသည်။

ယခုမူ တစ်ဖက်လပ်သည် ဒုစရိုက်လောကအတွင်း ကျင်လည်ကာ၊ တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးသူဖြစ်နေပေသည်။

တိုင်းပြည်အတွက် ဆန်ကုန်မြေလေးတစ်ယောက် ဖြစ်နေရလေသည်။

• • •

တုကျိကောင်းမှာ ရွှေသို့ခရီးဆက်လာခဲ့၏။

သူ၏ခေါင်းထဲ၌ အတွေးများဝင်လာ၏။

သူ့ထံတွင် ရွှေစင်အရိုးစုရှိသည်ကို မည်သူမျှ သေသေချာချာ မသိကြပါ။

သူ့အပြင် လုဖုန်းတစ်ယောက်သာ သိပေမည်။

ယခု တစ်ဖက်လပ်မှာ သေချာစွာသိနေ၏။

လုဖုန်း သတင်းပေးလိုက်၍လော။

တုကျိကောင်း သက်ပြင်းချလိုက်သည်။

ရိုးသားဖြူစင်သော လုဖုန်း၏မျက်နှာကိုလည်း မြင်ယောင်သွား၏။

တစ်ဖန် သွက်လက်ချက်ချာ ချစ်စဖွယ်ကောင်းသော ဟိုမိကျား၏မျက်နှာကိုလည်း မြင်ယောင်လာ၏။

သူ့ခေါင်းကို ခါယမ်းလိုက်သည်။

မဖြစ်နိုင်ပါ။

လုံးဝမဖြစ်နိုင်ဟု တွေးလိုက်မိ၏။

တုကျိကောင်းမှာ လျှောက်လာရင်းမှ သန်းခေါင်ယံအချိန်ပင် ရောက်လာပြီဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ရွှေအနည်းငယ်ဆက်လျှောက်သွားလျှင် ခရီးသည်မုဆိုးများ နားနေရန် ဆောက်လုပ်ထားသော ဇရပ်တစ်ခုသို့ ရောက်မည် ဖြစ်ကြောင်း သိလိုက်၏။

သူ၏ခြေလှမ်းများသည်လည်း ပို၍သွက်လက်လာလေတော့သည်။

* * *



ဇရပ်မှာ အမိုးပင် အတော်ပျက်စီးနေပြီဖြစ်၏။

ကြမ်းခင်းအမိမှာလည်း ကျိုးပဲ့နေ၏။

ပြင်ဆင်မည့်သူမရှိသည်မှာ အတော်ကြာပြီဖြစ်ကြောင်း သိလိုက်ရလေ၏။

တုကျိကောင်းက ညီညာပြန့်ပြူးသော ကြမ်းပြင်တစ်နေရာကိုရွေးကာ လှဲကျင်းလိုက်သည်။

ထို့နောက် လဲလျောင်းကာ အနားယူလိုက်လေသည်။

မှေးခနဲအိပ်ပျော်မည့်အပြုတွင် ဇရပ်ပေါ်သို့ လူတစ်ယောက် တက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဇရပ်ပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

သူ၏ပခုံးပေါ်မှအထုပ်ကိုလည်း ကြမ်းပေါ်သို့ ချထားလိုက်၏။

'အင်း....တော်သေးတာပေါ့....အိပ်စရာရှိလို့ ဟင်'

ထိုလူမှာ တစ်ကိုယ်တည်းရေရွတ်ရင်းမှ တုကျိကောင်းအား တွေ့သွားဟန်ပေါ်သွား၏။

တုကျိကောင်းအား ကြည့်လိုက်ပြီး....

'ခင်ဗျားလဲ ခရီးလွန်သွားလို့ ဒီမှာအိပ်တာလား'

ဟု မေးလိုက်၏။

တုကျိကောင်းက ပြန်မဖြေပါ။

ထိုလူက အငြိုက်ကန်းဆိုးမသိ ထပ်မေးလိုက်သည်။

'ခင်ဗျား ဘယ်ကိုခရီးဆက်မှာလဲ'

တုကျိကောင်းက ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ပြီး

'အန်းခုံးမြို့'

'ဗျာ'

ထိုလူက အလွန့်တကြားထအော်လိုက်လေသည်။

ပြီးမှ လက်ကာပြလိုက်ပြီး....

'မသွားနဲ့ မသွားနဲ့၊ အန်းခုံးမြို့ကိုသူပုန်တွေဝင်စီးထားတယ်၊ ခင်ဗျားဘာသွားလုပ်မှာလဲ'

တုက္ကိုကောင်းက စိတ်တိုသွားပြီး—

'သူပုန်ထဲဝင်မလို့'

ထိုလူမှာ မျက်လုံးပြူးကျယ်သွားလေသည်။

တုက္ကိုကောင်းအား ကြောက်လန့်တကြား ကြည့်လိုက်ပြီး...

'ခင်ဗျား...ခင်ဗျား ကျုပ်ကိုတော့ ဓားပြမတိုက်ပါဘူးနော်'

ဟု မေးလိုက်လေသည်။

တုက္ကိုကောင်းက....

'ဒါကတော့ ခင်ဗျားရဲ့အထုပ်ပေါ်မှာ မူတည်တယ်၊ ရွှေငွေပါလာရင်တော့ ကျုပ်ကလုမှာပါ'

ဟု နွဲ့ပြောလိုက်လေသည်။

ထိုလူက သက်ပြင်းချလိုက်ပြီး

'တော်သေးတာပေါ့ဗျာ'

ဟု ပြောရင်း အထုပ်ကိုဖြည်လိုက်လေသည်။

တုက္ကိုကောင်းဘက်လှည့်လိုက်ပြီး....

'ရွှေငွေတော့ မပါပါဘူး၊ စားစရာတော့အပြည့်ပဲ၊ ခင်ဗျားတော စားဦးမလား'

ဟု မေးလိုက်လေသည်။



တုက္ကိုကောင်းက ထထိုင်လိုက်ပြီး....

'အတော်ပဲ ကျုပ်လဲ ဗိုက်ဆာနေတာနဲ့'

ထိုလူက စားစရာယူကာ တုက္ကိုကောင်းအနီး ထိုင်ချလိုက်ပြီး

'ကြိုက်သလောက်စား၊ မနက်ဖြန်ဆို မြို့ရောက်အောင် သွားနိုင်ပြီ၊ ထပ်ဝယ်လို့ရပါတယ်'

ဟုပြောရင်း မုန့်ထုပ်ကို ထိုးပေးလိုက်လေသည်။

တုက္ကိုကောင်း မုန့်ကိုယူကာ အသာနမ်းလိုက်လေသည်။

ပြီးမှကျေနပ်စွာ ပြုံးလိုက်ပြီး....

'မင်းအကြံမဆိုးပါဘူး၊ ဒါပေမယ့်အချိန်အဆတော့လိုသေးတယ်'

ဟု ပြောလိုက်လေသည်။

ထိုလူက ကြောင်အမ်းအမ်းဖြင့်....

'ဘာလဲဗျာ....ဘာပြောတာလဲ'

တုက္ကိုကောင်းက...

'ကျုပ်က မုဆိုးတစ်ယောက်ဘဲ၊ မုန့်ထဲကို အဆိပ်ဗီလောက်ထည့်ရုံနဲ့ လူမသေနိုင်ဘူးဆိုတာ သိတယ်ဗျ'

ထိုလူက မျက်နှာပျက်သွားပြီး....

'ခင်ဗျားဘာတွေ ပြောနေတာလဲ'

တုက္ကိုကောင်း ခနဲ့ရက်စွာ ပြုံးလိုက်ပြီး....

'ခင်ဗျားမသိဟန်ဆောင်နေချင်ရင်လဲ ဒီမုန့်ကိုသာ စားလိုက်ပါတော့'

ထိုလူ သက်ပြင်းချလိုက်ပြီး....

'မင်း ဘယ်ဆိုးလို့လဲ'

တုက္ကိုကောင်းက...

'ခင်ဗျား ဌာနခွဲ အမှတ်(၅)က လက်ထောက် ဌာနခွဲမှူး ချီကျင်းပါပဲ'

တုက္ကိုကောင်း မျက်မှောင်ကြုတ်သွားပြီး...

'ဟုတ်ပါတယ်'

'ခင်ဗျားကို ဓားမညှာလို့ ဘာလို့ခေါ်တာလဲ'

ချီကျင်းက ဂုဏ်ယူစွာပြုံးလိုက်ပြီး

'ကျုပ်ဓားက မိဘကိုတောင်မညှာလို့ပါ'

တုက္ကိုကောင်းက

'မင်းဒီကို သက်သက်ဝင်လာတာတော့ ဟုတ်ဟန်မတူဘူး'

'ဟုတ်တယ် ခင်ဗျားဆီက ပစ္စည်းလာဝယ်တာ'

'ရွှေစင်အရိုးစုလား'

'ဟုတ်တယ်'

'ကျုပ်နဲ့ တစ်ဖက်လယ်တို့တွေ့ပြီးပြီ ဆိုတာကိုတော့ ခင်ဗျား သိသလား'

'သိတယ် ကျုပ်ကြည့်နေတာပဲ'

'ဒါဆို ခင်ဗျားနားလည်လောက်ပြီ'

ချီကျင်း ခေါင်းခါယမ်းလိုက်ပြီး

'ကျုပ်တို့ ဌာနခွဲမှူးက ဒီအရိုးစုတန်ဖိုးအတိုင်း ရွှေကိုပေးမယ်၊ ငွေလဲထပ်ပေးမယ်လို့ ကမ်းလှမ်းခိုင်းလိုက်ပါတယ်'

'ကျုပ်လက်ခံမယ် ထင်လို့လား'



'ကျုပ်တို့က ခင်ဗျားအတွက် ငွေကိုလဲ လုံလောက်အောင် ပေးသွားမှာပါ'

တုက္ကိုကောင်း မျက်မှောင်ကြုတ်သွားပြီး...

'ခင်ဗျားတို့ဌာနခွဲတွေ တစ်ခုနဲ့တစ်ခု ဘာလို့ အပြိုင်အဆိုင် လိုချင်နေရတာလဲ'

ချီကျင်းက သက်ပြင်းချရင်း....

'ရှင်းရှင်းပြောရရင် ကျုပ်တို့ဌာနခွဲမှူးက ဖုရှောက်လုံကို ဂိုဏ်းချုပ်မဖြစ်စေချင်လို့ပါ'

'အင်းလေ ငါငွေလိုတဲ့အခါ မင်းတို့ဌာနခွဲမှူးနဲ့တွေ့ရမယ်'

'မလိုဘူး ဒီကိစ္စနဲ့ပတ်သက်လို့ ဌာနခွဲမှူးက ကျုပ်ကို အာဏာကုန် လွှဲထားပြီးပါပြီ'

တုက္ကိုကောင်းက အေးစက်စွာပြုံးလိုက်ပြီး...

'လိုတာပေါ့ ဘာလို့လဲဆိုရင် မင်းက သတင်းပြန်ပို့နိုင်တော့မှာမှ မဟုတ်ဘဲ'

ဟုပြောရင်း လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ကာ ချီကျင်း၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ချီကျင်းမှာ ထိတ်လန့်သွားပြီး နောက်ကျွမ်း ထိုးကာ ခုန်ထွက်လိုက်လေသည်။

သို့သော် နောက်ကျသွားချေပြီ။

ရင်ဝ၌ စူးရှသောဝေဒနာကို ခံစားလိုက်ရလေသည်။

အသက်ကင်းမဲ့သွားသော ချီကျင်း၏ခန္ဓာကိုယ်မှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေ့တော့သည်။

တုက္ကျိုကျောင်း စားကိုပြန်သိမ်းလိုက်လေသည်။

'ခင်းလို မိဘစောင်မညာတဲ့ လူတစ်ယောက်ကို ငါကလဲ ညှာနေလို့ အပိုပဲ မဟုတ်လား'

ဟူ ပြောလိုက်လေသည်။

သို့သော် ချိုကျင်းမှာမူ မကြားတော့ပါချေ။

* * *

## ပန်းတစ်ရာတောင်ကြား

ပန်းတစ်ရာတောင်ကြား။

ပန်းတစ်ရာတောင်ကြားမှာ ထူထပ်သောတောအုပ်အတွင်း၌ တည်ရှိ၏။

ကျဉ်းမြောင်းသော တောင်ကြားလမ်းလေးမှာပန်းတစ်ရာ တောင်ကြား အဝင်ဝတွင်ဖြစ်၏။

ပထဝီအနေအထားအရ ခံစစ်အတွက် အကောင်းဆုံးဖြစ်၏။ ရန်သူများသည် မတ်စောက်သော တောင်နံရံကို ကျော်မလာနိုင်ပါ။

ကျဉ်းမြောင်းသော တောင်ကြားလမ်းထဲသို့သာ ဝင်ရန်ရှိသည်။

တောင်ကြားလမ်းမှာ လူနှစ်ယောက်မျှသာ လျှောက်နိုင်သည့်အတွက် ရန်သူအင်အားမည်မျှ များပါစေ အလုံးအရင်းနှင့် မဝင်နိုင်ပါချေ။

ထို့ပြင် တောင်ကြားသို့မရောက်မီ ထူထပ်သော တောအုပ်မှာလည်း ကြောက်စရာကောင်းလှ၏။

နေရောင်ပင် မထိုးနိုင်လောက်အောင် သစ်ရွက်များ ပိတ်ပုံနေ၏။

တောအုပ်အတွင်း ဝင်မိလျှင်းလမ်းမမှားအောင်ပင် မနည်းသတိထားရပေသည်။

တော်ရုံမုဆိုးများ ပန်းတစ်ရာတောင်ကြားသို့ မဆိုထားနှင့် တောအုပ်အတွင်းပင် မဝင်ရဲကြပါချေ။

အလွန်ကျွမ်းကျင်သော မုဆိုးများပင် တစ်ယောက်တည်း မဝင်စံ့ပါချေ။



လူတစ်ယောက်မှာ တောအုပ်အတွင်းသို့ မျှင်းနှင်းဝင်ရောက်လာ၏။

ထိုလူမှာ တုကျိကောင်းပင်ဖြစ်ပါသည်။

တုကျိကောင်းမှာ အတွေ့အကြုံရင့်ကျက်သော မုဆိုးတစ်ဦးဖြစ်၏။

ထို့အပြင် ယခင်ကလည်း ပန်းတစ်ရာတောင်ကြားတွင်ကျင်လည် ကျက်စားခဲ့ဖူး၏။

ထို့ကြောင့် မကြောက်မရွံ့ ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

သို့သော် တောအုပ်ထဲ ဝင်မိသည်နှင့် သူ၏ နား မျက်စိနှာခေါင်းတို့မှာ အလိုလိုပင် သတိအနေအထားသို့ ရောက်ရှိလာလေသည်။

အတန်ကြာအောင် တောအုပ်အတွင်းသို့ ဝင်လာမိသောအခါ အန္တရာယ်အငွေ့အသက်ကို အလိုလိုခံစားလိုက်ရလေ၏။

တုကျိကောင်းက လက်နှစ်ဖက်ဆုပ်လိုက်ပြီး

'မိတ်ဆွေ ကျုပ်က ခင်ဗျားတို့ ခေါင်းဆောင်ကြီး ဆီမှာ သစ္စာခံဖို့ ရောက်လာတာပါ'

ဟုပြောလိုက်လေသည်။

သူ၏စကားအဆုံးတွင် သစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာလေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိ၏။

ထိုလူက တုကျိကောင်းအား ကြည့်လိုက်ပြီး

'မင်း ဘယ်သူလဲ'

တုက္ကိုကောင်းက....

'တုက္ကိုကောင်းပါ'

ထိုလူက မျက်မှောင်ကြုတ်သွားပြီး

'ဝါးလင်တောင်က မုဆိုး သိုင်းသမားတုက္ကိုကောင်း ဟုတ်လား'

'ဟုတ်ပါတယ်'

'မင်းနာမည်ကျော်ပဲ ဒီကိုဘာကြောင့် ရောက်လာတာလဲ'

တုက္ကိုကောင်း သက်ပြင်းချလိုက်ပြီး

'ကျုပ် အခု ဝရမ်းပြေးဖြစ်နေပါပြီ၊ ဒါကြောင့် ခင်ဗျားတို့ဆီလာခဲ့တာပါ'

ထိုလူမှာ တွေဝေသွား၏။

အတန်ကြာမှ

'ကျုပ်သဘောနဲ့ လွှတ်လို့မရဘူး၊ စခန်းကိုမေးရဦးမယ်'

ဟုပြောရင်း စာတစ်စောင် ထုတ်ရေးလိုက်၏။

ထို့နောက် ချိုကြားမှ လေးနှင့်မြားကိုထုတ်ယူလိုက်သည်၊ စာကို မြားတွင်ချည်နှောင်ကာ အတွင်းဘက်သို့ပစ်လွှင့်လိုက်လေသည်။

တုက္ကိုကောင်း မျက်မှောင်ကြုတ်သွားပြီး

'ဒီလိုပစ်ရုံနဲ့ စခန်းကိုရောက်သလား'

ဟု မေးလိုက်၏။

'ဘယ်ရောက်မလဲ တခြား ထင်းပုန်းတွေက အဆင့်ဆင့်အကြောင်းကြားပေးလိမ့်မယ်'



တုက္ကိုကောင်း မဲ့လိုက်ပြီး

'ဒါဆို တော်တော်ကြာမှာပေါ့'

ထိုလူက ပြုံးလိုက်ပြီး

'သိပ်တော့ မကြာပါဘူး'

'ကိစ္စမရှိဘူး၊ ကျုပ်လဲ အမောဖြေလို့ရတာပေါ့'

ဟု ပြောရင်း သစ်ပင်တစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွား၏။

တုကျိုကောင်းမှာ အသင့်ပါလာသော ထမင်းထုပ်ကို ဖြည်၍ စားသောက်လိုက်၏။

ထမင်းစားသောက်ပြီး မကြာမီမှာပင် မြားတစ်စင်း မြေပေါ်သို့ကျလာသည်ကို တွေ့လိုက်ရ၏။

ကင်းသမားက မြားကိုဆွဲထုတ်လိုက်သည်။

မြားတွင်ပါလာသောစာကိုဖတ်လိုက်ပြီးနောက်

'ခင်ဗျား နည်းနည်းစောင့်ရလိမ့်မယ်'

တုကျိုကောင်း မျက်မှောင်ကြုတ်သွားပြီး

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။ ကင်းသမားက

ကို့ကျိုကွမ်းကိုယ်တိုင် လာမယ်လို့ အကြောင်းပြန်လိုက်လို့ပါ'

တုကျိုကောင်းက

'ဌာနချုပ်ကနေ ဒီကိုလာရင် တော်တော်ကြာမှာလား'

ကျုပ်တို့ဆိုရင် တစ်နေကုန်ပဲ'

'ဟာ.... အကြာကြီးစောင့်ရမှာပေါ့'

'သိပ်ကြာမယ်မထင်ပါဘူး၊ ကို့ကျိုကွမ်း လာမယ်ဆိုတော့ အလွန်ဆုံးစောင့်ရမှ တစ်နာရီပေါ့'

တုကျိုကောင်း ဝါးခနဲသမ်းဝေလိုက်ရင်း

'အင်းလေ၊ တရေးတမောအိပ်ပြီး စောင့်ရတာပေါ့'

ဟု ပြောရင်း သစ်ပင်တစ်ပင်ခြေရင်းတွင် လှဲလျောင်းလိုက်သည်။

• • •



တုကျိုကောင်းမှာ အိပ်ပျော်သွား၏။

ရုတ်တရက် အနံ့အသက်တစ်ခုကြောင့် နိုးလာ၏။

မျက်လုံးကို အသာဖွင့်ကြည့်လိုက်ရာ သူ့ရှေ့တွင် လူတစ်ယောက် ရောက်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ ကို့ကျိုကွမ်းမှန်း သိလိုက်၏။

ပိန်ပိန်ပါးပါးနှင့် နှစ်လိုဖွယ်အပြုံးပိုင်ရှင်ဖြစ်သည်။

တုကျိုကောင်း ထလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်သည်။

'တွေ့ရတာဝမ်းသာပါတယ် ကို့ကျိုကွမ်း'

ကို့ကျိုကွမ်းက

'မင်းဟာ မုဆိုးတုကျိုကောင်းအစစ်ဆိုတာ ယုံမှားစရာမရှိတော့ပါဘူး'

တုကျိုကောင်း မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာဖြစ်လို့လဲ'

'ကျုပ်လာတာကို ချက်ချင်းသိလိုက်လို့ပဲ'

'ကျုပ်ဖြင့် ခင်ဗျားခြေသံကိုတောင် မကြားမိဘူး'

ကို့ကျိုကွမ်း ရယ်မောလိုက်ပြီး

'ကျုပ်ခြေသံကိုသာ ကြားရရင် သိုင်းလောကမှာ ကျုပ်ရဲ့ ကိုယ်ဖော့ပညာဟာ ကျော်ကြားမှာမဟုတ်ပါဘူး'

တုကျိုကောင်း ခေါင်းညိတ်လိုက်၏။

ကို့ကျိုကွမ်း၏ ကိုယ်ဖော့ပညာသည် သိုင်းလောကတွင် အဆင့်တစ်ဆယ်အတွင်းရှိသည် မဟုတ်ပါလော။

ကို့ကျီကွမ်းက

'ခင်ဗျား ကျုပ်တို့ဆီကို သစ္စာခံဖို့ ရောက်လာတာ ဟုတ်လား'

'ဟုတ်ပါတယ်'

'အလျင်တုန်းက မလာဘဲ အခုမှဘာကြောင့်လာတာလဲ'

တုကျိုကောင်းက

'အလျင်တုန်းက ကျုပ်က မုဆိုးအလုပ်ကို လွတ်လွတ်လပ်လပ် လုပ်လို့ရတယ်၊ အခု ကျုပ်က ဝရမ်းပြေးဖြစ်နေပြီ၊ ဒါကြောင့် လာခိုလှုံတာလို့ပဲ ပွင့်ပွင့်လင်းလင်းပြောပါရစေ'

ကို့ကျီကွမ်း ခေါင်းညိတ်လိုက်ပြီး

'မင်း လုံခြုံမှုအတွက် ကျုပ်တို့ဆီ သစ္စာခံတာပေါ့'

'ဟုတ်တယ် ဒီအတိုင်းပါပဲ'

'ဒါဆို ကျုပ်တို့က မင်းကိုယုံကြည်လို့ဖြစ်ပါ့မလား'

'ကျုပ် သစ္စာရှိပါ့မယ်'

'မင်း သစ္စာရှိမယ်ဆိုတာ ကျုပ်တို့ဘယ်လိုလုပ်ယုံရမလဲ'

တုကျိုကောင်း သက်ပြင်းချလိုက်ပြီး

'ကျုပ်က သက်သေပြရဦးမယ်ဆိုပါတော့'

ကို့ကျီကွမ်းက ပြုံးလိုက်ပြီး

'ဟုတ်တယ်'

'ဘယ်လိုသက်သေပြရမလဲ'

'ကျုပ်တို့ယုံအောင် လူတစ်ယောက်သတ်ပြပါ'

တုကျိုကောင်း သက်ပြင်းချလိုက်ရင်း



'ကျုပ် လူတစ်ယောက် သတ်ဖူးသေးတယ်၊ တခြားအလုပ်နိုင်းပါလား၊ လူသတ်တဲ့အလုပ်ကို ကျုပ် မလုပ်ချင်ဘူး'

ကို့ကျီကွမ်းက

'မလုပ်လို့မရဘူး'

တုကျိုကောင်း ပခုံးတစ်ချက်တွန့်လိုက်ပြီး

'ဒါဆို ကျုပ်ဒီကိုလာတာမှားသွားပြီ၊ ကျုပ်ကိုသွားခွင့်ပြုပါဦး'

ဟု ပြောရင်း လှည့်ထွက်လိုက်၏။

သို့သော် ကို့ကျီကွမ်းမှာ တစ်ချက်လှုပ်ရှားလိုက်ရာ တုကျိုကောင်းရှေ့သို့ ရောက်ရှိသွားသည်။

တုကျိုကောင်းက

'ခင်ဗျားတို့လက်မခံနိုင်ရင် လမ်းဖယ်ပေးပါ'

ကို့ကျီကွမ်းက

'ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး'

'ပြောပါ၊ ဘာပြောစရာကျန်သေးသလဲ'

'ကျုပ်တို့သတ်ခိုင်းတဲ့လူဟာ ကျုပ်တို့အဖွဲ့အတွက် အဓိကကျတဲ့လူ ဖြစ်နေလို့ပါ၊ သူ့ကိုသတ်နိုင်ရင် ကျုပ်တို့အဖွဲ့ပိုပြီးလှုပ်ရှားနိုင်မှာမို့ပါ'

တုကျိုကောင်းက သက်ပြင်းချရင်း

'ဘယ်သူ့ကိုသတ်ရမှာလဲ'

'ဗိုလ်ချုပ်တန်ယို့'

'ဗျာ'

တုကျိုကောင်းက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး

'မဖြစ်ပါဘူးဗျာ၊ ကျုပ် ဗီလောက်အရည်အချင်းမရှိဘူး'

ကို့ကျိကွမ်းက—

'ကျုပ် သိသလောက်ဆိုရင် ခင်ဗျားဟာ ထိပ်တန်း သိုင်းသမားတစ်ယောက်မဲ့၊ ပြီးတော့ မုဆိုးအလုပ်လဲကျွမ်းကျင်တယ် မဟုတ်လား'

'မဖြစ်ဘူး၊ ဗိုလ်ချုပ်တန်ယို့ကို သတ်ဖို့မပြောနဲ့၊ သူ့အနီးရောက်အောင်သွားဖို့တောင်မလွယ်ဘူး၊ ကိုယ်ရံတော်တွေအများကြီးစောင့်ကြပ်နေတာ'

'ဘာလို့မဖြစ်ရမှာလဲ၊ ဉာဏ်ကိုအသုံးချပေါ့'

'ခင်ဗျားပြောတာ ဗီလောက်လွယ်နေရင် ခင်ဗျားပဲ သွားသတ်လိုက်ပါ၊ ခင်ဗျားရဲ့ ကိုယ်ဖော့ပညာနဲ့ဆိုရင် ဖြစ်ပါတယ်'

ကို့ကျိကွမ်းမှာ ပါးစပ်ပိတ်သွားသည်။

တုကျိကောင်းက ဆက်ပြောလိုက်၏။

'အင်း…ကျုပ်က မသေချင်သေးလို့ ခင်ဗျားတို့ဆီလာခဲ့ပါတယ်၊ ခင်ဗျားတို့က ဆီးပြီး သေကြောင်းကြံနေတယ်၊ သွားတာပဲကောင်းပါတယ်'

ဟု ပြောရင်း ထွက်ဟန်ပြင်လိုက်၏။

ကို့ကျိကွမ်းက ဟန့်တားလိုက်သည်။

'ခဏနေဦး'

'ဘာပြောဦးမလို့လဲ'

'ဗိုလ်ချုပ်တန်ယို့ကိုသတ်ဖို့ခက်ရင် လွယ်တဲ့တာဝန်ပေးမယ်'

'ဘာတာဝန်လဲ'

'သူ့မိခင်သတ်ပါ'



'ဗျာ'

တုကျိကောင်း၏မျက်လုံးအစုံမှာ ထပ်မံပြူးကျယ်သွား၏။

ကို့ကျိကွမ်းက စကားဆက်လိုက်၏။

'မင်းလို ကျော်ကြားတဲ့သူကို လက်ခံတဲ့အခါ ဒီလိုတာဝန်ပေးမှပဲ သင့်လျော်မယ်မဟုတ်လား'

တုကျိကောင်းက ပါးစပ်ပိတ်ထား၏။

ကို့ကျိကွမ်းက

'ဗိုလ်ချုပ်တန်ယို့ရဲ့မိခင်အိမ်မှာ အစောင့်တော့ရှိတယ်၊ ဒါပေမယ့် ဒီလူတွေဟာ မင်းအတွက် အနှောင့်အယှက်ဖြစ်လောက်အောင် သိုင်းပညာမရှိပါဘူး'

တုကျိကောင်းက သက်ပြင်းချလိုက်ပြီး

'ကျုပ်က လူမသတ်ချင်ဘူး၊ အခု မလွှဲမသွေ မရှောင်သာလုပ်ရမယ်ဆိုတော့ ဒီကိစ္စအောင်မြင်ရင် ကျုပ်ကို ဘယ်လို ချီးမြှင့်မလဲ'

ကို့ကျိကွမ်းက မှယ်မောလိုက်ပြီး

'မင်းဟာ တော်တော်မလွယ်တဲ့လူပါလား'

တုကျိကောင်းက

'ဘယ်သူမှ ရာထူးမမက်တဲ့လူမရှိပါဘူး၊ ကျုပ်အနေနဲ့ ရာထူးရနိုင်တာ ခင်ဗျားတို့ပဲရှိတယ်၊ ခင်ဗျားတို့သာ တိုင်းပြည်ကို အုပ်ချုပ်နိုင်ရင် ကျုပ်အတွက်လဲ အာဏာရှိလာနိုင်မယ် ဘယ်လိုလဲ'

ဟု မေးလိုက်၏။

ကို့ကျိုကွမ်းက

'မင်းအတွက် ကျုပ်တို့ထဲက်မနိမ့်တဲ့ ရာထူးအဆင့်အတန်းကို ပေးမှာသေချာပါတယ်'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး

'ကောင်းပြီလေ၊ ကျုပ်အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်'

ဟု ပြောပြီး ထွက်ခွာသွားတော့သည်။



တုကျိုကောင်းမှာ ပြန်ထွက်လာခဲ့၏။

သူ၏ခေါင်းထဲ၌ ဘာလုပ်ရမည်ကို စဉ်းစားမရဖြစ်နေသည်။

ကို့ကျိုကွမ်းတို့က ယခုကဲ့သို့သော တာဝန် ပေးမည်ဟု မမျှော်လင့်ခဲ့ပါ။

သူ၏အစီအစဉ်ထဲ၌လည်း မပါဝင်ပါ။

သူမည်သို့လုပ်ရမည်နည်း။

သူ မဆောင်ရွက်လျှင်လည်း ကို့ကျိုကွမ်းတို့က ယုံကြည်မည် မဟုတ်ပါ။

မီးစင်ကြည့်ကရန်သာ ဆုံးဖြတ်လိုက်သည်။

တုကျိုကောင်းက ခရီးဆက်ထွက်လာခဲ့ရာ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာ၏။

ဗိုလ်မှူးကလေး၏လူများသည် မြို့တိုင်းတွင်ရှိသည်ဟု ပြော ခဲ့၏။

သူကိုယ်တိုင်ဆက်သွယ်ရန် ဖြစ်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် တည်းခိုခန်းတွင် ဝင်ရောက်တည်းခိုပြီး ဆိုင် လုလင်အား ခိုင်းရန်စိတ်ကူးလိုက်၏။

တုကျိုကောင်းက အခန်းတစ်ခန်း ငှားလိုက်ပြီးနောက် စာ တစ်စောင်ရေးလိုက်၏။

ထို့နောက် ဆိုင်လုလင်အားခေါ်ကာ စာကိုပို့ခိုင်းလိုက်၏။

ဆိုင်လုလင်ထွက်သွားပြီးနောက် အိပ်ရာပေါ်တွင် လှဲကာ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များကို စဉ်းစားလိုက်၏။

ထိုစဉ်မှာပင် တံခါးခေါက်သံ ထွက်ပေါ်လာ၏။

တုကျိုကောင်းက မျက်မှောင်ကြုတ်သွားပြီး

'ဘယ်သူလဲ'

အပြင်မှ....

'စားစရာလာပို့တာပါ'

ဆိုင်လုလင်တစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

တုက္ကိုကောင်းက သတိထားပြီး တံခါးကိုဆွဲဖွင့်ပေးလိုက်၏၊

ဆိုင်လုလင် တစ်ယောက်က စားစရာများ ထည့်ထားသော လင်ပန်းကိုကိုင်ကာ အခန်းတွင်းသို့ဝင်လာ၏။

ထို့နောက် စားပွဲပေါ်တင်ထားပြီး၊ ထွက်သွားသည်။

တုက္ကိုကောင်းက စားသောက် ဖွယ်ရာများကို ကြည့်လိုက်သည်။

ဗိုက်လည်း ဆာလောင်လာသည်။

တုက္ကိုကောင်းက ထုံးစံအတိုင်း စားသောက်ဖွယ်ရာများကို နမ်းကြည့်လိုက်သည်။

ထူးခြားသော အနံ့တစ်ခုကြောင့် ကိတ်လန့်သွား၏။

ကမန်းကတန်းအသက်အောင့်လိုက်သော်လည်း မရတော့ပါ။

ခေါင်းတစ်ခုလုံး မူးယစ်ရီဝေလာ၏။

မဟန်နိုင်တော့ဘဲ ကြမ်းပေါ်လဲကျသွားလေသည်။



တုက္ကိုကောင်း သတိရလာသောအခါ သူ၏ ခန္ဓာကိုယ်မှာ အလှန်အမင်း နာကျင်ကိုက်ခဲနေ၏။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ သူ့အား သစ်ပင်တွင် ချည်နှောင်ထားသည်ကို တွေ့လိုက်ရသည်။

သူသည် တောအုပ် တစ်ခုအတွင်း ရောက်နေကြောင်း သိလိုက်၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်နေသော တစ်ဖက်လပ်ကို တွေ့လိုက်ရလေ၏။

တုက္ကိုကောင်းမှာ ရင်ထဲ၌လေးလံသွား၏။

တစ်ဖက်လပ် လက်အောက်တွင် ပတ်တီးစည်းထားသည်ကို တွေ့ရသဖြင့် ပြုံးမိသွား၏။

တစ်ဖက်လပ်က ထရပ်လိုက်ပြီး....

'မင်း ငါ့လက်က မလွတ်ပါဘူး'

တုက္ကိုကောင်းက....

'မင်း ငါ့ကိုသတ်ရဲလို့လား'

'စိတ်ချ မင်းကိုသတ်မှာပါ'

'သတ်ချင်တဲ့အချိန်မှာ သတ်လိုက်ပါ၊ ကျုပ်ကြောက်မယ့်လူ မဟုတ်ဘူး'

တစ်ဖက်လပ်က ရယ်မောလိုက်ပြီး....

'မင်း သတ္တိကောင်းတယ်ဆိုတာ ငါယုံကြည်ပါတယ်၊ ဒါပေမယ့် မင်းဆီကလိုချင်တာ ရအောင်ယူရဦးမယ်'

တုက္ကိုကောင်းက နှာခေါင်းရှုံ့လိုက်ပြီး....

'ကျုပ်သေတောင် ရမှာမဟုတ်ဘူးလို့ ပြောပြီးပြီပဲ'

တစ်ဖက်လပ်တာ

'စိတ်ချ ကျုပ်က လိုချင်တာကိုရအောင်ယူတတ်တယ်'

ဟု ပြောရင်း လက်ခုပ်တစ်ချက်တီးလိုက်၏။

လက်ခုပ်သံအဆုံးဝယ် သစ်ပင်ကြားမှ လူတစ်စု ထွက်လာသည်။

ထိုလူစုအားတွေ့သောအခါ တုကျိုကောင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။



သေမင်းတမန်ဂိုဏ်းသား သုံးယောက်မှာ လူနှစ်ယောက်ကို ဆွဲခေါ်လာ၏။

ဆွဲခေါ်လာသူနှစ်ယောက်မှာ လုဖုန်းနှင့် သူ၏သား ဟိုစိန်ကျားတို့ပင်ဖြစ်ပါသည်။

လုဖုန်း၏ ခန္ဓာကိုယ်မှ အဝတ်အစားများမှာ အနည်းငယ် စုတ်ပြဲနေ၏။

ဆံပင်များမှာလည်း ရှုပ်ပွနေ၏။ မျက်လုံးများမှာလည်း ငိုထား၍ မို့အစ်နေ၏။

အနှိပ်စက်ခံဟားရသည်မှာ သေချာလှပေသည်။

တုကျိုကောင်း၏ရင်ထဲ၌ နာကျင်သွား၏။

ဒေါသလည်း ထွက်လာလေသည်။ သို့သော် ဣန္ဒြေမပျက်ဘဲ သာမန်အကြည့်ဖြင့်သာ ကြည့်လိုက်၏။

ဟိုစိန်ကျားမှာ တုကျိုကောင်းအားတွေ့သောအခါ ဝမ်းသာသွားပြီး....

'ဦးဦး.... သားတို့ကိုကယ်ပါဦး'

ဟု အော်ဟစ်လိုက်လေသည်။

တုကျိုကောင်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ တစ်ဖက်လပ်က ရယ်မောလိုက်ပြီး

'ဘယ်လိုလဲ ကျုပ်အကြံ ကောင်းတယ်မဟုတ်လား'

တုကျိုကောင်းက ပါးစပ်ပိတ်ထားလိုက်၏။

တစ်ဖက်လပ်က တုကျိုကောင်းအား စိုက်ကြည့်လိုက်ပြီး

'ကဲ ရွှေစင်အရိုးစုဘယ်မှာလဲ'

တုကျိုကောင်းက သက်ပြင်းချလိုက်ပြီး
'မြေကြီးထဲမှာ မင်းသေရင် ရလိမ့်မယ်'
တစ်ဖက်လပ်က ရယ်မောလိုက်ပြီး
'မင်းက သူတို့သားအမိကို မသနားဘူးလား'
တုကျိုကောင်းက
'သူတို့သားအမိက ကျုပ်နဲ့ဘာမှမဆိုင်ဘူး၊ ဘာလို့ သနားရမှာလဲ'
ဒုက္ခိတက
'ဒါဆို သူတို့ဘာပဲဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူး ဆိုပါတော့'
'ဟုတ်တယ်'
တစ်ဖက်လပ်က လုဖုန်းဘက်သို့ လှည့်ကြည့်လိုက်ပြီး
'ကဲ သူပြောတာ မင်းကြားသလား'
လုဖုန်းက အံကြိတ်လိုက်ပြီး
'ရှင်သတ်ချင်ရင် သတ်လိုက်ပါ'
ဟုပြောလိုက်လေသည်။
တစ်ဖက်လပ်က သက်ပြင်းချလိုက်ပြီး...
'အင်း မင်းလဲသတ္တိကောင်းတဲ့ မိန်းကလေးပါပဲ'
လုဖုန်းက တစ်ဖက်လပ်အား ရွံရှာသောအကြည့်ဖြင့် ကြည့်လိုက်သည်။
တစ်ဖက်လပ်က တုကျိုကောင်းဘက်သို့ လှည့်လိုက်ပြီး
'တုကျိုကောင်း၊ မင်းခေါင်းမာနေမယ်ဆိုရင် သူတို့သားအမိကို ငါသတ်ရလိမ့်မယ်'
တုကျိုကောင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။



သူ၏ရင်ထဲတွင်မူ အလွန်ထိတ်လန့်နေလေသည်။
တစ်ဖက်လပ်က အေးစက်စွာ ပြုံးလိုက်ပြီး....
'မင်းခေါင်း ဘယ်လောက်မာတယ်ဆိုတာ ကြည့်ရသေးတာပေါ့၊ ဟေ့ ကလေးကို အလျင်သတ်လိုက်'
ဟု အမိန့်ပေးလိုက်လေသည်။
တစ်ဖက်လပ်၏ ငယ်သားနှစ်ယောက်က ဟိုစိန်ကျားအား ရွှေ့ဆွဲထုတ်လာလေသည်။
ဟိုစိန်ကျားမှာ ထိတ်လန့်စွာ အသံကုန်အော်ဟစ်ငိုယို ရုန်းကန်နေလေသည်။
ဓားသမားတစ်ယောက်က ဓားကိုဆွဲထုတ်လိုက်လေသည်။
ဟိုစိန်ကျားမှာ ဓားကိုတွေ့သောအခါ ကြောက်လန့်သွားပြီး
'ကျွန်တော့်ကို မသတ်ပါနဲ့'
ဟု အော်ဟစ်ရင်း ကြောက်စိတ်ကြောင့် မေ့မြောသွားသည်။
တုကျိုကောင်း ရင်ထဲ၌နင့်သွားလေသည်။
တစ်ဖက်လပ်သည် ပြောသည့်အတိုင်း ပြုလုပ်လိမ့်မည်ဟု သူနားလည်လေသည်။
သူကြည့်မနေနိုင်တော့ပါ။
သူ့အတွက် အပြစ်မဲ့သောကလေးငယ်တစ်ယောက် အသက်မဆုံးရှုံးစေပါ။

တုကျိုကောင်းက...
'တစ်ဖက်လပ် သူ့ကိုလွှတ်လိုက်ပါ'
ဟု ပြောလိုက်လေသည်။

တစ်ဖက်လပ်က
'မင်း အရှုံးပေးပြီလား'
တုက္ကိုကောင်းက ခေါင်းညိတ်လိုက်ပြီး....
'သူတို့ကိုသာ မင်းလွှတ်လိုက်ပါ၊ ငါပေးပါ့မယ်'
ဟု ထပ်ပြောလိုက်လေသည်။
တစ်ဖက်လပ်က....
'ရွှေစင်အရိုးစု အလျင်ပေးပါ'
'ကျုပ် ဘယ်ယူပေးနိုင်မှာလဲ၊ ဝှက်ထားခဲ့တယ်'
'ဘယ်မှာ ဝှက်ထားသလဲ'
'ဝါးလင်တောင်မှာပါ'
'နေရာကို သေသေချာချာပြောပါ'
တုက္ကိုကောင်းက သက်ပြင်းချလိုက်ပြီး
'ဝါးလင်တောင်ကို လွယ်လွယ်နဲ့သွားနိုင်တယ် ထင်လို့လား။ မြှုပ်ထားတဲ့နေရာကို ပြောပြရုံနဲ့ ခင်ဗျားရှာနိုင်မှာ မဟုတ်ဘူး။ ကျုပ်လိုက်ပြမှပဲ ယူလို့ရမယ်'
တစ်ဖက်လပ်က တွေဝေသွားလေသည်။
အတန်ကြာမှ....
'မင်းညာပြောမယ်ဆိုရင် သူတို့ကိုအလျင်သတ်ပစ်မယ်'
တုက္ကိုကောင်းက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

* * *

## သေမင်းတမန်

မြင်းလှည်းသည် လမ်းမအတိုင်း မောင်းနှင်နေလေသည်။
မြင်းလှည်းတစ်စီးမဟုတ်ပါ။ နှစ်စီး ဖြစ်နေသည်။
ရှေ့ဆုံးမှ မြင်းလှည်းပေါ်တွင် တစ်ဖက်လပ်၊ တုက္ကိုကောင်းတို့ လိုက်ပါလာလေသည်။
နောက်မှ မြင်းလှည်းတွင် လုပုန်းတို့သားအမိနှင့်တစ်ဖက်လပ်၏ ငယ်သားများ လိုက်ပါလာလေသည်။
မြင်းလှည်းမောင်းသူ အပါအဝင် သေမင်းတမန်ဂိုဏ်းသား ငါးယောက်သာ ဖြစ်လေ၏။
တုက္ကိုကောင်းမှာ အနှောင်အဖွဲ့မရှိပါ။
လွှတ်လပ်စွာပင် လိုက်ပါလာလေသည်။
သေမင်းတမန် ဂိုဏ်းသားများကို သူမမှုပါ။ ကောင်းစွာ အနိုင်ယူနိုင်လေသည်။

သို့သော် သူတိုက်ခိုက်ခြင်းမပြုပါ။

သူတိုက်ခိုက်သည်နှင့် လုပန်းတို့သားအမိ သေဆုံးသွားမည်ကို သူယုံကြည်ထားသည် မဟုတ်ပါလား။

တစ်ဖက်လပ်မှာမူ တုက္ကိုကောင်းအား အလစ်မပေးဘဲ ကြည့်ရှုရင်း လိုက်ပါလာလေသည်။

တုက္ကိုကောင်းက…

'တကယ်လို့ ခင်ဗျား ရွှေစင်အရိုးစုရရင် ဘာလုပ်ရမှာလဲ'

ဟု မေးလိုက်လေသည်။

တစ်ဖက်လပ်က….

'ကျုပ် ဘာလုပ်လုပ် မင်းမေးဖို့ မလိုဘူး'

'ကျုပ်သိချင်လို့ပါ၊ ခင်ဗျားဖုရွှောက်လုံကိုပေးမှာလား'

'မင်းနဲ့မဆိုင်ဘူး'

'ဆိုင်တယ်ဗျ ဖုရွှောက်လုံဟာ ကောင်းတဲ့လူမဟုတ်ဘူး၊ ဆရာကိုတောင် ပြန်ပြီးလုပ်ကြံခဲ့တဲ့လူ၊ သူ့ကိုပေးမှာစိုးလို့ပါ'

တစ်ဖက်လပ်က ပြုံးလိုက်ပြီး…

'စိတ်ချ ကျုပ်သူ့ကို ပေးမှာမဟုတ်ဘူး'

'ဒါဆို ကျုပ် ကျေနပ်ပါပြီ'

'ဒါထက် မင်းဆရာအတွက် သူ့ကို လက်စားမချေဘူးလား'

တုက္ကိုကောင်းက မဲ့ပြုံးပြုံးလိုက်ပြီး…

'ကျုပ် သူ့သတင်းကို အမြဲစုံစမ်းနေပါတယ်၊ သူနဲ့ယှဉ်ဖို့ဆိုတာက ကျုပ်ပညာနဲ့ မလုံလောက်သေးဘူး၊ ဒါကြောင့် သူလိုချင်နေတဲ့ ရွှေစင်အရိုးစု ကျုပ်ခိုးပြီး ဝှက်ထားခဲ့တာပဲ'



တစ်ဖက်လပ်က…

'ရွှေစင်အရိုးစုကို မင်းယူသွားတာတော့ သူသိတယ်၊ ဒါပေမယ့် မင်းရဲ့နာမည်ရင်းဟာ ဟုကျင်းဖြစ်တာကိုတော့ သူမသိသေးဘူး'

တုက္ကိုကောင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။ တစ်ဖက်လပ်အား မယုံကြည်နိုင်စွာ စိုက်ကြည့်လိုက်ပြီး…

'ခင်ဗျား ကျုပ်နာမည်ကို သိတယ် ဟုတ်လား'

'ဟုတ်တယ် ကျုပ်မသိတဲ့ကိစ္စသိပ်မရှိပါဘူး'

'အင်း…ခင်ဗျား ရွှေစင်အရိုးစုရပြီးရင် ကျုပ်ကို ဘာလုပ်မလဲ'

'လွှတ်ပေးမှာပါ'

တုက္ကိုကောင်းက မျက်မှောင်ကြုတ်သွားပြီး…

'သဘောကောင်းလှချည်လား'

တစ်ဖက်လပ်က ရယ်မောလိုက်ပြီး…

'သဘောကောင်းတာမဟုတ်ဘူး…မင်းနဲ့ ဖုရွှောက်လုံဟာ…ရန်သူဆိုတာသိလို့ မင်းကို ချမ်းသာပေးခဲ့တာ'

တုက္ကိုကောင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

တစ်ဖက်လပ်က စကားဆက်လိုက်၏။

'မင်းဟာ…သိုင်းပညာလည်း…မဆိုးဘူး…. မင်းသာတို့ဂိုဏ်းထဲဝင်ရင် ရာထူးကောင်းကောင်းရမှာ သေချာတယ်'

တုက္ကိုကောင်းက ဆက်ပြင်းချလိုက်ပြီး….

'ကျုပ်…ဒုစရိုက်လုပ်ငန်းတွေကို မနှစ်သက်ဘူး အေးအေးဆေးဆေးပဲနေပါရစေ'

တစ်ဖက်လပ်က ပြုံးလိုက်ပြီး....

'ဒါဆို မင်းဘာလို့ပန်းတစ်ရာတောင်ကြားကို သွားရတာလဲ'

တုက္ကိကောင်းက....

'ကျုပ်ရဲ့ဇနီးကို သွားရှာတာပါ'

တစ်ဖက်လပ်က ရယ်မောလိုက်ပြီး —

'ဟုတ်ရဲ့လား....ကျုပ်ကြားတာက တစ်မျိုးပါလား'

'ခင်ဗျား ဘယ်လိုကြားလို့လဲ'

'မင်းကို ဗိုလ်မှူးကလေးက တာဝန်ပေးလိုက်လို့ဆိုပဲ'

တုက္ကိကောင်းမှာ ရင်ထိတ်သွား၏။

တုက္ကိကောင်းက ဣန္ဒြေဆည်လိုက်ပြီး —

'မဟုတ်ပါဘူး ကျုပ်ကဝရမ်းပြေးဆိုတာလဲ ခင်ဗျားကြားမှာပါ'

'ကြားပါတယ် — ဝရမ်းတစ်ယောက်ကို ဗိုလ်မှူးကလေးက ဘာလို့မဖမ်းဘဲလွှတ်လိုက်ရတာလဲ'

တုက္ကိကောင်းမှာ ပါးစပ်ပိတ်သွားလေသည်။

တစ်ဖက်လပ်သည် သူ၏အကြောင်းများ သိရှိထားခြင်းကိုလည်း အံ့သြမိလေသည်။

တစ်ဖက်လပ်က စကားဆက်လိုက်၏။

'မင်းအကြောင်းတွေသိထားတာကို မအံ့သြနဲ့ နေရာတကာမှာ ငါတို့ဂိုဏ်းသားတွေရှိပါတယ် ငါတို့သိချင်တဲ့ကိစ္စမှန်သမျှကို ကြာကြာဖုံးကွယ်ထားလို့မရပါဘူး'

တုက္ကိကောင်းက...

'ဒါဆို ကျုပ်ရဲ့အကြံအစည်ကို ခင်ဗျားနှောင့်ယှက်မှာလား'



'မနှောင့်ယှက်ပါဘူး ငါတို့နဲ့မှမဆိုင်ဘဲ တစ်ခုပဲရှိတယ် ရွှေစင်အရိုးစုကိုသာ မရရင်တော့'

တစ်ဖက်လပ်၏စကားမှာ တစ်ပိုင်းတစ်စနှင့် ရပ်သွား၏။

တစ်ဖက်လပ်က မျက်မှောင်ကြုတ်သွားပြီး

'ဟေ့....ဘာလို့ရပ်လိုက်တာလဲ'

မြင်းလှည်းမောင်းသမားက....

'ဆက်သွားလို့မရတော့လို့ပါ'

'ဘာခံနေလို့လဲ'

'ရှေ့မှာငါးယောက်....နောက်မှာ ငါးယောက်ပိတ်ဆို့ထားတယ်'

တစ်ဖက်လပ်က သက်ပြင်းချလိုက်ပြီး —

'ငါ အပြင်မှာထွက်ရှင်းလိုက်ဦးမယ် မင်းထွက်ပြေးဖို့ မစဉ်းစားနဲ့'

ဟု တီးတိုးပြောလိုက်ပြီး မြင်းလှည်းတံခါးကိုဖွင့်ကာ ဆင်းသွားလေသည်။

တုက္ကိကောင်းမှာမူ ဖြစ်ပျက်နေသောကိစ္စများကို အရေးမထားပါ။

မြင်းလှည်းနံရံကိုမှီကာ မျက်စိကိုပင် မှိတ်ထားလိုက်လေတော့သည်။

တစ်ဖက်လပ်အောက်သို့ရောက်သောအခါ မြင်းလှည်းအရှေ့ဘက်တွင် လူငါးယောက် အနောက်ဘက်တွင် လူငါးယောက်တို့ကို တွေ့လိုက်ရလေသည်။

ထိုမျှမကသေး လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်တွင်လည်း ပုန်းအောင်းနေသူများရှိသေးသည်ကို ခံစားလိုက်ရ၏။

တစ်ဖက်လပ်က လုံးဝဣန္ဒြေမပျက်ပါ။

မြင်းလှည်းရှေ့မှ ပိတ်ဆို့ထားသော လူငါးယောက်ထံသို့ လျှောက်သွားလိုက်သည်။

ထိုလူငါးယောက်အနက် ပိန်ပိန်ပါးပါးနှင့်ပြုံးနေသောလူမှာ ခေါင်းဆောင်ဖြစ်မည်ဟု ခန့်မှန်းမိသည်။

တစ်ဖက်လပ်က လက်နှစ်ဘက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး

'မိတ်ဆွေတို့က ဘာကြောင့် လမ်းကိုပိတ်ထားရတာလဲ'

ဟု မေးလိုက်၏။

ထိုလူက ပိုရှုံပြုံးလိုက်ပြီး

'ဒီလမ်းကို ကျုပ်တို့ ပြုပြင်ဆောက်လုပ်ထားတာပါ၊ ဒါကြောင့်'

တစ်ဖက်လပ်က လက်ကာပြလိုက်ပြီး

'ဒီအတွက် ဖြတ်သန်းသွားခ လိုချင်တယ်ဆိုပါတော့'

ထိုသူက ခေါင်းညိတ်လိုက်၏။

တစ်ဖက်လပ်မှာ ထိုလူစုသည် ပန်းတစ်ရာတောင်ကြားမှ လူများဖြစ်နိုင်သည်ဟု တွက်ဆမိပြီး

'ခင်ဗျားတို့က ပန်းတစ်ရာတောင်ကြားကလား'

ဟု မေးလိုက်၏။



ထိုလူက ခေါင်းညိတ်လိုက်၏။

တစ်ဖက်လပ်က ပြုံးလိုက်ပြီး

'ကျုပ်က သေမင်းတမန်ဂိုဏ်းကပါ၊ ဒါဆို ခင်ဗျားတို့လမ်းဖယ်ပေးမယ်ထင်ပါတယ်'

ထိုလူက ခေါင်းခါယမ်းလိုက်ပြီး

'ဖြတ်သန်းခမရဘဲ မဖယ်ပေးနိုင်ပါဘူး'

တစ်ဖက်လပ် သက်ပြင်းချလိုက်ပြီး

'ဒါဆို ကျုပ်တို့အဖွဲ့ ရင်ဆိုင်ရလိမ့်မယ်နော်'

ဟု ခြိမ်းခြောက်လိုက်၏။

ထိုလူက ပါးစပ်ပိတ်ထားလိုက်၏။

လမ်းဖယ်ပေးရန် လှုပ်ရှားခြင်းလဲမရှိပါချေ။

တစ်ဖက်လပ်က ခြိမ်းခြောက်၍မရကြောင်း နားလည်သွားသည်။ ထိုလူကို စေ့စေ့ကြည့်လိုက်ပြီး မေးလိုက်၏။

'ဖြတ်သန်းသွားခ ဘယ်လောက်လိုချင်သလဲ'

ထိုလူက လက်သုံးချောင်းထောင်ပြလိုက်၏၊

တစ်ဖက်လပ်က

'သုံးထောင်ဟုတ်လား'

'မဟုတ်ဘူး၊ သုံးယောက်ပါ'

တစ်ဖက်လပ်က မျက်မှောင်ကြုတ်သွားပြီး

'သုံးယောက် ဟုတ်လား'

ထိုလူက ခေါင်းညိတ်ကာ

'ဟုတ်တယ် သုံးယောက်၊ မြင်းလှည်းပေါ်လာလာတဲ့လူ သုံးယောက်ပါ'

'ဘယ်သူတွေဆိုတာ သိလို့လား'

'သိလို့တောင်းတာပေါ့'

တစ်ဖက်လပ် သက်ပြင်းချလိုက်ပြီး

'ခင်ဗျားဘယ်သူလဲ'

'ကို့ကျိုက္ခမ်း'

'ဪ....တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် တုကျိုကောင်းနဲ့ ကျုပ်က ပြဿနာနည်းနည်းရှိနေသေးတယ်၊ ခင်ဗျားသူ့ကို ဘာကြောင့်ကယ်တင်တယ်ဆိုတာ ပြောနိုင်မလား'

ကို့ကျိုက္ခမ်း ပြုံးလိုက်ပြီး

'သူက ကျုပ်တို့အဖွဲ့ထဲဝင်ရောက်လာတယ်၊ ကျုပ်တို့ကလဲ လက်ခံလိုက်တယ်၊ ဒီတော့ သူ့ကိုကျုပ်တို့ကယ်တင်ရမယ့်တာဝန်ရှိနေတယ်မဟုတ်လား'

တစ်ဖက်လပ်မှာတွေဝေသွား၏။

အတန်ကြာမှ

'ကောင်းပြီလေ၊ ကျုပ်တို့သူ့ကို ခေါ်မသွားတော့ပါဘူး'

ဟု ပြောရင်း သူ၏လူများအား လက်ဝှေ့ယမ်းပြလိုက်၏။

ထို့နောက် မြင်းလှည်းနှင့်စီးအား နေရာမှထွက်ခွာသွားကြလေတော့သည်။



တုကျိုကောင်းမှာ တစ်ဖက်လပ်နှင့် ကို့ကျိုက္ခမ်းတို့ အပြန်အလှန်ပြောဆိုနေသံများကို ကြားနေ၏။

တစ်ဖက်လပ် ထွက်သွားသည်ကိုတွေ့ရမှ စိတ်သက်သာရာရသွားသည်။

သို့သော် သူ တစ်ဖက်လပ်ကို နားမလည်ပါ'

တစ်ဖက်လပ်သည် သူ့အကြောင်း အတော်များများသိထား၏။

ကို့ကျိုက္ခမ်းတို့အား ထုတ်ဖော်ပြောဆိုခြင်းမရှိပါ၊

အင်အားမမျှသည့်အတွက် အသာ နောက်ဆုတ်သွားခြင်းဖြစ်သည်ကို သိရှိလိုက်ရသည်။

တုကျိုကောင်း သက်ပြင်းချပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုအခိုက် လုဖုန်းတို့သားအမိလည်း မြင်းလှည်းပေါ်မှဆင်းလာသည်ကို တွေ့လိုက်ရသည်။

လုဖုန်းတို့သားအမိ အန္တရာယ်ကင်းရှင်းသည်ကို တွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

တုကျိုကောင်းက ကို့ကျိုက္ခမ်းအား လက်နှစ်ဖက်ဆုပ်ကိုင်ကာအရိုအသေပြုလိုက်ပြီး---

'ကျေးဇူးတင်ပါတယ်ဗျာ'

ကို့ကျိုက္ခမ်းကရယ်မောလိုက်ပြီး....

'မလိုပါဘူး၊ ဒါထက် မင်းနဲ့ သေမင်းတမန်ဂိုဏ်းက ဘာပြဿနာတွေရှိနေလို့လဲ'

တုကျိုကောင်းက သက်ပြင်းချလိုက်ပြီး

'အဲ့ဒီပြဿနာကိုပြောရရင် အရှည်ကြီးပါပဲ'

ကို့ကျိကွမ်းက လက်ကာပြလိုက်ပြီး

'ဒါဆို ပြောမနေနဲ့တော့ဗျာ'

တုကျိုကောင်းက

'ဟုတ်ကဲ့၊ နောက် အေးအေးဆေးဆေး အချိန်ရတော့မှ ပြောပြပါမယ်၊ အခုကျုပ်က ကတိပေးထားတဲ့အတိုင်း ဆောင်ရွက်ဖို့ဆက်သွားလိုက်ဦးမယ်'

'ကောင်းတယ်၊ ကျုပ်တို့ကလဲ ရွှေစင်အရိုးစုကိုသိပ်ပြီးတော့ စိတ်မဝင်စားပါဘူး'

တုကျိုကောင်းမှာ အံ့အားသင့်သွား၏။

ကို့ကျိကွမ်းအား လှမ်းကြည့်လိုက်သည်။

ကို့ကျိကွမ်းကပြုံးလိုက်ပြီး

'မင်းနဲ့ပတ်သက်တာ ဘာမှ မသိထားဘူးဆိုရင် မင်းကို ဘယ်လိုလုပ် လာကယ်နိုင်မှာလဲ'

'ဒါဆို ကျုပ်....လှုပ်ရှားမှုတွေ ခင်ဗျားတို့အားလုံး သိထားတယ်ပေါ့'

'ဟုတ်တယ်၊ မင်းက သာမန်လူမှမဟုတ်ဘဲ၊ မင်း တို့ဆီကို ရောက်လာတာကို ဝမ်းသာစွာကြိုဆိုပေမယ့် မင်းကို စိတ်ချယုံကြည်လို့တော့ မရသေးဘူးမဟုတ်သား'

တုကျိုကောင်းက သက်ပြင်းချလိုက်ပြီး



'ကျုပ်ကို စိတ်ချယုံကြည်မှုမရှိရင် ဘယ်လိုလုပ်ပြီး လက်တွဲလို့ရပါတော့မလဲ၊ ဒီနေရာကပဲ ရပ်လိုက်တာကောင်းမယ် ထင်တယ်'

ကို့ကျိကွမ်းက လက်ကာပြလိုက်ပြီး

'ဒီလိုလဲဘယ်ဟုတ်မလဲ၊ မင်းကိုတို့က လက်လွှတ်မခံနိုင်သေးဘူး၊ ဒီတော့ မင်းအနေနဲ့ ပေးအပ်တဲ့တာဝန်ကိုသာ ကျေပွန်မယ်ဆိုရင် မင်းကိုလှိုက်လှိုက်လှဲလှဲကြိုဆိုမှာပါ'

တုကျိုကောင်းက ပြုံးလိုက်ပြီး....

'ဒါဆို ကျုပ်က အမြန်ဆုံးလုပ်ရတော့မှာပေါ့'

ကို့ကျိကွမ်းက ခေါင်းညိတ်လိုက်ပြီး လုဖုန်းတို့ သားအမိအား ညွှန်ကြားလိုက်သည်။

'သူတို့ကကော မင်းနဲ့ဘာတော်သလဲ'

ဟုမေးလိုက်သည်။

တုကျိုကောင်းက....

'ဘာမှမတော်ပါဘူး'

ကို့ကျိကွမ်းက....

'ဒါပေမယ့် တစ်ဖက်လူက သူတို့ကို အသုံးချသွားတယ်၊ ဒီတော့ သူတို့ကိုပြန်လွှတ်ရင် တစ်ဖက်လူက ထပ်ပြီးပြဿနာရှာနေမှာ စိုးရတယ်၊ စခန်းကို ခေါ်သွားတာ ကောင်းမယ်ထင်တယ်'

တုကျိုကောင်းက ရင်ထိတ်သွား၏။ လုဖုန်းတို့ သားအမိပါသာလျှင် သူမည်သို့လွှတ်လပ်စွာ လှုပ်ရှားနိုင်တော့မည်နည်း။

ထို့ကြောင့် သူက

'ဒါကတော့ သူတို့သဘောကို မေးကြည့်တာပိုကောင်းမယ်ထင်တယ်'

ကို့ကျိကွမ်းက

'ဒါဆို မေးကြည့်ပါ'

တုကျိကောင်းက လုဖုန်းတို့သားအမိအား အဓိပ္ပါယ်ပါပါကြည့်လိုက်ပြီး

'ပင်းတို့ အိမ်ပြန်မလား သူတို့နဲ့လိုက်သွားမလား'

ဟု မေးလိုက်လေသည်။

သူက မလိုက်စေလိုသဖြင့် လမ်းခင်းပေးလိုက်ခြင်း ဖြစ်၏။

လုဖုန်းက တုကျိကောင်း၏သဘောကို နားမလည်ပါ။

တစ်ချက်စဉ်းစားလိုက်ပြီး

'သူတို့နဲ့ပဲ လိုက်သွားပါ့မယ်'

ဟု ပြောလိုက်လေသည်။

တုကျိကောင်းမှာ စိတ်ပျက်သွား၏။ သက်ပြင်းတစ်ချက်ချလိုက်ပြီး

'ခင်ဗျားစဉ်းစားဦးနော် တောထဲ တောင်ထဲမှာ နေရတာ တော်တော်ကြာ ဒုက္ခရောက်နေရင် ကျုပ်လဲ ကယ်နိုင်မှာမဟုတ်ဘူး'

ထင်မံသတိပေးလိုက်၏။

လုဖုန်းတွေဝေသွား၏။



အတန်ကြာမှ

'အိမ်ပြန်တော့လဲ ဟိုလူကြီးရန်ကရှိသေးတယ်၊ သူတို့နဲ့လိုက်သွားတာက ပိုလုံခြုံမယ်ထင်တယ်'

ဟုပြောလိုက်လေသည်။

တုကျိကောင်းမှာ ဘာမှဆက်ပြော၍ မဖြစ်တော့ပါ။ သက်ပြင်းတစ်ချက်ချလိုက်ရင်း

'ဒါဆိုလဲ လိုက်သွားပေတော့'

တုကျိကောင်းမှာ ကို့ကျိကွမ်းဘက်သို့လှည့်လိုက်ပြီး

'သူတို့ကို စောင့်ရှောက်ထားလိုက်ပါဗျာ'

ဟုပြောလိုက်၏။

ကို့ကျိကွမ်း ခေါင်းညိတ်လိုက်ပြီး

'စိတ်ချပါ ကျုပ်တို့ဆီမှာ အန္တရာယ်မရှိစေရပါဘူး'

တုကျိကောင်း

'ဒါဆို ကျုပ်ကို မြင်းတစ်ကောင်လောက် ပေးလိုက်ပါဦး'

ကို့ကျိကွမ်း လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

ငယ်သားတစ်ယောက် မြင်းတစ်ကောင် ဆွဲယူလာပြီး တုကျိကောင်းအား ပေးလိုက်သည်။

တုကျိကောင်းက မြင်းပေါ်တက်လိုက်ပြီး အားလုံးကို နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

* • •

ပန်းတစ်ရာတောင်ကြား။

ပန်းတစ်ရာတောင်ကြား အဝင်လမ်းသည် ကျဉ်းမြောင်းပြီး အထဲတွင် အတော်ပင် ကျယ်ဝန်းလေသည်။

လူများနေထိုင်ရန် တဲများစွာ ဆောက်လုပ်ထားသည်။

လိုဏ်ဂူနေအိမ်များကိုလည်း တောင်နံရံတွင် အများအပြား ဆောက်လုပ်ထားလေသည်။

ထို့ကြောင့် ရွာကြီးတစ်ရွာဟုပင် ခေါ်ဆိုနိုင်၏။

သူတို့သည် ပန်းတစ်ရာ တောင်ကြားထဲတွင်ပင် ဆန်စပါး၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထား၏။

တိရစ္ဆာန်များကို မွေးမြူထား၏။ ထို့ကြောင့် စားနပ်ရိက္ခာအတွက်လည်း ပူပင်စရာမရှိပါချေ။

ကို့ကျိကွမ်းမှာ လုဖုန်းတို့သားအမိ နေထိုင်ရန်အတွက် လိုဏ်ဂူအခန်းတစ်ခုကို စီစဉ်ပေးလိုက်ပြီး

'ဒီမှာ စိတ်ချလက်ချနေနိုင်ပါတယ်၊ ကြာတော့လဲ့ ခင်မျာ ပျော်သွားမှာပါ'

လုဖုန်းက

'ကိစ္စမရှိပါဘူး၊ ကျွန်မတို့သားအမိ ဘေးရန်လုံခြုံရင် ပြီးတာပါပဲ'

'စိတ်ချ၊ ဒီအထဲကို စစ်သည်တော်တွေ ဝင်ဖို့ကြိုးစားပေမယ့် တစ်ခါမှမအောင်မြင်ပါဘူး၊ ပြီးတော့ ကျုပ်တို့ကိုပိတ်ဆို့ထားလို့လဲမရဘူး၊ အခု သူတို့တောင် လှမ်းမကြီးတွေလောက်သာဝိုင်းရံထားနိုင်တာပါ'



လုဖုန်းကပြုံးလိုက်ပြီး

'ကျွန်မတို့သားအမိ ချက်ပြုတ်စားသောက်ဖို့...'

ကို့ကျိကွမ်းကလက်ကာပြလိုက်ပြီး

'မလိုဘူး၊ ဒီမှာ ထစ်နေ့နှစ်နပ်ကျွေးတယ်၊ မောင်းသံကြားရင် ထမင်းစားရပါမယ်'

'ဒါဆို ဒီမှာ ဘာမှလုပ်စရာမရှိဘူးပေါ့'

'ရောက်တုန်း ရောက်ခိုက်မှာ အေးအေးဆေးဆေး နေပါ၊ နောက်တော့လဲ သင့်တင့်ရာတစ်ခုခုကို ပေးမှာပါ၊ မင်းတို့လဲ ခရီးပန်းလာနေကြရောပေါ့၊ အနားယူပါဦး'

ပြောပြောဆိုဆိုဖြင့် ကို့ကျိကွမ်း ထွက်ခွာသွားတော့သည်။

* *

ဟိုစိန်ကျားမှာ အလွန်ပျော်ရွှင်နေ၏။

ယင်းကဲ့သို့ထူးဆန်းသောနေရာမျိုး မတွေ့ဘူးသဖြင့် ကလေး ပီပီပျော်ရွှင်နေမိသည်။

လုဖုန်းမှာ သားကလေးပျော်နေသည်ကို တွေ့ရသဖြင့်

'သား....ဒီနေရာကိုသဘောကျလား'

ဟု မေးလိုက်၏။

ဟိုစိန်ကျားက ခေါင်းညိတ်လိုက်ရင်း

'ဟုတ်ကဲ့၊ ဦးဦး တုကျိကောင်းသားရှိရင် ပိုပြီး ပျော်စရာ ကောင်းမှာပဲ'

ဟု ပြောလိုက်၏။

ပြောပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့်....

'သား မေမေ့ကိုမေးမလို့ အခုမှပြန်သတိရတယ်'

လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး

'ဘာမေးမလို့လဲသားရဲ့'

ဟိုစိန်ကျားက....

'မေမေက သေမင်းတမန်ဂိုဏ်းကလား'

လုဖုန်း၏မျက်လုံးအစုံမှာပြူးကျယ်သွား၏။

ထိတ်လန့်စိုးရိမ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက် သည်။

ပြီးမှ အသံခပ်အုပ်အုပ်ဖြင့်

'သား တာတွေ လျှောက်မေးနေတာလဲ၊ တော်တော်ကြာ သူများတွေကြားကုန်မယ်'



ဟိုစိန်ကျားက—

'သားမေးတာ ဟုတ်တယ်မဟုတ်လား'

လုဖုန်းကဲ သက်ပြင်းချလိုက်ရင်း

'မဟုတ်ဘူး'

ဟိုစိန်ကျားက

'ဒါဖြင့် ဟို မျက်စိတစ်လုံးမရှိတဲ့လူကြီးက မေမေနဲ့ သိရဲ့ သားနဲ့ နှိပ်စက်ဟန်ဆောင်ခိုင်းရတာလဲ'

လုဖုန်းက မျက်နှာတင်းမာသွားပြီး

'သား မင်းစကားမများနဲ့၊ ဘာမှလျှောက်မပြောနဲ့၊ တလေး ပီပီကလေးလိုနေစမ်း'

ဟု မာန်မဲလိုက်သည်။

ဟိုစိန်ကျားက မကျေမနပ်ဖြစ်သွားပြီး—

'မေမေညာတယ်'

လုဖုန်းမှာ ဒေါသထွက်သွားပြီး—

'မင်းပါးစပ်ပိတ်ထားစမ်း၊ နို့မဟုတ်ရင် မင်းကိုငါ ရိုက်မိ လိမ့်မယ်'

ဟိုစိန်ကျားမှာ မိခင်မာန်မဲမှုကြောင့် ပါးစပ်ပိတ်သွား၏။ သို့သော် မျက်နှာတွင်မူ မကျေနပ်ကြောင်း အရိပ်လက္ခဏာ များပြနေသည်။

လုဖုန်းမှာ သားကိုမာန်မဲ၍မရကြောင်း နားလည်သွား၏။ သားဖြစ်သူ၏ဆံပင်ကိုပွတ်သပ်ရင်း

'သားရယ် စေားဆိုတာ လျှောက်မပြောရဘူး၊ ဒီအထဲမှာ အားလုံးက လူဆိုးတွေချည်းပဲ၊ တော်တော်ကြာ သူတို့သိသွားရင် မေမေတို့ကိုသတ်လိမ့်မယ်'

ဟိုစိန်ကျားမှာ ထိတ်လန့်သွားလေသည်။

'ဒါဆို သား ဘာမှမပြောတော့ဘူး'

လုဖုန်းက....

'သူတို့က သားကိုမေးရင် သားဖေဖေဟာ မြားပြတွေကြောင့်သေသွားပြီ၊ မေမေတို့သားအမိ ပြေးလာရပြီးတော့ ဦးဦး တုကျိုကောင်းဆီမှာ နေတယ်လို့ပြော ကြားလား'

'ဟုတ်ကဲ့ မေမေ'

'ဒါမှ ငါ့သား'

လုဖုန်းက သားဖြစ်သူအား ပွေ့ဖက်လိုက်လေသည်။

ဟိုစိန်ကျားက—

'သား မေမေ့ကို မေးရဦးမယ်'

လုဖုန်းက မျက်လုံးပြူးသွားပြီး—

'သား မေးလို့ မဆုံးတော့ဘူးလား'

'ဒီတစ်ခုထဲပါ'

'ကဲ မေးမေး'

'ဒီထဲမှာ လူဆိုးတွေချည်းပဲနေတယ်ဆိုရင် သားတို့ကဘာလို့ဒီမှာလာနေရတာလဲ'

လုဖုန်းမှာ ပါးစပ်ဟောင်းလောင်းဖြစ်သွားလေ၏။ ကမန်းကတန်း သင့်တော်သောအဖြေကို စဉ်းစားလိုက်ပြီ၊



'ဒီလိုသားရဲ့ မေမေတို့မှာ နေစရာမရှိတော့ ဒီမှာနေမှလဲ သားရဲ့ဦးဦး တုကျိုကောင်းနဲ့ တွေ့ရမယ် မဟုတ်လား'

ဟိုစိန်ကျားက....

မျက်မှောင်ကြုတ်သွားပြီး....

'ဒါဆို ဦးဦးတုကျိုကောင်းကလဲ လူဆိုးဘဲပေါ့'

လုဖုန်းမှာ ပါးစပ်ပိတ်သွားလေ၏။

ဟိုစိန်ကျားက....

'သားကတော့ ဦးဦးတုကျိုကောင်းကို လူဆိုးလို့ မထင်ဘူး၊ သူဟာ လူကောင်းနော် မေမေ ဟုတ်ဘယ်မဟုတ်လား'

လုဖုန်းမှာ ဘာမှပြန်မပြောနိုင်တော့ပါ။ ခေါင်းကိုသာညိတ်ပြလိုက်ရလေတော့၏။

• • •

နောက်တစ်နေ့ နံနက်စောစောတွင် သူမနေထိုင်ရာ လိုက်ဂူသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။

'ခင်ဗျား လုဖုန်းဆိုတာလား'

'ဟုတ်ပါတယ်'

'ဒါဆို ကျုပ်နဲ့လိုက်ခဲ့ပါ'

'လုဖုန်းက မျက်မှောင်ကြုတ်သွားပြီး

'ဘယ်ကိုလိုက်ရမှာလဲ'

ထိုလူက...

'ခေါင်းဆောင်ကြီးဆီကိုပါ၊ ကဲ အခုလိုက်ခဲ့၊ ကလေးထားခဲ့ပါ'

လုဖုန်းမှာ တစ်နေ့တွင် ပေ့ဟုန်က ခေါ်လိမ့်မည်ဟုယုံကြည်ထားလေသည်။

သို့သော် ဤမျှ မြန်ဆန်လိမ့်မည်ဟု မထင်ခဲ့ချေ။

သူမက သားဖြစ်သူအား ဘယ်မှမသွားရန် မှာကြားလိုက်ပြီး ထိုလူနောက်သို့ သွားလေတော့သည်။



လုဖုန်းမှာ လာခေါ်သူနောက် လိုက်ပါသွားလေသည်။

ထိုလူမှာ တောင်ကြားကလေးအား ဟိုကွေ့ သည်ကွေ့နှင့် ရှေ့မှဦးဆောင်သွားလေသည်။

ထို့နောက် လမ်းကြားကလေးတစ်ခုထဲသို့ ချိုးဝင်လိုက်၏။

လုဖုန်းက ထိုလူနှင့်ရင်ဘောင်တန်း လျှောက်လိုက်ပြီး....

'ရှင်က ခေါင်းဆောင်ကြီးရဲ့ ကိုယ်ရံတော်သား'

'ဟုတ်ပါတယ်'

'ရှင် ကိုယ်ရံတော်လုပ်တာ ဘယ်လောက်ကြာပြီလဲ'

'ငါးနှစ်လောက်ရှိပြီ'

'ခေါင်းဆောင်ကြီးက ငယ်သားတွေအပေါ် တော်တော်ကို ကောင်းကောင်းမွန်မွန် ပြုစုတယ်လို့ကြားတယ် မဟုတ်လား'

ကိုယ်ရံတော်က ခေါင်းညိတ် ပိုက်လေသည်။

လုဖုန်းက

'ခေါင်းဆောင်ကြီးက တော်တော်ကြီးပြီလား'

ကိုယ်ရံတော်က....

'လေးဆယ်ကျော်ကျော် ရှိပါသေးတယ်'

'ဩော် ဒီလောက် အသက်အရွယ်နဲ့ ဒီလိုအုပ်ချုပ်နေနိုင်တာ ချီးကျူးစရာပါဘဲ၊ ရှင်လဲ တစ်နေ့ကြီးပွားဦးမှာပေါ့'

ကိုယ်ရံတော်က သဘောကျသွားပြီး....

'ဟုတ်ကဲ့ ဒီလိုပဲ မျှော်လင့်ထားပါတယ်'

လုဖုန်းက

'ဒါထက် ကျွန်မကို ဘာကိစ္စကြောင့် ခေါ်ခိုင်းတယ်ဆိုတာ ရှင် သိသလား'

ဟု အစ်လိုက်လေသည်။

ကိုယ်ရံတော်က…

'ဒါကိုတော့ ကျုပ်လဲမသိဘူး၊ သွားခေါ်ဆိုလို့ လာခေါ်တာပါ'

လုဖုန်းက သက်ပြင်းချလိုက်ပြီး…

'သူက ဘယ်မှာနေတာလဲ'

'ရောက်ခါနီးပါပြီ'

လုဖုန်း ပါးစပ်ပိတ်လိုက်လေသည်။

နောက်ထပ် ခြေလှမ်းငါးဆယ်မျှ လျှောက်မိသောအခါ လိုဏ်ဂူတစ်ခုကို တွေ့လိုက်ရလေသည်။

လိုဏ်ဂူရှေ့တွင် အစောင့်များစွာချထားလေသည်။

လုဖုန်းက လိုဏ်ဂူသည် ခေါင်းဆောင်ကြီး၏ လိုဏ်ဂူ ဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်လေ၏။

သူမ လိုဏ်ဂူရှေ့သို့ ရောက်သောအခါ ကို့ကျိကွမ်းက အဆင်သင့်စောင့်နေသည်ကို တွေ့လိုက်ရလေ၏။

ကို့ကျိကွမ်းက ပြုံးပြလိုက်ပြီး

'ခေါင်းဆောင်ကြီးက နေမကောင်းဖြစ်နေတာနဲ့ မင်းကို ခေါ်ခိုင်းလိုက်တာပါ'

လုဖုန်းက ခေါင်းညိတ်လိုက်ပြီး—

'ဟုတ်ကဲ့ ကျွန်မလဲ မြင်ဖူးချင်နေတာနဲ့ အတော်ပါဘဲ'



ကို့ကျိကွမ်း စကားမဆက်တော့ပါ။

နောက်သို့ လှမ်းဝင်သွားလေသည်။

ကိုယ်ရံတော်က ဂူဝတွင် ရပ်နေသည်။

လုဖုန်းက သက်ပြင်းမသိမသာချလိုက်ပြီးနောက် ကို့ကျိကွမ်း၏ နောက်မှလိုက်သွားလေတော့၏။

လိုဏ်ဂူသည် အလွန်ကြီးမားလေ၏။

လူသွားလမ်းမှာမူ အနည်းငယ် ကျဉ်းမြောင်းနေ၏။

အကြောင်းမှာ လမ်းဘေး ဝဲယာ တစ်ဘက်တစ်ချက်တွင် စားနပ်ရိက္ခာနှင့် လက်နက်ကိရိယာများ စုပုံထားသောကြောင့် ဖြစ်ပါသည်။

ကို့ကျိုက္ခမ်းမှာ ရှေ့မှဦးဆောင်ကာ လျှောက်လာသည်။

ခြေလှမ်းတစ်ရာခန့် ဝင်သွားမိသောအခါ လိုဏ်ဂူမှာ ညာဘက်သို့ချိုးကွေ့သွားပြီး ကျယ်ဝန်းသော အခန်းတစ်ခုကို တွေ့လိုက်ရ၏။

အခန်းဝတွင် လူနှစ်ယောက်က အသင့်အနေအထားဖြင့် စောင့်ကြပ်နေ၏။

အခန်းထဲတွင် မီးရောင်များထိန်လင်းနေ၏။

ကို့ကျိုက္ခမ်းက အခန်းဝတွင်ရပ်လိုက်ပြီး....

'အထဲဝင်သွားပါ၊ ခေါင်းဆောင်ကြီး မင်းကိုစောင့်နေပါတယ်'

ဟု ပြောလိုက်ပြီးနောက် ပြန်ထွက်သွားလေတော့သည်။

လုဖုန်းက အခန်းထဲလှမ်းဝင်လိုက်၏။

အခန်းနံရံတွင် မြေပုံကြီးများချိတ်ဆွဲထား၏။

အခန်းအလယ်တွင် ကြီးမားသောစားပွဲတစ်လုံးရှိ၏။

စားပွဲပေါ်ဝယ် စာရွက်စာတန်းများ စုပုံနေသည်။

ထိုစားပွဲ၏နောက်ဘက်တွင် လူတစ်ယောက်ထိုင်နေ၏။

ထိုလူသည် အသက်လေးဆယ်ခန့်ရှိ၏။



အသားအရေဖြူဖွေးပြီး မျက်နှာမှာလည်း နူးညံ့ယဉ်ကျေးသော အသွင်ရှိ၏။

ခန္ဓာကိုယ်မှာ ထွားကျိုင်းခြင်းမရှိပါ။

စာပေသမားတစ်ယောက်နှင့် ပို၍တူလှပေသည်။

ထိုလူသည် လျှမ်းလျှမ်းတောက်ကျော်ကြားသော သူပုန်ခေါင်းဆောင် ပေ့ဟုန်ဆိုလျှင်မည်သူယုံကြပါသနည်း။

သူ၏တစ်ကိုယ်လုံးတွင် သတိပြုမိစရာမှာ သူ၏စူးရှသော မျက်လုံးအစုံပင်ဖြစ်သည်။

လုဖုန်းက ဦးညွတ်အရိုအသေပြုလိုက်ပြီး

'ကျွန်မ လုဖုန်းပါ'

ပေ့ဟုန်က လုဖုန်းအား အကဲခတ်ကြည့်လိုက်သည်။

လုဖုန်းသည် ကလေးအမေ မုဆိုးမတစ်ယောက်ဖြစ်၏။

သို့သော် သူမ၏ခန္ဓာကိုယ်အချိုးအစားမှာ စွဲမက်စရာပင်။

အသားအရေမှာလည်း စိုပြည်၏။

သူမ၏မျက်နှာမှာလည်း ယောကျ်ားများအား စွဲဆောင်နိုင်စွမ်း အပြည့်အဝရှိလှပေသည်။

ပေ့ဟုန်က

'ထိုင်ပါ'

လုဖုန်းက စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ပေ့ဟုန်က

'မင်းနဲ့ တုကျိုကောင်း ဘယ်လိုပတ်သက်သလဲကွ'

'ဘာမှမပတ်သက်ပါဘူး'

'ဒါဖြင့်'

'ဒီလိုပါရှင်၊ ကျွန်မယောကျ်ားက ဖိုးကျိုပါ၊ ဓားပြတွေ ကျွန်မတို့ရွာကိုဝင်စီးတော့ ကျွန်မယောကျ်ား သေဆုံးသွားပါတယ်၊ ကျွန်မတို့လဲ ပြေးလွှားမှဲ့ရပြီးတော့ တုက္ကိုကောင်းအိမ်မှာ ဝင်ပြီး ခိုလှုံနေတာပါ'

'ဒါဆို ဘာမှမဆိုင်ဘူးပေါ့'

'ဟုတ်ကဲ့'

ပေ့ဟုန်က သူ၏မေးစေ့ကို အသာပွတ်သပ်စဉ်းစားဟန်ပြု လိုက်ပြီးနောက်

'ဒါဆို မင်းတို့သားအမိကို တစ်ဖက်လပ်လက်ထဲက တုက္ကိုကောင်း ဘာလို့အသက်စွန့်ပြီး ကယ်ရတာလဲ'

လုဖုန်းမျက်နှာ နီရဲသွား၏။

မျက်နှာလည်း ငုံ့သွားပြီး

'ကျွန်မတို့သားအမိကို သနားလို့ဖြစ်မှာပါ'

ပေ့ဟုန် ခေါင်းညိတ်လိုက်ပြီး

'ထားပါတော့လေ၊ တုက္ကိုကောင်းနဲ့ သေမင်းတမန်ဂိုဏ်း ဟာ ဘယ်လိုပတ်သက်သလဲ၊ မင်းသိသလား'

'ကျွန်မလဲ သေသေချာချာမသိဘူး'

'မင်းသိသလောက်ပဲ ပြောပါ'

လုဖုန်းက အတန်ကြာ စဉ်းစားလိုက်ပြီး

'ကျွန်မသိသလောက်ဆိုရင် တုက္ကိုကောင်းဟာ သေမင်းတမန် ဂိုဏ်းက ဘာပစ္စည်းကိုယူထားသလဲမသိဘူး၊ အဲ့ဒါ သေမင်းတမန် ဂိုဏ်းက ပြန်ရအောင် ကြိုးစားနေတာ'



ပေ့ဟုန်က

'ဒါထက်၊ သူဟာ လူသတ်သမားဆိုတာ သိရဲ့လား'

လုဖုန်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ကဲ့၊ ဒါပေမယ့်သူက လူကောင်းပါ၊ အရက်မူးသမား တွေကိုဆုံးမရင်း လက်လွန်သွားတာပါ'

ပေ့ဟုန်က ပြုံးလိုက်ပြီး

'သူက ငါ့ဆီဝင်ပြီးသစ္စာခံတာ မင်းသိသလား'

'ဟုတ်ကဲ့၊ သူပြောလို့သိရပါတယ်'

'သူဘာလို့ ငါ့ဆီကိုလာတာလဲ'

လုဖုန်းက သက်ပြင်းချလိုက်ပြီး

'သူ့အတွက် လုံခြုံတဲ့နေရာ ဒီတစ်နေရာပဲ ရှိမယ်လို့ သူထင်လို့ ဖြစ်မှာပါ'

ပေ့ဟုန် မျက်မှောင်ကြုတ်လိုက်ပြီး

'သူ သိုင်းပညာတော်တဲ့လူပဲ၊ ဘာကြောက်စရာရှိလို့လဲ'

သူ ဝရမ်းပြေးဖြစ်နေတယ်လေ၊ အာဏာသားတွေကသူ့ကို နှစ်ခါတိတိ ဖမ်းဖို့ရောက်လာသေးတယ်၊ သူအရှောင်မြန်လို့ပဲ၊ နို့မဟုတ်ရင် သူ ဘယ်လောက်သိုင်းပညာတော်တော် အာဏာ သား နှစ်ဆယ်ခလောက်ရဲ့လက်ကတော့ လွတ်မှာမဟုတ်ပါဘူး'

ပေ့ဟုန် ခေါင်းညိတ်လိုက်သည်။

'မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ငါ့အနေနဲ့ ဒီပြင်အကြောင်း လဲ ရှိဦးမယ်လို့ ထင်တယ်'

လုဖုန်းမှာ ပြောရန် သင့်မသင့် ချိန်ဆနေ၏။

ပေ့ဟုန်က ပြုံးလိုက်ပြီး

'ပြောသာပြောပါ၊ ငါမင်းတို့ကို ဘာအန္တရာယ်မှမပေးပါဘူး'

လုဖုန်းက သက်ပြင်းချရင်း

'သူက ချင်းပင်ဇီမှာရှိတယ်လို့လဲ သတင်းရထားလို့ ဇီကို ဦးတည်ခဲ့တာပါ'

ပေ့ဟုန်က ပို၍မျက်မှောင်ကြုတ်သွားပြီး

'ချင်းပင် ဟုတ်လား၊ ချင်းပင်ဆိုတာ ဘယ်သူလဲ'

'ချင်းပင်ဆိုတာ သူ့ဇနီးပါ'

ပေ့ဟုန်က အတန်ကြာစဉ်းစားပြီးမှ

'ငါ့ဆီမှာ မရှိပါဘူး

ဟု ပြောရင်း လက်ခုပ်တစ်ချက်တီးလိုက်ပြီး

'ကျင်းအော့ကို လွှတ်လိုက်ပါ'

သူ၏စကားသံဆုံးပြီး မကြာမီပင် အမျိုးသမီး တစ်ယောက် ဝင်ရောက်လာလေ၏။

ထိုအမျိုးသမီး၏ လှပ်ရှားဟန်မှာ အဆင့်မြင့် သိုင်းသမား တစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေ၏။

ထိုအမျိုးသမီးက ပေ့ဟုန်အား ဦးညွတ်လိုက်သေ၏။

ပေ့ဟုန်က

'ကျင်းအော့ သူ့ကို နေရာပြန်ပို့လိုက်ပါ'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး လုဖုန်း၏လက်ကိုဆွဲကာ အပြင်သို့ခေါ်ဆောင်သွားလေ၏။



ကျင်းအော့မှာ လုဖုန်း၏လက်ကိုဆွဲကာ ထွက်လာသည်။ လိုက်ဂူနှင့်ဝေးလာပြီး လမ်းကြားလေးမှ ထွက်သောအခါမှ ကျင်းအော့က ရယ်မောလိုက်ပြီး ပြောလိုက်လေ၏။

'တို့မတွေ့တာ အတော်ကြာပြီနော်'

လုဖုန်းက ခေါင်းညိတ်ရင်း

'ဟုတ်တယ် ခြောက်နှစ်ဆိုတာ မနည်းပါဘူး'

'အေး ...အေး ခြောက်နှစ်ဆိုပေမယ့် ညည်းက ပုံစံမပြောင်းပါဘူး'

'ပြောင်းလဲတာပေါ့ မမရယ်၊ အစတုန်းက မုဆိုးမ မဟုတ်သေးဘူး၊ အခု မုဆိုးမဖြစ်နေပြီ'

'ညည်းယောကျ်ား သေသွားပြီ ဟုတ်လား'

လုဖုန်းကပြောရင်း မတ်ခန်းကျင်ကို အကဲခတ်လိုက်သည်။ ကျင်းအော့က

'ဘာမှစိတ်မပူပါနဲ့၊ ဘယ်သူမှ မရှိပါဘူး'

ဟု ပြောလိုက်လေသည်။

လုဖုန်းက ကျင်းအော့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး

'မကို ဇီလိုနေရာမှာ တွေ့လိမ့်မယ်လို့ကို မမျှော်လင့်ခဲ့ဘူး၊ ကျွန်မ ဝမ်းသာလိုက်တာ'

ကျင်းအော့က ပြုံးလိုက်ပြီး

'ငါထွက်လာကတည်းက ဇီကိုရောက်လာခဲ့တာဘဲ'

'မမက ဇီမှာ အတော်နေရာရနေပြီဘဲ'

'ဒါတော့ ဒါပေါ့ ဒါပေမယ့် အသက်ကြီးလာပြီလေ'

လုဖုန်းက ရယ်မောလိုက်ပြီး

'အသက်ကြီးပေမယ့် မမှက လှတုန်းပါပဲ'

မှန်ပါသည်။ ကျင်းအော့၏အသက်မှာ လေးဆယ်နီးပါးရှိပြီ ဖြစ်လေသည်။

သို့သော် လှပနေ၏။

ကျင်းအော့က မှဲ့ပြုံးပြုံးလိုက်ပြီး

'ဘယ်လောက်လှအောင် ပြုပြင်ပေမယ့် မိန်းကလေးတွေနဲ့ယှဉ်ရင် တို့က နောက်ရောက်သွားပါပြီ'

လုဖုန်းကဲ လေသံဖြင့်

'ဒါထက် မမ အဆက်အသွယ်ကော အမြဲရှိသလား'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'ရှိတယ် တို့ဆီကို တုကျိုကောင်း ရောက်မယ်ဆိုတာ ကြားပြီး သတင်းမှထားတယ်'

'ဒါဆို ဘာဆက်ညွှန်ကြားသေးသလဲ'

'ရွှေစင်အရိုးစု ပြန်မရမချင်း တုကျိုကောင်းကို အသက်ရှင်နေအောင် ကာကွယ်ပေးရမယ်တဲ့၊ ဒါပေမယ့် ညည်းရောက်လာမယ်လို့တော့ ငါမျှော်လင့်မထားဘူး'

လုဖုန်းက ပြုံးလိုက်ပြီး—

'ကျွန်မလဲ တုကျိုကောင်းသေသွားရင် ရွှေစင်အရိုးစုကို ပြန်မရမှာစိုးလို့ အရဲစွန့်ပြီး ဒီအထိလိုက်လာခဲ့တာပါ'

ကျင်းအော့ သက်ပြင်းချလိုက်ပြီး



'ဒါပေမယ့် အခြေအနေ သိပ်မကောင်းဘူး၊ ပေဟုန်က တုကျိုကောင်းကို ဗိုလ်ချုပ်တန်ယို့ရှဲမိခင်ကို သွားသတ်ခိုင်းထားတယ်၊ သူတကယ်ကော သွားသတ်ပါ့မလား'

ဟု မေးလိုက်လေသည်။

လုဖုန်းမှာ ငိုင်ကျသွားလေသည်။

အတန်ကြာမှ....

'တုကျိုကောင်းဟာ စိတ်ထားဖြောင့်မတ်တဲ့ လူတစ်ယောက်၊ သူက ဗိုလ်ချုပ်တန်ယို့ရှဲမိခင်ကို သတ်မယ်မထင်ဘူး'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'ငါလဲဒီလိုဘဲ ထင်တာပဲ၊ ဒါပေမယ့် ပေဟုန်က နောက်ယောင်ခံထည့်ထားလိုက်တယ်၊ သူလဲမယုံကြည်ဘူးလေ'

လုဖုန်းက သက်ပြင်းချရင်း

'တုကျိုကောင်းဟာ ခေါင်းမာသလောက် ပရိယာယ်လဲကြွယ်ပါတယ်၊ သူတစ်ခုခုတော့ စီစဉ်မှာပါ'

'အင်းလေ....ဒီလိုပဲ ဆုတောင်းရမှာပေါ့၊ ဒါထက် ညည်းသားရော'

'လိုက်ဂူထဲမှာ ကျန်ခဲ့တယ်'

သူတို့ပြောရင်းပြောရင်း လျှောက်လာကြရာ လုဖုန်းနေထိုင်ရာ ဂူသို့ပြန်လည်ရောက်ရှိလာကြသည်။

* * *

ဟိုစိန်ကျားမှာ လုဖုန်းတို့ ပြန်လာသည်ကို တွေ့သောအခါ အပြေးကလေး ထွက်ကြိုလိုက်၏။

ကျင်းအော့က ဟိုစိန်ကျားအား ကြည့်ပြီး

'လုဖုန်း ဒါ ညည်းသားလား'

'ဟုတ်တယ်'

'အသက် ဘယ်နှစ်နှစ်ရှိပြီလဲ၊ ငါမှတ်တောင် မမှတ်မိဘူး'

'ရှစ်နှစ်ရှိပြီ'

ဟိုစိန်ကျားက လုဖုန်း၏လက်ကိုဆွဲကာ ...

'မေမေသွားတာ ကြာလိုက်တာ'

'ဟုတ်တယ် စကားကောင်းနေလို့သားအပြင်ထွက်သေးသား'

'ဟင့်အင်း စောစောက လူကြီးတစ်ယောက် လာသွားသေးတယ်'

လုဖုန်း မျက်မှောင်ကြုတ်သွားပြီး

'ဘာလာလုပ်တာလဲ'

ဟိုစိန်ကျားက....

'သူ့သားကိုမေးတာ စုံနေတာဘဲ၊ သားပေပေဘယ်သူလဲ၊ ဦးဦး တုကျိကောင်းနဲ့ ဘာတော်လဲ၊ စုံလို့ပါပဲ'

လုဖုန်းကရင်ထိတ်သွားပြီး

'သားဘယ်လိုပြောလိုက်လဲ'

'မေမေပြောထားတဲ့အတိုင်းပဲပေါ့'

လုဖုန်းမှာ ယခုမှစိတ်သက်ရာရသွား၏။

ကျင်းအော့ကသက်ပြင်းချရင်း ...

'ညည်းအကြောင်းကို ညည်းသားသိသလား'



လုဖုန်းက ခေါင်းခါလိုက်ပြီး

'သူမသိတာက ပိုကောင်းတယ်မဟုတ်လား'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်၊ ညည်းကိုလဲ သံသယဖြစ်နေပုံရတယ်၊ ညည်း အေးအေးဆေးဆေးသာနေ၊ ဒါဆို အဆင်ပြေသွားမှာပါ'

လုဖုန်းကသားဖြစ်သူအား အရင်လိုက်ဂူထဲဝင်ခိုင်းလိုက်ပြီးမှ

'တုကျိကောင်း ဒီကိုလာတဲ့ကိစ္စမသိသလား'

ကျင်းအော့က ခေါင်းညိတ်လိုက်သည်။ လုဖုန်းက

'ဒါဆို ကျွန်မတို့သူ့ကိုကူညီရမှာလား'

ကျင်းအော့က တွေဝေသွားသည်။

အတန်ကြာမှ....

'ဒီကိစ္စ ညည်းဘာမှဝင်မစွက်နဲ့၊ စွေ့ယင်းဟုန်ဆီကသတင်း ရတော့မှပဲ ကြည့်လုပ်ကြတာပေါ့'

လုဖုန်းကမျက်မှောင်ကြုတ်သွားပြီး

'စွေ့ယင်းဟုန်ဆိုတာ ဘယ်သူလဲ'

'သူက ပေ့ဟုန်ရဲ့လက်ရုံးပဲ၊ အခုနောက်ထပ် တိုးလိုက်တာပေါ့၊ တုကျိကောင်းကို နောက်ယောင်ခံလိုက်နေတဲ့လူလေ'

'အင်း....ဒါဆို သူလဲ တေးကျင်နံ့ကျပ်ပဲ'

'ဟုတ်တယ်၊ ညည်း ငါ့ဆီကဘာမှမသိရသေးဘဲ မလှုပ်ရှားနဲ့၊ ကဲ...ငါသွားတော့မယ်'

ကျင်းအော့မှာ လုဖုန်းအားနှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့သည်။

• • •

## တစ်လိမ်နှစ်လိမ်

(၇)ရက်....

(၇)ရက်ဟူသောအချိန်မှာ လျင်မြန်စွာကုန်ဆုံးသွား၏။

ယနေ့ ပေ့ဟုန်၏ ခန်းမကျယ်တွင် လူစုံဘက်စုံ ရောက်ရှိနေသည်။

ပေ့ဟုန်၏ လူယုံတော်ခုနစ်ယောက်ဖြစ်သော ကို့ကျိကွမ်၊ လောက်ချွား၊ ခြေမရှိ၊ အဆိပ်ဘုရင်၊ ကျင်းအော့၊ မျက်နှာတစ်ထောင်၊ လီဟုန်တို့ပင်ဖြစ်သည်။

ပေ့ဟုန်က အားလုံးကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး

'မင်းတို့ကို ပြောစရာရှိလို့ခေါ်လိုက်တာပဲ၊ အခု စွေ့ယင်ဟုန်ဆီ ကသတင်းရောက်ရှိလာပါတယ်'

အဆိပ်ဘုရင်က စိတ်ဝင်စားသွားပြီး

'ဘာတဲ့လဲ ခေါင်းဆောင်ကြီး'



ပေ့ဟုန်က

'တုကျိကောင်းဟာ.... ဗိုလ်ချုပ်တန်ယို့ရဲ့မိခင်ကို သတ်လိုက်ပြီတဲ့'

အားလုံး လှုပ်လှုပ်ရွရွဖြစ်သွား၏။

မျက်နှာတစ်ထောင်က

'ဒီသတင်းမှန်ရင်တော့ တုကျိကောင်းကို ကျွန်တော်တို့နဲ့ လက်တွဲလို့ရပါပြီ'

ပေ့ဟုန်ကပြုံးလိုက်ပြီး

'ဒါပေမယ့် စွေ့ယင်းဟုန်ရဲ့သတင်းက မဆုံးသေးဘူး'

ကို့ကျိကွမ်းက

'ပြောပါခေါင်းဆောင်ကြီး'

ပေ့ဟုန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး

'အခု ဗိုလ်ချုပ်တန်ယို့ရဲ့မိခင်အိမ်မှာ ဈာပနအခမ်းအနားပြင်ဆင်ထားတယ်၊ စွေ့ယင်းဟုန်က အတွင်းထဲကို ထိုးဖောက်စုံစမ်းလိုက်တဲ့အခါ ဒါဟာ အယောင်ဆောင်ပဲတဲ့'

'ဟာ'

'ဟင်'

အားလုံးအံ့အားသင့်သွားကြ၏။

ပေ့ဟုန်က စကားဆက်လိုက်သည်။

'တုကျိကောင်းဟာ ဗိုလ်ချုပ်တန်ယို့တို့နဲ့ ကြိုတင်ဆက်သွယ်ပြီးပြင်ဆင်ခဲ့တာပဲ'

ခြေမရှိက ဒေါသထွက်သွားပြီး....

'ဒါဆို ဒီကောင် ဒီကိုလာတာ အကြံအစည်ရှိရမယ်'

'သိပ်ဟုတ်တာပေါ့'

ပေ့ဟုန်က ဆက်ပြောလိုက်ပြန်၏။

'သူ့အကြံအစည်လဲ စွေ့ယင်းဟုန်က သိလိုက်ရပါပြီ'

'ဘာအကြံအစည်လဲ'

'သူ့ရဲ့ရည်ရွယ်ချက်က ကျုပ်ကိုသတ်ဖို့ပါပဲ'

အားလုံး ပါးစပ်ပိတ်သွားလေတော့သည်။

အဆိပ်ဘုရင်က အံကြိတ်လိုက်ပြီး…

'သူ ဘယ်တော့ဒီကိုပြန်ရောက်လာမလဲ'

'နောက်ဆုံးရက်ဆိုရင် ရောက်မယ် သူပြန်လာတဲ့လမ်းကြောင်းကိုလဲ စွေ့ယင်းဟုန်က ကြိုတင်အသိပေးထားတယ်'

ကို့ကျိကွမ်းက…

'ဒါဆို သူ့ကိုဘယ်လိုစီမံပါသလဲ ခေါင်းဆောင်ကြီး'

ဟုမေးလိုက်၏။

ပေ့ဟုန်က မေးစေ့ကို ပွတ်သပ်လိုက်ပြီးမှ

'သူ့ကို ကျုပ် သားကောင်အဖြစ် ပြန်အသုံးချမလားလို့ စဉ်းစားမိတယ်

မျက်နှာတစ်ထောင်က…

'သူနဲ့ပါလာတဲ့ သားအမိကိုကော'

ပေ့ဟုန်က…

'သူ့ကိုတော့ သံသယဝင်စရာမရှိသေးဘူး ကလေးပါခေါ်လာတာဆိုတော့ စိတ်ချလို့ရပါတယ် ဒါပေမယ့် သူဟာသဲကျုပ်ဆီကိုအကြံအစည်တစ်ခုနဲ့ ရောက်လာတာတော့ သေချာတယ်



ကျင်းအော့က…

'ဒါဆို သူ့ကိုဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး'

'နေပါစေ ကြည့်သေးတာပေါ့ တုကျိကောင်းကို ဘယ်သူတာဝန်ယူမလဲ'

ခြေမရှိက ချက်ချင်းပင်…

'ကျွန်တော် တာဝန်ယူပါတယ်'

ကျင်းအော့က…

'ကျွန်မ တစ်ခုပြောချင်ပါတယ် ခေါင်းဆောင်ကြီး'

ပေ့ဟုန်က မျက်မှောင်ကြုတ်သွား၏။

ကျင်းအော့အား စိုက်ကြည့်လိုက်ပြီး

'ဘာပြောမလို့လဲ ပြောပါ'

ကျင်းအော့က ပြုံးလိုက်ပြီး…

'တုကျိကောင်းရဲ့သိုင်းပညာဟာ မဆိုးဘူး သူ့ကိုကျွန်မတို့အသုံးချနိုင်ရင် အများကြီးအကျိုးရှိပါတယ်'

ကို့ကျိကွမ်းက…

'ဘယ်လိုလုပ်…သူ့ကို ထိန်းချုပ်နိုင်မှာလဲ မြွေပွေးခါးပိုက်ပိုက်ထားဖို့မကောင်းဘူး'

ကျင်းအော့က ပြုံးလိုက်ပြီး

'တုကျိကောင်းဟာ လုဖုန်းတို့သားအမိကို သံယောဇဉ်တော်တော်ရှိတယ် တစ်ဖက်လပ်ရဲ့လက်ထဲက အသက်စွန့်ကယ်ခဲ့တဲ့သာဓက ရှိတယ်မဟုတ်လား'

ပေ့ဟုန်က ရယ်မောလိုက်ပြီး…

'ကောင်းတယ်ဟေ့၊ ဒီအကြံသိပ်ကောင်းတယ် လုဖွန်းတို့သားအမိကိုချုပ်ကိုင်ပြီး သူ့ကို ကောင်းကောင်းခိုင်းနိုင်မယ်'

ကို့ကျိကွမ်းကလည်း စိတ်ဝင်စားသွားပြီး...

'သူ့ကို ဘာအသုံးချမလဲ'

အဆိပ်ဘုရင်က

'သူ့လက်ထဲမှာရှိတဲ့ ရွှေစင်အရိုးစုကို ဖော်ထုတ်ခိုင်းပေါ့'

ပေ့ဟုန်က ခေါင်းခါယမ်းလိုက်ပြီး

'ကျုပ်...ရွှေစင်အရိုးစုကို စိတ်မဝင်စားပါဘူး'

ကျင်းအော့က

'ဒါပေမယ့် သိပ်စိတ်ဝင်စားတဲ့လူတွေ ရှိနေတယ်'

ပေ့ဟုန်က

'သေမင်းတမန်ဂိုဏ်းကို ပြောတာလား မင်းပြောချင်တာ... ပွင့်ပွင့်လင်းလင်းပြောစမ်းပါ'

ကျင်းအော့က ဦးညွှတ်လိုက်ပြီး

'ဒီလိုပါ သေမင်းတမန်ဂိုဏ်းဟာ သိုင်းလောကမှာ အင်အားတောင့်တင်းတဲ့ဂိုဏ်းပါပဲ ခေါင်းဆောင်ကြီးအနေနဲ့ အင်အားထပ်လိုချင်ရင် ရွှေစင်အရိုးစုကို ခေါင်းဆောင်ကြီးရအောင်ယူရလိမ့်မယ်....ဒီရွှေစင်အရိုးစုကိုသာ သေမင်းတမန်ဂိုဏ်းကို ပြန်ပေးလိုက်ရင် သူတို့အင်အားတွေကို ခေါင်းဆောင်ကြီး အလိုလိုရလာပါလိမ့်မယ်'

ပေ့ဟုန်က သက်ပြင်းချလိုက်ပြီး....



'မင်းပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်ကတိုင်းပြည်ကို အုပ်ချုပ်ချင်တဲ့လူ ဒီလိုဂိုဏ်းမျိုးနဲ့လက်တွဲလို့တော့ မဖြစ်ပါဘူး'

ဟု ပြောပြလိုက်၏၊

ကျင်းအော့က ခေါင်းခါယမ်းလိုက်ပြီး...

'ခေါင်းဆောင်ကြီး ဒီလိုယူဆရင် မှားသွားလိမ့်မယ်'

ပေ့ဟုန်က ကျင်းအော့အား စိုက်ကြည့်လိုက်သည်။

ကျင်းအော့က စကားဆက်လိုက်သည်။

'တိုင်းပြည်တစ်ခုလုံး ကိုယ့်လက်အောက်ကို ရောက်ဖို့အတွက်ကတော့ အင်အားမှန်သမျှကို စုစည်းရမှာပဲမဟုတ်လား'

ပေ့ဟုန်မှာ တွေဝေသွား၏။

အတန်ကြာမှ ကို့ကျိကွမ်းဘက်သို့ လှည့်လိုက်ပြီး....

'မင်းရော ဘယ်လိုယူဆသလဲ'

ကို့ကျိကွမ်းက....

'ကျင်းအော့အကြံ မဆိုးပါဘူး၊ အခု ကျွန်တော်တို့ ပန်းတစ်ရာတောင်ကြားမှာတင် ပိတ်မိနေတယ်မဟုတ်လား၊ ဒီကနေ ဖောက်ထွက်ပြီး မြေပြန့်ကိုခြေကုတ်ယူနိုင်ဖို့ အပြင်က အင်အားလိုပါတယ်'

ပေ့ဟုန်က အားလုံးကို ဝေ့ကြည့်လိုက်၏။ အားလုံးက သဘောတူ၍ ခေါင်းညိတ်နေကြ၏။ပေ့ဟုန်က....

'ကောင်းပြီ ခင်ဗျားတို့သဘောတူရင် ဒီအကြံအစည်အတိုင်း အကောင်အထည် ဖော်ကြတာပေါ့'

*

တောလမ်းကလေးအတိုင်း လူတစ်ယောက်က လမ်းလျှောက်လာ၏။

သူလျှောက်လာနေသည့်ဟန်မှာ သက်တောင့်သက်သာရှိသည်ဟုထင်ရသော်လည်း အလွန်ပင်လျင်မြန်၏။

သူ၏ မျက်လုံးအစုံမှာ ဟိုသည်ရွေ့လျားကာ ပတ်ဝန်းကျင်ကို အကဲခတ်လျက်ရှိနေသည်။

ထိုလူမှာ လျင်မြန်စွာ လျှောက်လာနေရာမှ လမ်းချိုးကွေ့တစ်ခုသို့အရောက် လမ်းနံဘေးတွင် ငုတ်တုတ်ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ခြေလှမ်းရပ်တန့်သွားလေ၏၊

လမ်းနံဘေးတွင် ထိုင်နေသူမှာ အဘွားအိုတစ်ယောက်ဖြစ်သည်။

အဘွားအိုမှာ ထိုလူအားမြင်သောအခါ တောင်ဝှေးကိုအားပြုကာ ထရပ်လိုက်ပြီး။

'တုကျီကောင်းဆိုတာ မင်းလား'

ဟု မေးလိုက်လေသည်။

တုကျီကောင်းမှာ အံ့အားသင့်သွား၏။

အဘွားအိုက အကဲခတ်ရင်း

'ဟုတ်ပါတယ် ကျုပ် တုကျီကောင်းပါ'

အဘွားအိုကလည်း တုကျီကောင်းအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း

'မင်းဘာအလုပ်လုပ်သလဲ'

တုကျီကောင်းက သက်ပြင်းချပြီး

'ဘာဖြစ်လို့မေးတာလဲ'



အဘွားအိုက

'ကျုပ်မေးတာသာ ပြောပါ၊ ကျုပ်မှာကိစ္စရှိလို့'

တုကျီကောင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး

'အလျင်က မုဆိုးလုပ်ပါတယ်'

'အင်း ဒါဆိုဟုတ်ပြီ'

'ဘာဟုတ်တာလဲ'

'ခြောက် လုဖုန်းပြောတဲ့လူဆိုတာ မင်းဟုတ်ပြီလို့ပြောတာ'

တုကျီကောင်း၏ မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွား၏။

အဘွားအိုက အသံတိုးလိုက်ပြီး

ဟုတ်တယ် သူတို့သားအမိ ပန်းတစ်ရာတောင်ကြားကထွက်ပြေးလာပြီး အဘွားအိမ်မှာရောက်နေတယ်၊ မင်းအတွက်အရေးကြီးတဲ့ စကားပြောစရာ ပါလာတယ်တဲ့ မင်းကို စောင့်နေကြတယ်'

တုကျီကောင်းမှာ ရင်ထိတ်သွား၏။

ပေဟုန်အား လွယ်ကူစွာလိမ်ညာ၍မရကြောင်း သူသိထား၏။ သူ၏အစီအစဉ်တွင် အံချော်မှုများရှိနေပြီလော။

အဘွားအိုက

'ကဲ ငါ့နောက်မြန်မြန်လိုက်ခဲ့'

ဟု ပြောပြောဆိုဆိုနှင့် ချုံနွယ်များကြား တိုးဝင်သွား၏။

တုကျီကောင်းမှာလည်း စဉ်းစားမနေနိုင်တော့ဘဲ အဘွားအိုနောက်မှ အမြန်လိုက်သွားလိုက်၏။

အဘွားအိုမှာ သစ်ပင်များကြားမှ တိုးဝှေ့သွားနေ၏။

တုက္ကိုကောင်းက

'အဘွားအိမ်ဘယ်မှာလဲ ဝေးလား'

အဘွားအိုမှာ လှည့်မကြည့်ဘဲ

'မဝေးဘူး၊ ရှေ့နားတင်ပါ'

သူတို့က မြန်မြန်လျှောက်လာရာ မြေကွက်လပ်တစ်ခုကို တွေ့လိုက်ရ၏။

ယခင်က လယ်ကွက်ဟောင်းပင်ဖြစ်၏။

မြေကွက်လပ်ကျယ်၏ တစ်ဘက်တွင် သစ်သားအိမ် ခပ်အိုအို တစ်လုံးကို တွေ့လိုက်ရလေတော့သည်။

* * *



အဘွားအိုမှာ အိမ်ထဲသို့ဝင်လိုက်၏။

တုက္ကိုကောင်းကလည်း အိမ်ထဲသို့ဝင်လိုက်သည်။

အိမ်ထဲတွင် မည်သူမျှမရှိပါချေ။

အဘွားအိုက

'လုဖုန်းရေ သူရောက်လာပြီ'

ဟု အော်လိုက်သည်။

အဘွားအိုအသံဆုံးသွားသည်နှင့် အတွင်းဘက်မှအမျိုးသမီး တစ်ယောက် ထွက်လာ၏။

ထိုအမျိုးသမီးမှာ အသက် နှစ်ဆယ့်ငါးနှစ်ခန့်သာရှိ၏။

အတော်ပင် ချောမောလှပပေ၏။

သို့သော် လုဖုန်းတော့ဖြင့် မဟုတ်ပါချေ။

တုက္ကိုကောင်းမှာ မိမိအလိမ်ခံလိုက်ရပြီဖြစ်ကြောင်းချက်ချင်း နားလည်လိုက်သည်။

ပြန်ထွက်မည်အပြု အိမ်ဝတွင်ရပ်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူနှစ်ဦး၏ရုပ်ရည်မှာ အလွန်တူညီနေ၏။

အမြွှာညီအစ်ကိုဖြစ်ကြောင်း သိသာလှပေသည်။

တုက္ကိုကောင်းက သက်ပြင်းချလိုက်ပြီး

'ခင်ဗျားတို့ ဘယ်ှ၁နေခဲ့ကလဲ'

ဟုသာ မေးလိုက်သည်။

အမျိုးသမီးက ရယ်မောလိုက်ပြီး

'ှ၁နေခဲ့မဟုတ်ပါဘူး၊ ှ၁နေချုပ်ကပါ၊ ရှင့်ကိုခေါ်တာက ကျွန်မဆရာပါ'

တုကျိုကောင်းက

'မင်းက ဖုရှောက်လုံရဲ့လက်အောက်ကလား'

'မဟုတ်ပါဘူး သူ့ဇနီးပါ၊ စုမင်းလို့ခေါ်တယ်၊ ရှင့်မရီးပေါ့'

တုကျိုကောင်း၏ရင်ထဲ၌ လေးလံသွား၏။

ဖုရှောက်လုံအား သူနိုင်မည်မဟုတ်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

တုကျိုကောင်းက

ဖုရှောက်လုံကော ဘယ်မှာလဲ'

စုမင်းက

'သူပါမလာဘူး၊ သူ ဒေါသသိပ်ကြီးတယ်ဆိုတာ ရှင်သိသားပဲ၊ သူက ရှင့်ကိုတွေ့ရင် စိတ်မထိန်းနိုင်ဘဲ သတ်မိမှာ'

တုကျိုကောင်းမှာ ဖုရှောက်လုံမပါကြောင်း သိလိုက်ရသဖြင့် စိတ်သက်သာမှု ရသွား၏။

အေးတီအေးစက် ရယ်မောလိုက်ပြီး

'ကိုယ့်ဆရာတောင်ကိုယ် သစ္စာဖောက်ဘဲ့လူ၊ ကျုပ်ကသာ သူ့ကိုအသေသတ်မှာပါ'

စုမင်းက ပြုံးလိုက်ပြီး

'ပြီးတာတွေပြီးပါပြီ၊ သေတဲ့လူ ပြန်ရှင်လာမှာလဲမဟုတ်ပါဘူး၊ သူလဲ နေ့စဉ်တရနေပါပြီ'

'နောင်တရလဲ၊ ကျုပ်ကတော့ သတ်ပစ်မှာပဲ'

'ဒါဆို သွားသတ်ပါလား၊ ဘာလို့ရွှေစင်အရိုးစုကို ခိုးသွားရတာလဲ'



တုကျိုကောင်းက ပြုံးလိုက်ပြီး

'စိတ်ချ၊ အချိန်ရောက်တာနဲ့ သတ်မှာပါ၊ အခုသူ့ကို စိတ်ဒုက္ခပေးလိုက်တာ'

စုမင်းက ရယ်မောလိုက်ပြီး

'ထားပါတော့ရှင်၊ ကဲ...ရွှေစင်အရိုးစုကို ပြန်ပေးမှာလား'

'မပေးဘူး'

'ရှင် စဉ်းစားပါဦး၊ ရှင့်အတွက် ငွေတစ်သိန်းတိတိရမယ် ဌာနခွဲမှူးနေရာလဲ ပေးမယ်၊ ဘယ်လိုလဲ'

တုကျိုကောင်း ပါးစပ်ပိတ်ထားလိုက်၏။

စုမင်းက

ရှင်လိုချင်တဲ့အခွင့်အရေးလဲ ပြောနိုင်ပါတယ်၊ ကျွန်မတို့ ပြေလည်အောင်ညှိကြတာပေါ့'

တုကျိုကောင်း ပြုံးလိုက်ပြီး

'ဒါဆိုမဆိုးဘူး'

စုမင်းက ရယ်မောလိုက်ပြီး

'ရှင် စိတ်ဝင်စားလာပြီမဟုတ်လား၊ ကဲ....ရှင်ဘာလိုချင်သလဲ ပြောပါ'

တုကျိုကောင်း လက်နှစ်ချောင်းထောင်ပြလိုက်သည်။

စုမင်းက

'နှစ်သိန်းလား'

'မဟုတ်ဘူး၊ အခွင့်အရေးနှစ်ခုပါ'

'ပြောပါ'

'ပထမအချက်က ဖုန်ရှောက်လုံ ကိုယ့်ကိုကိုယ်သတ်သေရမယ်၊ နောက်တစ်ချက်က မင်းကောင်ငနိုးလုပ်ရမယ်'

စုမင်း၏မျက်နှာမှာ ရဲတက်သွား၏။

သူမ၏မျက်လုံးအစုံမှာ ဒေါသမီးဝင်းဝင်းတောက်လာသည်ဟုပင်ထင်ရ၏။

စုမင်းက အံကြိတ်လိုက်ပြီး

'ရှင်က တော်တော်ခေါင်းမာပါလား'

တုကျိကောင်းက

'ကျုပ် တောင်းဆိုချက် နှစ်ချက်ကို လိုက်လျောရင် ပေးမယ်မလိုက်လျောရင်တော့'

တုကျိကောင်းက ဓားကိုဆွဲထုတ်လိုက်၏။

စုမင်းက အေးစက်စွာပြုံးလိုက်ပြီး

'ရှင်က တိုက်ခိုက်မယ်ဆိုပါတော့၊ ရှင် ကျွန်မတို့ကို နိုင်မယ်ထင်လို့လား'

တုကျိကောင်းက အံကြိတ်လိုက်ပြီး

'နိုင်နိုင် မနိုင်နိုင်သတ်ရမှာပဲ'

စုမင်းကရယ်မောလိုက်ပြီး

သူမလက်တွင်အသင့်ရှိနေသော အလုံးကလေးကိုပြလိုက်ပြီး

'ရှင်သတ်ချင်ပေမယ့် ဒါကိုတော့ ရှင်နိုင်မှာမဟုတ်ဘူး'

ပြောပြောဆိုဆို ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်ပြီး ကျွမ်းထိုးထွက်သွား၏။

'ဝုန်း'



အလုံးကလေးမှာ ကြမ်းပြင်နှင့် ထိတွေ့သွားသောအခါ ပေါက်ကွဲသွားပြီး မီးခိုးများအူတက်လာသည်။

တုကျိကောင်းမှာ ငေးငိုင်သွား၏။

ပြီးမှသတိဝင်လာပြီး အသက်ရှုအောင့်ကာ နောက်သို့လျင်မြန်စွာဆုတ်လိုက်၏။

သို့သော် သူ၏ခေါင်းတစ်ခုလုံး ရီဝေမူးနောက်လာ၏။

ခြေသုံးလှမ်းမျှသာ ဆုတ်လိုက်နိုင်၏။

ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။

* * *

မည်မျှကြာအောင် မေ့မြောသွားသည်မသိ။

တုကျိုကောင်း သတိရလာသောအခါ သူ၏လက်ကောက်ဝတ်မှ အလွန်အမင်းနာကျင်နေသည်ကို ခံစားလိုက်ရသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ့အား လက်နှစ်ဖက်ပူး၍ ကြိုးချည်ကာ ထုတ်တန်းတွင် တွဲလွဲခိုချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

သူ၏ခြေမှာ ကြမ်းပြင်နှင့်နှစ်ပေကွာမျှ ကင်းလွတ်နေသည်။

သူ၏ရှေ့တည့်တည့်တွင် စုမင်းနှင့် သူမ၏ ဆရာအဘွားအိုမှာ လက်ပိုက်၍ထိုင်နေသည်ကို တွေ့လိုက်ရသည်။

အမြွာညီနောင်နှစ်ဦးမှာမူ အိမ်အပြင်ဘက်တွင် စောင့်ကြပ်နေသည်ကိုတွေ့လိုက်ရသည်။

စုမင်းမှာ တုကျိုကောင်းသတိရလာသည်ကို တွေ့သောအခါ ထိုင်ရာမှထလိုက်၏။

တုကျိုကောင်းအနီးလျှောက်လာပြီး

'ရှင့်ကို ကျွန်မ မနှိပ်စက်ချင်ဘူး၊ မသတ်ချင်ဘူး၊ ရွှေစင်အရိုးစုသာပြန်ပေးပါ၊ ရှင့်ကိုချမ်းသာအောင် ဆောင်ရွက်ပေးမယ်'

ဟု ပြောလိုက်၏။

တုကျိုကောင်းက မျက်စိကိုပြန်ပိတ်ထားလိုက်၏။

စုမင်းက ဆက်ပြောလိုက်၏။

'ကျွန်မတစ်ခုတော့ သတိပေးထားမယ်၊ ရွှေစင်အရိုးစုကို ကျွန်မတို့မရရင် တခြားလူလဲမရစေရဘူး၊ ရှင် နားလည်ရဲ့လား'

တုကျိုကောင်းက မျက်လုံးဖွင့်လိုက်ပြီး



'နားလည်ပါတယ်၊ ကျုပ်ကိုသတ်ပစ်မယ်ဆိုပါတော့'

'သိပ်ဟုတ်တာပေါ့'

'ဒါဆိုလဲ သတ်လိုက်ပါတော့'

စုမင်းကရယ်မောလိုက်ပြီး

'ရှင် ခေါင်းသိပ်မာချင်နေတာကိုး၊ ဘယ်လောက်အထိ ရှင် ခေါင်းမာနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့'

ဟုပြောရင်း ထိုင်ခုံဆီသို့ပြန်သွားကာ ထိုင်ချလိုက်သည်။

သူမဆရာအဘွားအိုက ထလိုက်၏။

ခါးတွင်ချည်နှောင်ထားသော ကျာပွတ်ကိုဖြုတ်လိုက်သည်။

လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်ပြီးနောက်—

'မင်းကို နောက်ဆုံးတစ်ခွန်းပဲမေးမယ်၊ မင်း ရွှေစင်အရိုးစုကိုပေးမှာလား မပေးဘူးလား'

တုကျိုကောင်း အဘွားအိုအား မဲ့ပြုံးလိုက်ပြီး—

'မေးနေတာ လေကုန်ပါတယ်'

အဘွားအိုမှာ ဒေါသထွက်သွားလေ၏။

တုကျိုကောင်းအား စိုက်ကြည့်လိုက်ပြီး....

'အေး မင်းကဘဲ ခေါင်းမာနိုင်မလား၊ ငါ့ပုစန်းဟန်းကပဲ နှိပ်စက်နိုင်မလား ကြည့်ကြသေးတာပေါ့'

အဘွားအိုက ပြောပြောဆိုဆို လက်ကို လှုပ်ရှားလိုက်သည်။

ကျာပွတ်မှာ မြွေတစ်ကောင်နှယ် တုကျိုကောင်း၏ ခန္ဓာကိုယ်ပေါ် ကျသွားသည်။

'ရွမ်း'

တုကျိုကောင်း၏အင်္ကျီမှာ စုတ်ပြဲသွားသည်။

ကျော်ပြင်တွင် အနီစင်းတင်ကြောင်း ပေါ်ထွက်လာသည်။ တုကျိုကောင်းက မျက်စိကို မှိတ်ထားလိုက်သည်။

ပုစန်းဟန်းက မဲ့ပြုံးပြုံးလိုက်ပြီး ကျာပွတ်ကို ဝှေ့ယမ်းကာ တုကျိုကောင်းအား ငါးချက်တိတိ ဆက်တိုက်ရိုက်ချလိုက်သည်။

'ရှမ်း... ရှမ်း... ရှမ်း'

တုကျိုကောင်း၏ခန္ဓာကိုယ်မှာ နာကျင်မှုကြောင့် ဆတ်ဆတ်တုန်ခါသွားသည်။

ကျာပွတ်ဒဏ်ကြောင့် သွေးများ ကျောပြင်တွင် ချက်ချင်းနီရဲနေသည်။

သို့သော် လုံးဝအသံမထွက်ပါ၊ တုကျိုကောင်းမှာ အံကြိတ်ကာ တင်းခံနေသည်။

ပုစန်းဟန်းက....

'မင်း တော်တော် ခေါင်းမာတာပဲ၊ ငါ့ကျာပွတ်ဒဏ်ကို ကောင်းကောင်းမြည်းပြီးမှပဲ ပျော့မှာသေချာတယ်'

ဟု ပြောရင်း ဆက်တိုက်ရိုက်ချလိုက်လေတော့သည်။

ကျာပွတ်မှာ တရှမ်းရှမ်း ထွက်ပေါ်လာသည်။

တုကျိုကောင်း၏ အင်္ကျီတစ်ထည်လုံး စုတ်ပြတ်သွားပြီဖြစ်၏၊ ခန္ဓာကိုယ်တွင်လည်း အနီစင်းများ အများအပြား ပေါ်လာသည်။

ထိုအနီစင်းမှ ထွက်ပေါ်ယိုစီးလာသည့် သွေးများမှာလည်း မနည်းလှပေ။ တုကျိုကောင်းမှာ အံကိုသာကြိတ်၍ခံနေသည်။

လုံးဝအော်ဟစ်ခြင်းမပြုသလို တောင်းပန်ခြင်းလည်းမပြုပါ။



နာကျင်သောဒဏ်ကို အောင့်အည်းခံထားလိုက်သဖြင့် တစ်ဖန်ပြန်လည် မေ့မြောသွားလေတော့သည်။

စုမင်းက သက်ပြင်းချရင်း....

'ဆရာ ခဏရပ်လိုက်ဦး၊ သူ မေ့သွားပြီ'

ဟု ဝင်ရောက် သတိပေးလိုက်လေသည်။

'စိတ်ချပါ သူမသေစေရပါဘူး၊ ဒီလောက် ခေါင်းမာတာ နောက်ထပ်နှိပ်စက်နည်း ပြောင်းမှဖြစ်မယ်'

စုမင်းက ခေါင်းခါယမ်းလိုက်သည်။

'ဒီလူဟာ ဘယ်လောက်နှိပ်စက်နှိပ်စက် ပျော့မယ်မထင်ဘူး'

ပုစန်းဟန်းက မဲ့လိုက်ပြီး

'ကြည့်သေးတာပေါ့'

ဟုပြောပြီး အခန်းထောင့်ရှိရေပုံးကိုယူကာ တုကျိုကောင်း၏ မျက်နှာကို လှမ်းပက်လိုက်သည်။

ရေအေး၏ အထိအတွေ့ကြောင့် တုကျိုကောင်းမှာ ပြန်လည်သတိရလာသည်။

စုမင်းက တုကျိုကောင်းရှေ့သို့ လျှောက်လာပြီး

'ရှင်လဲ အသားနာနေပါပြီ၊ ကျွန်မပြောတာသာ လက်ခံပါ'

ဟု ဖျောင်းဖျလိုက်သည်။

တုကျိုကောင်း မဲ့လိုက်ပြီး စုမင်း၏ မျက်နှာသို့ တံတွေးနှင့် လှမ်းထွေးလိုက်သည်။

အမှတ်တမဲ့မို့ စုမင်းမှာ မရှောင်နိုင်ဘဲ တံတွေးမှာ ပေကျံသွားသည်။

စုမင်းမှာ ဒေါသချောင်းချောင်း ထွက်သွားသည်။

ပုစန်းဟန်းဘက်သို့လှည့်ကာ....

'ဆရာ....ဆရာကြိုက်သလို နှိပ်စက်ပါတော့'

ဟု ပြောလိုက်လေသည်။

ပုစန်းဟန်းက အဘောကျစွာ ရယ်မောလိုက်ပြီး

'စိတ်ချ သူ့ကိုမသေစေဘဲ ကိုးဆယ့်ကိုးမျိုးတိတိ နှိပ်စက်ပြမယ်၊ ဒါက ဒုတိယနည်းပေါ့'

ပြောပြောဆိုဆို အင်္ကျီအိတ်အတွင်းမှ ငွေအပ်ကလေး တစ်ချောင်းကို ထုတ်လိုက်သည်။

ထို့နောက် တုကျိကောင်း၏ ဖိနပ်ကိုဆွဲချွတ်လိုက်ပြီးနောက် ခြေဖဝါးကို အပ်နှင့်ထိုးလိုက်သည်။

တုကျိကောင်းမှာ နာကျင်လွန်းသဖြင့် အော်ဟစ်လိုက်မိ၏၊ မျက်ရည်များပင် ဝဲလာသည်။

အံ့ကြိတ်ရလွန်းသဖြင့် ပါးစပ်မှပင် သွေးများ ထွက်လာ၏။ ပုစန်းဟန်းက

'ဘယ့်နှယ့်လဲ ဒုတိယနည်းအစပဲရှိသေးတယ်၊ အသံထွက်လာပြီး နောက်ဆိုခေါင်းမှာနိုင်တော့ပါ့မလား'

ဟု လှောင်လိုက်သည်။

ထိုစဉ်မှာပင် အမြွာညီအစ်ကိုနှစ်ယောက် ဝင်ရောက်လာပြီး

'သခင်မကြီး အပြင်မှာ လူတွေလာနေပါတယ်'

ဟု သတိပေးလိုက်သည်။



ပုစန်းဟန်းက မျက်မှောင်ကုပ်လိုက်ပြီး

'ဘယ်နှစ်ယောက်လဲ'

အမြွာညီနောင်က....

'ရှစ်ယောက်ပါ'

သူ၏ပြောသံအဆုံးဝယ် လူရှစ်ယောက်မှာ အိမ်တွင်းသို့ ဝင်ရောက်လာကြသည်။

* * *

အိမ်အဝတွင် လူရှစ်ယောက်က တန်းစီရပ်နေသည်။

ယောကျ်ားခြောက်ယောက်နှင့် မိန်းကလေးနှစ်ယောက် ဖြစ်သည်။

ပုစန်းဟန်းက တစ်ယောက်စီ စိုက်ကြည့်လိုက်သည်။

ထိုရှစ်ယောက်လုံး၏ သိုင်းပညာမှာ အဆင့်မြင့်ကြောင်း ရိပ်စားမိလိုက်လေသည်။

ပုစန်းဟန်းက...

'မင်းတို့ဘယ်သူလဲ'

'ကိုကျီကွမ်း'

'လောက်ချား'

'လီဟုန်း'

'မျက်နှာတစ်ထောင်'

'အဆိပ်ဘုရင်'

'ကျင်းအော့'

'စွေ့ယင်းဟုန်'

တစ်ယောက်ချင်းပင်အမည်များကိုဆက်တိုက်ဖြေလိုက်ကြ၏။

စုမင်းမှာ ထိုအမည်များကိုကြားသောအခါ ရင်ထဲ၌လေးလံသွားသည်။

ထိုလူများသည် ပေ့ဟုန်လက်အောက်မှထိပ်တန်းသိုင်းသမားများပင် မဟုတ်ပါလား။

အဘယ့်ကြောင့် တစ်စုတစ်ဝေးတည်း ရောက်ရှိလာရပါလနည်း။



စုမင်းက ဦးညွှတ်လိုက်ပြီး

'ဩော် ပေ့ဟုန် လက်အောက်က သိုင်းသမားတွေကိုး၊ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်မကစုမင်းပါ၊ သေမင်းတမန် ဂိုဏ်းချုပ် ဖုရှောက်လုံရဲ့ ဇနီးပါ'

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

ကိုကျီကွမ်းက လက်နှစ်ဖက်ဆုပ်လိုက်ပြီး

'ဂိုဏ်းချုပ်ဇနီးကို လေးစားပါတယ်ခင်ဗျာ'

စုမင်းက ပြုံးလိုက်ပြီး

'ရှင်တို့ ဒီကိုဘာကိစ္စနဲ့ရောက်လာတာလဲ အကြောင်းကိစ္စ အထွေအထူးမရှိရင် ထွက်သွားကြဖို့ မေတ္တာရပ်ခံပါတယ်'

ကိုကျီကွမ်းက သက်ပြင်းချလိုက်ပြီး

'တုကျိကောင်း ခင်ဗျားတို့လက်ထဲမှာ ရောက်နေတယ်ကြားလို့...ကျုပ်တို့ရောက်လာခဲ့တာပါ'

စုမင်းက သက်ပြင်းချရင်း

'တုကျိကောင်းက ကျွန်မတို့ပစ္စည်းတစ်ခုကို ယူသွားလို့ ပြန်တောင်းနေတာပါ ရှင်နဲ့ကော ဘယ်လိုပတ်သက်နေလို့လဲ'

ဟု မေးလိုက်၏။

ကိုကျီကွမ်းက

'တုကျိကောင်းဟာ ကျုပ်တို့ရဲ့အဖွဲ့ဝင်တစ်ယောက်ဆိုတာကို တစ်ဖက်လပ်က ပြောမပြဘူးလား'

စုမင်းမှာ မျက်နှာပျက်သွားပြီး

'တစ်ဖက်လပ်နဲ့ရှင်တို့ တွေ့ခဲ့လို့လား'

ကို့ကျိကွမ်းက....

'ဟုတ်ကဲ့ သူကသားအမိနှစ်ယောက်ကိုဖမ်းပြီး တုကျိကောင်းကို အကျပ်ကိုင်ပြီး ရွှေစင်အရိုးစုတောင်းတယ် ကျုပ်နဲ့တွေ့မှ တုကျိကောင်းဟာ လူကောင်းတစ်ယောက်ဆိုတာသိပြီး ပြန်လွှတ်ပေးခဲ့တယ်လေ'

စုမင်းက ခေါင်းကိုဖြည်းလေးစွာခါယမ်းရင်း

'ရှင်တို့ဓါးလောက်သိနေမှတော့ ဖုံးကွယ်ထားလို့လဲ အပိုပါပဲ အခုသူ့ကိုဖမ်းထားတာ ရွှေစင်အရိုးစုပြန်တောင်းဖို့ အတွက်ပါပဲ'

'စိတ်ချပါ ကျုပ်တို့ကရွှေစင်အရိုးစုကို စိတ်မဝင်စားပါဘူး။ ဒါပေမယ့် တုကျိကောင်းက ကျုပ်တို့လူဖြစ်နေတော့ ကျုပ်တို့လက်ထဲကို ပြန်အပ်ဖို့ မေတ္တာရပ်ခံပါတယ်'

'ကျွန်မတို့ကလဲ သူ့ကိုမလိုအပ်ပါဘူး ရွှေစင်အရိုးစုကိုသာလိုချင်တာပါ သူသာရွှေစင်အရိုးစုကို ပေးမယ်ဆိုရင် ကျွန်မတို့ဖြသူ့ကို ဖမ်းထားစရာမလိုအပ်တော့ပါဘူး'

ကို့ကျိကွမ်းက သက်ပြင်းချရင်း

'သူက ပြန်ပေးမယ်တဲ့လား'

'မပေးဘူး ခေါင်းမာနေတယ်'

'သူပြန်မပေးချင်ရင် ကျုပ်တို့လဲ ဘာမှမတတ်နိုင်ဘူး သူ့ကိုသာပြန်လွှတ်လိုက်ပါ'

စုမင်းက ကို့ကျိကွမ်းအား စိုက်ကြည့်လိုက်ပြီး

'သူသာရွှေစင်အရိုးစုကို ပြန်ပေးမယ်ဆိုရင် သူ့ကိုမွဲတစ်ပေါက်မှမစွန်းစေရပါဘူး'



ကို့ကျိကွမ်းက ရယ်မောလိုက်ပြီး

'ကျုပ်မယုံဘူး'

စုမင်းက

'ဘာလို့ ရှင်ကမယုံတာလဲ'

ကို့ကျိကွမ်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး

'သူ့ကို မွဲတစ်ပေါက်မစွန်းစေရဘူးသာပြောတယ် သူ့တစ်ကိုယ်လုံးမှာ သွေးတွေကပဲ ဖုံးလွှမ်းနေပါလား'

စုမင်းက မျက်နှာပျက်သွားလေသည်။

စုမင်းက....

'သူက ရှင်တို့အတွက်သိပ်အရေးကြီးလို့လား'

'အရေးကြီးတာမကြီးတာနဲ့ မဆိုင်ဘူး ကျုပ်တို့အဖွဲ့ဝင်တစ်ယောက်ကို စော်ကားတာတော့ ဘယ်လိုမှလက်ပိုက်ကြည့်မနေနိုင်ပါဘူး'

စုမင်းက ပြုံးလိုက်ပြီး

'ရှင်တို့က သူ့ဘဝမှန်ကို မသိလို့ပါ'

'သူ့ဘဝမှန်က ဘာမို့လို့လဲ'

'သူ့နာမည်အရင်းက ဟုကျင်းတဲ့ ကျွန်မယောကျ်ားနဲ့ ပညာသင်ဘက်ပါပဲ'

ကို့ကျိကွမ်းမှ အံ့ဩသွား၏။

ဤအချက်ကို သူတို့လုံးဝသိရှိမထားပါချေ။

ကို့ကျိကွမ်းမှာ တွေဝေသွား၏။

ခေါင်းဆောင်ကြီးပြောသည့်ရည်ရွယ်ချက်အပြင် နောက်ထပ်ဘာရည်ရွယ်ချက်များနှင့် မိမိတို့အဖွဲ့ထဲသို့ ဝင်လာရပါသနည်း။

စုမင်းမှာ ကို့ကျိုကွမ်းတွေဝေနေသည်ကို တွေ့သောအခါ စကားဆက်လိုက်သည်။

'သူသာရှင်တို့အပေါ် သစ္စာရှိမယ်ဆိုရင် နာမည်ရင်းနဲ့ဝင်လာမှာပေါ့ သူ့ကိုလက်ခံထားရင် ရှင်တို့ကို ဒုက္ခပေးမှာသေချာပါတယ်'

ကို့ကျိုကွမ်းက ပြုံးလိုက်ပြီ ....

'ခင်ဗျားပြောတာ မဆိုးဘူး'

'ဒါဆို ရှင်လက်ခံပြီလား'

'လက်မခံနိုင်ဘူး'

'ဘာလို့လဲ'

'ဘာကြောင့်လဲဆိုရင် သူဟာ ကျုပ်တို့အဖွဲ့ထဲ မဝင်ခင်ကတည်းက တုံကျိုကောင်းလို့ အမည်ပြောင်းထားပြီပဲ၊ ဒီတော့ သူလိမ်ညာပြောတာ မဟုတ်ပါဘူး'

စုမင်းမှာ ဒေါသထွက်သွားပြီး....

'ဒါဆို ရှင်တို့က ကျွန်မတို့ကိုအမင်ရန်စ နေတာပေါ့ဟုတ်လား'

ဟု အေးစက်စွာ မေးလိုက်သည်။

ကို့ကျိုကွမ်းက....

'ဒီလိုမဟုတ်ပါဘူး၊ အခု သူ့ကိုသာ ကျုပ်တို့လက်ထဲ အပ်လိုက်ပါ၊ ကျုပ်တို့ရွှေစင်အရိုးစုပြန်ပေးနိုင်အောင် ကူညီပါ့မယ်



ပြန်ရပြီဆိုတာနဲ့ ခင်ဗျားတို့ကိုချက်ချင်း အကြောင်း ကြားလိုက်ပါ့မယ်'

စုမင်းက ခေါင်းခါလိုက်ပြီး....

'ကျွန်မ လက်မခံနိုင်ပါဘူး'

ကို့ကျိုကွမ်းက....

'ဒါဆိုရင်တော့ ကျုပ်တို့စကားနဲ့ ဆွေးနွေးလို့ ရမှာမဟုတ်တော့ဘူး'

ဟု တစ်လုံးချင်းပြောလိုက်၏။ စုမင်းက အေးစက်စွာ ပြုံးလိုက်ပြီး....

'ရှင်ကြိုက်သလို လုပ်နိုင်ပါတယ်'

'ကို့ကျိုကွမ်းဆ....

'ခင်ဗျား စဉ်းစားဦးနော်၊ ကျုပ်တို့ကရှစ်ယောက် ခင်ဗျားတို့ထက်နှစ်ဆကျော်နေတယ်'

စုမင်းက....

'ရှင်တို့အားလုံး တစ်ပြိုင်ထဲဝင်ချင်လဲ ဝင်လို့ရပါတယ်'

သူမက ပြောပြီးသည်နှင့် အမြှာညီအစ်ကိုအားမျက်ရိပ်ပြလိုက်သည်။ အမြွှာညီအစ်ကိုက စုမင်း၏ရှေ့တွင် ဝင်ရောက်ရပ်လိုက်ကြလေသည်။

* * *

အိမ်ကလေးအတွင်း၌ အခြေအနေမှာ တင်းမာနေ၏။ ရွှေယင်းဟုန်က ကို့ကျိကွမ်းဘက်လှည့်လိုက်ပြီး ...

'သူတို့ ကျွန်မတို့ဆက်လူနည်းပေမယ့် ဘာလို့ မခြောက်မချွံ ခုခံရဲသလဲဆိုတာရှင်သိသလား'

ဟုမေးလိုက်၏။ ခြေမရှိဘဲ ကို့ကျိကွမ်းအစား ဝင်ဖြေလိုက်သည်။

'သူတို့အကူအညီရှိမယ်နဲ့တူတယ်'

ရွှေယင်းဟုန်က ခေါင်းခါလိုက်ပြီး....

'ဒီတစ်ပိုင်ပတ်လည်မှာ သူတို့ကိုကူညီမယ့်လူ မရှိပါဘူး'

ကို့ကျိကွမ်းက....

'ဒါဆိုရင် ငါလဲမပြောတတ်တော့ဘူး၊ မင်းပြောစမ်းပါ'

ရွှေယင်းဟုန်က

'သူ့မှာ ထူးခြားတဲ့လက်နက်ရှိတယ်၊ ဒီလက်နက်ဟာအနက်ရောင်အလုံးကလေးပဲ ဒါကိုပစ်ပေါက်လိုက်ရင် အငွေ့တွေထွက်လာပြီး လူကိုမူးမိုက်စေတယ်ရှင့်'

စုမင်းမှာ ရွှေယင်းဟုန်၏စကားကြောင့် မျက်နှာပျက်သွားသည်။

သူ၏လက်နက်ပုန်းသည် ရန်သူ၏အထဲတွင်သာ အသုံးပြုနိုင်အောင်မြင်၏၊

ရန်သူက သတိထားနေလျှင် ထိုလက်နက်ပုန်းသည် အစွမ်းမထက်တော့ပါ။

သူမအနေနှင့် ထိုလက်နက်ပုန်း အားကိုးဖြင့် ကို့ကျိကွမ်တို့လူစုကို ရင်ဆိုင်ရဲခြင်းဖြစ်၏။



ယခု ရင်ဆိုင်ရန်မလွယ်တော့ပါ။ သူမသည် ပါးနပ်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ချက်ချင်းပင် စကားစလိုက်၏။

'ကျွန်မတို့ နှစ်ယောက်သာ ပဋိပက္ခဖြစ်ရင် နှစ်ဖက်စလုံး အထိအခိုက်မှာ သေချာတယ် ဟုတ်ရဲ့လား'

ကို့ကျိကွမ်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

'နောက်ပြီးတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမြဲတမ်းပဋိပက္ခ ဖြစ်နေရမယ်မဟုတ်လား'

ကို့ကျိကွမ်းက ပြုံးလိုက်၏။ စုမင်းသည်နောက်ဆုတ်ရန်လမ်းဖေဖော်နေခြင်းဖြစ်သည်ကို ကောင်းစွာနားလည်လိုက်၏။

သူ့အနေနှင့်လည်း ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းကိုပို၍ကြိုက်၏။ ထို့ကြောင့် သူကလမ်းခင်းပေးလိုက်၏။

'ဟုတ်တာပေါ့ ကျုပ်တို့ကလည်း ခင်ဗျားတို့နဲ့ ရန်သူဖြစ်ဖို့ လုံးဝစိတ်မကူးပါဘူးဗျာ'

စုမင်းက

'ကျွန်မတို့ ထွေးနွေးကြရင် ကောင်းမယ်ထင်တယ်'

ကို့ကျိကွမ်း ပခုံးတွန့်လိုက်ပြီး

'ကျုပ်ရဲ့သဘောထားကို ပြောပြီးပြီနော်'

စုမင်းက

'ကျွန်မတစ်ခုတော့ တောင်းဆိုချင်တယ်'

'ပြောပါ'

'သူ့ဆီက ရွှေစင်အရိုးစုကိုမရသေးဘဲနဲ့ သူ့ကိုရှင်တို့ခေါ်မသွားပါစေနဲ့'

'ကောင်းပြီ သဘောတူတယ်'

'ခဏနေဦး ကျွန်သေးတယ်ရှင့်'

'ပြောပါ'

'နောက်ဆယ့်ငါးရက်ကြာရင် ကျွန်မတို့ရှင့်ဆီလာခဲ့မယ်၊ သူက ရွှေဓာင်အရိုးစုကိုပြန်မပေးသေးရင်တော့ သူ့ကိုကျွန်မတို့လက်ထဲအပ်နှံရမယ်'

'ဒါလဲ သဘောတူပါတယ်'

'ဒါဆို ရှင်တို့ကတိတည်ပါစေ၊ ကျွန်မတို့သွားတော့မယ်'

စုမင်းသည် သူ၏လူများအား လက်ဝှေ့ယမ်းပြလိုက်ပြီး အိမ်ထဲမှထွက်ခွာသွားသည်။

ပုစန်းဟန်းမှာမူ ကို့ကျိကွမ်းအား စေပစောင်းစောင်းကြည့်ကာ နောက်ဆုံးမှထွက်သွားတော့သည်။

* * *

ဓားစာခံ

တုကျိကောင်းမှာ စုမင်းတို့လက်မှ ပြန်လွတ်လာပြီဖြစ်သည်။

တုကျိကောင်းသည် ဒယီးဒယိုင်နှင့် ကို့ကျိကွမ်းအား ဂါရဝပြုလိုက်သည်။

ကို့ကျိကွမ်းသည် သူ့အား သေမင်းတမန်ဂိုဏ်း၏လက်တွင်းမှ နှစ်ကြိမ်တိတိကယ်တင်ခဲ့သည် မဟုတ်ပါလား'

ကို့ကျိကွမ်းက....

'မင်းနေသာသလိုနေပါ'

တုကျိကောင်းက

'ကျုပ် တစ်ခုပြေရှင်းရဦးမယ်'

'ဘာများလဲ'

'ကျုပ်နာမည်ရင်းနဲ့ ပတ်သက်လို့ပါ'

ကို့ကျီကွမ်းကလက်ကာပြလိုက်ပြီး

'ဒါတွေက အရေးမကြီးပါဘူး'

တုကျီကောင်း သက်ပြင်းချရင်း

'ဒဏ်ရာက သိမ်ကိစ္စမရှိပါဘူး၊ ကျုပ် မဖြေရှင်းရရင် မနေနိုင်လို့ပါ'

ကို့ကျီကွမ်းက

'ဒါအရေးကြီးတဲ့ကိစ္စမဟုတ်ဘူး၊ မင်းနာမည်က ဘာပဲဖြစ်ဖြစ် ငါတို့စိတ်မဝင်စားပါဘူး၊ ပြီးတော့ ငါတို့ဆီကို မရောက်လာခင်ကတည်းက နာမည်ပြောင်းပြီးသားပဲ မဟုတ်လား၊

တုကျီကောင်းက

'အခုလိုယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဖုရှောက်လုံဟာ ကျုပ်နဲ့ဆရာတူတွေပါပဲ'

'ခင်ဗျားတို့ဆရာကဘယ်သူလဲ'

'အို့ယန်းထင်းပါ'

ကို့ကျီကွမ်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

အို့ယန်းထင်းဟူသောအမည်ကို သူ ကောင်းစွာကြားဖူး၏၊ လွန်ခဲ့သောနှစ်ငါးဆယ်ခန့်က သိုင်းလောကတွင် ပြိုင်စံရှားသော သိုင်းသမားတစ်ဦးအဖြစ် ကျော်ကြားထင်ရှားခဲ့သည်၊ သို့သော် ဇာတ်မြုပ်ခဲ့သည်မှာ နှစ်များစွာကြာခဲ့ချေပြီ။

ကို့ကျီကွမ်းက သက်ပြင်းချလိုက်ပြီး

'အခုတော့ ကျန်းကျန်းမာမာပဲလား'

ဟုမေးလိုက်၏။

တုကျီကောင်းက ခေါင်းကိုလေးပင်စွာ ခါယမ်းလိုက်ပြီး



'ဆရာမရှိတော့ပါဘူး'

ကို့ကျီကွမ်းမှာ ကျိတ်၍ ဝမ်းသာသွား၏။

အသက်ထင်ရှားရှိနေလျှင် သူတို့သည် တုကျီကောင်းအား ကိုင်တွယ်ရာ၌ အခက်အခဲရှိနေဦးမည်မဟုတ်ပါလား။

ကို့ကျီကွမ်း စိတ်မကောင်းဟန်ဖြင့်

'ဘယ်လိုဖြစ်တာလဲ'

တုကျီကောင်း အံကြိတ်လိုက်ပြီး

'ဆရာဟာ သိုင်းလောကကနေအနားယူပြီးတော့ ဖုရှောက်လုံကို ပညာသင်ပေးခဲ့တယ်၊ ကျုပ်ကတော့ ဖုရှောက်လုံအက်ခြောက်နှစ်နောက်ကျတယ်၊ ဖုရှောက်လုံဟာ ဆရာ့ဆီက သိုင်းပညာကို အကုန်မသင်ပေးရကောင်းလားဆိုပြီး ဆရာ့ကို အဆိပ်ခတ်လုပ်ကြံပြီး သိုင်းပညာမှတ်စုကိုလည်း ခိုးသွားခဲ့တယ်'

ဟု ပြောလိုက်သည်။

ကို့ကျီကွမ်းက သက်ပြင်းချလိုက်ပြီး

'ဖုရှောက်လုံဟာ ဆော်တော်ယုတ်မာတာပဲ၊ ခင်ဗျားဆရာအတွက် ခင်ဗျား လက်စားမချေသူးလား'

တုကျီကောင်းက မချိပြုံးပြုံးလိုက်ပြီး

'စိတ်ထဲမှာတော့ အစိမ်းလိုက်ဝါးစားတာပေါ့၊ ဒါပေမယ့် သူ့ကိုကျုပ်နိုင်မှာမဟုတ်လို့သာ ငြိမ်နေရတာပါ'

'ဒါနဲ့ပဲ ခင်ဗျားက ရွှေစင်အရိုးစုကို ခိုးထားလိုက်တယ်ဆိုပါတော့'

'ဟုတ်တယ်၊ သူ့မှာ ရွှေစင်အရိုးစုမရှိတဲ့အတွက် သေမင်းတမန်ဂိုဏ်းချုပ် လုပ်လို့မရတော့ဘူးပေါ့'

'ဒါထက် မင်းဆီမှာ ရွှေစင်အရိုးစုရှိတယ်ဆိုတာကို သူတို့က ဘယ်လိုလုပ်ပြီး သိသွားသလဲ'

တုကျိုကောင်းမှာ ငိုင်ကျသွားသည်။

အတန်ကြာမှ

'သူတို့လူတွေဟာ နေရာတကာမှာရှိနေကြတယ်ဆိုတော့သိလဲ သိပ်တော့မထူးဆန်းလှပါဘူး'

ဟု ပြောလိုက်၏။

ကိုကျိုကွမ်းက

'မင်း လမ်းမလျှောက်နိုင်ရင် အပြင်မှာမြင်းရှိတယ် မြင်းနဲ့ လိုက်ခဲ့ပါ၊ ခေါင်းဆောင်ကြီးက မင်းတာဝန်ကျေပွန်တဲ့အတွက် ချီးကျူးနေတယ်'

တုကျိုကောင်း ဝမ်းသာသွားပြီး

'ဟုတ်ကဲ့၊ ပေးတဲ့တာဝန်ကို ထမ်းဆောင်နိုင်တဲ့ အတွက် ဂုဏ်ယူမိပါတယ်'

ကိုကျိုကွမ်းမှာ ဘာမှမပြောတော့ပါ။

အားလုံးကို ထွက်ခွာရန် လက်ဝှေ့ယမ်းပြလိုက်သည်။



လိုက်ဂူတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

တုကျိုကောင်းသည် ကောက်ရိုးဖြင့် ယက်လုပ်ထားသော ဖျာကြီးတစ်ချပ်ပေါ်ဝယ် လဲလျောင်းနေ၏။

သူ၏အနီးတွင် လုဖုန်းကထိုင်နေ၏။

လုဖုန်းက

'အစ်ကို ဒဏ်ရာတော်တော်သက်သာသွားပြီလား'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး

'နောက် တစ်ရက်နှစ်ရက်ဆိုရင် ကောင်းသွားမှာပါ၊ မင်းကို ငါ ပြောရဦးမယ်'

'ဘာပြောမလို့လဲအစ်ကို'

'မင်း ဒီကိုလိုက်မလာသင့်ဘူး'

လုဖုန်းက သက်ပြင်းချလိုက်ပြီး

'ကျွန်မ အမှန်အတိုင်းပြောရရင် အစ်ကို ကျွန်မကိုအထင် မသေးချင်သေးလို့မယ်၊ ကျွန်မအစ်ကို့ကို မခွဲနိုင်လို့လိုက်လာ တာပါ'

တုကျိုကောင်းမှာ မျက်လုံးပြူးသွား၏။

အတန်ကြာမှ

'ငါက ဒီမှာ အမြဲနေမယ်များ ထင်လို့လား'

လုဖုန်းက တုကျိုကောင်းအား ကြည့်လိုက်၏။

'ကျုပ်ကို ကတိတစ်ခုပေးပါ'

ဟု တုကျိုကောင်းက ပြောလိုက်၏။

လုဖုန်းက နားမလည်ဟန်ဖြင့်

'ဘာကတိလဲ'

'မင်း ဒီကထွက်သွားပါမယ်ဆိုတဲ့ ကတိပါ'

လုဖုန်းမှာ ငိုင်သွားသည်။

နှုတ်ခမ်းကိုကိုက်လိုက်ပြီး

'မင်း သွားကိုသွားရမယ်'

လုဖုန်းက မျက်နှာငှံ့ထားလိုက်ပြီး

'ကျွန်မ ရှင်နဲ့ အတူနေပါရစေ'

တုကျိကောင်း ဆက်ပြင်းချလိုက်ပြီး

'ငါ ဒီကို ဘာကြောင့်လာတယ်ဆိုတာ မင်းသိဘယ်မဟုတ်လား'

'ဟုတ်ကဲ့ သိပါတယ်'

'ဒါဆို မင်းသွားဖို့ကောင်းပြီ'

'ရှင် ဒုက္ခရောက်မှာကို မကြည့်နိုင်လို့ပါ'

'ငါ့အတွက် ဒုက္ခမရောက်နိုင်ဘူး၊ မင်းတို့ရှိနေမှသာ ငါဒုက္ခရောက်တာ'

လုဖုန်းက ဆက်ပြင်းချလိုက်ပြီး

'ဗိုလ်မှူးကလေးရဲ့စကားကို ရှင်နားထောင်စရာမလိုဘူး၊ ရှင့်အသက်လုံခြုံမှုရှိဖို့က အရေးကြီးတယ်'

တုကျိကောင်းက ဆက်ပြင်းချလိုက်ပြီး ....

'ငါကတိပေးပြီးသားပဲ'

'ရှင်ကတိအတိုင်းဆောင်ရွက်ဖို့ လွယ်မယ်ထင်လို့လား၊ ဘယ်လောက် အခဲအကြပ်တွေ များသလဲဆိုတာ ရှင်မသိဘူးလား၊ ကတိကိုဖျက်လိုက်ပါရှင်'



'ငါဟာတိ ဘယ်တော့မှမဖျက်ဘူး၊ ဒီတော့ ငါကိုယ်တိုင်လဲ ဖိတ်ပါလို့ပါ၊ နောက်တစ်ခါ ငါ့ဇနီးကိုလဲ ရှာချဦးမယ် မဟုတ်လား'

လုဖုန်းမှာ ပါးစပ်ပိတ်သွားသည်။

တုကျိကောင်းက —

'ဘယ်လိုလဲ မင်းသွားမှာယ် မဟုတ်လား'

ခေါင်းကိုသာ တွင်တွင် ခါယမ်းလိုက်သည်။

တုကျိကောင်းမှာ လေပူတစ်ချက် မှုတ်ထုတ်လိုက်နိုင်တော့၏။

* * *

နောက်တစ်ရက်အကြာ တုကျိုကောင်းမှာ အတော်ပင် သက်သာနေပြီဖြစ်သည်။

ထို့ကြောင့် လိုက်ဂူအပြင်ဘက်သို့ထွက်ကာ လမ်းလျှောက်နေလိုက်သည်။

ထိုစဉ် ကို့ကျိုကွမ်းသူ့ထံသို့လျှောက်လာနေသည်ကိုတွေ့လိုက်ရသည်။

တုကျိုကောင်းက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်၊

ကို့ကျိုကွမ်းက....

ဒဏ်ရာဘယ်လိုနေသေးသလဲ'

'သက်သာသွားပါပြီ'

'ဒါဆို ကျုပ်နဲ့လိုက်ခဲ့'

'ဘယ်ကိုလိုက်ရမှာလဲ'

ကို့ကျိုကွမ်းက ပြုံးလိုက်ပြီး

'ခေါင်းဆောင်ကြီးဆီကိုပေါ့၊ မင်းကို ခေါင်းဆောင်ကြီးက သိပ်တွေ့ချင်နေတာ'

တုကျိုကောင်းက ခေါင်းညိတ်လိုက်သည်။

ထို့နောက် ကို့ကျိုကွမ်းနောက်မှ လိုက်လာခဲ့သည်။

ကို့ကျိုကွမ်းက

'မင်းကို ခေါင်းဆောင်ကြီးက သိပ်သဘောကျနေတယ်'

'ကျုပ်လုပ်ရပ်ကို သူသိထားလို့လား'

'သိတာပေါ့၊ မင်းနောက်မှာ ငါတို့အရိပ်ရှိနေတာပဲ'

တုကျိုကောင်း၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

ကို့ကျိုမ်းက စကားဆက်လိုက်သည်။



'ကျုပ်တို့သတင်းပေးက ဗိုလ်ချုပ်တန်ယို့ရဲ့အိမ်မှာ ရှာပန်အခမ်းအနားလုပ်နေတာကိုလဲ သိခဲ့ရတယ်လေ၊ ပြီးတော့ မင်းပြန်ထွက်သွားတာကိုလဲ သူ့အကြောင်းကြားတာ'

'ဪ...ဪ'

'ဒါနဲ့ ခေါင်းဆောင်ကြီး မင်းကိုကြိုဆိုဖို့ ငါတို့ကိုလွှတ်လိုက်တာ၊ ဒါကြောင့်လဲ မင်းကို စုမင်းတို့လက်က ကယ်လာနိုင်ခဲ့တာပေါ့'

တုကျိုကောင်းမှာ ယခုမှပင် မိမိအလွန်ကံကောင်းသည်ဟု ယူဆလိုက်သည်။

ကို့ကျိုကွမ်းက စကားဆက်လိုက်ပြန်သည်။

'တစ်ခုတော့ အခက်တွေ့နေတယ်'

'ဘာများလဲ ပြောပါဦး'

'ခက်နေတာက ခင်ဗျားနဲ့ဖုရွှောက်လုံ ရန်သူဖြစ်နေတဲ့ တစ်ချက်ပဲ'

'ဘာဖြစ်လို့လဲ'

'ခေါင်းဆောင်ကြီးက သေမင်းတမန်ဂိုဏ်းနဲ့ ထိပ်တိုက်မတွေ့ချင်ဘူး'

တုကျိုကောင်းက ပြုံးလိုက်ပြီး—

'ခင်ဗျားတို့ခေါင်းဆောင်ကြီးက ဘာကြောက်နေတာလဲဗျ'

'ကြောက်လို့မဟုတ်ပါဘူး၊ အခုအချိန်မှာ အင်အားစုစည်းနေရတဲ့အချိန် မဟုတ်လား၊ ဒါကြောင့်ရန်သူနည်းစေချင်တာပါ'

ဒါဆို ကျုပ်က ရွှေစင်အရိုးစုကို ပြန်ပေးရမှာလား'

'ဒီလိုလဲ မဟုတ်ပါဘူး၊ ခေါင်းဆောင်ကြီးကိုယ်တိုင်ကဒီကိစ္စကို သိပ်စိတ်ဝင်စားတာ မဟုတ်ပါဘူး'

သူတို့စကားပြောရင်းပြောရင်းနှင့် ပေ့ဟုန်၏ လိုဏ်ဂူဝသို့ ရောက်ရှိလာကြသည်။

ကို့ကျိုကွမ်းက....

'ကဲ ကျုပ်က ဝင်လို့မရဘူး၊ ခင်ဗျား ဝင်သွားပေတော့၊ ခေါင်းဆောင်ကြီး အထဲမှာစောင့်နေပါတယ်'

ဟုပြောလိုက်လေသည်။

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး လိုဏ်ဂူထဲသို့လှမ်းဝင်လိုက်သည်။

ထိုအခိုက် အနောက်မှ လေတိုးသံသဲ့သဲ့ ကြားလိုက်ရသဖြင့် ချာခနဲကိုယ်ခန္ဓာကို လှည့်လိုက်သည်။

သို့သော် သူ၏ခေါင်းထဲ၌ မိုက်ခနဲဖြစ်သွားပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

* * *



တုကျိုကောင်းတစ်ယောက် မည်မျှကြာအောင် မေ့မြောသွားသည်မသိပါ။

သူသတိရလာသောအခါ သူသည် ဒုတိယအကြိမ်တွဲလောင်းကြီးနှင့် ချည်ခံထားရကြောင်း သိလိုက်ရလေသည်။

သူ၏ရှေ့တွင် လူတစ်ယောက်ထိုင်နေ၏။

စုဝင်းမဟုတ်ပါ။ ပေ့ဟုန်ပင်ဖြစ်ပါသည်။ သူ၏လက်ထဲတွင် ကျာပွတ်တစ်ချောင်းကို ကိုင်ထား၏။

သူ၏နောက်တွင် သိုင်းခုနစ်ဖော်က တန်းစီရပ်နေ၏။ တုကျိုကောင်းမှာ သူသည် သူတစ်ပါးအား မလိမ်မညာနိုင်ပဲ မိမိသာ အမြဲတမ်း လိမ်ညာခံနေရကြောင်း နားလည်လိုက်လေသည်။

မိမိအတွက် မျှော်လင့်ချက် ကုန်ဆုံးသွားပြီ ဖြစ်ကြောင်းကိုလည်း နားလည်လိုက်လေသည်။

ပေ့ဟုန်ကပြုံးလိုက်ပြီး...

'မင်းဟာ ကျော်ကြားတဲ့ မုဆိုးတစ်ယောက်ဆိုပေမယ့် အခုတော့ ခဏခဏ သားကောင်ဖြစ်နေပါလား'

တုကျိုကောင်းမှာ ပေ့ဟုန်အား ကြည့်လိုက်၏။ ပေ့ဟုန်သည် စာပေသမားတစ်ဦးနှင့် တူလှ၏။

နေပြည်တော်ကို မကြာခဏဒုက္ခပေးနေသော သူပုန်ခေါင်းဆောင်ဟု မည်သူမျှယုံကြည်နိုင်မည် မဟုတ်ပါချေ။

ပေ့ဟုန် ပြုံးလိုက်ပြီး ကျာပွတ်ကိုလေထဲတွင် တစ်ချက် ဝှေ့ယမ်းလိုက်၏။

ပြီးနောက် တုကျိကောင်းအား စိုက်ကြည့်လိုက်ကာ

'မင်း ငါတို့ဆီကို ဘာလာလုပ်တာလဲ'

'ခင်ဗျားတို့ အဖွဲ့ထဲဝင်မလို့ပါ'

'ဟုတ်ရဲ့လား ဗိုလ်ချုပ်တန်ယို့ရဲ့မိခင် ခုထက်ထိကျန်းကျန်းမာမာရှိနေတာက ဘာသဘောလဲ'

တုကျိကောင်းမှာ ပါးစပ်ပိတ်သွားသည်။

ပေ့ဟုန်က....

'မင်းကို ဘယ်သူခိုင်းတာလဲ'

တုကျိကောင်း မဲ့ပြုံးပြုံးလိုက်ပြီး—

'ကျုပ်ကိုယ်တိုင်ပဲ'

ပေ့ဟုန်မှာ စိတ်မဆိုးပါ။ သဘောကျစွာပင် ရယ်မောလိုက်လေသည်။

ပြီးနောက် တုကျိကောင်း၏ညာဘက်သို့ လက်ညှိုးထိုးလိုက်ပြီး—

'ဟိုမှာကြည့်လိုက် မင်းမပြောဘဲ နေနိုင်မှာလား'

ဟုပြောလိုက်၏။

တုကျိကောင်းမှာ လှမ်းကြည့်လိုက်ရာ သစ်ပင်တစ်ပင်တွင် ချည်နှောင်ထားခြင်းခံနေရသော လုဖုန်းကို တွေ့လိုက်ရ၏။

သူမ၏ဘေးသစ်ပင်တွင်လည်း ဟိုစိန်ကျားကိုချည်နှောင်ထားကြောင်း တွေ့လိုက်ရ၏။



ဟိုစိန်ကျားအနီးတွင် ရွှေ့ယင်းဟုန်မှာ လက်ပိုက်ကာရပ်နေ၏။

တုကျိကောင်း၏မျက်နှာမှာ တင်းမာသွားသည်။

လုဖုန်းတို့သားအမိကြောင့် သူမကြာခဏ ဒုက္ခရောက်နေရသည်မဟုတ်ပါလော။

လုဖုန်းတို့သားအမိနှင့် သူဘာမှမတော်စပ်ပါ။

သူ့ကြောင့်မသေစေချင်၍သာ သူအရှုံးပေးရမည်မဟုတ်ပါလား၊ ယခုလည်း ပေ့ဟုန်က လုဖုန်းတို့သားအမိအား ဓားစာခံလုပ်ပြီး မိမိကိုအကျပ်ကိုင်ပေဦးမည်။

မိမိအလျှော့ပေးရတော့မည်လား ရင်ထဲ၌မွန်းကျပ်လာ၏။

ပေ့ဟုန်က....

'ဒီသားအမိဟာ မင်းနဲ့ဘာမှမတော်စပ်ပါဘူး ဟုတ်တယ်မဟုတ်လား'

တုကျိကောင်းက

'ဟုတ်တယ် ခင်ဗျား ဘာဖြစ်လို့အဓိပ္ပာယ်မရှိတဲ့အလုပ်ကို လုပ်ချင်ရတာလဲ'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'လူဆိုတာဒီလိုပဲ တစ်ခါတစ်လေတော့ အဓိပ္ပာယ်မရှိတဲ့အလုပ်ကိုလုပ်တတ်တယ်'

တုက္ကိုကောင်းမှာ ပါးစပ်ပိတ်သွား၏။

ဓပ့ဟုန်က သူ၏လက်ထဲမှကျာပွတ်အား ရွှေ့ယင်းဟုန်ထံသို့ ပစ်ပေးလိုက်ပြီ…

'ရွှေ့ယင်းဟုန် သူတို့ကိုနည်းနည်းဆုံးမလိုက်'

ရွှေ့ယင်းဟုန်က ကျာပွတ်ကိုဖမ်းယူလိုက်ပြီးနောက် လုဖုန်းအားဇွေကာ ရိုက်ချလိုက်သည်။

'ဝှစ်'

'အား'

လုဖုန်း၏စူးရှသောအော်သံမှာ ကျာပွတ်သံနှင့်အတူ ထွက်ပေါ်လာသည်။

လုဖုန်း၏ ဖြူဖွေးသောခန္ဓာကိုယ်ပေါ်ဝယ် အနီစင်းတစ်ကြောင်း အထင်းသားပေါ်လွင်လာလေသည်။

တုက္ကိုကောင်းက သက်ပြင်းချလိုက်သည်။

သူအရှုံးပေးလိုက်ရတော့မည်လော။

မပေးနိုင်ပါ။

လုဖုန်းသည် ကိုယ့်ဒုက္ခကိုယ်ရှာကာ နေရာသို့ လိုက်လာခြင်းဖြစ်၏။

သူ၏ ထွက်ခွာရန်ပြောသော်လည်း နားမထောင်ပါ။

လုဖုန်း တို့သားအမိကိုငဲ့ညှာနေရသဖြင့် သူကောင်းစွာမလှုပ်ရှားနိုင်ခဲ့ပါ။



ယခုနှိပ်စက်ခံနေရသည်ကိုမြင်သောအခါ စိတ်မကောင်းဖြစ်မိ၏။

မတတ်နိုင်ပါ။ သူကမျက်လုံးမှိတ်ထားလိုက်လေသည်။

နားထဲတွင်မူ ကျာပွတ်သံနှင့် လုဖုန်း၏အော်ဟစ်သံကိုမကြားချင်ပဲ ကြားနေရလေတော့သည်။

ပေ့ဟုန်က လက်ကာပြလိုက်ပြီး....

'စွေ့ယင်းဟုန် ရပ်လိုက်ဦး လူကြီးရိုက်တာနဲ့ ကလေးရိုက်တာ ဘယ်ဟာပိုကောင်းသလဲ ကြည့်ရအောင် ကလေးကိုရိုက်လိုက်ပါ'။

ထိုစကားကြားသောအခါ တုကျိုကောင်းမှာ ထိတ်လန့်သွား၏။

ဟိုစိန်ကျားမှာလည်း ကြောက်ရွံ့သွားပြီး အော်ဟစ်ငိုကျွေးလိုက်လေသည်။

စွေ့ယင်းဟုန်က ကျာပွတ်ကိုလေသံတွင် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

တုကျိုကောင်း၏ရင်ထဲတွင် နာကျင်သွား၏။

သူ့အတွက်နှင့်အပြစ်မဲ့သည့် ကလေးတစ်ယောက် အနှိပ်စက်ခံရတော့ပေမည်။

သူ တင်းခံမည်လား။

သူ သက်ပြင်းကို အသာချလိုက်သည်။

'သူ့ကိုမရိုက်ပါနဲ့'

ဟု ဟန့်တားလိုက်လေသည်။

စွေ့ယင်းဟုန်က ပေ့ဟုန်အား လှည့်ကြည့်လိုက်သည်။

ပေ့ဟုန်က ခေါင်းညိတ်လိုက်ပြီး....

'မင်း အရှုံးပေးပြီလား'

'ဟုတ်တယ်'



'ဒါဆို ပြောတော့မလား'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ဗိုလ်မှူးကလေးက ကျုပ်ကိုခိုင်းလိုက်တာပါ အောင်မြင်ရင် ကျုပ်ကျူးလွန်တဲ့လူသတ်မှုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်လို့ ကတိပေးထားလို့ပါ'

ပေ့ဟုန်က ရယ်မောလိုက်ပြီး ...

'မင်းက ငါတို့အထဲ ထိုးဖောက်ပြီး ငါ့ကိုလုပ်ကြံရမယ်ဆိုပါတော့'

'ဟုတ်တယ်'

'ဟား....ဟား....မင်းလုပ်နိုင်မယ်ထင်လို့လား'

တုကျိုကောင်းမှာ ပါးစပ်ပိတ်ထားလိုက်၏။

ပေ့ဟုန်က ရယ်မောရာမှ ရပ်တန့်လိုက်ပြီး

'ကျုပ် လူသတ်ခဲ့တာ မနည်းတော့ဘူး၊ နောက်ထပ်သတ်ဖို့လည်း ဝန်လေးမှာမဟုတ်ဘူး၊ မင်းကိုကျုပ် အခွင့်အရေးတစ်ခုပေးမယ်၊ သူတို့သားအမိကိုသတ်ရမလား၊ ရွှေစင်အရိုးစုကျုပ်ကိုပေးမလား'

ဟု မေးလိုက်သည်။

တုကျိုကောင်းက

'ရွှေစင် အရိုးစုကို ခင်ဗျား စိတ်မဝင်စားဘူးဆို၊ အခု ဘာလုပ်ဖို့လိုချင်ရတာလဲဗျ'

ပေ့ဟုန်က

'အခုအချိန်မှာ မင်းပြန်မေးဖို့ အခွင့်အရေးမရှိဘူး'

တုကျိုတောင်းက အံကြိတ်လိုက်ပြီး

'မင်း သူပုန်ခေါင်းဆောင်တစ်ယောက်ပဲ၊ ဘာလို့မိန်းမညာဏ်နဲ့ အနိုင်ယူချင်ရတာလဲ၊ မင်းသတ္တိရှိရင် ကျုပ်နဲ့ယှဉ်ပြိုင်ပြီး အနိုင်ယူပါလား၊ ကျုပ်ကိုနိုင်ရင် ခင်ဗျားလိုချင်တာရမယ်'

ပေ့ဟုန်က သဘောကျစွာ ရယ်မောလိုက်ပြီး

'မင်းကော ငါ့ကိုလုပ်ကြံဖို့ မိန်းမညာဏ်နဲ့ပဲ ရှောက်လာတာ မဟုတ်လား'

ဟု မေးလိုက်၏။

တုကျိုကောင်းမှာ ပါးစပ်ပိတ်သွား၏။

ပေ့ဟုန်က ဆက်မေးလိုက်သည်။

'ကဲ...မင်းပေးမှာလား၊ သတ်လိုက်ရမှာလား'

တုကျိုကောင်း ပါးစပ်သာပိတ်မြဲပိတ်ထားလိုက်သည်။

ပေ့ဟုန်က သက်ပြင်းချလိုက်ပြီး

'မင်းခေါင်းမာတာကိုး၊ ငါနားလည်ပါပြီ၊ ကဲ ဈေ့ယင်ဟုန် ကျွာပွတ်မသုံးနဲ့တော့၊ ဓားနဲ့သာအဆုံးစီရင်လိုက်'

ဈေ့ယင်းဟုန်က ဓားကိုဆွဲထုတ်လိုက်ပြီး

'လူကြီးနဲ့ကလေး၊ ဘယ်သူ့ကို အလျင်သတ်ရမလဲ'

'ကလေးကိုသတ်လိုက်'

တုကျိုကောင်းရင်ထဲ လှပ်ခါသွား၏။

ပေ့ဟုန်အား အစိမ်းလိုက်ဝါးစားချင်စိတ်များ ပေါ်ထွက်လာလေသည်။



ဈေ့ယင်းဟုန်က ဓားကိုဝှေ့ယမ်းလိုက်၏။

ဟိုစိန်ကြားမှာ ကြောက်ရွံ့လွန်းသဖြင့် ငယ်သံပါအောင် အော်ဟစ်ငိုယိုလိုက်၏။

တုကျိုကောင်းမှာ မနေသာတော့ပါ။

'ကျုပ်ကို ခင်ဗျား အနိုင်ရသွားပါပြီ'

ဟု လေးပင်စွာ ပြောလိုက်သည်။

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'ရွှေစင်အရိုးစု ဘယ်မှာထားသလဲ'

တုက္ကိုကောင်းက

'သူတို့သားအမိကို လွှတ်ပေးမှာလား'

'ရွှေစင်အရိုးစုရရင် လွှတ်ပေးမယ်၊ ဒီမှာနေချင်သပဆိုလည်း လွှတ်လွှတ်လပ်လပ်နေခွင့်ပေးမယ်'

'ဒါ ကတိလား'

'ကတိပါပဲ'

'ကောင်းပြီလေ၊ ကျုပ်ပြောပါ့မယ်'

'ဘယ်မှာထားသလဲ'

'ဝါးလင်တောင် ခါးပန်းမှာပါ၊ အမှတ်အသား မရှိဘူး။ သစ်ပင်တွေကလဲ တစ်ရွယ်တည်း တစ်မျိုးစားတည်းပါ'

ပေ့ဟုန်က စဉ်းစားလိုက်ပြီး

'နေရာအတိအကျပြောပါ'

တုက္ကိုကောင်းက သက်ပြင်းချရင်း

'နေရာအတိအကျပြောဖို့ခက်တယ်၊ ကျုပ်အိမ်နဲ့ နှစ်မိုင်ခန့် အကွာမှာ သွားရှာချင်သွားရှာပါ'

'မင်းကိုယ်တိုင်ရှာပေးမှ လွယ်ကူမယ်ဆိုပါတော့'

'ဟုတ်တယ်'

ပေ့ဟုန်က တွေဝေသွားပြီး

'မင်းတကယ်ပြောတာလား'

'အမှန်ပါပဲ'



'ဒါဆို မင်းနဲ့အတူ ငါလူထည့်လိုက်မယ်၊ ရွှေစင်အရိုးစုရမှ သူတို့သားအမိကိုပြန်လွှတ်မယ်'

တုက္ကိုကောင်း သက်ပြင်းချလိုက်ရင်း

'ကျုပ်ကို အခွင့်အရေးတစ်ခုပေးပါ'

'ဘာလဲ'

'သူတို့ကိုပါ တစ်ခါတည်း ခေါ်သွားခွင့်ပြုဖို့ပါပဲ'

ပေ့ဟုန်က ခေါင်းခါယမ်းလိုက်ပြီး...

'မဖြစ်နိုင်ဘူး မင်းဒီကိုပြန်လာရမယ်'

'ဘာလဲ ကျုပ်အသက်ကိုပါ လိုချင်သေးလို့လား'

'ငါက လူတစ်ယောက်ကို အကြောင်းမဲ့ သတ်တယ်လို့များ ထင်နေသလား၊ ငါ ပေးနိုင်တဲ့ကတိက ရွှေစင်အရိုးစု လက်ထဲ ရောက်ရင် မင်းနဲ့ သူတို့သားအမိကို လုံးဝအန္တရာယ်မပေးဘူး၊ မင်း ယပ်ပြီးတောင်းဆိုလို့မရဘူး'

တုက္ကိုကောင်းမှာ စဉ်းစားလိုက်၏။ သူ ဆက်လက်တောင်းဆိုနေလျှင်လည်း အကျိုးထူးမည်မဟုတ်ပါ။

ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပြီလေ ကျုပ် သဘောတူပါတယ်'

ပေ့ဟုန်က အောင်နိုင်သူ၏အပြုံးမျိုးဖြင့်....

'သူတို့ကို ကြိုးဖြေပေးလိုက်ပါ'

ဟု ငယ်သားများအား အမိန့်ပေးလိုက်လေတော့သည်။

မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကိုသာ တွေးတောနေ၏။

သူ၏ညာဘက်တွင်မူ မျက်နှာတစ်ထောင် သိုင်းသမားကထိုင်နေလေသည်။

ဘယ်ဘက်၌လည်း ကျင်းအော့ ရှိနေပြန်သည်။

သူတို့နှစ်ယောက်မှာ တုကျိကောင်းအား လုံး၀အလစ်မပေးဘဲကြည့်ရှု၍ လိုက်လာကြလေသည်။

# ထောင်ချောက်

လမ်းမအတိုင်း မြင်းလှည်းတစ်စီး အပြင်း မောင်းနှင်နေ၏၊ မြင်းလှည်းမှာ အလုံပိတ်မြင်းလှည်းဖြစ်သည်။

မြင်းလှည်း အမိုးပေါ်တွင် မြင်းလှည်းမောင်းသမား တစ်ယောက် ထိုင်နေ၏။

ထိုလူမှာ ပေ့ဟုန်၏လက်အောက် သိုင်းခုနစ်ပေဘ်မှ လောက်ချားပင်ဖြစ်ပါသည်။

မြင်းလှည်းအတွင်းတွင်မူ လူသုံးယောက်ထိုင်နေ၏။ အလယ်လူမှာ တုကျိကောင်းပင်ဖြစ်၏။

သူ၏ ခြေထောက်တွင် သံကွင်းနှစ်ခု တပ်ဆင်ထားပြီး သံချောင်းတစ်ခုက ကန့်လန့်ခံထား၏။

ထို့ကြောင့် သူလမ်းလျှောက်၍ရ၏၊ သို့သော် ပြေး၍မရပါ။ သူကလည်းထွက်ပြေးရန် မစဉ်းစားပါ။

ည။

မြင်းလှည်းမှာ အိမ်ကလေးတစ်လုံးရှေ့၌ ရပ်တန့်သွား၏။

အိမ်ကလေးမှာ သစ်လုံးအိမ်ကလေးဖြစ်၏။

လောက်ချားက အမိုးပေါ်မှခုန်ဆင်းလိုက်ပြီး....

'တုကျီကောင်း ဒါမင်းအိမ်မဟုတ်လား'

ဟုမေးရင်း တံခါးဖွင့်လိုက်၏။

တုကျီကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်'

ဟုပြောရင်း မြင်းလှည်းပေါ်မှဆင်းလိုက်၏။

ကျင်းအော့နှင့် မျက်နှာတစ်ထောင်ကလည်း နောက်မှလိုက်ဆင်းလာလေသည်။

ညမှာ သိပ်မနက်သေးပါ။

သို့သော် လမထွက်သဖြင့် အတော်ပင်မှောင်နေ၏။ မျက်နှာတစ်ထောင်က....

'မင်းမြုပ်ထားတာက ဒီကနေနှစ်မိုင်အကွာလောက်မှာ ဟုတ်လား'

'ဟုတ်တယ်'

မျက်နှာတစ်ထောင်က လောက်ချားဆက်သို့ လှည့်လိုက်ပြီး

'ကျုပ်တို့ သွားလို့ဖြစ်မလား'

လောက်ချားက မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာဖြစ်လို့လဲ'

'သိပ်မှောင်နေပြီ တို့ကလမ်းမကျွမ်းဘူး၊ တောတောင်ထဲသွားတာ အန္တရာယ်များတယ်မဟုတ်လား'



ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ် သူကမှုဆိုး သူဆင်ထားတဲ့ထောင်ချောက်တွေရှိနိုင်တယ်၊ မနက်မှပဲ လင်းလင်းချင်းချင်းသွားတာကောင်းမယ်'

လောက်ချားက

'ဒါဆို တို့ဒီမှာပဲ ညအိပ်ရမှာပေါ့'

အားလုံး ဘာမှမပြောတော့ပါ'

တုကျီကောင်း၏ အိမ်ထဲသို့ လှမ်းဝင်သွားလိုက်ကြလေတော့သည်။

* * *

ကျင်းအောနှင့်လောက်ချားတို့က မီးဖိုချောင်မှ စားသောက်ဖွယ်ရာများ ရှာဖွေချက်ပြုတ်လိုက်၏။

ထို့နောက် အတူစားသောက်လိုက်၏။

စားသောက်ပြီး၍....

'ဒီမှာ အိပ်ခန်းနှစ်ခန်းပဲရှိတယ်၊ တစ်ခန်းကို ကျုပ်အိပ်မယ်၊ ဒီည ကျုပ်တင်းမစောင့်နိုင်ဘူး၊ ကျုပ်က တစ်နေကုန် မြင်းလှည်းမောင်းထားရတယ်မဟုတ်လား'

ဟု ပြောလိုက်၏။

ကျင်းအောက....

'ကောင်းပြီလေ.... ကဲ ရှင်နဲ့ ကျွန်မနဲ့ တစ်ယောက်တလှည့်စောင့်တာပေါ့၊ သူ့ကို ဒီအပြင်ခန်းမှာပဲ ထားမယ်၊ ဘယ်သူအရင်စောင့်မလဲ'

မျက်နှာတစ်ထောင်က...

'မင်းပဲအရင်အိပ်ပါ'

ကျင်းအောနှင့်လောက်ချားတို့က အခန်းတစ်ခန်းဆီသို့ ဝင်သွားကြလေတော့သည်။

* * *



ညဉ့်မှာတဖြည်းဖြည်းနက်သာ၏။

အိမ်ကလေးမှာ တိတ်ဆိတ်နေ၏။

ညွှန်ခန်းတွင်းဝယ်ထွန်းထားသော မီးအိမ်ကလေး၏ ခပ်မှိန်မှိန်အလင်းရောင်မှာပြာကျနေ၏။

တုကျိကောင်းမှာ ဘာကိုမျှမစဉ်းစားတော့ပါ။

နှစ်နှစ် ခြိုက်ခြိုက်ပင် အိပ်စက်နေ၏။

မျက်နှာတစ်ထောင်မှာမူ ငိုက်ပင်မငိုက်ပါ။

တုကျိကောင်းအား သတိကြီးစွာဖြင့် စောင့်ကြပ်နေရလေသည်။

အချိန်မှာတဖြည်းဖြည်းကုန်လာ၏။

မကြာပါချေ။

သန်းခေါင်ယံအချိန်ကို မကျော်သွန်သွားတော့သည်။

မျက်နှာတစ်ထောင်မှာ ထိုင်ရာမှထလိုက်၏။

အပျင်းတစ်ချက်ဆန့်လိုက်၏။

သူ၏တာဝန်ချိန် ကုန်ဆုံးသွားပြီ မဟုတ်ပါလော။

သူက တုက္ကိုကောင်းအား ကြည့်လိုက်သည်။

တုက္ကိုကောင်း နှစ်ခြိုက်စွာအိပ်မောကျနေသည်ကို တွေ့လိုက်ရသဖြင့်မဲ့လိုက်၏။

ထို့နောက် ကျင်းအော့၏အခန်းတံခါးကို ခေါက်လိုက်၏၊

'ဒေါက်...ဒေါက်'

'ဘယ်သူလဲ'

အခန်းတွင်းမှကျင်းအော့၏ အိပ်ချင်မူးတူးအသံ ထွက်ပေါ်လာ၏။

မျက်နှာတစ်ထောင်က...

'ငါ့အလှည့်ပြီးပြီ၊ မင်းလာစောင့်တော့'

အခန်းတွင်းမှ လှုပ်ရှားသံအချို့ကြားလိုက်ရသည်။

ထို့နောက် တံခါးပွင့်သွားသည်။

မျက်နှာတစ်ထောင်မှာ ရှတ်တရက် မျက်လုံးပြူးကာမလုံ့မလဲလော့ရှိလျော့ရဲ ဝတ်ဆင်ထားသော ကျင်းအော့၏ အလှအပတချို့ကိုတွေ့မြင်သွားသောအခါ အမှတ်မထင် တဒင်္ဂမေ့သွား၏၊

ထိုစဉ်မှာပင် အေးစက်မာကျောသော ကျင်းအော့၏ မျက်လုံးအစုံသည်ဝင်းလက်သွား၏။

လက်တစ်ဖက်မှ ဓားတိုတစ်လက် မျက်လှည့်ပြသလို ထွက်ပေါ်လာပြီး မျက်နှာတစ်ထောင်၏လည်မျိုသို့ တိုးဝင်သွားလေသည်။



မျက်နှာတစ်ထောင်မှာ ထိတ်လန့်သွားသည်။

သို့သော် သူနောက်ကျသွားပြီဖြစ်၏။

အော်ပင်မအော်နိုင်တော့ဘဲ အရုပ်ကြိုးပြတ်ကြမ်းပြင်ပေါ်သို့လဲကျသွားသည်။

'ဝုန်း'

တုက္ကိုကောင်းမှာ လန့်နိုးလာ၏။

မျက်နှာတစ်ထောင်သေဆုံးနေသည်ကို တွေ့သောအခါ အံ့ဩသွားသည်။

ထို့ပြင် ကျင်းအော့၏မျက်နှာအားကို တွေ့သောအခါ ပို၍ပို၍အံ့အားသင့်သွားသည်။

ကျင်းအော့မှာပြုံးနေ၏။

သူ၏အပြုံးမှာမလှပါ။

မလှသည့်အပြင် အလွန်ကြောက်စရာကောင်းသည်ဟု ယူဆမိသည်။

ကျင်းအော့ကတုက္ကိုကောင်းအား အသံမထွက်ရန်သတိပေးလိုက်ပြီး လောက်ချား၏အခန်းဝင်ရှာလိုက်၏။

တုက္ကိုကောင်းမှာ ကျင်းအော့၏ အမူအရာကိုကြည့်ပြီး ရင်တိတ်သွား၏။

သွေးအေးအေးဖြင့် ရက်ရက်စက်စက် လူသတ်တတ်သော ကျင်းအော့ကိုလည်း ထိတ်လန့်ရွံမုန်းမိ၏။

ကျင်းအော့က...

'လောက်ချား သာက်ချား ထပါဦး'

ဟု စိတ်လှုပ်ရှားသံဖြင့် အော်ခေါ်လိုက်၏။

လောက်ချားၡ၏အခန်းတွင်းမှ လှုပ်ရှားသံအချို ကြားလိုက်ရပြီး....

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲလုပ်မနေနဲ့၊ တိုက်ကြိုကောင်းမရှိတော့ဘူး'

'ဘာ'

'မြန်မြန် မျက်နှာတစ်ထောင်လဲမရှိတော့ဘူး၊ သစ္စာဖောက်သွားပြီထင်တယ်'

လောက်ချား၏ လှုပ်ရှားသံ ပိုကျယ်လာသည်။

မကြာမီတံခါးပွင့်သွားသည်။

တိုက်ကြိုကောင်းမှာ လူသတ်ခြင်းများစွာကို တွေ့ကြုံဖူး၏။

သူကိုယ်တိုင်လည်းလူသတ်ဖူး၏။

သို့သော် ကျင်းအော့ လူသတ်ပုံလူသတ်နည်းမှာ အလွန်တရာ ကြောက်မက်ဖွယ် ကောင်းသည်ဟု ထင်မိသည်။

ကျင်းအော့သည် အခန်းဝတွင်ရပ်ကာ ဓားကိုအသင့်ကိုင်ထားသည်။

လောက်ချားအားသတိပေးရန် သင့်မသင့်စဉ်းစားနေစဉ်မှာပင် လောက်ချား၏အခန်းတံခါးပွင့်သွားပြီး လောက်ချားပေါ်လာ၏။

ထိုအခိုက်မှာပင် ကျင်းအော့၏ဓားက လောက်ချား၏ရင်ဝသို့ ထိုးဝင်သွားပြီးဖြစ်ပါသည်။

'အား'



လောက်ချားမှာ စူးရှနာကျင်စွာအော်ဟစ်လိုက်ပြီး နောက်သို့ယိုင်သွားသည်။

ကျင်းအော့အား မယုံကြည်နိုင်ဟန်ဖြင့် ကြည့်လိုက်သည်။

သို့သော် ဘာမျှပြန်မတိုက်ခိုက်နိုင်တော့ပါ။

ကြမ်းပြင်ပေါ်သို့ ခွေကာလဲကျသွားတော့သည်။

* * *

ကျင်းအောင့်မှာ လေးလံသောအရာဝတ္ထုကိုပခုံးပေါ်မှချလိုက်ရသည့်အလား သက်ပြင်းချလိုက်သည်။

ထို့နောက် ခေါင်းကိုပြန်သိမ်းပြီး ညှော်ခန်းတွင်းရှိကုလားထိုင်တွင်ထိုင်ချကာ မျက်စိမှိတ်ထားလိုက်၏။

တုက္ကိုကောင်းမှာ ကျင်းအောင့်အပြုအမူအား ကြည့်ရင်းနားမလည်နိုင်အောင် ဖြစ်နေသည်။

သူ မနေနိုင်ဘဲ မေးလိုက်မိသည်။

'မင်း ဘာလို့ သူတို့ကိုသတ်လိုက်တာလဲ'

ကျင်းအောင့်က ကျေနပ်စွာပြုံးရင် မျက်လုံးပွင့်လာပြီး…

'ရှင် နားမလည်ဘူး ဟုတ်လား'

'မင်းတစ်ယောက်တည်း ရွှေစင်အရိုးစုကို လိုချင်လို့လား။ ဒါဆို မင်း အတွက် မှားသွားမယ်'

'ဘာဖြစ်လို့လဲ'

'ပေ့ဟုန်နဲ့ သေမင်းတမန်ဂိုဏ်းရဲ့လက်က မင်းလွတ်အောင်ပြေးနိုင်ပါ့မလား'

ကျင်းအောင့်က ပြုံးလိုက်ပြီး

'ကျွန်မ စဉ်းစားပြီးမှလုပ်ခဲ့တာပဲ၊ သူတို့လက်ကလွတ်အောင် ကျွန်မလုပ်နိုင်ပါတယ်'

'မင်း မက်မောဖို့မသင့်ဘူး၊ ဒါဟာ မကောင်းဆိုးဝါးပါပဲ'

'ကျွန်မကတော့ ရွှေတုံးရွှေခဲကြီးလိုဘဲထင်တယ်'

'ဒါပေမယ့် မင်းရမှာ မဟုတ်ဘူး'

ကျင်းအောင့်က မျက်မှောင်ကုပ်လိုက်ပြီး

'ဘာဖြစ်လို့မရရမှာလဲ'



'ကျုပ် ရွှေစင်အရိုးစုကို ပေ့ဟုန်ကိုပေးရမယ်၊ ဒါမှ လုဖုန်းတို့ သားအမိကို ကယ်နိုင်မှာ မဟုတ်လား'

'အခု ရှင်ကယ်လို့ မရတော့ဘူး'

'ဟုတ်တယ်'

ကျင်းအောင့်က ပြုံးလိုက်ပြီး

'ဒါပေမယ့် ကယ်လို့ရပါတယ်၊ ကျွန်မ ကြံဖန်ပေးရင် သူတို့လွတ်မှာပါ'

'မင်း ဘယ်လိုကြံဖန်ယင် ဖြစ်နိုင်မှာလဲ'

'လွယ်လွယ်လေးပါ၊ ရှင် ကျွန်မကို ရွှေစင်အရိုးစု ပေးပါ၊ ဒါကို ကျွန်မဝှက်ပြီးတဲ့အခါ ရှင်နဲ့ကျွန်မ ပန်းတစ်ရာ တောင်ကြားကို ပြန်သွားကြမယ်'

'ပေ့ဟုန်က ပါမလာတော့ ပြဿနာရှာမှာပေါ့'

ကျင်းအောင့် ရယ်မောလိုက်ပြီး

'ဒါလဲလွယ်ပါတယ်၊ လောက်ချားနဲ့ မျက်နှာတစ်ထောင်သလုပြီးပြေးသွားတယ်လို့ ပြောလိုက်ရုံပေါ့'

တုက္ကိုကောင်းက မဲ့လိုက်ပြီး

'ဒီလိုပြောရုံနဲ့ လုဖုန်းတို့သားအမိကို ပြန်လွှတ်မှာလားဗျ'

'လွှတ်တာပေါ့၊ ဘာလို့လဲဆိုရင် ရွှေပါ ပြန်ပါလာတယ် မဟုတ်လား'

'အင်း ခင်ဗျားအကြံမဆိုးဘူး'

'ကျွန်မ သေသေချာချာ စဉ်းစားပြီးသားပါလို့ ပြောတာပေါ့'

တုက္ကိုကောင်းက ရယ်မောလိုက်ပြီး

'ဒါပေမယ့် မယုံတဲ့လူကာ ရှိတယ်ဗျ'

ကျင်းအောင့က မျက်မှောင်ကုပ်သွားပြီး

'ဘယ်သူလဲ'

'ကျုပ်ပါ'

'ရှင်က ကျွန်မကို မယုံဘူး ဟုတ်လား'

'ဟုတ်တယ် ရွှေစင်အရိုးစုရမှတော့ ခင်ဗျားက ကျုပ်နဲ့ လိုက်ပြီး ပန်းတစ်ရာတောင်ကြားကို ပြန်ဝင်ဦးမှာတဲ့လား'

ကျင်းအောင့က ရယ်မောလိုက်ပြီး

'ရှင်အ,သေးတာဘဲ၊ စိတ်ချ ကျွန်မ ပြန်ဝင်မှဖြစ်မယ်၊ နို့ မဟုတ်ရင် ကျွန်မအပေါ် သံသယ ဝင်နေကြမှာပေါ့၊ ပြီးမှာ ကျွန်မ ဖာသာ ပြန်ထွက်လာပြီး လောကကြီးမှာ ချမ်းချမ်း သာသာ နေလိုက်ရုံပေါ့'

'ကျုပ်က ပေ,ဟုန်ကို ဖော်ကောင် လုပ်လိုက်ရင်ကော'

'ရှင်ဖော်ကောင် လုပ်မှာမဟုတ်ပါဘူး၊ ဘာလို့လဲဆိုရင် ရှင် ဟာ အတိတည်တဲ့ လူတစ်ယောက်ပဲ၊ ကျွန်မကလဲ ရှင့်ဆီကထ ရမှ ပြန်လိုက်မှာ မဟုတ်လား'

တုကျိုကောင်းမှာ ပါးစပ်ပိတ်သွားသည်။

ကျင်းအောင့က....

'ရှင့်စိတ်ထဲမှာ ကျွန်မဟာ ရွှေစင်အရိုးစုရတာနဲ့ ရှင့်ကို သတ် မှာပဲလို့ ထွေးနေသလား'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်'



'ဒါဆို ရှင်က ရွှေစင်အရိုးစုကိုလွယ်လွယ်နဲ့ပေးမယ်မထင်ဘူး'

'ဒါလဲ ဟုတ်တယ်'

'ရှင် ခေါင်းမာနေပြန်ပြီပေါ့'

'တစ်ခုတော့ ရှိတယ်၊ မင်းအနေနဲ့ လုဖုန်းတို့ သားအမိကို ဒီကိုခေါ်လာခဲ့ပါ၊ ကျုပ် မင်းလိုချင်တဲ့ ရွှေစင်အရိုးစုကို ပေး မယ်'

ကျင်းအောင့မှာ ငိုင်ကျသွားသည်။

သူမအနေနှင့် တုကျိုကောင်းသည် လုဖုန်းတို့သားအမိအပေါ် သည်မျှ သံယောဇဉ်ကြီးမည်ဟု မထင်မိခဲ့ပါ။

ယခုမူ သံယောဇဉ်အလွန်ကြီးနေကြောင်း တွေ့လိုက်ရ၏။

မည်သို့ပြောရမည်ကိုပင် စဉ်းစားမရနိုင်အောင် ဖြစ်မိသည်။

အတန်ကြာမှ လုဖုန်း၏အကြောင်းကို ဖွင့်ပြောလိုက်ရန် စဉ်း စားလိုက်လေတော့သည်။

* • *

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

တုကျိကောင်းက ကြမ်းပြင်ပေါ်တွင် လဲနေသောအလောင်း နှစ်လောင်းအား ငေးကြည့်နေ၏။

ကျင်းအော့ သက်ပြင်းချရင်း

'ရှင့်စိတ်ထဲမှာ ပေ့ဟုန်ရဲ့ကတိကို ယုံကြည်သလား၊ ရှင်သာ အရိုးစုပေးပြီးရင် ရှင့်ကို ချမ်းသာပေးပါ့မလား၊ လုဖုန်းတို့ သားအမိကိုရော လွှတ်ပေးပါ့မလား'

တုကျိကောင်းက

'သူဟာ ခေါင်းဆောင်တစ်ယောက်ပဲ၊ သူ့ကတိကိုသူ တန်ဖိုးထားမှာပါ'

ကျင်းအော့ ရယ်မောလိုက်သည်။

'ရှင်က လုဖုန်းအတွက် အသက်စွန့်ကယ်တင်နေတာ တကယ် တော့ ရယ်စရာကောင်းတယ်'

'ကျုပ်ကတော့ ရယ်စရာလို့မထင်ဘူး'

'ရှင်ဟာ ရိုးသားတဲ့လူပါ၊ ဒါကြောင့် ခဏခဏရှင်အလိမ်ခံ နေရတာပဲ'

'ကျုပ် ဘာအလိမ်ခံရလို့လဲ'

ကျင်းအော့က သက်ပြင်းချရင်း

'လုဖုန်း ဘယ်သူဘယ်ဝါဆိုတာ ရှင်သိရဲ့လား'

'သူဟာ ဟိုကျိရဲ့ဇနီးပါ'

ကျင်းအော့က ရယ်မောလိုက်ပြီး

'သူများပြောသမျှရှင်ယုံတာ အသက်တိုတတ်တယ်ရှင့်'

'ခင်ဗျားဘာကိုပြောတာလဲ'



'ရှင် သေသေချာချာမစဉ်းစားလို့ပါ၊ လုဖုန်းရဲ့ ပုံရိပ်တွေ ကို ပြန်လှေ့လာကြည့်ရင် သံသယဖြစ်စရာတွေ ရှင်တွေ့လာမှာပါ'

တုကျိကောင်းမှာ တွေဝေသွား၏။

ကျင်းအော့က စကားဆက်လိုက်၏။

'လုဖုန်းဟာ ရှင့်ဆီက ရွှေစင်အရိုးစုကို ပြန်ယူမယ့်လူ တစ် ယောက်ပဲလို့ ကျွန်မပြောရင် ရှင်ယုံမှာလား'

တုကျိကောင်း၏ရင်ထဲ၌ တုန်ခါသွားသည်။

ကျင်းအော့အား ပြုံးကြည့်လိုက်ပြီး

'ဒါဆို လုဖုန်းက'

'ဟုတ်တယ်၊ သူဟာ သေမင်းတမန်ရဲ့ဌာနခွဲ အမှတ်တစ်က အဖွဲ့ဝင်တစ်ယောက်ပါပဲ'

ထိုစကားကြားသောအခါ တုကျိကောင်း၏မျက်နှာ ဖြူဖွေး သွားသည်။

ကျင်းအော့က ဆက်ပြောလိုက်၏။

'ကျွန်မလဲ အလျင်တုန်းက သေမင်းတမန်ဂိုဏ်းသား တစ် ယောက်ပဲ၊ ဂိုဏ်းချုပ်သေဆုံးသွားပြီးတဲ့နောက် ဂိုဏ်းက ခွဲထွက် လာခဲ့တာပါ'

တုကျိကောင်း၏ခန္ဓာကိုယ်မှာ တုန်ယင်သွား၏။

လုဖုန်းတို့သားအမိအပေါ် သူ ယခင်က သံသယမရှိချေ။ သူတို့သားအမိအား သေမင်းတမန်ဂိုဏ်းသားများ မဖြစ်စေ ချင်ပါ။

ခေါင်းကို သွက်သွက်ခါယမ်းလိုက်ပြီး

'မဖြစ်နိုင်ဘူး'

ကျင်းအော့ မျက်မှောင်ကုပ်လိုက်ပြီး

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ'

တုကျိကောင်းက

'ဟိုစိန်ကျားဟာ လိမ်မပြောတတ်ဘူး၊ လုဖုန်းသာသေမင်းတမန်အဖွဲ့ဝင်ဆိုရင် သူ့သားသိမှာပဲမဟုတ်လား'

'သူ့သားက ဘာမှမသိပါဘူး၊ လုဖုန်းကလဲ မပြောဘူးလေ ကလေးတွေရဲ့နှုတ်က စိတ်မချရဘူးမဟုတ်လား'

တုကျိကောင်းမှာ ပါးစပ်ပိတ်သွား၏။

ကျင်းအော့က စကားဆက်လိုက်၏။

'အမှန်အတိုင်းပြောရရင်လုဖုန်းတို့သားအမိဟာ တစ်ဖက်လပ်ရဲ့အကူအညီနဲ့ ရှင့်အိမ်ကိုရောက်လာခဲ့ကြတယ်၊ ပြီးတော့ ရှင့်အိမ်မှာခိုလှုံရင်း ရွှေစင်အရိုးစုကို ရှာခဲ့ကြတာပဲ'

တုကျိကောင်းက

'ဒါဆို တစ်ဖက်လပ်က သူတို့သားအမိကို အကျပ်ကိုင်တာ ကျုပ်ကို ဘက်သက် အကြောင်းရိုက်တာပေါ့'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်၊ လုဖုန်းက သူ့ရဲ့သားကို ရှင်သံယောဇဉ်ရှိမှန်းသိထားတယ်လေ'

'တောက်'

တုကျိကောင်းမှာဒေါသအိုးပေါက်ကွဲသွားပြီးတက်တစ်ချက်ခေါက်လိုက်သည်။

ကျင်းအော့က ထပ်ပြောလိုက်၏။



'သူတို့သား တကယ့်ဒုက္ခသည်သားအမိဆိုရင် ဘာလို့ရှင်နဲ့လိုက်ပြီး ပန်းတစ်ရာတောင်ကြားမှာ နေမှာလဲ၊ သူ့ယောကျ်ားကို သူပုန်တွေ သတ်တယ် ဆိုပြီးတော့မှ သူပုန်တွေထဲကို ဘာ လို့ တအောက်ကောက် လိုက်နေရမှာလဲ'

တုကျိကောင်းမှာ တွေဝေသွား၏။

လုဖုန်း၏လုပ်ရပ်များသည် သူ၏အာရုံဝယ် တရေးရေး ပြန်မြင်ယောင်လာ၏။

ကျင်းအော့၏စကားမှန်နိုင်သည်ဟု ယုံကြည်မိလေသည်။

ကျင်းအော့ကလည်း တုကျိကောင်း ယုံကြည်သွားပြီဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ပြုံးလိုက်ပြီး....

'ကဲ ရှင် သူတို့သားအမိကိုကယ်ဘင်ဖို့ စိတ်ကူးသေးသလား' ဟု မေးလိုက်လေသည်။

တုကျိကောင်းက မဖြေပဲ....

'ကျုပ် တစ်ခုမေးပါရစေဦး'

'မေးပါ'

'ခင်ဗျား လုဖုန်းအကြောင်းကိုသိလျက်နဲ့ ဘာလို့ ပေ့ဟုန်ကို မပြောပြရတာလဲ'

ကျင်းအော့က ရယ်မောလိုက်ပြီး

'ပေ့ဟုန်ဟာ အလျင်က ကြီးမားတဲ့သူပုန်အဖွဲ့ခေါင်းဆောင်ပါ၊ အခုတော့ ပန်းတစ်ရာတောင်ကြားထဲမှာသာ ကြီးကျယ်ခွန်ရတဲ့ခေါင်းဆောင်ဖြစ်နေပြီလေကျွန်မ သူ့လက်အောက်ဆက်နေလို့ရော ဘာမျှော်လင့်ချက်ရှိတော့မှာလဲ ကျွန်မက လောဘ

နည်းနည်းကြီးတယ်ရှင့်'

တုကျိကောင်းက သက်ပြင်းချလိုက်ပြီး

'အင်း ဒီလိုဆိုရင် ရွှေစင်အရိုးစုပေးပြီးတာနဲ့ ငါ့ကိုလွှတ်မယ် ဆိုတာလဲ မယုံတော့ဘူး'

ကျင်းအော့က မျက်မှောင်ကုပ်သွားပြီး

'ဘာဖြစ်လို့ မယုံရတာလဲ'

'မင်းပဲပြောခဲ့တယ်လေ သူများပြောသမျှ ယုံတဲ့လူဟာ အသက်တိုတတ်တယ်လို့'

ကျင်းအော့မှာ ပါးစပ်ပိတ်သွားလေသည်။

အတန်ကြာမှ

'ရှင့်ကို ဓားတစ်လက်ပေးမယ် ဒါဆို ရှင့်အသက်ကိုရှင်ကာကွယ်နိုင်ပါလိမ့်မယ်'

ဟု ပြောလိုက်၏။

တုကျိကောင်းက သူ၏ခြေထောက်ကို ငုံ့ကြည့်လိုက်ပြီး

'ကျုပ်မှာ ဓားရှိပြီဆိုပေမယ့် ခြေထောက်ကမလွတ်သေးဘူးဗျ'

ကျင်းအော့က သက်ပြင်းချလိုက်ပြီး

'ရှင့်ခြေထောက်ကို လွတ်လပ်ခွင့်ပေးလိုက်ရင် ကျွန်မကိုရှင်က ပြန်သတ်သွားမှာပေါ့'

တုကျိကောင်းမှာ ပါးစပ်ပိတ်သွားသည်။

ကျင်းအော့က ပြုံးလိုက်ပြီး....

'ရှင့်ခြေထောက်မလွတ်လပ်ပေမယ့် ကျွန်မလဲ ရှင့်ကိုသတ်နိုင်လိမ့်မယ်တော့မထင်ဘူး'



တုကျီကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ထားပါတော့ ခင်ဗျားရွှေစင်အရိုးစုကို ရသွားခဲ့ရင် ကျုပ်ခြေထောက်က သံကွင်းတွေကို ဘယ်သူသော့ဖွင့်ပေးမှာလဲ'

ကျင်းအော့က ဘာမျှပြန်မပြောပါ။

မျက်နှာတစ်ထောင်၏ခါးကြားမှသော့ကိုဖြုတ်ယူပြီး အိမ်နံရံတွင် ချိတ်ထားလိုက်၏။

'ကဲ....သော့ကိုဒီမှာထားခဲ့မယ် ရှင်နေရာပြလို့ ရွှေစင်အရိုးစုကိုရပြီးတာနဲ့ ရှင်ဒီကိုပြန်လာပေါ့'

တုကျိကောင်းက....

'ကျုပ်အတွက် ရွေးစရာကောရှိသေးလား'

'မရှိဘူး'

'မရှိဘူးဆိုတော့ သဘောမတူလို့မရတော့ပါဘူး ဘယ်တော့သွားမှာလဲ'

'မနက်မှပေါ့ အခုအလောင်းတွေကို မြေမြှုပ်လိုက်ဦးမယ်'

နေရောင်ခြည်သည် အရှေ့ဘက်မှ ထွက်ပေါ်လာသည်။

တုက္ကိုကောင်းမှာ ရွှေမှုသွားနေ၏။

သူ၏နောက်ဖက်နှစ်လံမျှအကွာတွင် ကျင်းအောင့ာ လိုက်ပါလျက်ရှိ၏။

တုက္ကိုကောင်းမှာ လက်ထဲတွင် ဓားကိုအသင့်ကိုင်ဆောင်ထား၏။

သို့သော် ခြေနှစ်ဖက်မလွတ်လပ်သဖြင့် လမ်းလျှောက်ရသည်မှာ နှေးကွေးနေ၏။

ကျင်းအောင့်မှာ တုက္ကိုကောင်း နှေးကွေးနေသည့်အတွက် အားမလိုအားမရဖြစ်လာပြီး....

'ရှင် ဒီထက်မြန်မြန်မလျှောက်နိုင်တော့ဘူးလား'

ဟု လောလိုက်သည်။

တုက္ကိုကောင်းက ပြုံးလိုက်ပြီး

'ခင်ဗျားကသာ သံကွင်းကိုဖွင့်ပေးခဲ့ရင် မြန်မြန်လျှောက်နိုင်မှာပေါ့'

ကျင်းအောင့်က မဲ့လိုက်ပြီး....

'သံကွင်းနဲ့ ရွှေစင်အရိုးစု ဘယ်ဟာပိုလေးသလဲ'

'ရွှေစင်အရိုးစုက ပိုလေးတာပေါ့'

'ဒါဆို ရှင်မြန်မြန်ကိုလျှောက်နိုင်ရမယ်'

'မဟုတ်သေးဘူး ရွှေစင်အရိုးစုက လက်က ကိုင်သွားရတာ၊ အခု သံကွင်းကခြေထောက်မှာ ဘယ်လိုလုပ်မြန်မြန်သွားရမှာလဲ'

'ကျွန်မမယုံဘူး၊ ရှင် ဉာဏ်နီဉာဏ်နက် ထုတ်မယ်မကြံနဲ့'

တုက္ကိုကောင်း သက်ပြင်းချလိုက်ပြီး....



'ခင်ဗျား သိပ်ရောက်ချင်နေရင်လဲ ကျုပ်ကို ပွေ့ချီပြီးတော့ ဘာသွားပါ'

ကျင်းအောင့်၏မျက်နှာမှာ နီရဲသွား၏။ တုက္ကိုကောင်းမှာပြုံးပြီးစကားဆက်လိုက်၏။

'ကျုပ်အနေနဲ့က သိပ်မြန်မြန်မလျှောက်နိုင်ဘူး၊ ခွန်အားကို ချန်ထားရဦးမယ်'

ကျင်းအောင့်မှာ မျက်မှောင်ကြုတ်သွားပြီး

'ဘာဖြစ်လို့လဲ'

'တကယ်လို့ မင်းနဲ့တိုက်ခိုက်ရချိန်ဆိုရင် ကျုပ်အားမရှိလို့ မဖြစ်ဘူး မဟုတ်လား'

ကျင်းအောင့် အေးစက်စွာပြုံးလိုက်ပြီး

'ကျွန်မ ရွှေစင်အရိုးစုကိုပဲ စိတ်ဝင်စားတယ်၊ လူသတ်ဖို့ လုံးဝစိတ်မကူးပါဘူး'

'ကျုပ်မယုံဘူး'

'ဘာဖြစ်လို့လဲ'

'လော့က်ချားနဲ့ မျက်နှာတစ်ထောင်ဟာ ခင်ဗျားလက်ချက်နဲ့သေသွားခဲ့တာ ကျုပ်မျက်မြင်ပဲ မဟုတ်လား'

ကျင်းအောင့် သက်ပြင်းချလိုက်ပြီး

'သူတို့ကိုမသတ်ရင် ရွှေစင်အရိုးစုကို ကျွန်မဘယ်လိုလုပ်ရမှာလဲ'

တုက္ကိုကောင်းက

'ကျုပ် ရွှေစင်အရိုးစုကို ဘာကြောင့်ခိုးလာခဲ့တယ် ဆိုတာကော ခင်ဗျားသိသလား'

'သိတယ်၊ ဖုရှောက်လုံကို သေမင်းတမန်ဂိုဏ်းချုပ် မဖြစ်စေချင်လို့ပါ'

'ခင်ဗျားကော သေမင်းတမန် ဂိုဏ်းချုပ်မလုပ်ချင်ဘူးလား'

'ဟင့်အင်း ရွှေကိုပဲစိတ်ဝင်စားတယ်'

'ဒါဆို ငွေများကိုပေးရတာ တန်ပါတယ်၊ ခင်ဗျားအနေနဲ့ ဒီရွှေစင်အရိုးစုကို ရတဲ့အခါမှာ အမြန်ဆုံး အရည်ကျိုပစ်လိုက်ပါ'

ကျင်းအော့က ခေါင်းညိတ်လိုက်ပြီး

'စိတ်ချ ရှင်ပြောတဲ့အတိုင်းပဲ လုပ်မှာပါ'

သူတို့ ပြောရင်းပြောရင်းနှင့် လျှောက်လာကြရာ တောင်ခါးပန်းတစ်နေရာသို့ ရောက်ရှိသာလေသည်။

တုကျိုကောင်းက သစ်ပင်ချုံနွယ်များ အကြားမှ တိုးဝင်သွားပြီးနောက် ရပ်တန့်လိုက်သည်။

ကျင်းအော့က

'ရောက်ပြီလား'

'ဟုတ်တယ်'

'ဘယ်မှာမြှုပ်ထားသလဲ'

တုကျိုကောင်းက တောင်တက်သို့ ထိုးပြလိုက်၏။ ကျင်းအော့ မျက်မှောင်ကြုတ်သွားပြီး

'တောင်အောက်မှာ ဟုတ်လား၊ ရှင်မလိမ့်နဲ့'

တုကျိုကောင်း နှာခေါင်းရှုံ့လိုက်ပြီး…

'အောက်ကိုပဲကြည့်ပါဦး'



ကျင်းအော့က တုကျိုကောင်းနှင့်အတန်ဝေးကွာသောနေရာသို့လျှောက်သွားပြီး တောင်အောက်သို့ ငုံ့ကြည့်လိုက်၏။

ပေနှစ်ဆယ်ခန့်တွင် တောင်စွန်းတစ်ခု ထိုးထွက်နေသည်ကို တွေ့လိုက်ရ၏။

'ဒီမှာလား'

'ဟုတ်တယ်'

'ရှင်၊ မြှုပ်တုန်းက ဘယ်လိုဆင်းသလဲ'

'ခုန်ချလိုက်တာပေါ့'

'အခုလဲ ခုန်ချလိုက်ပါ'

'ဘယ်ဖြစ်မလဲ ကျုပ်ခြေထောက်တွေမှာ လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်တာ'

ကျင်းအော့မှာ အကြံအိုက်သွားလေသည်။

သူမလည်း ခုန်မဆင်းရဲပါ။

သူမဆင်းနေစဉ် တုကျိုကောင်း ထွက်ပြေးသွားနိုင်သည်။

ထို့အတူအောက်တွင် ထောင်ချောက်ဆင်ထားနိုင်သည်။

တုကျိုကောင်းက

'မင်း ဆင်းရဲမယ်လို့ ငါမထင်ဘူး၊ ဒီတော့ ငါပဲဆင်းပါ့မယ် ငါ့ကိုကြိုးပေးပါ'

ကျင်းအော့က မဲ့လိုက်ပြီး…

'ကြိုးလိုအပ်ရင် စောစောကပြောပေါ့၊ အခု ကြိုးမှ မပါပဲ'

'ဒါဆိုလဲ နွယ်ကြိုးပဲလုပ်ပေးပါ'

'ကောင်းပြီလေ'

ကျင်းအော့က သစ်ပင်များဆီသို့ ဝေ့ကြည့်လိုက်လေသည်။

ထို့နောက် နွယ်ပင်အချို့ကို ဆွဲယူလိုက်၏။

ထိုစဉ်မှာပင် သူ၏ခြေထောက်ကို ဆောင့်ဆွဲခြင်းခံလိုက်ရ၏၊

ကျင်းအောင့်မှာ ကမန်းကတန်း နောက်ဆုတ်လိုက်သော်လည်း မရတော့ပါ။

တိရစ္ဆာန်ထောင်သည့် ညွှတ်ကွင်းတစ်ခုတွင်မိသွားပြီးသစ်ပင်ပေါ်သို့ ဇောက်ထိုးပါသွားသည်။

ထိုစဉ်မှာပင် တုကျိုကောင်း၏လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားလေသည်။

တုကျိုကောင်း၏ဓားမှာ ပစ်လွှင့်သွားပြီး ကျင်းအောင့်၏ရင်ဝသို့ စိုက်ဝင်သွားလေတော့သည်။



တုကျိုကောင်းမှာ ကျင်းအောင့်၏အလောင်းကိုမြှုပ်နှံပြီး အိမ်သို့ ပြန်လာခဲ့သည်။

ထို့နောက် သော့ကိုယူကာ ခြေထောက်မှ အနှောင်အဖွဲ့ကို ဖွင့်လိုက်သည်။

သူလွတ်လပ်သွားချေပြီ။

ရွှေသို့ဘာဆက်လုပ်ရမည်နည်း။

သူသည် အလွန်ကံကောင်းနေသည်။

သေတွင်းမှ မကြာခဏ လွတ်မြောက်နေခဲ့၏။

သူကံကောင်းခြင်းသည် သူတစ်ပါးအတွက် ကံဆိုးခြင်းဟု သူယုံကြည်မိ၏။

သူသည် ရွှေအတွက် တွေးတောရင်း အတန်ကြာမှ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချနိုင်ခဲ့လေတော့သည်။

## လှည့်ကွက်

ပေ့ဟုန်မှာ ကို့ကျိုကွမ်း၊ စွေ့ယင်းဟုန်တို့နှင့်အတူ ပန်းတစ်ရာ တောင်ကြားအဘွင်း၌ လိုက်လံစစ်ဆေးနေ၏

ထိုစဉ် မြင်းလှည်းတစ်စီး မောင်းဝင်လာသည်ကို တွေ့လိုက်ရသည်။

မြင်းလှည်းမှာ သူတို့နှင့်မလှမ်းမကမ်းတွင် ရပ်တန့်သွား၏၊

မြင်းလှည်းမောင်းသမားကို တွေ့လိုက်သောအခါ ပေ့ဟုန်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

မြင်းလှည်းမောင်းသမားမှာ တုကျိုကောင်း ဖြစ်နေသည် မဟုတ်ပါလား။

တုကျိုကောင်းက မြင်းလှည်းတံခါးကိုဖွင့်လိုက်၏။



ထို့နောက် ရှည်မျောမျောအထုပ်ကြီးကိုဆွဲယူကာ ပေ့ဟုန်ထံသို့ လျှောက်လာခဲ့၏။

ပေ့ဟုန်မှာ အံ့အားသင့်နေ၏။

တုကျိုကောင်း အဘယ်ကြောင့် တစ်ယောက်တည်း ပြန်လာရသနည်း။

လောက်ချား၊ ကျင်းအော့နှင့် မျက်နှာတစ်ထောင်တို့အဘယ်ကြောင့် မပါလာရပါသနည်း။

မည်သို့ဖြစ်ပျက်ကုန်ကြသနည်း။

သူလုံးဝ တွေးမရပါချေ။

ထိုစဉ် တုကျိုကောင်းက ပေ့ဟုန်၏ရှေ့သို့ရောက်လာပြီး ဦးညွှတ် အရိုအသေပေးလိုက်၏။

ပေ့ဟုန်က

'လောက်ချားတို့ရော'

တုကျိုကောင်းက...

'ပြောရရင်တော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေး ပြောပါရစေ'

ပေ့ဟုန်မှာ တွေဝေသွားသည်။

ထို့နောက် ဘာမှ ပြန်မမေးတော့ဘဲ သူ့လိုက်ဂူရှိရာသို့ လျှောက်သွားလိုက်တော့သည်။

* * *

'သုံးယောက်စလုံး သေကုန်ကြပြီ မဟုတ်လား'

ပေ့ဟုန်၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

ကို့ကျိကွမ်းက တုကျိကောင်းအား စိုက်ကြည့်လိုက်ပြီး

'မင်း သတ်လိုက်တယ် မဟုတ်လား'

တုကျိကောင်း ပြန်မဖြေသေးပါ။

အထုပ်ကြီးကို စားပွဲပေါ်သို့ပစ်တင်လိုက်သည်။

ထို့နောက် ခုံတစ်လုံးတွင် ဝင်ထိုင်သိုက်ပြီး

'ကျုပ်က ကျင်းအော့တစ်ယောက်ထဲကို သတ်လိုက်တာပါ'

ကို့ကျိကွမ်းမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ပေ့ဟုန်က သက်ပြင်းချလိုက်ပြီး

'အစအဆုံး ပြောပြပါ'

'ဟုတ်ကဲ့'

တုကျိကောင်း အဖြစ်အပျက်အားလုံးကို ပြန်လည် ပြောပြလိုက်၏။

သို့သော် လုဖုန်းသည် သေမင်းတမန်ဂိုဏ်းသား ဖြစ်ကြောင်းကိုမူ ချန်လှပ်ထားခဲ့၏။

ပေ့ဟုန်မှာ ဒေါသကြီးစွာဖြင့် စားပွဲကိုထုလိုက်ပြီး

'ကျင်းအော့ မင်းတော်တော် သောဘကြီးတာပဲ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက် တုကျိကောင်းဘက်သို့လှည့်ကာ

'မင်းဘာဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ'



တုကျိကောင်း သက်ပြင်းချလိုက်ရင်း—

'သူ့ကို ကျုပ်ကမသတ်ရင် သူက ကျုပ်ကို သတ်တော့မယ့် အခြေအနေကြောင့်ပါ'

ပေ့ဟုန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'ဒီအိတ်က ရွှေစင်အရိုးစုပေါ့ ဟုတ်လား'

တုကျိကောင်းက ပြန်မဖြေပါ။

အိတ်ကိုဆွဲဖြောက်လိုက်ရာရွှေသားအတိဖြင့်ထုလုပ်ထားသော အရိုးစုပေါ်ထွက်လာသည်။

ပေ့ဟုန်မှာ ရွှေစင်အရိုးစုအား စိုက်ကြည့်လိုက်၏။

သူ၏မျက်လုံးမှာ ဝင်းလက်တောက်ပသွားသည်။

ထို့နောက် တုကျိကောင်းဘက်သို့လှည့်လိုက်ပြီး

'မင်းဘာကြောင့် ဒီရွှေစင်အရိုးစုကို ကျုပ်ဆီကို ယူလာရဲတာလဲ'

တုကျိကောင်း သက်ပြင်းချရင်း

'အကြောင်း နှစ်ခုကြောင့်ပါ'

'ပြောပါဦး'

'ပထမအချက်ကတော့ လုဖုန်းတို့သားအမိကို ဒီကနေ ကယ်တင်ချင်လို့ပါ'

'နောက်ကော'

'ကျုပ်ရဲ့ဇနီးကို ရှာဖွေချင်လို့ပါ'

ပေ့ဟုန်က အေးစက်စွာပြုံးလိုက်ပြီး

'ကျုပ် ခေါင်းကိုရော မလိုချင်တော့ဘူးလား'

တုကျိကောင်းက ခေါင်းခါယမ်းလိုက်ပြီး

'ဒီကိစ္စဟာ မဖြစ်နိုင်တဲ့ ကိစ္စမှန်း ကျုပ်သဘောပေါက်သွားပါပြီ'

ပေ့ဟုန်မှာ စိတ်အတန်ငြေသွား၏။

ပြီးမှ တုကျိကောင်းအား

'ဒါဆို မင်းက ဒီရွှေစင်အရိုးစုကို ငါ့ကိုပေးဖို့ ဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား'

တုကျိကောင်းက

'ကျုပ် တောင်းဆိုတာ လိုက်လျောရင်တော့'

ပေ့ဟုန် ခေါင်းညိတ်လိုက်ပြီး

'လုဖုန်းကိုလွှတ်ပေးဖို့က လွယ်ပါတယ်၊ မင်းဇနီးရှာဖို့ကသာ ခက်မှာ'

'ကျုပ်ကို ဒီမှာနေပြီး စုံစမ်းခွင့်ပြုရင် တော်ပါပြီ'

'ဒါဆို ဖြစ်ပါတယ်'

တုကျိကောင်းက ပေ့ဟုန်ကိုစိုက်ကြည့်လိုက်ပြီး

'သေချာရဲ့လား၊ ကျုပ်ကို စိတ်မချရင် အစောင့်အရှောက်ထားနိုင်ပါတယ်'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'မလိုပါဘူး၊ ဒါထက် လုဖုန်းတို့ကို ဘယ်တော့လွှတ်ပေးမှာလဲ'

'အခု ချက်ချင်းပါ'

'ဒါဆို ကို့ကျိကွမ်းနဲ့လိုက်သွားပြီး မင်းကိုယ်တိုင်စီစဉ်ပေးလိုက်ပါ'



'ဟုတ်ကဲ့၊ ပြီးရင် ခေါင်းဆောင်ကြီးနဲ့ တွေ့ခွင့်ပေးပါဦး'

ပေ့ဟုန် မျက်မှောင်ကြုတ်သွားပြီး

'ဘာလုပ်ဖို့လဲ'

'စကားတစ်ခွန်း ပြောမလို့ပါ'

တုကျိကောင်းမှာ စကားဆုံးသည်နှင့် နေရာမှလှည့်ထွက်လာခဲ့သည်။

လုဖုန်းမှာ ကောက်ရိုးများ ယက်လုပ်နေသည်။
ဟိုဝိန်ကျားမှာလည်း နံဘေးမှ ကူညီနေသည်။
တုကျိကောင်း ရောက်လာသည်ကိုတွေ့သောအခါ ဟိုဝိန်ကျားမှာ ဝမ်းသာသွားပြီး ပြေးလွှားဖက်ထားလိုက်သည်။
'ဦးဦး ပြန်လာပြီ'
တုကျိကောင်းက
'ဟုတ်တယ် မင်းတို့ကိုဝမ်းသာစရာစကားတစ်ခွန်း ပြောမလို့ ပြန်လာတာပါ'
လုဖုန်းက အံ့အားသင့်သွားပြီး
'မင်းတို့ပစ္စည်းတွေသိမ်းလိုက်ကြ၊ မြန်မြန်နော်'
'ဘာလုပ်ဖို့လဲ'
'မင်းတို့ကို ဒီက ထွက်သွားခွင့် ပေ့ဟုန်ကပေးလိုက်ပါပြီ'
'ရှင်'
လုဖုန်းမှာ ပို၍အံ့အားသင့်သွား၏။
အတန်ကြာမှ
'ရှင် ရွှေစင်အရိုးစုကို ခေါင်းဆောင်ကြီးဆီ ပေးလိုက်ပြီပေါ့'
'ဟုတ်တယ်'
လုဖုန်းမှာ တွေဝေသွားသည်။
'ကျင်းအောင့်မှာ ရွှေစင်အရိုးစုနောက်သို့လိုက်မှုန်း သူမ သိ၏၊ ယခု ကျင်းအောင့်က အဘယ်ကြောင့်သူမအား မဆက်သွယ်ဘဲ ပြန်လွှတ်ရပါသနည်း'
သူမက ယန်ဆောင်ပြုံးလိုက်ပြီး မေးလိုက်သည်။
'ဒါဖြင့် ရှင်ကရော'



တုကျိကောင်းက
'ကျုပ်ကဒီမှာနေပြီး ကျုပ်ဇနီးကိုရှာရဦးမယ်လေ၊ ပေ့ဟုန် ကလဲခွင့်ပြုပြီးပါပြီ'
လုဖုန်းကသက်ပြင်းချပြီး
'ကျွန်မ မပြန်ချင်သေးဘူး'
'ဘာဖြစ်လို့လဲ'
'ကျွန်မတို့သားအမိ ဒီမှာနေသားကျနေပြီ၊ ဒီကနေ တခြား မသွားချင်တော့ဘူး'
တုကျိကောင်းကပြုံးလိုက်ပြီး—
'မင်းမသွားလို့မဖြစ်ဘူး၊ သွားကိုသွားရမယ်'
'ဘာဖြစ်လို့လဲ'
'မင်းသားရဲ့ဘဝအတွက် မင်းသွားရမယ်'
ထိုစဉ်မှာပင် ကို့ကျိကွမ်းက မြင်းလှည်းတစ်စီးကို ယူဆောင်လာ၏။
တုကျိကောင်းက လုဖုန်းတို့၏ ပစ္စည်းများကို မြင်းလှည်းပေါ်သို့တင်လိုက်သည်။
လုဖုန်းမှာ ဘာမျှပြန်ပြောမနေတော့ပါချေ။

ပန်းဘစ်ရာတောင်ကြားဝတွင် မြင်းလှည်းတစ်စီး ရပ်နေ၏၊ တုကျိုကောင်းသည် ဟိုစိန်ကျွဲးအား ပွေ့ဖက်နမ်းရှုပ်ကာ နှုတ်ဆက်လိုက်၏။

လုဖုန်းသည် မဲ့ပြုံးပြုံးလိုက်ပြီး

'ရှင်က ကျွန်မတို့ သားအမိကို အယ်တင်တယ် ဆိုပေမယ့် တကယ်တော့ ဒုက္ခပေးတာပါ'

တုကျိုကောင်းက

'ဘာဖြစ်လို့လဲ'

'ရှင် မစဉ်းစားဘူးလား၊ ကျွန်မတို့ သားအမိ နှစ်ယောက်တည်း ဘယ်လိုလုပ်ပြီး ခရီးဆက်ရမှာလဲ၊ လူဆိုး ဓားပြတွေနဲ့ မတွေ့ဘူးလို့ပြောနိုင်မလား'

'တုကျိုကောင်းသည် သဘောကျစွာပြုံးလိုက်ပြီး

'ကျုပ်ကတော့ မင်းအနေနဲ့ ခရီးဆက်ဖို့ ခက်မယ်မထင်ပါဘူး'

'ရှင်'

'ကျုပ်ဘာပြောတယ်ဆိုတာ မင်းနားလည်ပါတယ်၊ မင်းကို ဆက်သွယ် စောင့်ရှောက်မယ့် လူတွေရှိတာကို မှင်းလဲသိမှာပါ၊ ကျုပ် တစ်ခုပဲပြောလိုက်မယ်၊ ခင်ဗျားဘယ်သူလဲဆိုတာသိတယ်၊ မင်း သားကလေးအတွက် မင်းဟာ မိခင်ကောင်း တစ်ယောက်ဖြစ်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်'



တုကျိုကောင်းမှာ ပြောပြီးသည်နှင့် ပန်းတစ်ရာတောင်ကြား အတွင်းသို့ ပြန်လည်ဝင်ရောက်သွားသည်။

လုဖုန်းမှာမူ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုကြွေးမိလေတော့သည်။

ပေ့ဟုန်မှာ တုကျိုကောင်းအား စိုက်ကြည့်လိုက်၏။

အတန်ကြာမှ ...

'မင်းကိုငါ နားလည်လို့ကိုမရပါဘူး'

တုကျိုကောင်းကပြုံးလိုက်ပြီး

'လုဖုန်းတို့သားအမိကို အလောတကြီး ကယ်တင်ခဲ့လို့လား'

ပေ့ဟုန်က ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ မင်းအနေနဲ့ ငါတို့ဆီပြန်လာကတည်းက မင်း ကိုငါ ယုံကြည်ရပြီဆိုတာ ထင်ရှားခဲ့ပြီးပြီ၊ ဒါကလဲ မင်း တို့ကို အန္တရာယ်မပေးဘူးလို့ ကတိပေးထားတယ်၊ ဒါပေမယ့် မင်းက လုဖုန်းတို့ကို ချက်ချင်းထွက်သွားခိုင်းတာဟာ စဉ်းစားစရာပဲ'

တုကျိုကောင်းကသက်ပြင်းချလိုက်ရင်း....

'အခုတစ်ကြိမ်တော့ သူတို့သားအမိကို ဒီကထွက်သွားခိုင်းတာဟာ ကယ်တင်တာမဟုတ်ပါဘူး၊ ဖယ်ထုတ်လိုက်တာပါ'

ပေ့ဟုန်အံ့ဩသွားသည်။

'ဖယ်ထုတ်တာ ဟုတ်လား'

'ဟုတ်တယ်'

'ဘာကြောင့် ဖယ်ထုတ်ရတာလဲ'

'သူဟာ...သေမင်းတမန်ဂိုဏ်းသားတစ်ယောက် ဖြစ်လို့ပါ'

ပေ့ဟုန်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

တုကျိုကောင်းအား စိုက်ကြည့်လိုက်ပြီး....

'မင်း ဘယ်လိုလုပ်သိသလဲ'

'ကျင်းအော့ပြောပြလို့ပါ....ကျင်းအော့ကလဲ သေမင်းတမန် ဂိုဏ်းက အဆင့်မြင့်တစ်ယောက်ပဲလေ'



ပေ့ဟုန်မှာ ပို၍အံ့ဩသွားလေသည်။

တုကျိုကောင်းက စကားဆက်လိုက်လေသည်။

'ခင်ဗျားတို့ဆီမှာ သေမင်းတမန်အဖွဲ့သားတွေ ဘယ် လောက်ရှိတယ်ဆိုတာ မသိဘူး...ရှိလဲ အံ့ဩစရာမဟုတ်ပါဘူး'

'ဘာရည်ရွယ်ချက်နဲ့ ကျုပ်ဆီကိုလွှတ်ထားရတာလဲ'

'တစ်ချိန်ချိန်မှာ သူတို့ဂိုဏ်းပြန်ထောင်လာတဲ့အခါ ခင်ဗျား တို့ကိုပါ သူတို့အထဲ ဆွဲသွင်းဖို့ပေါ့'

'တောက်'

ပေ့ဟုန်က ဒေါသတကြီးဖြင့် တောက်ခေါက်လိုက်သည်။

ကိုကျိုကွမ်းက....

'မင်းက သိလျက်နဲ့ ဘာလို့ လုဖုန်းတို့သားအမိကို လွှတ်လိုက် ရတာလဲ'

တုကျိုကောင်းက ပခုံးတွန့်လိုက်ပြီး....

'သူ့သားကလေးအတွက်ပါ အပြစ်မဲ့တဲ့ကလေးတစ်ယောက် အတွက် သူ့ကို ချမ်းသာပေးလိုက်တာပါ'

ပေ့ဟုန်က ကောက်ကျစ်စွာပြုံးလိုက်ပြီး....

'တို့အပေါ် အကောက်ကြံချင်နေတဲ့ သေမင်းတမန်ဂိုဏ်းကို ဘယ်တော့မှ ရွှေစင်အရိုးစုပြန်မပေးတော့ဘူး'

တုကျိုကောင်းက....

'ဒါ ခေါင်းဆောင်ကြီးသဘောပါပဲ ကျွန်တော့်အနေနဲ့ ကတော့ တစ်နေ့နေ့မှာ ဖုရှောက်လုံနဲ့ မလွဲမသွေရင်ဆိုင်ရမှာပါ ထဲ့ဒီအချိန်ကျရင် ခေါင်းဆောင်ကြီးက ကျွန်တော့်ကိုကူညီ မယ်လို့ မျှော်လင့်ပါတယ်'

ဟု ပြောလိုက်၏။

ပေ့ဟုန်က ရယ်မောလိုက်လေသည်။

'စိတ်ချ မင်းကို ကျုပ်အစွမ်းကုန်ကူညီမယ် ဒါပေမယ့် မင်းလ…..ကျုပ်အပေါ်စိတ်ထားမှန်ကန်ဖို့တော့ လိုမယ်နော်'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး….

'စိတ်ချပါ…ခေါင်းဆောင်ကြီး'

ပေ့ဟုန်က…

'မင်း ဒီမှာ…ကြိုက်သလိုနေနိုင်တယ် တခြားတော့မသွားရ ဘူး ကျုပ်ကိစ္စရှိရင် မင်းကိုခေါ်တွေ့မယ် ဪ…ဒါနဲ့ ဒီမှာ မင်းဇနီးရှိမယ်တော့ ငါမထင်ဘူး ငါလဲ မသိရဘူး မင်းဟာမင်း ကြိုက်သလိုရှာဖွေဖို့ ငါခွင့်ပြုပါတယ်

'ကျေးဇူးတင်ပါတယ် ခေါင်းဆောင်ကြီး'

တုကျိကောင်းက ဦးညွှတ်ကာ ထွက်သွားလေတော့သည်။

*



တုကျိုကောင်း ထွက်ခွာသွားပြီးနောက် ပေ့ဟုန်က ကို့ကျိ ကွမ်းဘက်သို့ လှည့်လိုက်ပြီး

'သူ့ကို မင်းဘယ်လိုမြင်သလဲ'

ဟု မေးလိုက်၏။

ကို့ကျိကွမ်းက သက်ပြင်းချရင်း

'ဒီလူဟာ ဘယ်တော့မှ ကျုပ်တို့နဲ့လက်တွဲမယ့်လူစား မဟုတ် ဘူးလို့ ထင်ပါတယ်'

ပေ့ဟုန်က ရယ်လိုက်ပြီး…

'မင်းမဆိုးဘူး'

ကို့ကျိကွမ်းက…

'ဒါပေမယ့် သူက ဘာကြောင့် ခေါင်းဆောင်ကြီးကို ရွှေစင် အရိုးစုထုတ်ပေးရသလဲဆိုတာကို စဉ်းစားလို့မရဘူး'

ပေ့ဟုန်က

'အကြောင်းရှိတာပေါ့'

'ဘာအကြောင်းလဲ'

'ဥပမာ…လုဖုန်းတို့သားအမိကို လွှတ်ပေးဖို့နဲ့ ကျုပ်နဲ့ သေမင်းတမန်ဂိုဏ်း မသင့်မမြတ်ဖြစ်အောင် ခြေထိုးဖို့ပဲ'

ကို့ကျိကွမ်းက—

'တကယ်လို့ သူ့ကိုကူညီပြီး ဖုရှောက်လုံကို ကျွန်တော်တို့က လုပ်ကြံပေးရင်'

'သူက ငါ့ကိုသတ်ပြီး နေပြည်တော်ကိုပြန်သွားမှာပေါ့'

ကို့ကျိကွမ်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး—

'သူလဲ လှည်းကွက်ကလေးတွေဆင်တတ်လာပြီပဲ၊ သူ့ကိုလွှတ်ထားလို့ မဖြစ်တော့ဘူးထင်တယ်'

ပေ့ဟုန် ရယ်မောလိုက်ပြီး...

'ကျုပ်ကတော့ သူဆင်ထားတဲ့အတိုင်း လှည်းကွက်ထဲဝင်ဖို့ စိတ်ကူးထားတယ်၊ ဖုရှောက်လုံကိုသုတ်သင်တဲ့အခါ အကူအညီပေးကိုပေးရလိမ့်မယ်'

ကို့ကျိကွမ်း အံ့အားသင့်သွားပြီး....

'ဘာဖြစ်လို့လဲ ခေါင်းဆောင်ကြီး'

ဟု ပြန်မေးလိုက်၏၊

ပေ့ဟုန်က ကို့ကျိကွမ်းအားတီးတိုးပြောပြလိုက်၏။ ကို့ကျိကွမ်းမျက်နှာမှာ ဝင်းလက်သွား၏။

ပေ့ဟုန်ပြုံးလိုက်ပြီး

'ကျုပ်အကြံ ဘယ်လိုလဲ'

ဟုမေးလိုက်၏။

ကို့ကျိကွမ်း ရယ်မောလိုက်ပြီး

'ဘယ်သူကမှ ခေါင်းဆောင်ကြီးလောက် ကြံရည်ဖန်ရည်ကောင်းမှာမဟုတ်ပါဘူး'

## အကောက်ဉာဏ်

တုကျိကောင်းမှာ တိတ်ဆိတ် ငြိမ်သက်စွာပင် လိုဏ်ဂူနံရံကိုမှီကာထိုင်နေ၏။

ယင်းလိုဏ်ဂူသည် တစ်ချိန်က လုဖုန်းတို့သားအမိ နေထိုင်ခဲ့သော လိုဏ်ဂူပင်ဖြစ်သည်။

သူ ပန်းတစ်ရာတောင်ကြား၌ ဇနီးဖြစ်သူကိုရှာခဲ့သော်လည်း ခုနစ်ရက်ရှိပြီဖြစ်၏။ လုံးဝမတွေ့ပါ။

ဤတောင်ကြားတွင် နေထိုင်သူများကိုလည်း မေးမြန်းစုံစမ်းခဲ့၏။ သူတို့ သူပုန် တပ်သားများသည် ဝါးလင် တောင်သို့မရောက်ခဲ့ပါချေ။

သူကရှာမတွေ့သဖြင့် လက်လျှော့လိုက်၏။ တစ်နေ့ တစ်နေ့စားလိုက် အိပ်လိုက်နှင့်သာ နေလာခဲ့ရာ အလွန်ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေ၏။

ယနေ့သည် ဖုရှောက်လုံကျုံစခန်းသို့ ရောက်လာမည်ဟု ပေ့ဟုန်ကကြိုတင်ပြောဆိုထားသည် မဟုတ်ပါလား'

ပေ့ဟုန်သည် မိမိအားကူညီကာ ဖုရှောက်လုံအား လုပ်ကြံမည်ဟု ကတိပေးခဲ့သည်။

ပေ့ဟုန် အမှန်တကယ်ကတိတည်ပါမည်လော။ ယနေ့ ပေ့ဟုန်၏သဘောထားကို သိရမည်ဖြစ်သည်။

တစ်နည်းဆိုရလျှင် သူ့အသက် ရှင်သန်ရေးအတွက် ဤနေ့တွင်ပင် အဆုံးအဖြတ်ပေးမည် မဟုတ်ပါလား။

* * *



တုကျိကောင်းမှာ စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေသောအချိန်ရောက်ရှိလာပြီဖြစ်ကြောင်း နားလည်လိုက်သည်။

သူ့ထံ ကို့ကျိကွမ်းရောက်ရှိလာပြီ မဟုတ်ပါလော။ ကို့ကျိကွမ်းက

'မင်း အဆင်သင့်ပဲမဟုတ်လား'

တုကျိကောင်း ခေါင်းညိတ်လိုက်၏။ ကို့ကျိကွမ်းကအဝတ်ထုတ်ကလေးကို တုကျိကောင်းထံ ပစ်ပေးလိုက်ပြီး

'ခေါင်းဆောင်ကြီးက ဒီအဝတ်အစား လဲထားပါလို့ မှာလိုက်တယ်'

တုကျိကောင်းက ချက်ချင်းပင် လဲလှယ်ဝတ်လိုက်၏။

ထိုဝတ်စုံမှာ ပေ့ဟုန်၏ ကိုယ်ရံတော် ဝတ်စုံပင်ဖြစ်၏။

တုကျိကောင်းက ပြုံးယိုက်ပြီး

'ကျုပ်ကိုဘာလို့ ကိုယ်ရံတော်ဝတ်စုံ ဝတ်ဆင်ခိုင်းရတာလဲဗျ'

ဟု မေးလိုက်သည်။

ကို့ကျိကွမ်းက

'ဒီနေ့ ဖုရှောက်လုံလာမယ်လေ'

'ဟုတ်တယ်၊ ကျုပ်သိတယ်'

'ခေါင်းဆောင်ကြီးက ဖုရှောက်လုံကို အထူးဧည့်သည်အနေနဲ့ ဖိတ်ကြားလိုက်တာပဲ၊ သူ့ကိုကျွေးမွေးဧည့်ခံပြီးရင် ရွှေစင်အရိုးစုကို ပြန်ပေးလိမ့်မယ်'

တုကျိကောင်း ထိတ်လန့်သွားပြီး

'ဘာ...ဘယ်လို'

ကိုကျိုကွမ်းလက်ကာပြပြီး ဆက်ပြော၏။

'ကျုပ် စကားဆုံးအောင် နားထောင်ပါဦး'

တုကျိုကောင်း နားထောင်လိုက်၏။

ကိုကျိုကွမ်းက

'ခေါင်းဆောင်ကြီးက သေမင်းတမန်ဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့မယ်၊ ရွှေစင်အရိုးစုကို လက်ဆောင်အဖြစ်ပြန်အပ်မယ်၊ ဒီအချိန်မှာ မင်းက ဖုရှောက်လုံနဲ့ရင်ဆိုင်ရမယ်၊ ရှုပ်တယ်ကွာ ငါပြောတာထက် ခေါင်းဆောင်ကြီးဆီရောက်တော့ ခေါင်းဆောင်ကြီးက ရှင်းပြလိမ့်မယ်'

ကိုကျိုကွမ်း ပြောပြောဆိုဆို ရှေ့မှဦးဆောင် ထွက်ခွာသွားလေသည်။



ပေ့ဟုန်က

'သူတို့လာမှာက ဖုရှောက်လုံ၊ စုမင်း၊ ပုစန်းဟန်း၊ အမြဲညီအစ်ကိုနဲ့ ငယ်သားသုံးယောက်၊ စုစုပေါင်း ရှစ်ယောက်ပဲ'

'ဟုတ်ကဲ့'

'နောက် နည်းနည်းကြာရင် ရောက်လာကြလိမ့်မယ်၊ ငါ့ ရွှေယင်းဟွန်ကိုငါ ကြိုဆိုဖို့ တာဝန်ပေးထားတယ်'

တုကျိုကောင်းက

'ခေါင်းဆောင်ကြီး ဘယ်လိုစီစဉ်ထားသလဲ'

'မင်းကို ကိုကျိုကွမ်း မပြောဘူးလား'

ခေါင်းဆောင်ကြီးပြောပြလိမ့်မယ်လို့ပဲ ပြောပါတယ်'

ပေ့ဟုန် ကောက်ကျစ်စွာပြုံးလိုက်ပြီး

'မင်းက ငါနားမှာ ကိုယ်ရံတော်အဖြစ်နေရမယ်'

'ဟုတ်ကဲ့'

'ငါ့ အချက်မပေးမချင်း ဘာမှမလှုပ်ရှားရဘူး၊ အားလုံးကို ငါစီစဉ်ထားပြီးပြီ၊ ဘာမှ လောမကြီးပါနဲ့'

တုကျိုကောင်း ခေါင်းညိတ်လိုက်၏။

ပေ့ဟုန်က သက်ပြင်းချရင်း

'ငါ့အစီအစဉ်တွေဟာ အံဝင်ခွင်ကျဖြစ်ရင် မင်း ဖုရှောက်လုံကို အေးအေးဆေးဆေး လက်စားချေနိုင်မှာပါ'

တုကျိုကောင်းမှာ ပေ့ဟုန် တကယ်ပင်ပြောဆိုနေကြောင်း တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

*

နောက်ထပ် တစ်နာရီအကြာ။

မြေမရှိ ရောက်ရှိလာပြီး ဖုရှောက်လုံတို့ ပန်းတစ်ရာတောင်ကြားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းပို့လိုက်၏။

ပေ့ဟုန်က သတင်းကြားကြားချင်း သူ၏လူများအား စုစည်းကာ တောင်ကြားဝသို့ထွက်၍ ကြိုဆိုလိုက်၏။

ထို့နောက် ညစ်ခံပွဲကျင်းပရန် ပြင်ဆင်ထားသော လိုဏ်ဂူတစ်ခုဆီသို့ ဦးဆောင်ခေါ်သွားလေ၏။



ဖုရှောက်လုံ၏ရုပ်ရည်မှာ ရည်မွန်ခန့်ညား၏။

အသက်မှာလည်း ပေ့ဟုန်နှင့် မတိမ်းမယိမ်းပင်။

သူ၏ပုံဟန်မှာ နှစ်လိုဖွယ်ကောင်း၏။

သို့သော် သူ၏မျက်လုံးအစုံမှာမူ ကောက်ကျစ်မှုများ အစဉ်အမြဲ ပေါ်လွင်နေသည်။

သူ၏နောက်မှ စုမင်း၊ ပုစန်းဟန်း အစရှိသဖြင့်ပါလိုက်ပါလာသည်။

ထို့နောက် စားပွဲငယ်တစ်ဖက်တွင် ပေ့ဟုန်နှင့် သိုင်းခုနစ်ဖော်တို့ ငါးယောက်က နေရာယူလိုက်သည်။

ဖုရှောက်လုံတို့လူစုကလည်း စားပွဲတစ်ဖက်တွင် ဝင်ရောက်ထိုင်လိုက်သည်။

ပေ့ဟုန်က သူ၏လူများနှင့် မိတ်ဆက်ပေးလိုက်ပြီးအရက်အိုးငှဲကာ ခွက်ထဲထည့်လိုက်ပြီး မော့သောက်ကာ....

'ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဆုံမှုအတွက်'

ဟု ဆုတောင်းလိုက်သည်။

ပေ့ဟုန်၏ ကိုယ်ရံတော်များက စားသောက်ဖွယ်ရာများကို တည်ခင်းလိုက်သည်။

ပေ့ဟုန်က....

'လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က ကျုပ်ရဲ့ ငယ်သားတွေနဲ့ နောင်ကြီးရဲ့လူတွေအကြောင်း အမျိုးမျိုးကြောင့် အဆင်မပြေဖြစ်ခဲ့တာကို အခုပဲတောင်းပန်ပါတယ်'

ဟု လေးလေးစားစား ပြောလိုက်သည်။

ဖုရှောက်လုံက ပြုံးလိုက်ပြီး

'ကိစ္စမရှိပါဘူး၊ ကျုပ်တို့ကလဲ အဘင်လွဲတာလေးတွေ ရှိခဲ့လို့ပါ'

ပေ့ဟုန် သက်ပြင်းချရင်း

'ကျုပ်ကတော့ တုကျိကောင်းလို့ခေါ်တဲ့ ဟုကျင်းကို ကျုပ်အပေါ် ကျေးဇူးရှိတဲ့ယဲ့သားလို့ ယူဆပြီး ခင်ဗျားတို့နဲ့ ရန်ပြုမိတာကို ခုအထိ နောင်တရလို့ မဆုံးပါဘူး'

ဖုရှောက်လုံက

'တုကျိကောင်း ဘာကြောင့် ဒီကို ရောက်လာတယ်ဆိုတာ ခေါင်းဆောင်ကြီး သိပြီးပြီနဲ့တူတယ်'

'ဟုတ်ပါတယ် သူကကျုပ်ကိုသတ်ဖို့ ရောက်လာတာပဲ'

'သူရှိသေးလား'

'ကျုပ်ကိုသတ်မယ့်လူတစ်ယောက်ကို ကျုပ်ကကြာကြာ ယုံကြည်မှာ မထားနိုင်ပါဘူး'

ဖုရှောက်လုံ ဝမ်းသာသွားသည်။

သို့သော် တစ်ချိန်တည်း မှာပင် စိတ်ပျက်သွားသည်။

တုကျိကောင်းသေလျှင် သူ့ရွှေစင်အရိုးစုကို မည်သို့ ရှာဖွေနိုင်ပါတော့မည်နည်း။

တွေငိုင်နေစဉ် ပေ့ဟုန် စကားဆက်လိုက်သည်။

'ဒါပေမယ့် တုကျိကောင်း ဒီကိုရောက်လာတာဟာ ဂိုဏ်းချုပ်ကြီးနဲ့ ကျုပ်ပိုပြီးရင်းနှီးဖို့ အကြောင်းဖန်လာတယ်လို့ ပြောလဲ ရပါတယ်'

ဖုရှောက်လုံက မျက်မှောင်ကြုတ်သွားပြီး

'ဘာဖြစ်လို့လဲဗျ'



ပေ့ဟုန် အဖြေမပေးပါ။

လက်ခုပ်တစ်ချက်တီးလိုက်သည်။

လက်ခုပ်သံအဆုံးဝယ် ကိုယ်ရံတော်တစ်ယောက်က ကြီးမားသော အထုပ်တစ်ခုကို စားပွဲပေါ်တင်လိုက်သည်။

ပေ့ဟုန် ထိုအထုပ်ကိုဖြေလိုက်ပြီး ဖုရှောက်လုံအားတွန်းကာ

'ကဲ... ဂိုဏ်းချုပ်ကြီး စစ်ဆေးကြည့်ပါဦး၊ ဒါ ဂိုဏ်းချုပ်ကြီးတို့ရဲ့ ပစ္စည်းဟုတ်မဟုတ်လို့'

ဟု ပြောလိုက်သည်။

အိတ်တွင်းမှပစ္စည်းကို တွေ့သောအခါ ဖုရှောက်လုံမှာ ဝမ်းသာအံ့ဩသွားရသည်။

ရွှေရောင်ပြိုးပြိုးပြက်ပြက်နှင့် တောက်ပနေသော အရိုးစုတစ်ခု သူ့အတွက် အထူးလိုအပ်နေသော ရွှေစင်အရိုးစု။

တစ်နည်းအားဖြင့်သေမင်းတမန်ဂိုဏ်းချုပ်၏အမှတ်အသားအရိုးစု၊ဖုရှောက်လုံမှာ ရွှေစင်အရိုးစုအားစစ်ဆေးကြည့်လိုက်၏။

သူတို့၏ ရွှေစင်အရိုးစု အစစ်အမှန်ပင် ဖြစ်ပါသည်။

သူ၏စိတ်ထဲတွင် ဝေခွဲမရဖြစ်နေသည်။

ယင်းရွှေစင်အရိုးစုကို ပေ့ဟုန်က အလွယ်တကူ ပြန်ပေးမည်ဟု သူမယုံကြည်ပါ၊

ဝမ်းသာသော်လည်း စိတ်ထဲ၌မတင်မကျ ဖြစ်နေသည်။

ပေ့ဟုန်က

'ပစ္စည်း မှန်ကန်ရဲ့လား ဂိုဏ်းချုပ်ကြီး'

ဟု မေးလိုက်သည်။

ဖုရှောက်လုံက ခေါင်းညိတ်လိုက်ရင်း'....

'ဟုတ်ကဲ့.... ကျုပ်တို့ သေမင်းတမန်ဂိုဏ်းရဲ့ ရွှေစင်အရိုးစု အစစ်အမှန်ပါ'

ပေ့ဟုန်ကပြုံးလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီး...ဒီပစ္စည်းရရင် သေမင်းတမန် ဂိုဏ်းချုပ် နေရာကို တရားဝင်ဆက်ခံနိုင်ပြီပေါ့'

ဖုရှောက်လုံက ခေါင်းညိတ်လိုက်သည်။

ပေ့ဟုန်က....

'ဒါဆို ဘာလို့ ရွှေစင်အရိုးစုကိုမယူသေးတာလဲ'

ဖုရှောက်လုံကပြုံးလိုက်ပြီး

'ခေါင်းဆောင်ကြီးအနေနဲ့ ပြောစရာစကားရှိဦးမယ်လို့ ယူဆထားလို့ပါ'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'ကဲ....ပစ္စည်းကို သာယူထားလိုက်ပါ၊ ကျုပ်ပြောချင်တာကို နောက်မှပြောပါမယ်'

ဖုရှောက်လုံကသက်ပြင်းချရင်း—

'ကျုပ်ဆီကို ရွှေစင်အရိုးစု ပြန်ရောက်ပြီးမှဆိုရင် ခေါင်းဆောင်ကြီးတောင်းဆိုမယ့်အခွင့်အရေး ရချင်မှရမှာပေါ့'

ပေ့ဟုန်က

'ကိစ္စမရှိပါဘူး၊ ကျုပ်က ဒီရွှေစင်အရိုးစုကို မြင်ပြီးတော့ အကျုပ်မကိုင်ချင်ပါဘူး'

ဖုရှောက်လုံမှာအံ့သြသွား၏။ သက်ပြင်းချလိုက်ပြီး....

'ကျုပ်မယူခင် တောင်းဆိုချင်တဲ့ အခွင့်အရေးကို ကြိုပြောတာပိုကောင်းမယ်ထင်ပါတယ်'



ပေ့ဟုန်က...

'ကိစ္စမရှိပါဘူး၊ ကျုပ် တောင်းဆိုချင်တဲ့ အခွင့်အရေးကို ဂိုဏ်းချုပ်မလိုက်လျောနိုင်ရင်လဲ ဒီပစ္စည်းကို လက်ဆောင်လို့ပဲ သဘောထားပြီး ကျုပ် ပေးလိုက်မှာပါ၊ ယူသာ ယူထားလိုက်ပါ'

ဖုရှောက်လုံ ဝမ်းသာသွား၏။

သူ၏ငယ်သားတစ်ဦးကို ယူခိုင်းလိုက်၏။

ဖုရှောက်လုံက ပေ့ဟုန်အားဦးညွတ်ရင်း....

'ခေါင်းဆောင်ကြီးရဲ့ အခုလိုသဘောထားကြီးမှုကို တွေ့ရတော့ ကျုပ် အလွန် ချီးကျူးမိပါတယ်၊ ခေါင်းဆောင်ကြီးနဲ့ မိတ်ဆွေဖြစ်ရရင်ပဲ ဂုဏ်ရှိလှပါပြီ'

ဟု မြှောက်ပင့်ပြောလိုက်၏။

ပေ့ဟုန်ကရယ်မောလိုက်ပြီး....

'ကျုပ်တောင်းဆိုမယ့် အခွင့်အရေးဟာ ဒါပါပဲ၊ ကျုပ်တို့ မဟာမိတ်ဖွဲ့ကြမလား'

ဖုရှောက်လုံက ကြောင်အမ်းအမ်းဖြစ်သွားပြီး....

'ဘယ်လိုမဟာမိတ်ဖွဲ့ကြမှာလဲ'

ဟု ပြန်မေးလိုက်သည်။

ပေ့ဟုန်က လေးနက်စွာပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီးနေရာခိုင်မြဲအောင် ကျုပ်က အမြဲ ထောက်ခံပေးမယ်၊ ဒီလိုပဲ ကျုပ်တို့ ပိုက်ဆို့ခံနေရတာကို ထိုးဖောက်ထွက်နိုင်အောင် ဂိုဏ်းချုပ်ကြီးက အကူအညီပေးရမယ်'

ဖုရှောက်လုံက

'ကျုပ် စဉ်းစားပါရစေဦး'

ပေ့ဟုန်က....

'ဒါကို သိပ်စဉ်းစားစရာမလိုပါဘူး၊ ဂိုဏ်းချုပ်ကြီးရဲ့အခြေအနေကို ပြန်ပြီးသုံးသပ်ကြည့်ပါ၊ ဌာနခွဲမှူးတွေဟာ ဂိုဏ်းချုပ်ကြီးကိုမကျေနပ်ကြပါဘူး၊ နေရာအမြဲတမ်းလုဖို့ စဉ်းစားနေကြပါတယ်၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ရွှေစင်အရိုးစုကိုရလို့ တရားဝင်ဂိုဏ်းချုပ်ကြီးဖြစ်လာရင်လဲ သူတို့က ကျေနပ်ကြမှာ မဟုတ်ပါဘူး'

ဖုရှောက်လုံက....

'ခေါင်းဆောင်ကြီးနဲ့ မဟာမိတ်ဖွဲ့ရင်ကော'

'ဒါဆိုရင် ဌာနခွဲမှူးတွေရဲ့သဘောထား ပြောင်းသွားနိုင်ပါတယ်'

ဖုရှောက်လုံမှာ တွေဝေသွား၏။

သူသည် ဉာဏ်နီဉာဏ်နက် အလွန်များသောလူဖြစ်သည်။

ပေ့ဟုန်၏စကားကို နားထောင်သုံးသပ်လိုက်ပြီးမှ

'ခေါင်းဆောင်ကြီးကို ကျုပ်က ဘယ်လိုကူညီရမှာလဲ'

ဟု မေးလိုက်သည်။ ပေ့ဟုန်က

'အခု ကျုပ်တို့ကို နေပြည်တော်ကတပ်တွေက ပိတ်ဆို့ထားတယ်၊ ကျုပ်တို့ ဘာစစ်ဆင်ရေးမှ မလုပ်နိုင်ဘူး၊ တကယ်လို့ ဂိုဏ်းချုပ်ကြီးက ဂိုဏ်းအင်အားကိုအသုံးပြုပြီး သူတို့ကိုအနှောင့်အယှက်ပေးရင် သူတို့ဟာ ကြာရှည်ပိတ်ဆို့မှာမဟုတ်တော့ဘူး၊ တစ်နေရာကို ပြောင်းရွှေ့သွားရလိမ့်မယ်'



ဖုရှောက်လုံမှာ တွေဝေသွား၏။

ပေ့ဟုန်ကရယ်မောလိုက်ပြီး

'ကျုပ်က သဘောတူရမယ်လို့မပြောပါဘူး၊ သဘောမတူလဲ ဂိုဏ်းချုပ်အနေနဲ့ ရွှေစင်အရိုးစုကိုယူပြီး ထွက်သွားနိုင်ပါတယ်'

ဟု ဆက်ပြောလိုက်သည်။

ဖုရှောက်လုံမှာ မနေသာတော့ပါ။

ဟန်ဆောင်၍ရယ်မောလိုက်ပြီး....

'ခေါင်းဆောင်ကြီးက ကျုပ်ကို အထင်လွဲနေတာကိုး၊ ဒီကိစ္စကို ကျုပ်က ဝမ်းမြောက်ဝမ်းသာနဲ့ပဲ သဘောတူပါတယ်ဗျာ'

ဟု ပြောလိုက်တော့သည်။

ပေ့ဟုန်က ဂုဏ်ပြုပွဲကိုတည်ခင်း၍ ညွှဲခံလိုက်သည်။

ဂုဏ်ပြုပွဲမှာ အလွန်ပင်မြိုင်ဆိုင်လှသည်။

စုမင်းမှာ ဖုရှောက်လုံ အရက်ကိုအလွန်အကျွံ သောက်မည်စိုးရိမ်သဖြင့် နံဘေးမှနေ၍သတိပေးနေသည်။

ဖုရှောက်လုံကသည်း ဟန်ဆောင်သောက်နေသည်။

ပေ့ဟုန်အား သူ လုံးဝမယုံရဲပါ။

ညွှဲခံပွဲ၏နောက်ကွယ်တွင် အကြံအစည်တစ်ခုရှိနိုင်သည်ဟု ခံစားနေရသည်။

ထို့ကြောင့် သတိထား၍ဆက်ဆံနေရ၏။

ဤနေရာမှ အမြန်ထွက်ခွာပြီးလျှင် ပေ့ဟုန်နှင့် သူလည်းဆက်ဆံရန်မလိုတော့ဟု နားလည်ထား၏။

ထို့ကြောင့် ပြန်ရန်စကားစလိုက်ရသည်။

'ခေါင်းဆောင်ကြီးရဲ့ ဂုဏ်ပြုပွဲကို တက်ရောက်ရတဲ့အတွက် ဝမ်းသာပါတယ်၊ အချိန်လဲသိပ်မရှိတော့တာမို့ ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး'

ပေ့ဟုန်က

'အို…စောပါသေးတယ်ဗျာ၊ သောက်ပါဦး'

ဖုရှောက်လုံကပြုံးလိုက်ပြီး

'ကျေးဇူးတင်ပါတယ် မိုးချုပ်လို့မဖြစ်လို့ပါ'

ပေ့ဟုန်က မျက်မှောင်ကြုတ်သွားပြီး….

'ဘာဖြစ်လဲဗျ….မိုးချုပ်တော့လဲ ဒီမှာပဲ တစ်ညတည်းခိုလိုက်ပေါ့'



ဖုရှောက်လုံက အားတုံ့ အားနာဟန်ဖြင့်….

'မဖြစ်လို့ပါ'

'ဘာလဲ ကျုပ်တို့ကိုစိတ်မချလို့လား'

'မဟုတ်ပါဘူး'

'ဒါဆို ဘာလို့သောနေတာလဲ'

'ဒီလိုရှိပါတယ် ဒီကိုမလာခင်က ဒီမှာဘယ်လိုတွေကြုံရမယ်ဆိုတာမသိတော့ ကျုပ်ရဲ့ငယ်သားထဲက လက်ရွေးစင်ငါးယောက်ကိုမှာထားခဲ့ရပါတယ်'

'ဘယ်လိုမှာထားလို့လဲ'

'နေဝင်လို့မှ ကျုပ်ပြန်ထွက်မလာရင် ဒီအထဲကိုဝင်ပြီးစီးနင်းတိုက်ခိုက်ဖို့ပါပဲ'

ပေ့ဟုန်မှာ မျက်နှာပျက်သွား၏။

သို့သော် အဆိပ်ဘုရင်၏အကြည့်ကြောင့် ချက်ချင်းပြုံးရွှင်သွားပြီး

'ဟာ…ဒါဆိုလဲရပါတယ် နောက်နောင်တော့ ဒီလိုမမှာခဲ့ပါနဲ့ဗျာ'

ဖုရှောက်လုံက ထရပ်လိုက်ပြီး—

'ဟုတ်ကဲ့ အခုလိုပဋိပက္ခမဖြစ်ဘူးဆိုတာ ကြိုသိရရင် ကျုပ်မမှာခဲ့ပါဘူး ကျုပ်အပေါ် အထင်မလွဲပါနဲ့'

'ရပါတယ်ဗျာ ကျုပ်တို့လဲ ဒီလိုပဲစီမံခဲ့မှာပါ'

ထိုစဉ်မှာပင် ပုစန်းဟန်း၏အော်သံ ထွက်ပေါ်လာသည်။

'ပေ့ဟုန် ရှင် ယုတ်မာလှချည်လား'

ဖုရှောက်လုံမှာ အံ့အားသင့်သွား၏။

ပုစန်းဟန်းဘက်ဟု လှည့်လိုက်ပြီး

'ဘာဖြစ်လို့လဲ'

ပုစန်းဟန်းက အံကိုကြိတ်လိုက်ပြီး

'သူ ရေနွေးကြမ်းထဲမှာ အဆိပ်ခတ်ထားတယ်'

ထိုစကားကြောင့် ဖုရှောက်လုံနှင့် စုမင်းတို့မှာ ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

• • •



ဒုစရိုက်သမားများသည်၊ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိကြသူများ မဟုတ်ချေ။

မိမိတို့၏ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်သူများသာ ဖြစ်ကြသည်။

အခွင့်သာလျှင် ဘာနပူးသိုက်တူးမည့်သူများပင် ဖြစ်ကြသည်။

ဒုစရိုက်သမားများသည် ကတိသစ္စာဆိုသည်ကို နားလည်ကြသူများ မဟုတ်ကြပါ။

လွယ်လွယ်နှင့်ကတိပေးပြီး၊ ပေးထားသည့်ကတိကိုလည်း လွယ်လွယ်နှင့် ချိုးဖောက်တတ်ကြသူများပင် ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး သစ္စာစောင့်သိရန်ဆိုသည်ကား၊ ဝေလာဝေးပင်။

ထို့ကြောင့် ဖုရှောက်လုံသည်၊ ပေ့ဟုန်၏ညှော်ခံပွဲကို လုံးဝ ကြည့်မှုမရှိခဲ့ပေ။

ညှော်ခံပွဲ၏နောက်ကွယ်၌ လျှို့ဝှက်သောအကြံအစည်တစ်ခုခု ရှိမည်ဟု ကြိုတင်တွက်ဆခဲ့သည်။

တွက်ဆခဲ့သည့်အတိုင်းလည်း၊ ပေ့ဟုန်၏ပိရိသောအကောက်ကြံမှုကို ခံလိုက်ရပြီဖြစ်သည်။

ဒုစရိုက်လောကကား၊ အတိမ်းအစောင်း မခံချေ။

လျင်သူစားတမ်း လောကပင်ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် အကောက်ကြံရန် အလစ်ချောင်းနေသော ယုတ်မာပက်စက်သည့်လောကပင်ဖြစ်သည်။

ယခုလည်း ပေ့ဟုန်၏အကောက်ကြံမှုကြောင့်၊ ပုစန်းဟန်းမှာ အဆိပ်မိသွားခဲ့ရပြီဖြစ်သည်။

ပုစန်းဟန်း၊ အမြွာညီအစ်ကိုနှင့် ငယ်သားသုံးယောက်တို့၏ နဖူးပေါ်တွင် ချွေးများစို့နေ၏။

သူတို့သည် အဆိပ်ကို အတွင်းအားဖြင့် ခုခံနေကြောင်း သိလိုက်ရ၏။

ဖုရွှောက်လုံ၏မျက်နှာမှာ မည်းမှောင်သွားလေသည်။

ပေ့ဟုန်အား စိုက်ကြည့်လိုက်ပြီး

'ခင်ဗျား တော်တော်ယုတ်မာပါလား'

ပေ့ဟုန်က ကောက်ကျစ်စွာပြုံးလိုက်ပြီး....

'တစ်ယောက်နဲ့တစ်ယောက် အနိုင်ယူမယ်ဆိုရင် နိုင်မယ့်နည်းကို ရှာသုံးရတာပေါ့။ ဒီအဆိပ်ဟာကျုပ်လူယုံအဆိပ်ဘုရင်အား ထားရတဲ့အဆိပ်ပါပဲ ခင်ဗျားတို့ရဲ့ဇနီးမောင်နှံဟာ ရှေးနွေးကြမ်းမသောက်လို့ ကံကောင်းကြတာပဲ'

ပေ့ဟုန်ကား သူတစ်ပါးဒုက္ခရောက်အောင် အဆိပ်ခတ်လိုက်ရသော်လည်း၊ တစ်စုံတစ်ရာခံစားမှုမရှိချေ။

ဒုစရိုက်သမားများကား၊ သွေးအေးအေးဖြင့် ရက်စက်ကြသူများပင် ဖြစ်ပေသည်။

ပုစန်းဟန်း ဒေါသထွက်ပြီး ဝုန်းခနဲထရပ်လိုက်သည်။

'ဖြေဆေးပေးပါ'

'ဖြေဆေးကိုတော့ ကျုပ်တို့ဆောင်မထားပါဘူး'

ပုစန်းဟန်းမှာ ထိုစကားကြားသောအခါ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

လျပ်တစ်ပြက် ပေ့ဟုန်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

'ဒီလို ဘယ်ရမလဲရှင်'



ဇွေ့ယင်းဟုန်က ကြားဖြတ်ဟန့်တားလိုက်သည်။ ပုစန်းဟန်း၏လက်ဝါးနှင့် ဇွေ့ယင်းဟုန်၏လက်ဝါးတို့ရင်ဆိုင်မိသွားသည်။

'ဝုန်း'

ဇွေ့ယင်းဟုန်မှာ နောက်သို့သုံးလှမ်းမျှ ဆုတ်လိုက်၏။

ပုစန်းဟန်းမှာမူ တည်ငြိမ်စွာရပ်နိုင်ခဲ့လေသည်။

သို့သော် သူမ၏မျက်နှာမှာ ပြာနှမ်းလာ၏။

အဆိပ်ဘုရင်က ရယ်မောလိုက်ပြီး....

'အဆိပ်မိထားတဲ့ လူတစ်ယောက်ဟာ အတွင်းအား မသုံးရဘူး။ ဒေါသမကြီးရဘူးဆိုတာ မသိဘူးထင်တယ်'

ပုစန်းဟန်းမှာ ဒေါသထွက်သွား၏။ သို့သော် မတိုက်ခိုက်နိုင်တော့ပါ။

အဆိပ်ကို မနည်းထိန်းချုပ်နေ၏။

သို့သော် မည်သို့မျှထိန်းချုပ်၍ မရတော့ပါ။

အဆိပ်မှာ သူမ၏တစ်ကိုယ်လုံးသို့ ဝင်ရောက် ပျံ့နှံ့နေပြီဖြစ်ပါသည်။

ပုစန်းဟန်း၏ ပါးစပ်နှင့်နှာခေါင်းမှ မည်းနက်သော သွေးများယိုစီးကျလာသည်။

သူမ၏ခန္ဓာကိုယ်မှာ တုန်ခါသွားပြီးနောက် မြေပေါ်သို့ လဲကျသွားကာ သေဆုံးသွားလေတော့သည်။

ဒုစရိုက်သံ့သရာကား ဤသို့နှိုင်နှိုချည်းသာတည်း။

ဒုစရိုက်သမားအချင်းချင်း အကောက်ကြံကာ တစ်ယောက်ကိုတစ်ယောက် လုပ်ကြံသတ်ဖြတ်ကြသည်။

မိမိ ကိုယ်ကျိုးစီးပွား အတွက်ဆိုလျှင် မည်သူ့ မျက်နှာမှ မထောက်ဘဲ မျက်နှာပြောင်တိုက် လုပ်ရှားဝံ့ကြသူများ ဖြစ်ကြပေသည်။

* * *



တစ်ခဏဟူသော အချိန်အတွင်းမှာပင် ပုစန်းဟန်း၊ အမြွာညီအစ်ကိုနှင့် ငယ်သားသုံးယောက်မှာ အဆိပ် ဒဏ်ရာကြောင့် သေဆုံးသွားကြလေသည်။

ဖုရွှောက်လုံမှာ ထိတ်လန့်သွား၏။ ဆက်နေ၍ အကျိုးမရှိကြောင်း သိလိုက်၏။

စုမင်းအားမျက်ရိပ်ပြလိုက်ပြီး ထွက်ပြေးသွားကြတော့သည်။

'မပြေးနဲ့'

ဟူသောအော်သံနှင့်အတူ လူရိပ်တစ်ခုက ဖုရွှောက်လုံအား ဟန့်တားလိုက်၏။

ထို့အတူ စုမင်းကိုလည်း ဈေ့ယင်းဟုန်က ဟန့်တားတိုက်ခိုက်လိုက်လေသည်။

ဖုရွှောက်လုံမှာ ဟန့်တားလာသူအား လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်လေသည်။

ထိုလူကလည်း လက်ဝါးဖြင့် ပြန်လည်တွန်းထုတ်လိုက်သည်။

'ဝုန်း'

နှစ်ယောက်စလုံးနောက်သို့တစ်လှမ်းဆီမျှဆုတ်သွားကြရ၏။

ဖုရွှောက်လုံမှာ ရင်ထိတ်သွား၏။

ပေ့ဟုန်၏ ကိုယ်ရံတော်တစ်ယောက်သည် သူ့အားခုခံနိုင်သည်မဟုတ်ပါလော။

ကိုယ်ရံတော်အားကြည့်လိုက်ပြီး မေးလိုက်၏။

'မင်းဘယ်သူလဲ'

ကိုယ်ရံတော်က ရယ်မောလိုက်ပြီး —

'ဟုကျွင်းပါ မင်း မမှတ်မိတော့ဘူးလား'

ဖုရှောက်လုံက ပို၍ထိတ်လန့်သွားငေ်။

ဟုကျွင်းခေါ် တုကျိုကောင်းကို သူမှတ်မိလိုက်ပြီ မဟုတ်ပါလား။

တုကျိုကောင်းက တွေဝေမနေဘဲ ဖုရှောက်လုံအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ဖုရှောက်လုံကလည်း ပြန်တိုက်ခိုက်လိုက်သည်။



တိုက်ပွဲမှာ ပြင်းထန်နေသည်။ တုကျိုကောင်းနှင့် ဖုရှောက်လုံမှာ ဆရာတူတပည့်များ ဖြစ်ကြသည့်အလျောက် တစ်ယောက်၏သိုင်းကွက်ကို တစ်ယောက်ကြိုသိနေ၏။

ထို့ကြောင့် လက်ရည်တူနေ၏။ အမှန်စင်စစ် ဖုရှောက်လုံက အတွင်းအားနှင့်တကွ သိုင်းကျွမ်းကျင်မှုတွင် ပို၍သာလွန်၏။ ယခုမူ သူသည် ထွက်ပြေးရန်သာ စိတ်စောနေသည့်အတွက် လက်ရည်တူနေခြင်း ဖြစ်ပါသည်။

စုမင်းမှာလည်း ဧွှယင်းဟုန်နှင့် လက်ရည်တူနေ၏။ ပေဟုန်မှာ တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်နေသည်။

တုကျိုကောင်းသည် ဖုရှောက်လုံအား မည်သည့်နည်းနှင့်မျှ နိုင်မည်မဟုတ်ကြောင်း သိရှိသွားလေသည်။

ထို့ကြောင့် သူက ကို့ကျိုကွမ်းဘက်သို့လှည့်လိုက်ပြီး....

'ကို့ကျိုကွမ်း မင်း သွားပြီးကူညီလိုက်ပါ'

ကို့ကျိုကွမ်းက ခေါင်းညိတ်လိုက်ပြီး ဓားကို ဆွဲထုတ်လိုက်၏။ ထို့နောက် ဖုရှောက်လုံအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

တစ်ယောက်နှင့် နှစ်ယောက် ဖုရွှောက်လုံမှာ ထိုက်စစ်အားပျော့နေ၏။

ကို့ကျိကွမ်း၏ ထက်မြက်ပေ့သောဓားကွက်များက သူ့အား လွတ်လပ်စွာ မလှုပ်ရှားနိုင်အောင် အနှောင့်အယှက်ပေးနေ၏၊

တုကျိကောင်း၏ အငြိုးကြီးလှသောတိုက်ကွက်များက သူ့အား ခြိမ်းခြောက်နေ၏။

ထို့ကြောင့် သူ၏အခြေအနေမှာ ခံစစ်သို့ ရောက်ရှိလာလေသည်။

ဖုရွှောက်လုံ၏ရင်ထဲ၌ လေးလံလာသည်။

တိုက်ခိုက်မှုများကို ကာကွယ်ရင်၊ ထွက်ပြေးနိုင်မည့် အခွင့်အရေးကို စောင့်မျှော်နေမိလေသည်။

ပေ့ဟုန် သဘောကျစွာရယ်မောလိုက်ပြီး—

'ဖုရွှောက်လုံ ကျုပ်ကအခု သေမင်းတမန်ဂိုဏ်းထဲကိုဝင်လိုက်တော့မယ်'

ဟုပြောလိုက်သည်။

ဖုရွှောက်လုံမှာ ဒေါသထောင်းခနဲ ထသွားလေသည်။

ပေ့ဟုန်သည် ရွှေစင်အရိုးစုကိုပြကာ သေမင်းတမန်ဂိုဏ်းကိုပါ သိမ်းပိုက်တော့မည်မဟုတ်ပါလား။

ဖုရွှောက်လုံ၏ရင်ထဲ၌ ခံပြင်းလာ၏။ ချက်ချင်းပင် နောက်ဆုံး သူလေ့ကျင့်ထားသော သိုင်းကွက်အားဖော်ထုတ်လိုက်၏၊

• • •



ဖုရွှောက်လုံ၏လှုပ်ရှားမှုမှာ လေကဲ့သို့လျင်မြန်လာ၏။ လူတစ်ယောက်မဟုတ်တော့ဘဲ အရိပ်များစွာကဲ့သို့ ဖြစ်ပေါ်လာသည်။

တုကျိကောင်းနှင့် ကို့ကျိကွမ်းတို့ လိုက်လံတိုက်ခိုက်နေရသလိုဖြစ်နေသည် မဟုတ်ပါလား။

ကို့ကျိကွမ်းက ထိတ်လန့်သွားပြီး—

'ဒါ....ဘာသိုင်းပညာလဲ'

ဟု အလန့်တကြားအော်လိုက်၏။

တုကျိကောင်းက—

'အရိပ်သိုင်းကွက်ဗျ'

ဖုရွှောက်လုံက ရယ်မောလိုက်ပြီး—

'မင်း ဘယ်ဆိုးလို့လဲ အရိပ်သိုင်းကွက်တောင်သိသားပဲ'

သူ၏စကားဆုံးသည်နှင့်....

'ဝုန်း ဝုန်း'

ကို့ကျိကွမ်းနှင့် တုကျိကောင်းတို့မှာ ဖုရွှောက်လုံ၏လက်ဝါးထိမှန်ပြီး နောက်သို့လွင့်စဉ်သွားလေတော့သည်။

• • •

## ပန်းဘွားဘွား

နေရောင်ခြည်သည် သစ်ရွက် များ ကြားမှ အောက် သို့ ထိုးဖောက် ဖြာကျလာသည်။

နေရောင်သည် တုကျီကောင်းနှင့် ကို့ကျီကွမ်းတို့၏ မျက်နှာပေါ်သို့ ထိုးကျနေ၏။

တုကျီကောင်းနှင့် ကို့ကျီကွမ်းမှာ မြက်ဖြာပေါ်ဝယ် လဲလျောင်းနေ၏။

သတိမေ့မြောနေကြခြင်းပင်ဖြစ်သည်။

ပေ့ဟုန်၊ စွေ့ယင်းဟုန်၊ ခြေမရှိ၊ အဆိပ်ဘုရင်နှင့် လီဟုန်တို့မှာ ဝိုင်းဖွဲ့၍ ထိုင်နေ၏။

သူတို့၏မျက်နှာမှာ မကြည်မလင်ဖြစ်နေ၏။

ပေ့ဟုန်က

'သူတို့အခြေအနေ ဘယ်လိုလဲ'



အဆိပ်ဘုရင်က သက်ပြင်းချရင်း

'မနက်ဖြန်ဆိုရင် သတိရလာမှာပါ'

ခြေမရှိက

ကို့ကျီကွမ်းကိုကယ်တာကတော့ အကြောင်းမဟုတ်ပါဘူး၊ ဘာဖြစ်လို့ တုကျီကောင်းကိုပါ ကယ်ရတာလဲ ခေါင်းဆောင်ကြီး'

ဟု မကျေမနပ်နှင့် မေးလိုက်၏။

ပေ့ဟုန်က

'သူဟာ ငါ့အတွက် အသုံးဝင်နေတုန်းမို့ပါ'

'သူ့ကိုတားတာ အန္တရာယ်ရှိတယ်နော်'

'ကိစ္စမရှိပါဘူး၊ တကယ်လို့ မနေ့ကသာ ဖုရွှောက်လုံလွတ်မသွားရင် သူ့ကို ငါကတောင် သတ်လိုက်ဦးမှာပါ'

ခြေမရှိက မျက်မှောင်ကြုတ်သွားပြီး

'ကျွန်တော် နားမလည်တော့ဘူး၊ ခေါင်းဆောင်ကြီးအကြံအစည်တစ်ခုခုရှိတယ်ထင်တယ်'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'သေမင်းတမန် ဂိုဏ်းချုပ်အဖြစ် ဖုရွှောက်လုံဟာ တရားမဝင်ရှိနေဆဲပါပဲ၊ ငါ့ဆီမှာ ရွှေစင်အရိုးစုရှိပေမယ့် ငါဟာ ဂိုဏ်းချုပ်ဝင်လုပ်လဲ ကျေနပ်မှာ မဟုတ်သေးဘူးကွ'

စွေ့ယင်းဟုန်က

'ရွှေစင်အရိုးစုကို အကြောင်းပြပြီး ဂိုဏ်းခွဲမှူးတွေ လက်ခံနိုင်တဲ့ နည်းရှိနေပြီထင်တယ်'

ပေ့ဟုန်က ခေါင်းညိတ်လိုက်ပြီး

'မှတ်တယ်'

'ရှင်းပြပါဦး ခေါင်းဆောင်ကြီး'

ပေ့ဟုန် ချောင်းတစ်ချက်ဟန့်လိုက်ပြီး

'ဖုရှောက်လုံ မသေသေးဘူး၊ ဒါပေမယ့်သူ့ကိုသေမင်းတမန်ဂိုဏ်းက ဘယ်လိုမှ လက်မခံနိုင်အောင် လုပ်ရမယ်'

'ဘယ်လိုလုပ်မလဲ'

'ဖုရှောက်လုံဟာ သစ္စာမဲ့တဲ့လူပဲ၊ ဆရာကိုတောင် ပြန်သတ်ခဲ့တယ်၊ ဒါပေမယ့် ဒီ ိစွကို တုကျိကောင်းကလွဲလို့ ဘယ်သူမှ မသိကြဘူး'

စွေ့ယင်းဟုန်ကို

'ကျွန်မနားလည်ပြီ၊ တုကျိကောင်းကိုအသုံးချပြီး ဒီကိစ္စကို ဖော်ထုတ်မယ်၊ ဒါဆို ဖုရှောက်လုံကိစ္စပြတ်သွားပြီပေါ့'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'ဟုတ်တယ်၊ တုကျိကောင်းကို တို့ကူညီရမယ်၊ သူဟာ တို့အဖွဲ့ဝင်တစ်ယောက်အနေနဲ့ သေမင်းတမန်ဂိုဏ်းကို ချိန်းဆိုရမယ်၊ ဒီချိန်းဆိုပွဲဟာ ငှာနခွဲမှူး ဆယ့်သုံးယောက်စလုံးပါဝင်လိမ့်မယ်ပေါ့၊ အဲဒီမှာ တုကျိကောင်းကဖွင့်ပြောပြီး ဖုရှောက်လုံကို စိန်ခေါ်ရမယ်'

အဆိပ်ဘုရင်က

'တုကျိကောင်းက ဖုရှောက်လုံကို ဘယ်နိုင်မှာလဲ'

ပေ့ဟုန်က ကောက်ကျစ်စွာ ပြုံးလိုက်ပြီး



'သူမနိုင်လို့သေလဲ အကြောင်းမဟုတ်ဘူး၊ ဒီဆွေးနွေးပွဲမှာ ငါတို့က ငှာနခွဲမှူးဆယ့်သုံးယောက်ကို စည်းရုံးလိုက်ရုံပါပဲ'

အားလုံး နားလည်သဘောပေါက်သွားသည့်အလား ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ပေ့ဟုန်က ထိုင်ရာမှထလိုက်ပြီး

'သူတို့ သတိရလာတာနဲ့ ငါ့ကိုသတင်းပို့ပါ'

ဟု ပြောရင်း ထွက်ခွာသွားလေသည်။

* * *

နောက်တစ်နေ့နံနက်။

ကို့ကျိကွမ်းမှာ ဦးစွာသတိရလာ၏။

သူသတိရလာလာချင်း ပြုံးကြည့်နေသော ပေ့ဟုန်ကို တွေ့လိုက်ရသည်။

ကို့ကျိကွမ်းက ထလိုက်ပြီး

'ကျွန် – ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ'

မေးလိုက်၏။

ပေ့ဟုန်က

'မင်းနဲ့ တုကျိကောင်း၊ ဖုရွှောက်လုံရဲ့လက်ချက် မိသွားတာကံကောင်းလို့ အဆိပ်ဘုရင်က အချိန်မီကုသနိုင်တာ'

ကို့ကျိကွမ်း ထိတ်လန့်အံ့ဩသွားပြီး

'ကျွန်တော် ဘယ်လောက်ကြာကြာမေ့သွားတာလဲ'

'နှစ်ရက်'

ကို့ကျိကွမ်း အံ့အားသင့်သွား၏။

ပြီးမှ သက်ပြင်းချလိုက်ပြီး

'ဖုရွှောက်လုံကော'

ပေ့ဟုန်က

'သူလွတ်သွားတယ်၊ သူ့ဇနီး စုံမင်းကိုတော့ အရှင်မိလိုက်တယ်၊ ကျွန်တာတွေတော့ သေကုန်ပြီ'

ကို့ကျိကွမ်းက

'ဒါထက်၊ သူနဲ့အတူပါလာတဲ့ လက်ရွှေးစင် ငါးယာကော'

ပေ့ဟုန် ရယ်မောလိုက်ပြီး



'ဘယ်သူမှပါမလာပါဘူး၊ ဖုရွှောက်လုံကတို့ကို ခြိမ်းခြောက်သွားတာပါ'

ထိုစဉ်မှာပင် တုကျိကောင်း သတိရလာသည်။

ပေ့ဟုန်က ပြုံးပြလိုက်ပြီး မေးလိုက်သည်။

'မင်း ဘယ်လိုနေသေးလဲ'

တုကျိကောင်းက....

'ရင်ဝမှာနည်းနည်းနာနေတုန်းပဲ၊ ဒီကောင်ဟာ တော်တော်ကြောက်စရာကောင်းတာပဲ'

ပေ့ဟုန်က

'သူနဲ့မင်းက တစ်ဆရာတည်းဆို၊ သူကဘာလို့ မင်းထက်သိုင်းပညာသာနေရတာလဲ'

တုကျိကောင်းက သက်ပြင်းချလိုက်ပြီး

'သူက ဆရာကို လုပ်ကြံပြီး သိုင်းပညာမှတ်စုကို ခိုးသွားခဲ့တာကိုး'

'ဒါထက် သူ့ကိုနိုင်မယ့်လူကော ရှိရဲ့လား'

တုကျိကောင်းက

'အခု သိုင်းလောကမှာ သူနဲ့လက်ရည်တူ ယှဉ်နိုင်တာ ဆယ်ယောက်ထက် မပိုဘူး ကျုပ်ပြောရဲတယ်၊ သူ့ကို နိုင်မယ့်လူကတော့ တစ်ယောက်ဘဲရှိမယ်'

ပေ့ဟုန်က စိတ်ဝင်စားသွားပြီး

'ဘယ်သူလဲကွ'

'ပန်းဘွားဘွားပါ'

ထိုစကားကြားလိုက်ရသောအခါ အားလုံးမျက်နှာပျက်သွားကြလေသည်။

ပေ့ဟုန်တစ်ယောက်သာ မသိပါချေ။

သိုင်းခုနစ်ဖော်မှာမူ ပန်းဘွားဘွား အကြောင်းကို ကောင်းစွာ ကြားဖူး ထား၏။

ပန်းဘွားဘွားသည် သူတို့နှင့် ငြိသည့် အခါမှ သဟဇာတဖြစ်မည်မဟုတ်ကြောင်းကိုလည်း နားလည်ထားကြသည်။

ပေ့ဟုန်က ကို့ကွကျိမ်းအား မေးလိုက်သည်။

'ပန်းဘွားဘွားကို မင်းသိသလား'

ကို့ကျိကွမ်း ခေါင်းညိတ်လိုက်သည်။

ပေ့ဟုန်က....

'ဒါဖြင့် ပြောပြစမ်းပါ'

'သူ့ကိုသိုင်းလောကသားတွေက ပန်းဘွားဘွားလို့ ခေါ်ကြတယ်၊ သူဟာထူးဆန်းတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ ဒုစရိုက်သမားတွေကို သူ့နည်းသူ့ဟန်နဲ့ သုတ်သင်လေ့ရှိတယ်၊ သူ့ကို အမြဲတမ်း ပန်းပွင့်တွေ တစ်ခေါင်းလုံး ဝေအောင် ပန်ထားတာတွေ့ရတတ်လို့ ပန်းဘွားဘွားလို့ခေါ်ကြတယ်၊ သူဘယ်သူဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာကိုတော့ ဘယ်သူမှ မသိကြပါဘူး'

ပေ့ဟုန်က တုကျိကောင်းဘက်သို့လှည့်လိုက်ပြီး

'မင်းကဘာလို့ ဖုရွှောက်လုံကို ပန်းဘွားဘွားကသာ နိုင်မယ်လို့ ပြောနိုင်ရတာလဲ'

တုကျိကောင်းက...

'ပန်းဘွားဘွားဟာ ကျွန်တော့်ဆရာရဲ့ ဇနီးဖြစ်လို့ပါဘဲ'



ပေ့ဟုန်မှာ အံ့ဩသွားသည်။

'ဒါထက် သူဘယ်မှာရှိတယ်ဆိုတာ သိသလား'

'မသိဘူး'

'သူဟာ ဖုရွှောက်လုံအကြောင်းသိရင် ဖုရွှောက်လုံကို လက်စားချေမယ်လို့ မင်းထင်သလား'

တုကျိကောင်း ခေါင်းညိတ်လိုက်သည်။

ပေ့ဟုန်က

'ဖုရွှောက်လုံအကြောင်းကို သိုင်းလောကသားတွေ မသိဘူးလား'

'ကျုပ်ကလွဲရင် ဘယ်သူမှ မသိပါဘူး'

ပေ့ဟုန် ကျေနပ်စွာ ပြုံးလိုက်ပြီး...

'ကဲ မင်းအေးအေးဆေးဆေးနားပါဦး၊ မင်းသက်သာတော့မှ ဖုရွှောက်လုံနဲ့သွားပြီးစာရင်းရှင်းကြတာပေါ့'

တုကျိကောင်း ဦးညွှတ်လိုက်ပြီး

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ပေ့ဟုန်က ရယ်မောလိုက်ပြီး....

'ကိစ္စမရှိပါဘူးကွာ၊ မင်းကို ငါ့အဖွဲ့သားအဖြစ် အသိအမှတ်ပြုပြီဘဲ၊ မင်းရဲ့ကိစ္စဟာ ငါတို့ရဲ့ကိစ္စပါပဲ'

ပေ့ဟုန်မှာ ပြောပြီးသည်နှင့်စွေ့ယင်းဟုန်ကိုခေါ်ကာထွက်ခွာသွားလေသည်။

* * *

မြေအောက်ခန်း။

တစ်နည်းဆိုရလျှင် ပန်းတစ်ရာတောင်ကြား၏ အချုပ်ခန်း၊ ယင်းအချုပ်ခန်းသည် လိုဏ်ဂူတစ်ခု၏အောက်တွင် ရှိသည်။

အပေါ်သို့တက်ရန် တံခါးတစ်ချပ်မှလွဲ၍ အလုံပိတ်ထားသည်ဟု ဆိုရပေမည်။

ဤအချုပ်ခန်းတွင် လူတစ်ယောက်ရှိနေသည်။

တိတိကျကျဆိုရလျှင် ဖုရွှောက်လုံ၏ဇနီး စုမင်းငင် ဖြစ်ပါ၏။

စုမင်းသည် ဖုရွှောက်လုံ ထွက်ပြေးသည်နှင့် သူမလည်း ထွက်ပြေးရန် ကြံစည်ခဲ့သည်။

သို့သော် စွေ့ယင်းဟုန်၏ဓားက သူ၏ခြေထောက်ကိုထိသွားစေခဲ့သဖြင့် မပြေးနိုင်ဘဲ အဖမ်းခံလိုက်ရခြင်းဖြစ်ပါသည်။

စုမင်းမှာ အချုပ်ခန်းထောင့်တွင် ထိုင်နေသည်။

သူမအတွက် လွတ်လမ်းကို မည်သို့မျှတွေးမရပါချေ။

ထို့စဉ် အပေါ်မှတံခါးဖွင့်သံ ကြားလိုက်ရသည်။

အလင်းရောင်တိုးဝင်လာသည်ကို တွေ့လိုက်ရသည်။

တစ်ခဏအကြာတွင် အဘွားအိုတစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရသည်။

အဘွားအိုသည် ပန်းတစ်ရာတောင်ကြားမှ ဗာဟီရကိစ္စများ ဆောင်ရွက်ရသော အဘွားအိုပင်ဖြစ်သည်။

အဘွားအို၏လက်တွင်း၌ ဓားတစ်ချောင်း ထည့်ထားသော လင်ဗန်းတစ်ချပ်ကို ကိုင်ဆောင်ထားလေသည်။

အချုပ်ခန်းဆီသို့ စားစရာများ သံတိုင်များကြားမှ ထည့်ပေးလိုက်ပြီးနောက်....



'ဂိုဏ်းချုပ်ကတော် စားစရာ လာစားပါ'

ဟု ပြောလိုက်သည်။

စုမင်းမှာ စားသောက်လိုစိတ်မရှိပါ။

ထို့ကြောင့် လှမ်းမယူဘဲ နေလိုက်သည်။

အဘွားအိုကမျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းမဆာဘူးလား'

'မဆာဘူး'

'ဘယ်ဖြစ်မလဲ၊ အစားမစားရင် မင်းသေသွားမှာပေါ့'

စုမင်းမှာ အဘွားအိုထံမှ အကြံတစ်ခုရရှိလာသည်။

စုမင်းက သံတိုင်နားလျှောက်လာပြီး....

'ဘွားဘွားက ဒီမှာနေတာလား'

ဟု ချိုသာစွာမေးလိုက်၏။

အဘွားအိုကခေါင်းညိတ်လိုက်သည်။

စုမင်းက

'အဘွားအပေါ် ပေ့ဟုန်က ကောင်းကောင်းမွန်မွန်ဆက်ဆံထားရဲ့လား'

အဘွားအိုကခေါင်းညိတ်လိုက်ပြီး

'ထားတာပေါ့၊ သူက နေ့တိုင်းထမင်းကျွေးထားတယ်လေ'

စုမင်းကပြုံးလိုက်ပြီး

'အဘွားမှာ အိမ်ထောင်တော့ရှိသလား'

'သေကုန်ပြီ'

'သနားစရာပဲ၊ အဘွားဘဝက စိတ်မကောင်းစရာပဲ'

အဘွားအိုကမဲ့လိုက်ပြီး

'ကျုပ် လွတ်လွတ်လပ်လပ်နေရတယ်၊ ထမင်းစားဖို့လဲ မပူရဘူး၊ ဘာသနားစရာလိုလို့လဲ၊ ငါကသာမင်းကိုသနားတာ'

စုမင်းကပါးစမ်ပိတ်သွားသည်။

အတန်ကြာမှ....

'အဘွားဒီမှာနေရတာ ဆင်းရဲပါတယ်၊ ကျွန်မတို့ သေမင်းတမန်ဂိုဏ်းကိုသာဝင်ရင် ချမ်းသာမှာသေချာတယ်'

အဘွားအို၏မျက်လုံးအစုံမှာ ဝင်းလက်သွားပြီး

'ချမ်းသာမှာမယ်ဟုတ်လား'

'ဟုတ်တယ်၊ ရာထူးလဲကြီးကြီးရမှာ သေချာတယ်'

'အမယ် ရာထူးတောင်ရမယ်ဆိုပါလား၊ ခက်တာက ငါက ဘာမှမလုပ်တတ်ဘူးကွယ့်'

စုမင်းကသဘောကျစွာပြုံးလိုက်ပြီး

'ဘွားဘွားကသာ ကျွန်မကို ကယ်နိုင်ရင်ဆယ်တင်ပါ ဘွားဘွား၊ ချမ်းချမ်းသာသာနေရဖို့ ကျွန်မတာဝန်ယူတယ်'

အဘွားအိုမှာတွေဝေသွားသည်။

ထိုစဉ်မှာပင် အပေါ်မှခြေသံကို ကြားလိုက်ရသည်။

စုမင်းက ကမန်းကမန်း အချုပ်ခန်းထောင့်တွင် ခွေလှဲလိုက်၏။

ထိုအခိုက်မှာပင် ပေဟုန်နှင့်စွေ့ယင်းဟုန်တို့မှာ အောက်သို့ရောက်ရှိလာသည်။

ပေဟုန်က အဘွားအိုကို မျက်မှောင်ကြုတ်လိုက်ပြီး

'ခင်ဗျားဘာလုပ်နေတာလဲ'



အဘွားအိုက ဦးညွှတ်လိုက်ပြီး

'ထမင်းလာပို့တာပါ ခေါင်းဆောင်ကြီး'

'အခု ပြီးပြီလား'

'ဟုတ်ကဲ့'

'ပြီးရင်သွားတော့'

အဘွားအိုမှာ ဘာမျှပြန်မပြောပါ။

ပေဟုန်အနီးမှ ယို့ယို့ကလေးဖြတ်ကာ အပေါ်သို့ တက်သွားတော့သည်။

* * *

ပေ့ဟုန်က စုမင်းကိုစိုက်ကြည့်လိုက်ပြီး....

'မင်း ယောကျ်ားဆီကို မပြန်ချင်ဘူးလား'

စုမင်းက နှုတ်ခမ်းကိုက်လိုက်ပြီး

'ဘယ်မှသွားဖို့ ကျွန်မစိတ်မကူးဘူး'

'ပေ့ဟုန်က မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာလဲ မင်းကသေချင်လို့လား'

'စုမင်းအမဲ့လိုက်ပြီး

'အလွန်ဆုံးဆယ်ရက်ပါ၊ ကျွန်မတို့လူတွေဇီကိုလာပြီး ဖြို့ခွဲမှာသေချာပါတယ်'

'ဟား....ဟား....ဟား'

ပေ့ဟုန်က သဘောကျစွာ ရယ်မောလိုက်သည်။

'ကျုပ်ကို ခြိမ်းခြောက်လို့အပိုပဲ...မင်းယောကျ်ားကို ဘယ်ဌာနခွဲမှူးကမှ အကူအညီပေးမယ် မထင်ပါဘူး သေသွားရင်ပိုတောင်ဝမ်းသာဦးမယ် ကျုပ်အထင်ပြောရရင် မင်းယောကျ်ားဟာ ဌာနချုပ်ကိုတောင် ပြန်မှာမဟုတ်ဘူး...သူတစ်ယောက်တည်းပြန်သွားရင် သိက္ခာကျမယ်မဟုတ်လား'

စုမင်းမှာ ပါးစပ်ပိတ်သွားလေသည်။

ပေ့ဟုန်က...

'မင်းကို....တစ်ခုပြောမလို့ပါ'

'ဘာလဲ'

'နောက်ငါးရက်လောက်ကြာရင် အဲ့...ဆယ်ငါးရက်လောက်ကြာမယ် သေမင်းတမန်ဂိုဏ်းဟာ ငါ့လက်အောက်ကိုရောက်



တော့မယ် ဆိုတာပါ မင်းယောကျ်ားကို မျှော်မနေဖို့ လာသတိပေးတာပါ'

စုမင်းမှာ ခံပြင်းသွား၏။

ဒေါသကြီးစွာ ထရပ်လိုက်လေသည်။

ပေ့ဟုန်က သဘောကျစွာ ရယ်မောရင်း...

'မင်းကိုတော့ ငါတပ်သားတစ်ယောက်ယောက်နဲ့ လက်ဆက်ပေးဖို့ပဲ စိတ်ကူးထားတယ်'

စုမင်းမှာ ဒေါသကြောင့် အသားများတဆတ်ဆတ်တုန်လာလေသည်။

ဒေါသတကြီး တုံ့ပြန်မည့်အပြု ပေ့ဟုန်က ဈေ့ယင်းဟုန်နှင့်အတူ ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

## ဖိတ်စာတစ်ဆယ့်သုံးစောင်

နောက်နှစ်ရက်အကြာ တုကျိကောင်း၏ဒဏ်ရာ သက်သာပျောက်ကင်းသွားပြီဖြစ်သည်။

ဒဏ်ရာသက်သာပျောက်ကင်းသွားသည်နှင့် ရှေ့ဆက်မည်သို့ဆက်လုပ်ရမည်ကို တွေးတောနေမိ၏။

ထိုစဉ်မှာပင် ပေ့ဟုန်နှင့် စွေ့ယင်းဟုန်တို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

တုကျိကောင်းက ဦးညွှတ်၍ ကြိုဆိုလိုက်၏။

ပေ့ဟုန်က ပြုံးလိုက်ပြီး

'မင်း ဒဏ်ရာပျောက်ပြီလား'

'ဟုတ်ကဲ့'

'ဒါဆို တို့ အေးအေးဆေးဆေးစကားပြောရအောင်'



တုကျိကောင်းက နေရာထိုင်ခင်းပေးလိုက်၏။

ပေ့ဟုန်က....

'မင်း သေမင်းတမန်ဂိုဏ်းကို ဘယ်လိုမြင်သလဲ'

ဟု ကောက်ကာငင်ကာ မေးလိုက်သည်။

တုကျိကောင်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

ပေ့ဟုန်က

'မင်းဖြိုခွဲချင်သလားလို့ မေးတာပါ'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ဒါပေမယ့် ဖြိုခွဲဖို့တော့ ကျွန်တော်မတတ်နိုင်ပါဘူး....ဗီတော့ ဖြိုခွဲဖို့ထက် ဖုရှောက်လုံကိုပဲ ရှင်းချင်ပါတယ်'

ပေ့ဟုန်က

ဗီကိစ္စကို တိုင်ပင်ချင်လို့ ငါလာတာပဲ မင်းကို ငါကူညီပါမယ်'

တုကျိကောင်း၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွား၏။

ပေ့ဟုန်က ကြည့်လိုက်ပြီး

'ခေါင်းဆောင်ကြီးမှာ အကြံအစည်ရှိပြီနဲ့တူတယ်'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'အခု ချုပ်မှာ ရွှေစင်အရိုးစုရှိနေပြီ ဒါကိုပြပြီး ဌာနခွဲမှူးတွေကိုစည်းရုံးရင် ကျုပ်သေမင်းတမန်ဂိုဏ်းချုပ်ဖြစ်နိုင်မလား'

တုကျိကောင်းက စဉ်းစားလိုက်ပြီး

'ဖုရှောက်လုံမှသေသေးရင်တော့ မလွယ်ဘူး သူ့ဩဇာဂိုဏ်းမှာအတော်အတန်ရှိတယ်'

ပေ့ဟုန်က

'သူ့ကို ရှင်းပစ်မယ်လေ ကျန်တဲ့ကိစ္စကို မင်းမကာနိုက်ရင် ဖြစ်ပါတယ်'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး

'ကျန်တဲ့ကိစ္စကို ကျုပ် စိတ်မဝင်စားပါဘူး'

'ဒါဆို ဖြစ်ပြီ'

'ဘာဖြစ်တာလဲ'

'မင်း၊ သူတို့ဌာနချုပ်ကို သွားရမယ်'

တုကျိုကောင်း မျက်မှောင်ကြုတ်သွားပြီး

'ဘာသွားလုပ်ရမှာလဲ'

ပေ့ဟုန်က

'သေမင်းတမန်ဂိုဏ်းရဲ့ ဌာနခွဲမှူးတွေကို ဖိတ်စာပေးဖို့ပါ'

'ဗျာ'

'ဟုတ်တယ် မင်းအနေနဲ့ ဖုရှောက်လုံရဲ့ယုတ်မာပုံတွေကိုဖော်ထုတ်ပြီးတော့ တရားဝင်စိန်ခေါ်လိုက်ရမယ်၊ အခု ဖိတ်စာက တော့ ကျုပ်နဲ့ဌာနခွဲမှူးတွေ ဖုရှောက်လုံအကြောင်း ဆွေးနွေးကြဖို့ပါပဲ၊ အဲဒီမှာ မင်းကကျုပ်ကို ဂိုဏ်းချုပ်နေရာပေးဖို့ နားချပေးရမယ်'

တုကျိုကောင်း သက်ပြင်းချလိုက်ပြီး

'သူတို့က လက်ခံပါ့မလား'

ပေ့ဟုန်က ရယ်မောလိုက်ပြီး



'မင်းအနေနဲ့ ဖိတ်စာကိုပေးပြီး ဌာနခွဲမှူးဆယ့်သုံးယောက်စလုံးကို ရအောင်စုစည်းပေးပါ၊ ကျန်တာငါ့တာဝန်ထားလိုက်ပါ'

တုကျိုကောင်းက

'ဌာနချုပ်မှာတော့ ဌာနခွဲမှူး ဆယ့်သုံးယောက်စလုံးရှိမှာ မဟုတ်ဘူး'

'မင်း သင့်သလိုကြည့်စီမံခဲ့ပါ၊ ချိန်းတဲ့နေ့ ဌာနခွဲမှူးတွေ အကုန်စုံရင် ပြီးတာပါပဲ'

တုကျိုကောင်း ခေါင်းညိတ်လိုက်ပြီး

'ကျွန်တော် ဘယ်နေ့သွားရမလဲ'

ပေ့ဟုန်က မေးစေ့ကိုပွတ်သပ်ပြီး

'မင်းဒဏ်ရာပျောက်ပြီဆိုတော့ ဒီနေ့ပဲသွားရင် ကောင်းမယ်'

'ဟုတ်ကဲ့ ကျွန်တော်ဒီနေ့ပဲ သွားပါ့မယ်'

'ဒါဆို မင်းပြင်ဆင်ထားတော့၊ ကိုယ့်ကျိုက္ခမ်းတို့နဲ့ ဖိတ်စာ ပေးလိုက်မယ်'

ဟုပြောပြီး ပေ့ဟုန်မှာ ပြန်လည်ထွက်သွားလေတော့သည်။

* * *

တုက္ကိုကောင်း ပန်းတစ်ရာတောင်ကြားမှ နှစ်ရက်ရှိပြီဖြစ်၏။ မနက်ဖြန်ဆိုလျှင် သေမင်းတမန်ဂိုဏ်း၏ဌာနချုပ်သို့ ရောက်ရှိပေတော့မည်။

သူ မည်သို့ ဆက်လုပ်ရမှန်းမသိပါ။ သူ့အနေနှင့်ပေ့ဟုန်ကိုသတ်ရန် လုံးဝမလွယ်ကူပါ။

စွေ့ယင်းဟုန်က သူ့အား အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုနေကြောင်း သူသိ၏။

ထို့ကြောင့် ရေလိုက်ငါးလိုက် ဆက်ဆံရင်း အခြေအနေကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

ယခု သူ့အဖို့ ပို၍အခက်ကြုံလာပြီဖြစ်သည်။ ပေ့ဟုန်သည် အကြံကြီးလွန်းမေ။

အင်အားတောင့်တင်းသော သေမင်းတမန်ဂိုဏ်းကိုပါ သိမ်းသွင်းရန် ကြံစည်နေချေပြီ။

သူမည်သို့ ဟန့်တားရမည်နည်း။ သူတစ်ယောက် တည်းနှင့် ဟန့်တား၍ရပါမည်လော။

တုက္ကိုကောင်းမှာ စိတ်ရှုပ်လာ၏။ ထို့ကြောင့် လမ်းဘေးအရက်ဆိုင်တွင် ဝင်ရောက် အရက်သောက်နေလိုက်တော့သည်။

* *



တုက္ကိုကောင်းမှာ အရက်တစ်အိုး ကုန်အောင် သောက်ပြီးဖြစ်၏။ အရက်သောက်ရင်း အကြံထုတ်သော်လည်း အကြံကားထွက်မလာပါ။

ခေါင်းသာ ချာချာလည်အောင် မူးနေ၏။ သူက နောက်ထပ် အရက်အိုးတစ်လုံး မှာယူလိုက်၏။

အရက်အိုးရောက်သောအခါ အရက်အိုး၏အောက်တွင် စာတစ်စောင်ပါလာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

တုက္ကိုကောင်းက မသိမသာယူ၍ ဖတ်ကြည့်လိုက်သည်။

တုက္ကိုကောင်း

'တစ်ခါ အရက်မူးလို့ အမှား ကျူးလွန်ခဲ့တာကို မင်းကိုယ်တိုင် ခံစားခဲ့ဖူးသားပဲ၊ မြို့ပြင် ဘုံကျောင်းကို ချက်ချင်းလိုက်ခဲ့ပါ'

ဟု ရေးသားထားသည်ကို တွေ့လိုက်ရသည်။

တုက္ကိုကောင်းမှာ ဘေးဘီဝန်းကျင်ကို ကြည့်လိုက်၏။

အရက်မူးသမား အချို့သာရှိ၏။

ယခုစာအရ ဗိုလ်မှူးကလေးကိုမှ မတွေ့ရပါချေ။

စာကို လုံးချေ၍ ဆုတ်လိုက်ပြီး ထိုင်ရာမှထလိုက်၏။

ထို့နောက် မြင်းကိုဆွဲကာ ဘုံကျောင်းဆီသို့ ထွက်လာခဲ့လေတော့သည်။

• • •

မြို့ပြင်ဘုံကျောင်း။

ဘုံကျောင်းမှာ အတော်ကြီးမား၏။

တုကျီကောင်းမှာ ဘုံကျောင်းရှေ့တွင် မြင်းကိုချည်နှောင်ထားလိုက်ပြီး ဘုံကျောင်းထဲသို့ ဝင်လာခဲ့၏။

ဘုံကျောင်းထဲမှ အမွှေးတိုင်အနံ့များ သင်းပျံ့နေ၏။

ဘုံကျောင်းထဲရှိဝတ်ပြုရာနေရာတွင်အဘိုးအိုတစ်ယောက်မှာ ဝတ်ပြုဆုတောင်းနေ၏။

တုကျီကောင်းက ထိုအဘိုးအိုအနီးဝင်၍ နားထောင်ဝတ်ပြုနေလိုက်၏။

အဘိုးအိုက နှာခေါင်းရှုံ့လိုက်ပြီး

'အရက်သောက်ပြီး ဒီကိုလာတာ ရုပ်ဆိုးလွန်းတယ်'

ဟု ပြောလိုက်၏။

တုကျီကောင်း မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

'အဘိုးအို၏အသံမှာ ဗိုလ်မှူးကလေး၏အသံပင် မဟုတ်ပါလော'။

တုကျီကောင်းက ဝမ်းသာပြီး စကားပြောမည်အပြု အဘိုးအိုဟန်ဆောင်ထားသော ဗိုလ်မှူးကလေးက

'ဣန္ဒြေမပျက်စေနဲ့၊ နောက်ယောင်ခံတဲ့လူမရှိဘူးလို့ ပြောလို့မရဘူး၊ လှည့်မကြည့်ဘဲ ပြောပါ'

ဟု သတိပေးလိုက်၏။

တုကျီကောင်း သက်ပြင်းချရင်း

'ဗိုလ်မှူးကလေးပေးတဲ့ တာဝန်ကို ခုထက်ထိ ကျွန်တော်မဆောင်ရွက်နိုင်သေးဘူး'



ဗိုလ်မှူးကလေးက

'ဒီလေခက်လှယ်မယ်လို့လဲ ငါ မပြောခဲ့ပါဘူး'

တုကျီကောင်းက

'သူတို့က ကျုပ်ကို လုံးဝ မယုံကြည်ဘူးဗျ'

'ဒါပေမယ့် မင်းမသေသေးဘူး မဟုတ်လား'

'သူတို့က ကျုပ်ကို အသုံးချစရာရှိလို့ မသတ်သေးတာပါ'

'မင်းအတွေ့အကြုံ ပြောစမ်းပါဦး'

တုကျီကောင်းက သူ၏အဖြစ်အပျက်ကို တိုတိုရှင်းရှင်းပြောလိုက်၏။ ပြီးမှ....

'ကျုပ်ထွက်လာတာ သေမင်းတမန်ဂိုဏ်းကို ဖိတ်စာပေးဖို့ပဲ'

ဟု သူ့ခရီးကြောင်းကိုပါ ပြောပြလိုက်၏။

ဗိုလ်မှူးကလေးက မျက်နှာဝင်းလက်သွားပြီး

'ဟုတ်ပြီ၊ သူတို့ကိုဒီတစ်ခါ ဖြိုခွဲဖို့ အပိုင်ကြံရမယ်'

တုကျီကောင်းကလည်း ရုတ်တရက် အကြံရသွားပြီး

'ပေ့ဟုန်နဲ့ သေမင်းတမန် ဌာနခွဲကို အစည်းအဝေးမှာ ပဋိပက္ခဖြစ်အောင် ကျုပ် ဖန်တီးပေးမယ်'

ဗိုလ်မှူးကလေးက

'အေး.... သူတို့နှစ်ဘက်တိုက်ခိုက်ရင် ဘယ်သူနိုင်နိုင် အင်အားကနည်းသွားမှာပဲ၊ ခဏနေဦး....ဒီထက်ကောင်းတာရှိသေးတယ် ဘာများလဲ'

'စစ်ဗျူဟာကို ကျွမ်းကျင်တဲ့လူ၊ ပေ့ဟုန်လက်အောက်မှာ ဘယ်နှစ်ယောက်ရှိမလဲ'

တုကျီကောင်း စဉ်းစားလိုက်ပြီး

'ကိုကျကြွမ်းတစ်ယောက်ပဲ ရှိမယ်ထင်တယ်'

'သူက စခန်းမှာ နေခဲ့မှာလား'

'နေမှာမဟုတ်ဘူး၊ ပေဟုန်သွားရင် သူပါမှဖြစ်မယ်၊ သိုင်းခုနစ်ဖော်ထဲမှာ သူဟာ နံပါတ်တစ်ပဲ၊ သူပါမှ ဌာနခွဲမှူးဆယ့်သုံးယောက်ကို မှုစရာ မလိုမှာ'

ဗိုလ်မှူးကလေးက

'ကောင်းတယ်၊ သူတို့စခန်းက ထွက်တာနဲ့ ငါတို့စခန်းကို ဝင်ပြီးတိုက်ခိုက်မယ်၊ ဖိတ်စာကဘယ်နေ့လဲ'

'လဆန်းဆယ်ရက်နေ့... မိုးကောင်းကင်စားသောက်ဆိုင်'

'ဒါဆို တစ်ပတ်အချိန်ရသေးတာပဲ၊ ကောင်းကောင်းအစီအစဉ်ဆွဲလို့ရသေးတယ်၊ မင်းက ဟန်မပျက်သာ ဆက်လုပ်ပါ၊ ကျန်တာ ငါ ကြည့်စီစဉ်ထားလိုက်မယ်'

တုကျိကောင်းက မျက်မှောင် ကြုတ်သွားပြီး

'အစည်းအဝေးပွဲကိုကော မလာဘူးလား'

ဗိုလ်မှူးကလေးသည် ပြုံးလိုက်ပြီး...

'ခင်ဗျား ကျုပ်ကိုယ်တိုင် လာခဲ့မှာပါ၊ ပေဟုန်ကို ကျုပ်လက်ရဖမ်းချင်တာကြာပါပြီ'

တုကျိကောင်းမှာ ဝမ်းသာသွားသည်။

သူတို့၏အစီအစဉ်သာ ချောချော မောမောဖြစ်လျှင် အဖွဲ့နှစ်ခုစလုံးကို ချေမှုန်းနိုင်ပြီ မဟုတ်ပါလား။

တုကျိကောင်းက ဗိုလ်မှူးကလေးအား နှုတ်ဆက်ကာ ဘုံကျောင်းထဲမှ ထွက်လာခဲ့တော့သည်။

*



နဂါးရေကန်

နဂါးရေကန်မှာ ထိုက်ဟန်စန်းတောင်ပေါ်တွင်ရှိ၏။

နဂါးရေကန်သည် ရေကန်တစ်ခု မဟုတ်ပါ။

အဆောက်အအုံတစ်ခု၏ အမည်သာ ဖြစ်ပါသည်။

ယင်း အဆောက်အအုံမှာ သိုင်းလောကတွင် ကျော်ကြားသော သေမင်းတမန်ဂိုဏ်း၏ ဌာနချုပ်ပင်ဖြစ်ပါသည်။

သာမန်လူတစ်ဦးမဆိုထားနှင့် သိုင်းလောကသားတစ်ဦးပင် ထိုက်ဟန်စန်း တောင်ခြေမှ ဖြတ်သန်းသွားလေ့မရှိပါ။

ကွေ့ရှောင်သွားတတ်ကြသည်။

သေမင်းတမန်ဂိုဏ်းနှင့် မဆက်ဆံလိုသောကြောင့် လည်းကောင်း၊ ဂရိုပက္ခ မဖြစ်လိုသောကြောင့်လည်းကောင်း ကွေ့ရှောင်သွားတတ်ကြခြင်းဖြစ်ပါသည်။

ယနေ့နံနက်တွင်မူ ထိုက်ဟန်စန်းတောင်အနီးသို့ မြင်းတစ်စီးပြေးလာနေသည်။

ကွေ့ရှောင်သွားခြင်း မရှိသည့်အပြင် တောင်ပေါ်သို့တက်ရာလမ်းကလေးအတိုင်း ဒုန်းစိုင်း၍တက်သွားတော့သည်။

မြင်းပေါ်တွင် ထွားကျိုင်းသော လူတစ်ယောက် လိုက်ပါသွားသည်။

သူ၏ခါးတွင် ဓားရှည်တစ်လက် ချိတ်ဆွဲထား၏။

ထိုလူသည် မြင်းကိုကျွမ်းကျင်စွာစီးသွားရာ တခဏချင်းမှာပင် နဂါးရေကန်ရှေ့သို့ ရောက်ရှိသွားတော့သည်။

* *

နဂါးရေအောင်းရှေ့သို့ ရောက်သည်နှင့် မြင်းပေါ်မှ လူများ လွှားခနဲခုန်ဆင်းလိုက်၏။

ထို့နောက် အဆောက်အအုံတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် တံခါးအကွယ် တစ်ဖက်တစ်ချက်မှ လှံနှစ်စင်းထွက်ပေါ်လာပြီး ထိုလူ၏သွားရာလမ်းကို ဟန့်တားလိုက်သည်။

ထိုလူက တုန်လှုပ်ခြင်းမရှိပါ။

အစောင့်များအား စိုက်ကြည့်လိုက်ပြီး

'ဒါ သေမင်းတမန်ဌာနချုပ် မဟုတ်လား၊ ဒီမှာ ခေါင်းဆောင် ဘယ်သူရှိသလဲ၊ ကျုပ် ခေါင်းဆောင်ကြီး ပေ့ဟုန်ဆီကလာပါ'

ဟု ပြောလိုက်၏။

ခဏကြာသောအခါ လှံနှစ်စင်းမှာ ဘေးဖယ်သွားသည်။

အနီရောင်ဝတ်စုံနှင့် လူငယ်တစ်ယောက်ထွက်လာပြီး

'ဘာကိစ္စလဲ....'

ထိုလူက....

'ဖိတ်စာလာပို့တာပါ'

'ဒါဖြင့်....ပေးပါ

ထိုလူက သက်ပြင်းချရင်း...

'ခင်ဗျားကဘယ်သူလဲ'

အနီရောင်ဝတ်စုံနှင့် လူက



'ဌာနခွဲတစ်ခုက စည်းကမ်းထိန်းသိမ်းရေးမှူး' တစ်ယောက်ယောက်ရဲ့လက်ကိုသာ ပေးရမယ်လို့ မှာလိုက်ပါတယ်'

အနီရောင်ဝတ်စုံနှင့်လူမှာ တွေဝေသွား၏။

အတန်ကြာမှ...

'လိုက်ခဲ့'

ဟုပြောရင်း အတွင်းသို့ လှည့်ဝင်သွားလေသည်။

* * *

အခန်းမှာ ကျယ်ဝန်း၏။

အခန်းတစ်ခုလုံးကို အနီရောင်ကော်ဇောဖြင့် ခင်းကျင်းထားသည်။

အခန်းနံရံထောင့်တွင် စားပွဲတစ်လုံးရှိ၏။

ထိုစားပွဲနောက်တွင် အသက်ငါးဆယ်ကျော်ခန့် လူတစ်ယောက် ထိုင်နေသည်။ ထိုလူ၏မျက်လုံးအစုံမှာ စူးရှ၏။

နှုတ်ခမ်းမှာ ပါးပြီး ဇွဲရှိမည့်လူတစ်ယောက်ဟု ခန့်မှန်းရ၏။

ထိုလူ၏နောက်တွင် အခန်းတစ်ခုရှိပြီး ဇာခန်းဆီးဖြင့် ကာရံထား၏။

ထိုလူက ဝင်လာသောလူကို ကြည့်လိုက်ပြီး....

'မင်းက ပေ့ဟုန်လက်အောက်က ဟုတ်လား'

'ဟုတ်ပါတယ်'

ထိုလူက လက်ဖြန့်လိုက်ပြီး....

'ပေးပါ'

ဝင်လာသူက ဖိတ်စာကို မပေးသေးဘဲ'

'ခင်ဗျားက....'

ထိုလူက....

'ကျုပ်က ဌာနမှူးအမှတ်တစ် ချိုပုကျင်းပါ'

ဝင်လာသူက ဖိတ်စာကို လှမ်းပေးလိုက်သည်။

စုစုပေါင်း ဆယ့်သုံးဆောင်ပင် ဖြစ်သည်။

ချိုပုကျင်းက ဖိတ်စာကိုမကြည့်သေးဘဲ....

'ဒါထက် ပေ့ဟုန်က ဘာကြောင့်ဖိတ်ခိုင်းတယ်ဆိုတာ ခင်ဗျားသိမှာပေါ့'



'ကျုပ်က ငယ်သားတစ်ယောက်ပါ မသိပါဘူး'

ချိုပုကျင်းက ရယ်မောလိုက်ပြီး....

တုကျိကောင်းက ဘယ်တုန်းက ပေ့ဟုန်ရဲ့ငယ်သားဖြစ်သွားရတာလဲဗျ'

ဝင်လာသူမှာ အံ့အားသင့်သွားလေသည်။

ဝင်လာသူမှာ အမှန်ပင် တုကျိကောင်းဖြစ်ပါသည်။

တုကျိကောင်းက....

'ကျုပ်....တုကျိကောင်းလို့ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်တာလဲ'

ချိုပုကျင်းက

'ကျုပ်သိလို့မဟုတ်ပါဘူး သိတဲ့လူက ရှိနေလို့ပါ'

သူ၏စကားဆုံးသည်နှင့် ဇာခန်းစီးပွင့်သွားပြီး လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူက ရယ်မောရင်း....

'ကျုပ်တို့ တွေ့ကြပြန်ပြီနော်'

တုကျိကောင်းက သက်ပြင်းချရင်း

'အင်း....ဒီမှာတစ်ဖက်လပ်ရှိတယ်ဆိုတာ ကျုပ်မေ့သွားတယ်'

တစ်ဖက်လပ်က....

'ကဲ... တုကျိကောင်း ကျုပ်တို့ ပွင့်ပွင့်လင်းလင်းပြောကြရအောင်'

တုကျိကောင်းက ပခုံးတွန့်လိုက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ချိုပုကျင်းက....

'ကျုပ်အနေနဲ့ ပေ့ဟုန်ကို လုံးဝမယုံကြည်ဘူး'

'အဲဒါ ကျုပ်နဲ့ ဘာဆိုင်သလဲ'

'အခု...ဆွေးနွေးပွဲကလည်း ထောင်ချောက်ဖြစ်နိုင်တယ်လေ ဘာကြောင့် သူက ကျုပ်တို့နဲ့ ဆွေးနွေးရမှာလဲ'

တုကျိကောင်းက ပြုံးလိုက်ပြီး

'ဖိတ်စာထဲမှာပါ ပါတယ်'

ချိုပုကျင်းက ဖိတ်စာကိုဖတ်လိုက်၏။

ပြီးမှ သက်ပြင်းချရင်း

'ဖိတ်စာဖတ်လိုက်ပြီးမှ ကျုပ် သံသယတွေ ပိုပြီးခိုင်မာလာတယ်'

တုကျိကောင်းက

'ဘာဖြစ်လို့လဲ'

'မင်း စဉ်းစားကြည့်လေ ရွှေစင်အရိုးစုံကို တို့ကိုပြန်ပေးမလို့ ဆိုတာ ဟုတ်ပါ့မလား'

'ဟုတ်မှာပေါ့ဗျ ရွှေစင်အရိုးစုကို သူက ကျုပ်ဆီကရသွားတာမဲ့'

ချိုပုကျင်း ခေါင်းခါယမ်းလိုက်ရင်း

'နောက်ပြီးတော့ ဖုရွှောက်လုံကို ဘာကြောင့် ရှင်းပစ်ရတာလဲ'

တုကျိကောင်းက....

'ဖုရွှောက်လုံကို ရှင်းချင်တာ ပေ့ဟုန်မဟုတ်ပါဘူး၊ ကျုပ်ပါ'



'မင်းက ဖုရွှောက်လုံကိုရှင်းချင်လို့ ပေ့ဟုန်နဲ့ပူးပေါင်းလိုက်တာလား'

တုကျိကောင်း ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ် ကျုပ်ရဲ့အဓိကရည်ရွယ်ချက်ဟာ ဒါပါပဲ'

ချိုပုကျင်းက

'မင်းနဲ့ ဖုရွှောက်လုံအကြောင်း ကျုပ်သိထားပါတယ်၊ မင်း အနေနဲ့ ပေ့ဟုန်နဲ့ ပူးပေါင်းတာမှားတယ်'

တုကျိကောင်း မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာဖြစ်လို့လဲ'

ချိုပုကျင်းက....

'မင်း ဖုရွှောက်လုံကိုသတ်ချင်ရင် ငါတို့နဲ့ပူးပေါင်းမှဖြစ်မှာ'

'ဗျာ'

'ဟုတ်တယ် ပေ့ဟုန်အနေနဲ့ ဖုရွှောက်လုံကို သတ်ဖို့ မလွယ်ပါဘူး၊ ငါတို့ကသာ မင်းကိုအပြည့်အဝကူနိုင်မှာ'

တုကျိကောင်းက

'ခင်ဗျားတို့ကူညီမယ်ဆိုတာ ယုံရမှာလား'

'ယုံရမှာပေါ့ မင်းကိုကူညီရုံမကဘူး၊ လက်ဆောင်တောင် ပေးလိုက်ဦးမယ်'

တုကျိကောင်းမှာ မျက်မှောင်ကြုတ်သွားပြီး

'ဒါဆို ကျုပ်ကလဲ တစ်ခုခုတော့ ပြန်ပေးရဦးမယ်ထင်တယ်'

ချိုပုကျင်းက ရယ်မောလိုက်ပြီး

'ဟုတ်တယ်'

'ဘာလဲ ပြောပါ'

'မင်း ငါတို့နဲ့ ပူးပေါင်းရမယ်၊ ရွှေစင်အရိုးစု ပြန်ရအောင် ကူညီရမယ်၊ ပေ့ဟုန်ရဲ့အကြံအစည်ကို ပြောပြရမယ်'

တုကျိုကောင်းမှာ တွေဝေသွားသည်။

ချိုပုကျင်းက....

'မင်း စဉ်းစားမနေပါနဲ့၊ မင်းအတွက်ပေးမယ့် လက်ဆောင်ကို သိရင် မင်းငါတို့နဲ့ ပူးပေါင်းမှာပါ'

တုကျိုကောင်းက

'လုဖုန်းတော့ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူးရှင်'

ဟူသောအသံနှင့်အတူ လုဖုန်း ထွက်လာသည်။

တုကျိုကောင်း သက်ပြင်းချရင်း...

'မင်းလဲ ဒီပြန်ရောက်နေတာကိုး'

လုဖုန်း ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ် ရှင်ကမှ လက်မခံဘာ'

တုကျိုကောင်း မဲ့လိုက်သည်။

ထို့နောက် ချိုပုကျင်းဘက်သို့လှည့်ကာ....

'ကျုပ်ကိုပေးမယ်လက်ဆောင်ကို သိရရင်တော့ ကျုပ် စဉ်းစားနိုင်မယ်'

ချိုပုကျင်းက



ချင်းပင်ပါ'

'ဘာ'

တုကျိုကောင်းမှာ ဝုန်းခနဲထရပ်လိုက်သည်။

ချိုပုကျင်းအား အေးစက်စွာ စိုက်ကြည့်လိုက်ပြီး

'လက်စသတ်တော့ ငါ့ဇနီးကို ပြန်ပေးဆွဲသွားတာ မင်းတို့ကိုး'

တစ်ဖက်လပ်က ရယ်မောလိုက်ပြီး

'မင်းဇနီးကို ခုထက်ထိ ငါတို့ ကောင်းကောင်းမွန်မွန်ဆက်ဆံစောင့်ရှောက်ထားပါတယ်၊ ဒါပေမယ့် မင်း ဒီက ထွက်သွားပြီးရင်တော့ တစ်မျိုးဖြစ်ချင်ဖြစ်သွားမယ်ပေါ့'

ဟု ခြိမ်းခြောက်လိုက်၏။

တုကျိုကောင်းမှာ ဒေါသခြောင်းခြောင်းထွက်သွားသည်။

ဒေါသကြောင့် သူ၏တစ်ကိုယ်လုံး ရင်တုန်နေသည်။

တစ်ဖက်လှပ် ဆက်ပြောလိုက်သည်။

'ကျုပ်မှာ ခြိမ်းခြောက်တာ မဟုတ်ဘူးနော်၊ မင်းအနေနဲ့ ရန်မူဖို့လဲ မစဉ်းစားပါနဲ့၊ ငါတို့ကလဲ မင်းနဲ့ ရန်သူ မဖြစ်ချင်ပါဘူး'

တုကျိုကောင်းမှာ ခံပြင်းမိ၏။

သူသည် အမြဲတစေ ရန်သူ၏ချုပ်ကိုင်ကိုင်မှုကိုသာခံနေရသည် မဟုတ်ပါလား။

သူက ဒေါသကိုချုပ်တည်းလိုက်ပြီး နေရာတွင် ပြန်ထိုင်ချလိုက်၏။

ချီပုကျင်းက

'ကျုပ်တို့ပြီးမှ ဆွေးနွေးကြတာပေါ့'

တုကျိုကောင်းက

'ခင်ဗျားသိချင်တာမေး ကျုပ်သိသလောက်ပြောမယ်၊ဒါပေမယ့် ကျုပ်ကိုချက်ချင်း ပြန်လွှတ်ပေးပါ'

ချီပုကျင်း ခေါင်းခါယမ်းလိုက်ပြီး

'ငါတို့ မင်းကိုရော မင်းရဲ့ဇနီးကိုရော အလိုမရှိဘူး၊မင်းဇနီးနဲ့ မင်းအလျှင်တွေ့လိုက်ပါဦး၊ လုဖုန်း သူ့ကိုခေါ်သွားလိုက်ပါ'

တုကျိုကောင်းမှာ မထတ်သာတော့ပါ။

လုဖုန်းနောက်မှ လိုက်သွားရတော့သည်။



ရှည်လျားသောစင်္ကြံလမ်းအလေးအတိုင်း လုဖုန်းနှင့် တုကျိုကောင်းမှာ လျှောက်သွားနေ၏။

လုဖုန်းက

'ရှင် ကျွန်မကို အထင်မလွဲပါနဲ့'

'အထင်လွဲစရာလဲ မလိုပါဘူး၊ မင်းဟာ သေမင်းတမန် ဂိုဏ်းသားပဲ'

'ရှင့်အနေနဲ့ ကျွန်မဘဝကို မသိသို့ပါ၊ ကျွန်မဟာ မိဘမဲ့ တစ်ယောက်ပါ၊ ငယ်ငယ်လေးကတည်းက ဒီဂိုဏ်းကဘဲ ကျွေးမွေးထားတော့ ဂိုဏ်းအပေါ်စိတ်မပါပေမယ့် သစ္စာမဖောက်နိုင်ခဲ့ဘူး'

တုကျိုကောင်း ပါးစပ်ပိတ်ထားလိုက်သည်။

လုဖုန်း သက်ပြင်းချရင်း

'ကျွန်မ ရှင့်ကို အကူအညီတစ်ခု တောင်းချင်ပါတယ်'

တုကျိုကောင်း မျက်မှောင်ကုပ်သွားပြီး....

'တကယ်လို့ ကျွန်မသေသွားခဲ့ရင် ယိုစိန်ကျားကို ရှင့်ဆီ ပို့လိုက်ပါရစေ၊ ကျွန်မသားလေးကို စောင့်ရှောက်ပါ'

တုကျိုကောင်း မဲ့ပြုံးပြုံးလိုက်၏။

လုဖုန်းက အသနားခံသောအကြည့်ဖြင့်ကြည့်လိုက်ပြီး

'ကျွန်မကို တလွဲမထင်ပါနဲ့ရှင်၊ ကျွန်မအနေနဲ့ ဒီမှာပျော်လို့နေရတာ မဟုတ်ပါဘူး၊ ကျွန်မသားလေးကိုလဲ ဒီမှာ မကြီးပြင်းစေချင်တာ ကျွန်မရင်ထဲက ဆန္ဒအမှန်ပါရှင်'

တုကျိုကောင်းမှာ လုဖုန်း အတည်ပြောနေခြင်းဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် သက်ပြင်းချရင်း

'ကလေးအတွက်က တကယ့်မိဘရင်ခွင်ထက် ခိုကောင်းတာ ဘာမှမရှိပါဘူး၊ မင်းကိုယ်တိုင် ဒီအထဲကလွတ်အောင်ရုန်းတာ ပိုကောင်းမယ်၊ ဒါပေမယ့် မင်းမဘတ်နိုင်တော့တဲ့အချိန်ကျရင်တော့ ငါ စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်'

'ဝမ်းသာလိုက်တာရှင်၊ ကျွန်မရှင့်ကို ကျေးဇူးတင်ပါတယ်'

လုဖုန်းမှာ လှိုက်လှဲစွာပင် ပြောလိုက်သည်။

သူတို့လျှောက်လာရင်း စင်္ကြံအဆုံးသို့ ရောက်သောအခါ အခန်းတစ်ခုကို တွေ့လိုက်ရ၏။

လုဖုန်းက အခန်းတံခါးကိုဖွင့်လိုက်ပြီး

'အထဲမှာ ရှင့်ဇနီးရှိပါတယ်'

တုကျိုကောင်း အခန်းထဲသို့ ဝင်လိုက်သောအခါ ခုတင်ပေါ်တွင် ခွေခွေကလေးအိပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။



ချိုပုကျင်းက တုကျိုကောင်းအား စိုက်ကြည့်လိုက်ပြီး

'ပေ့ဟုန်နဲ့အတူ ဘယ်သူတွေ လိုက်လာမှာလဲ'

တုကျိုကောင်းက

'ကို့ကျိုကွမ်း၊ ခြေမရှိ၊ စွေ့ယင်းဟုန်၊ လီဟုန်းတို့ပဲ'

'ကျန်တာတွေကော'

'လောက်ချား၊ မျက်နှာတစ်ထောင်နဲ့ ကျင်းအော့က သေသွားပြီ၊ အဆိပ်ဘုရင်ကိုတော့ ထားခဲ့မယ်ထင်တယ်၊ ဒါပေမယ့် ပြောလို့မရဘူး၊ အဆိပ်ဘုရင်ပါလာရင် တစ်ယောက်ယောက် ကျန်ခဲ့မှာပါပဲ'

ချိုပုကျင်းက စဉ်းစားလိုက်ပြီး

'ရွှေစင်အရိုးစုကော ပါလာမှာလား'

'ပါတယ်၊ ဘာကြောင့်လဲဆိုရင် ဒါကိုပြပြီး ခင်ဗျားတို့ကို သူ့လက်အောက် သိမ်းသွင်းမယ်မဟုတ်လား'

ချိုပုကျင်းက မဲ့လိုက်ပြီး

'သူသိမ်းသွင်းတာကို ခံမယ်များထင်လို့လား'

'ခင်ဗျားတို့ ဌာနခွဲမှူး ဆယ့်သုံးယောက်ကတော့ အခုလာမယ့် လူငါးယောက်ကို နိုင်ပါ့မလား'

ချိုပုကျင်းမှာ ပါးစပ်ပိတ်သွား၏။

တုကျိုကောင်းက ဆက်ပြောလိုက်၏၊

'ကို့ကျိုကွမ်းကို ယှဉ်နိုင်မယ့်လူ တစ်ယောက်မှမရှိဘူး'

ချိုပုကျင်းက ပြုံးလိုက်ပြီး

'ရှိတယ်'

တုက္ကိုကောင်း မျက်မှောင်ကုပ်သွားပြီး

'ဘယ်သူလဲ ခင်ဗျားလား'

'မဟုတ်ဘူး၊ မင်းပဲ'

တုက္ကိုကောင်း၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

ချိုပုကျင်းက

'ဟုတ်တယ်၊ မင်းက ကို့ကျိကွမ်းကိုရင်ဆိုင်ပါ၊ ကျန်တဲ့လူတွေကို ကျုပ်တို့ကြည့်ရှင်းနိုင်တယ်၊ ရှင်းနိုင်အောင်လဲ အစီအစဉ်လုပ်ထားတယ်၊ ခင်ဗျားကသာ ကူညီမယ်ဆိုရင် ဖုရှောက်လုံကို လုပ်ကြံနိုင်ဖို့ ကျုပ်တို့ခင်ဗျားကို အပြည့်အစကူညီမယ်၊ ဒီတော့ ရွှေစင်အရိုးစုရတာနဲ့ ခင်ဗျားဇနီးကို လွှတ်ပေးပါ့မယ်'

တုက္ကိုကောင်း ထင်မြင်ချက်ချရင်း

'ကျုပ်ဇနီးကို ဘယ်တော့ လွှတ်မှာလဲ၊ ချိန်းတဲ့နေရာကို တစ်ပါတည်းခေါ်လာခဲ့ပါလား'

'မဖြစ်ဘူး...ကျုပ်ကတိကိုယုံကြည်ပါ'

'ကောင်းပြီလေ....ခင်ဗျားအနေနဲ့ ကျန်တဲ့ဌာနခွဲမှူးဆယ့်နှစ်ယောက်ကို အချိန်မီ စုစည်းနိုင်ပါ့မလား'

ချိုပုကျင်းက ပြုံးလိုက်ပြီး

'ဒါလဲ ကျုပ်တာဝန်ပဲထားလိုက်စမ်းပါ၊ လဆန်းရက်နေ့ မိုးကောင်းကင်စားသောက်ဆိုင်မှာ ဆက်ဆက်စောင့်နေမယ်၊မင်းဘက်က ကတိတည်ပါစေ'



တုက္ကိုကောင်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် ကတိမတည်ရင် ကျုပ်ဇနီးသေသွားမှာပေါ့၊ ကျုပ်ဇနီးကို အလကား အသက်အဆုံးအရှုံးမခံနိုင်ပါဘူး'

တစ်ဖက်လာပ်က ရယ်မောလိုက်ပြီး

'ဒါကို မင်းအမြဲတမ်းသတိရနေရင် ပြီးတာပါပဲ'

တုက္ကိုကောင်း ဘာမှပြန်မပြောတော့ပါ။

တုက္ကိုကောင်းက နဂါးရေကန်မှ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။

* * *

## ကယ်တင်ရှင်သေမင်း

တုကျိုကောင်းမှာ ပန်းတစ်ရာတောင်ကြား ပတ်ဝန်းကျင်သို့ ပြန်ရောက်လာချိန်တွင် မှောင်စပျိုးနေပြီဖြစ်သည်။

ထို့ကြောင့် မြင်းကိုအသော့နှင်လိုက်သည်။ မြင်းမှာလည်း သခင်၏အလိုကိုသိသည့်အလား ပြေးလွှားမှု အရှိန်ကို မြှင့်တင်လိုက်လေသည်။

သို့သော် ကြာကြာပင် မပြေးလွှားလိုက်ရပါ အရှေ့ဘက် လမ်းမပေါ်မှ လူနှစ်ယောက် လျှောက်လာ နေသည်ကို တွေ့လိုက်ရသဖြင့် မြင်းကိုအရှိန်သတ်လိုက်သည်။

အနီးကပ်လိုက်မှ ထိုလူနှစ်ယောက်၏ရုပ်သွင်ကို တွေ့လိုက်ရလေသည်။ တုကျိုကောင်းမှာ အံ့သြထိတ်လန့်သွားရတော့သည်။



လူနှစ်ယောက်မှာ လမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာ၏။ အမျိုးသမီးတစ်ဦးနှင့် အဘွားအိုတစ်ဦးတို့ဖြစ်၏။ အမျိုးသမီးမှာ တုကျိုကောင်းကို တွေ့သောအခါ မျက်နှာပျက်သွားပြီး ခြေလှမ်းလဲရပ်တန့်သွားလေသည်။

အဘွားအိုက....

'ဆက်သွားလေ ဘာလို့ရပ်နေတာလဲ'

အမျိုးသမီး သက်ပြင်းချရင်း....

'သွားလို့မရတော့ဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်မတို့ကို တားမယ့်လူရောက်လာနေပြီ'

သူ့စကားအဆုံးတွင် တုကျိုကောင်းက မြင်းပေါ်မှ ဆင်းလာ အမျိုးသမီးရှေ့တွင် ပိတ်ဆို့ထားလိုက်လေသည်။

တုကျိုကောင်းက စုမင်းနှင့် အဖြူပန်းများ တခေါင်းလုံးဝေနေအောင်ပန်ထားသော အဘွားအိုကို တွေ့လိုက် ရသဖြင့် အံ့သြသွားသည်။

အဘွားအိုအည် မည်သူနည်း။

တုကျိုကောင်းက

'စုမင်း ကျုပ်နဲ့ပြန်လိုက်ခဲ့ပါ၊ ထွက်ပြေးဖို့ မစဉ်းစားပါနဲ့'

ဟု အေးတိအေးစက် ပြောလိုက်၏။

စုမင်း ပြုံးလိုက်သည်။

'ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မကို ခေါင်းဆောင်ကြီးက ပြန်လွှတ်ပေးလိုက်တာရှင့်'

တုကျိုကောင်း မဲ့ပြုံးပြုံးလိုက်ပြီး

'မင်းလိမ်ပြောနေတာ ငါမသိဘူး ထင်လို့လား'

အဘွားအိုက

'ဟုတ်သားပဲသမီးကလဲ အမေကယ်လို့လွတ်လာခဲ့တာပဲ အမှန်အတိုင်း ပြောလိုက်ရောပေါ့'

ထိုစကားကြောင့် စုမင်းမှာ မျက်လုံးပြူးသွား၏။ ထို့အတူ တုကျိုကောင်းမှာလည်း အံ့ဩသွားလေသည်။

တုကျိုကောင်းက အဘွားအိုအား စိုက်ကြည့်လိုက်၏။ ပန်းပွင့်များကို ခေါင်းတစ်ခုလုံး ဝေဆာနေအောင် ပန်ဆင်ထားသည်ကိုတွေ့ရသောအခါ အံ့ဩသွား၏။

ရုတ်ခြင်း လူတစ်ယောက်ကို သတိရသွားသည်။ သူ၏ဆရာကတော် ပန်းဘွားဘွားပင်လော။

ထိုအဘွားအိုကို စိုက်ကြည့်ရင်း မှတ်မိလာ၏။ ထိုအဘွားအိုသည် ပန်းတစ်ရာတောင်ကြားတွင် ဗာဟီရကိစ္စများလုပ်ကိုင်သော အဘွားအိုပင်ဖြစ်နေသည် မဟုတ်ပါလော။

တုကျိုကောင်း လက်နှစ်ဖက်ဆုပ်လိုက်ပြီး

'သူဟာ တရားခံတစ်ယောက်ပါ၊ ဘွားဘွားအနေနဲ့ သူ့ကို မကယ်တင်သင့်ပါဘူး၊ ဒါထက် ဘွားဘွားက ပန်းဘွားဘွားလား'

ဟု လေးစားစွာမေးလိုက်၏။ အဘွားအိုက မျက်မှောင်ကုပ်သွားပြီး....

'သူက ငါ့ကိုအမေအဖြစ် အသိအမှတ် ပြုထားတယ်ကွယ့်၊ ဒီတော့ သူ့ကိုငါက ကယ်ရမှာပေါ့'



တုကျိုကောင်းက

'ဘွားဘွားဟာ ပန်းဘွားဘွားမဟုတ်ရင်တော့ ကျွန်တော် ဟန့်တားရလိမ့်မယ်'

အဘွားအိုက မဲ့လိုက်ပြီး

'မင်းက တားတော့ကော ငါက ဂရုစိုက်ရမှာလား၊ လာ သမီးသွားမယ်'

အဘွားအိုက ပြောပြောဆိုဆိုနှင့် စုမင်းလက်ကိုဆွဲကာ တုကျိုကောင်းကို ဖြတ်ကျော်ထွက်လိုက်သည်။

တုကျိုကောင်းမှာ ဒေါသခြောင်းခြောင်း ထွက်သွား၏။

ချက်ချင်းပင် ဓားချွန်းတစ်ချက်ထိုးလိုက်ရာ အဘွားအို၏ရှေ့သို့ ကျရောက်သွားလေသည်။

အဘွားအိုက

'မင်း သေချင်နေပြီလား'

တုကျိုကောင်းက

'ခင်ဗျား သူ့ကိုထားခဲ့ပါ၊ ကျုပ် မတိုက်ခိုက်ချင်ဘူး'

အဘွားအိုက....

'မင်း လမ်းဖယ်စမ်းပါ၊ နို့မဟုတ်ရင် ငါ မင်းကိုဆုံးမနေရမယ်'

တုကျိုကောင်းမှာ ဘာမျှဆက်ပြောမနေတော့ပါ။

အဘွားအိုကို တိုက်ခိုက်လိုက်သည်။

သူက အဘွားအိုအား ထိအောင်တိုက်ခိုက်ခြင်း မဟုတ်ပါ။

ဟန်ပြတိုက်ခိုက်လိုက်ပြီး စုမင်းကိုပြန်လည်ဖမ်းချုပ်ရန် ရည်ရွယ်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သို့သော်လည်း အဘွားအို ထိတ်လန့်သွားစေရန် အတွင်းအားပါထည့်ပြီး ရိုက်ချလိုက်ခြင်းဖြစ်သည်။

အဘွားအိုမှာ ရှောင်တိမ်း ခြင်းမရှိပါ။

ရှေ့သို့တိုးလာပြီး တုက္ကျီကောင်း၏ လက်ကောက်ဝတ်ကို အသာ လက်ညှိုးဖြင့်ထိုးလိုက်သည်။

တုက္ကျီကောင်းမှာထိတ်လန့်သွား၏။

လက်ကိုရုပ်သိမ်းရန် ဟန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားချေပြီ။

အဘွားအို၏လက်ညှိုးမှာ သူ၏လက်ကောက်ဝတ်ကို ထောက်မိသွားသည်။

လက်တစ်ခုလုံးထုံကျင်သွားပြီး လှုပ်ရှားမရတော့ချေ။

တုက္ကျီကောင်းမှာ ထိတ်လန့်သွားပြီး ကျန်လက်တစ်ဖက်ဖြင့် လက်ပြန်ပတ်ရိုက်ချလိုက်၏။

သို့သော် အဘွားအို၏လက်ညှိုးက သူ၏ရင်ဝသို့ လျင်မြန်စွာ ရောက်ရှိလာသည်။

'ဝုန်း'

တုက္ကျီကောင်းမှာ သွေးကြော ပိတ်ခံလိုက်ရသဖြင့် မဟန်နိုင်ဘဲလဲကျသွားသည်။



စုမင်းမှာအဘွားအို၏ ထက်မြက်လှသောသိုင်းပညာကို တွေ့သောအခါ ဝမ်းသာသွားသည်။

'မေမေ သူ့ကိုသတ်လိုက်ပါလား၊ နို့မဟုတ်ရင် ဒုက္ခပေးမယ်'

အဘွားအိုက ခေါင်းခါယမ်းလိုက်ပြီး....

'မိန်းကလေးဆိုတာ လူမသတ်ရဘူးကွယ့်၊ ကဲ သူ့ကိုပါ ခေါ်သွားတာကောင်းမယ်'

ဟု ပြောပြီး တုက္ကျီကောင်းကိုတင်ကာ ပျောက်သွားလေတော့သည်။

အဘွားအိုမှာ အိမ်ထလေးထဲသို့ ရောက်သည်နှင့် တုကျိ ကောင်းအား ပစ်ချလိုက်သည်။

'အား'

တုကျိကောင်းမှာ နာကျင်သွားပြီး လွှတ်ခနဲအော်မိ၏၊

အဘွားအိုက ကုလားထိုင်တွင်ထိုင်ချလိုက်ပြီး

'စောလိုက်တာအေ....အဲ့ဒါထက် ဂိုဏ်းချုပ်အိမ်သာဆိုတယ် သေးသေးလေးပါလား၊ ညည်းတို့ဂိုဏ်းလဲ သေးသေးလေးပဲ ထင်တယ်'

ဟု ပြောလိုက်သည်။

စုမင်းကရယ်မောလိုက်ပြီး

'ဒီအိမ်က ကျွန်မတို့ရဲ့လျှို့ဝှက်နေရာပါ၊ ကျွန်မတို့ဂိုဏ်းဟာ သိုင်းလောကမှာ အင်အားကောင်းတဲ့ ဂိုဏ်းတစ်ခုပါ'

'ဟုတ်ရဲ့လား၊ ဒါထက် ညည်းယောကျ်ားကော မတွေ့ပါ လား'

စုမင်းက ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး

'သူ ဒီမှာရှိပါတယ်၊ အပြင်ထွက်သွားလို့နေပါလိမ့်မယ်'

စုမင်းမှာ ဖုရှောက်လုံကိုမတွေ့သဖြင့် စိတ်ပူမိသည်။

သို့သော် အိမ်ထဲတွင် ပစ္စည်းအနေအထားကို ကြည့်ခြင်း အားဖြင့် ဖုရှောက်လုံ ဤအိမ်တွင်းပုန်းခိုနေကြောင်း သိလိုက် သဖြင့် ယခုလိုပြောလိုက်ခြင်း ဖြစ်ပါသည်။

အဘွားအိုက....

'ညည်းတို့ တကယ်ကော ငါ့ကို တစ်ထောင်ပေးမှာလား'

ဟု မယုံသလိုမေးလိုက်သည်။



စုမင်းကခေါင်းညိတ်လိုက်ပြီး....

'စိတ်ချပါ'

တုကျိကောင်းက အံ့ဩသွားပြီး....

'ငွေတစ်ထောင်တည်းနဲ့ သူ့ကို ကယ်လာတာလား'

အဘွားအိုက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်'

တုကျိကောင်းက

'ဒါဆို ကျွန်တော် တစ်ထောင့်ငါးရာပေးမယ်၊ ကျွန်တော့် ကိုလွှတ်ပြီး သူ့ကိုဖမ်းလိုက်ပါ'

အဘွားအို၏မျက်လုံးအစုံမှာ ဝင်းလက်သွား၏။

'မင်းမှာ ငွေရှိလို့လား'

'ရှိတယ်'

'မေမေ ကျွန်မက နှစ်ထောင်ပေးမယ်၊ သူပြောတဲ့အတိုင်း မလုပ်နဲ့'

ဟု စုမင်းက ကမန်းကတန်း ဝင်ပြောလိုက်သည်။

တုကျိကောင်းက....

'ကျွန်တော် နှစ်ထောင့်ငါးရာပေးမယ်'

'ကျွန်မသုံးထောင်'

'သုံးထောင့်ငါးရာ'

'လေးထောင်ပေးမယ်'

တုကျိကောင်းမှာ ပါးစပ်ပိတ်သွားသည်။

အဘွားအိုက တုကျိကောင်းအားကြည့်လိုက်ပြီး

'မင်း ပိုမပေးတော့ဘူးလား'

တုက္ကျီကောင်းက....

'ကျွန်တော့်မှာ သုံးထောင့်ငါးရာပဲရှိလို့ပါ'

တုက္ကျီကောင်းက ပြောလိုက်သည်။

အဘွားအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

'အင်း မင်းမှာသုံးထောင့်ငါးရာရှိတယ်ဆိုတာ သေချာပြီ'

ဟု ပြောရင်း စုမင်းအားစိုက်ကြည့်လိုက်၏။

'မင်းငွေကကော ဘယ်မှာလဲ'

'ရှိမှာပါ မပူနဲ့'

'ငါအကြွေးမလိုချင်ဘူး သူ့ဆီကမှသေချာဦးမယ်ထင်တယ်'

စုမင်းမှာ မျက်လုံးပြူးသွားသည်။

အဘွားအိုငွေအလွန်မက်သည်ကို တွေ့လိုက်ရသဖြင့် စိတ်အိုက်သွားသည်။

'အဘွားအိုရာ....

'မင်း ငွေရှိရင်ပြလေ နို့မဟုတ်ရင် ငါသူ့ဆီကငွေကိုလက်ခံလိုက်လိမ့်မယ်'

စုမင်းက ပြုံးလိုက်ပြီး

'ရှိပါတယ် ကျွန်မတို့မှာ ငွေအများကြီးရှိတယ် မေမေသာ ကျွန်မတို့နဲ့နေရင် ချမ်းချမ်းသာသာနေရမယ်'

'ငါ့ကို ငွေသာအလျင်ပြပါ'

စုမင်းက သက်ပြင်းချလိုက်သည်။

ထို့နောက် အိမ်နံရံရှိ လျှို့ဝှက်ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ အခန်းထောင့်ရှိဗီရို ရွေ့လျားသွားပြီး အခန်းတစ်ခုပေါ်လာသည်ကို တွေ့လိုက်ရ၏။



အခန်းထဲမှ ရွှေငွေကျောက်သံပတ္တမြားတို့၏ အရောင်မှာ အပြင်သို့ ဖိတ်လျှံကျလာလေသည်။

အဘွားအို၏မျက်လုံးအစုံမှာ ဝင်းလက်သွားသည်။

'တွေ့ပြီမဟုတ်လား ကျွန်မ မလိမ်ပါဘူး'

အဘွားအိုက ခေါင်းညိတ်လိုက်ပြီး....

'မနည်းဘူး မင်းတို့ဒါတွေဟာ လုယက်ယူထားတာတွေပဲ ဖြစ်မယ်ထင်တယ်'

စုမင်းက ရယ်မောလိုက်ပြီး

'ဘယ်လိုပဲရရ ချမ်းသာဖို့အရေးကြီးတယ်မဟုတ်လား'

အဘွားအိုက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တာပေါ့ လောကမှာ ဆင်းဆင်းရဲရဲနေရတာ မကောင်းပါဘူး'

'ဒါဆို သူ့ကိုသတ်လိုက်ပါ'

'အဘွားအိုမှာမကြားသကဲ့သို့ ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ စုမင်းက

'ကဲ ကျွန်မတို့ သူ့ကိုရှင်းပစ်တာ ကောင်းမယ် မေမေမရှင်းချင်နေ ကျွန်မရှင်းလိုက်မယ်'

'နေပါစေလေ ညည်းယောကျ်ားလာမှပဲ သတ်ပါစေ'

စုမင်းမှာ ပါးစပ်ပိတ်သွားသည်။

အဘွားအိုအား အထွန့်တက်၍မရကြောင်း သူမနားလည် ထားသည်မဟုတ်ပါလား'

• • •

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အိမ်ကလေးပတ်ဝန်းကျင်မှ မြင်းခွာသံကို ကြားလိုက်ရ၏။

စုမင်းမှာ ခေါင်းဆတ်ခနဲဖြစ်သွားပြီး

'သူပြန်လာပြီ'

အဘွားအိုက မျက်မှောင်ကုပ်လိုက်ပြီး

'ဘယ်သူလာတာလဲ'

စုမင်းက ပြုံးလိုက်ပြီး

'ကျွန်မယောကျ်ားပါ'

'ဟုတ်လား ဒါဆို သွားကြိုလိုက်ပါဦး'

စုမင်းမှာ ချက်ချင်းပင် အိမ်ပြင်သို့ ထွက်သွားလေသည်။

ဖုရှောက်လုံမှာ အိမ်ရှေ့သို့ရောက်သောအခါ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ အိမ်ရှေ့၌ရပ်နေသော စုမင်းကို တွေ့သောအခါ အံ့ဩဝမ်းသာသွားပြီး

'မင်းလွတ်လာတယ် ဟုတ်လား'

စုမင်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ် အဘွားအိုတစ်ယောက်ကို စည်းရုံးပြီး ထွက်ပြေးလာခဲ့တာ၊ ဒါထက်ဝမ်းသာစရာကောင်းတာ ရှိသေးတယ်'

'ဘာလဲ'

'ရှင့်အတွက် တူကျိကောင်းလဲ ယူလာတယ်လေ'

ဖုရှောက်လုံ မျက်မှောင်ကြုတ်သွားပြီး

'ဘာလဲ... ရှင်းရှင်းပြောစမ်းပါ'

'ရှင့်အတွက် တူကျိကောင်းကိုပါ ဖမ်းလာတယ်လေ'

ဖုရှောက်လုံ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွား၏။



စုမင်း အိမ်ထဲရောက်သည်နှင့် ဖုရှောက်လုံအား အဘွားအိုနှင့် မိတ်ဆက်ပေးလိုက်သည်။

ဖုရှောက်လုံမှာ အဘွားအိုကိုတွေ့သောအခါ မျက်နှာကွက်ခနဲ ပျက်သွား၏။

သက်ပြင်းချလိုက်ပြီး

'မင်းခေါ်လာတာ ကယ်တင်ရှင်မဟုတ်ဘူး သေမင်းပါပဲ'

စုမင်းမှာ ထိုစကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

အဘွားအိုက ရယ်မောလိုက်ပြီး ထိုင်ရာမှထလိုက်၏။

'ဖုရှောက်လုံ မင်းငါ့ကို မှတ်မိသေးသားပဲ'

ဖုရှောက်လုံ၏မျက်နှာမှာ ဖြူရော်နေသည်။

စုမင်းမှာ ယခုမှပင် ရိပ်မိသွားသည်။

'သူ... သူက ပန်းဘွားဘွားလား'

အဘွားအိုက ရယ်မောလိုက်ပြီး

'ငါ့ခေါင်းမှာ ပန်းတွေဝေနေအောင် ပန်ထားတာတောင် ညည်းမသိတာ အံ့ဩပါရဲ့'

ဟု ပြောလိုက်လေသည်။

စုမင်း၏ဒူးမှာ ညွတ်ကျသွားသည်။

'သေမင်းကို ကယ်တင်ရှင်မှတ်ယူကာ သူ့မအားကယ်လာခိုင်းခဲ့သည် မဟုတ်ပါလား'

ဖုရှောက်လုံ သက်ပြင်းချလိုက်ပြီး

'ဆရာကတော် ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော်လောဘကြီးမိတာကို နောင်တရနေပါပြီ'

ဟု တောင်းပန်လိုက်သည်။

ပန်းဘွားဘွားက မဲ့လိုက်ပြီး

'ဆရာကိုတောင် သတ်တဲ့လူတစ်ယောက်ကို ဘယ်သူမှ ခွင့်မလွှတ်နိုင်ကြပါဘူး'

စုမင်းမှာ အံကိုတင်းတင်းကြိတ်လိုက်၏။

ပန်းဘွားဘွားက ဖုရှောက်လုံဘက်သို့ အာရုံစိုက်နေချိန် သူမက ရုတ်တရက် လှုပ်ရှားလိုက်သည်။

သူမ၏ဓားမှာ လျှပ်တစ်ပြက် ပန်းဘွားဘွား၏ နံကြားသို့ တိုးဝင်သွားသည်။

ပန်းဘွားဘွားက ကိုယ်ကိုအသာယိမ်းလိုက်ရာ ဓားမှာချော်ထွက်သွားသည်။

တစ်ဆက်တည်းမှာပင် ပန်းဘွားဘွားက လက်ပြန်ရိုက်ချလိုက်၏။

စုမင်းမှာ ဓားချော်သွားပြီး အရှိန်လွန်သွားသည့်အတွက် မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

'ဝုန်း'

စုမင်းမှာ နောက်သို့ လွင့်စဉ်သွားသည်။

အိမ်နံရံနှင့်တိုက်မိပြီးမှ ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။

ပြန်လည်ထလာနိုင်စွမ်း မရှိတော့ပါချေ။

ဖုရှောက်လုံမှာ ထိုတံခါးအတွင်း အခွင့်အရေးကို အမိအရယူလိုက်၏။

နောက်ကျောထိုးကာ အပြင်သို့ခုန်ထွက်လိုက်၏။

ပန်းဘွားဘွားကမဲ့လိုက်ပြီး



'မင်း ပြေးလို့ လွတ်မယ်ထင်လို့လား'

ဟုအော်ပြောလိုက်ပြီး ကြမ်းပြင်ပေါ်တွင်လဲနေသောတုကျိကောင်းကိုဆွဲယူ ပစ်လွှင့်လိုက်၏။

တုကျိကောင်း၏ခန္ဓာကိုယ်မှာ ဖုရှောက်လုံ၏ရှေ့သို့ ရောက်ရှိသွားသည်။

သွေးကြောများလည်း ပြန်လည်ပွင့်သွား၏။

တုကျိကောင်းမှာ မြေပေါ်သို့ခြေကျမိသည်နှင့် ဓားကိုဆွဲထုတ်ကာ ဖုရှောက်လုံ၏လမ်းကို ပိတ်ဆို့တိုက်ခိုက်လိုက်သည်။

ဖုရှောက်လုံမှာ တုကျိကောင်းကိုတွေ့သောအခါ ဒေါသထွက်သွားပြီး

'မင်း မသေသေးဘဲကိုး၊ ဒီတစ်ခါတော့ မင်းသေရမယ်'

ပြောပြောဆိုဆို တရကြမ်း တိုက်ခိုက်လိုက်လေသည်၊ တုကျိကောင်းကလည်း အံကိုတင်းတင်း ကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်နေသည်။ တုကျိကောင်းမှာ ဓားကိုသွက်လက်စွာ လှုပ်ရှားတိုက်ခိုက်နေ၏။

သို့သော် ဖုရှောက်လုံကို ထိအောင်မတိုက်ခိုက်နိုင်သေးပါ။ ထို့အတူ ဖုရှောက်လုံမှာလည်း တုကျိကောင်းအား ပြတ်ပြတ်သားသား မတိုက်ခိုက်နိုင်ဘဲဖြစ်နေ၏။

သူ၏အာရုံမှာ စုစည်း၍မရပါ။

ပန်းဘွားဘွားထွက်မလာမီ အမြန်ဆုံး ထွက်သွားနိုင်အောင်သာ စဉ်းစားနေမိ၏။

ပန်းဘွားဘွားထွက်လာလျှင် သူ့အတွက် အခြေအနေ ဆိုးရွားလာမည်မဟုတ်ပါလော။ သို့သော် တုက္ကိုကောင်းမှာ ဓားနှင့်ဖြစ်ပြီး သူကသက်နှက်မှဲ့ဖြစ်နေ၍ ကျော်မထွက်နိုင်ဘဲဖြစ်နေရ၏။

တုက္ကိုကောင်းမှာလည်း စိတ်လှုပ်ရှားနေ၏။ ယခုနေ ဖုရှောက်လုံသား အနိုင်ဖတိုက်ခိုက်နိုင်လျှင် သူ သေဆုံးရမည်သာဖြစ်၏။

ထို့ကြောင့် တတ်စွမ်းသမျှကို အိပ်သွန်ဖာမှောက်တိုက်ခိုက်နေ၏။

သို့သော် ဖုရှောက်လုံနှင့်သူသည် ဆရာတူတပည့်များ ဖြစ်သည့်အပြင် ဖုရှောက်လုံက သူ့ထက် ဝါကြီးသည် မဟုတ်ပါလော။

သူတိုက်ခိုက်လာသမျှကို ကောင်းစွာ ရှောင်တိမ်းနိုင်ပေ၏။ ဖုရှောက်လုံ ကြောက်နေ၍သာ သူ့အနေနှင့် ဤမျှဟန့်တားနိုင်ခြင်းဖြစ်သည်ကို နားလည်လိုက်၏။

ပန်းဘွားဘွား အမြန်ထွက်လာရန်ကိုသာ ဆုတောင်းနေမိလေသည်။

ထိုစဉ်မှာပင် အိမ်တဲမှ ပန်းဘွားဘွား ထွက်လာသည်ကိုတွေ့လိုက်ရလေသည်။



ပန်းဘွားဘွားမှာ အိမ်ထဲမှထွက်လာလေသည်။ တိုက်ပွဲရှိရာသို့ လက်နှစ်ဖက်နောက်ပစ်ကာ လျှောက်လာနေသည်ကို တွေ့ရ၏။

ဖုရှောက်လုံမှာ စိတ်ခေတ်ကျသွားသည်။ မည်သို့ထွက်ပြေးရမည်ကိုပင် စဉ်းစားမရဘဲဖြစ်နေသည်။

တုက္ကိုကောင်းမှာမူ အားတက်သွား၏။

သူ၏တိုက်ခိုက်မှုမှာလည်း ပို၍သွက်လက်လာလေသည်။

ဖုရှောက်လုံ ရှတ်တရက် အကြံရသွားသည်။ ပန်းဘွားဘွားဘက်သို့လှည့်လိုက်ကာ

'ဆရာကတော်က ကျွန်တော့်ကိုတိုက်ခိုက်မယ်ဆိုရင်အလေးနဲ့လူကြီးလိုဖြစ်နေပြီ ဆရာကတော် သိက္ခာကျမယ်နော်'

ဟုပြောလိုက်သည်။ ပန်းဘွားဘွား မဲ့ပြုံးပြုံးလိုက်သည်။

ဖုရှောက်လုံ ဉာဏ်နီဉာဏ်နက်ထုတ်နေပြီဖြစ်ကြောင်း ချက်ချင်းရိပ်စားလိုက်လေသည်။ သို့သော် သူမက

'ဟုတ်တယ် ငါ မင်းကို အနိုင်ယူရင် သိက္ခာကျမှာသေချာတယ်'

ဟုအလိုက်သင့် ပြောလိုက်သည်။

ဖုရှောက်လုံမှာ ဝမ်းသာသွားသည်။

သူဆင်ထားသည့် အကွက်အတွင်းသို့ ပန်းဘွားဘွား ဆင်းသက်နေပြီ မဟုတ်ပါလား။ သူကဆက်ပြောသည်။

'သူဟာ ကျုပ်နဲ့ဆရာတူတွေပဲ ဆရာ့အတွက်သူကတိုက်ခိုက်ရင် တရားမယ်မဟုတ်လား။

ပန်းဘွားဘွား ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်'

'ဒါဆို သူနဲ့ကျွန်တော် တိုက်ခိုက်တာကို ဆရာဇာတော်ဝင် မပါတော့ဘူး မဟုတ်လား'

'နေဦး'

'ဘာပြောမလို့လဲ'

'မင်းက သူ့ထက်စောပြီး ပညာသင်ခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် ငါစင်မကူညီဘူး၊ ဒါပေမယ့် သူ့ကို သိုင်းကွက် တစ်ကွက်နှစ်ကွက်သင်ပေးရင် ဖြစ်မလား'

ဖုရှောက်လုံမှာ ဇောဝေသွားသည်။ ယခုမှ သိုင်းတစ်ကွက် နှစ်ကွက်သင်လျှင်လည်း ကောင်းစွာကျွမ်းကျင်မည်မဟုတ်ပါ။

သူ့အနေနှင့် သဘောတူရမည်လား။ ထိုစဉ် ပန်းဘွားဘွား ထံမှ အသံထွက်ပေါ်လာသည်။

'ငါကလဲ လိုအပ်မှသင်ပေးမှာပါ၊ ကဲ မင်းတို့တိုက်ခိုက်ကြ တော့'

ထိုစကားကြားသောအခါ တုကျိုကောင်းမှာ ရင်ထိတ်သွား သည်။ သူမည်သို့ ဖုရှောက်လုံအား အနိုင်ရမည်နည်း။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။ သူအသက်သေချင် သေပါစေ ဖုရှောက်လုံကို အနိုင်ရအောင် တိုက်ခိုက်မည်ဟုဆုံး ဖြတ်လိုက်လေသည်။

ဖုရှောက်လုံမှာ ဝမ်းသာသွားသည်။

တုကျိုကောင်းအား သူမကြောက်ပါ။

ကောင်းစွာ အနိုင်ယူနိုင်သည် မဟုတ်ပါလား'



တိုက်ပွဲမှာပြင်းလန်လှသည်။

တုကျိုကောင်းမှာ ပညာကုန်ထုတ်သုံးကာ တိုက်ခိုက်နေ၏။

သိုင်းကွက် နှစ်ဆယ်ကျော် ရောက်လာသောအခါ တိုက်စစ် မဆင်နိုင်တော့ပါ။

မိမိကိုယ်ကိုသာ မထိအောင် ခုခံနေရသည်။

သူ၏နဖူးတွင်လည်း ချွေးများစို့ရွှဲနေ၏။

ဖုရှောက်လုံမှာလည်း ပြင်းထန်စွာတိုက်ခိုက်နေသည်။

သို့သော် သူ့အနေနှင့်တုကျိုကောင်းကို လွယ်ကူစွာအနိုင်ရ မည်မဟုတ်ကြောင်း နားလည်လိုက်သည်။

ဤအတိုင်းတိုက်ခိုက်နေလျှင် သူတို့နှစ်ဦးစလုံး ပင်ပန်းသည် မှာအဖက်တင်မည်။

သုံးရက်နှင့်သုံးည တိုက်ခိုက်နေရသော်လည်း တုကျိုကောင်း လဲသွားအောင် သူမစွမ်းဆောင်နိုင်ပါ။

သူ၏ နောက်ဆုံးသိုင်းကွက်ဖြစ်သော အရိပ် သိုင်းကွက်ကို ထုတ်ဖော်အသုံးပြုရန် ဆုံးဖြတ်လိုက်တော့သည်။

ပန်းဘွားဘွား၏ မျက်လုံးအစုံမှာ တိုက်ပွဲဆီသို့သာ မမှိတ်မသုန်စိုက်ကြည့်နေ၏။

ကြည့်ရင်း သူမ၏မျက်နှာပေါ်တွင် ပြုံးယောင်သန်းလာလေသည်။

ဖုရှောက်လုံမှာ အရိပ်သိုင်းကွက်ကို စတင်အသုံးပြုလိုက်၏။

သူ၏ခန္ဓာကိုယ်မှာ လျင်မြန်စွာလှုပ်ရှားလာ၏။

အချိန်အနည်းငယ်ကြာသည်နှင့် သူ၏လှုပ်ရှားမှုမှာ ကြည့်၍ပင်မရတော့ချေ။ လူနှင့်အရိပ် မည်သို့မျှ ခွဲခြား၍မရတော့ပါ။

တုကျိကောင်းမှာ ရင်ထိတ်သွားသည်။

သူသည် အရိပ်သိုင်းကွက်ကြောင့် တစ်ခါက မသေရုံတမယ် ဖြစ်ခဲ့ရသည်မဟုတ်ပါလား။

ထို့ကြောင့် သူ၏အတွင်းအားကိုစုစည်းကာ တည်ငြိမ်စွာရပ်လိုက်၏။

ထို့နောက် အရိပ်များကိုခွဲခြားရင်း တစ်ချက်ချင်းသာပြန်လည်တိုက်ခိုက်လိုက်သည်။

သို့သော် လူနှင့်အရိပ် သူမခွဲခြားနိုင်ပါ။

ထို့ကြောင့် သူ၏တိုက်ခိုက်မှုမှာ အလွဲလွဲအချော်ချော် ဖြစ်နေ၏။

ပို၍ထိတ်လန့်သွားသည်။

ထိုအခိုက်မှာပင် လေအရှိန်တစ်ခု တိုးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် ကမန်းကတန်း နောက်သို့ဆုတ်လိုက်၏။

တုကျိကောင်း နောက်သို့ ဆုတ်လိုက်သည်မှာ ကုံကောင်းသွားသည်။



ဖုရှောက်လုံ၏ လက်ဝါးမှာ တုကျိကောင်း၏ လက်မောင်းကိုသာထိသွားသည်။

တုကျိကောင်းမှာ နောက်သို့ယိုင်သွားသည်။

ချက်ချင်းအားတင်းပြီး သတိဖြင့်ရင်ဆိုင်လိုက်သည်။

သို့သော် လက်ဝါးတစ်ခုက လျင်မြန်စွာ ရောက်ရှိလာပြန်သည်။

'ဂုန်း'

တုကျိကောင်းမှာ နောက်သို့ယိုင်သွားသည်။

ရင်ဝရှိအတွင်းအားကို စုစည်းပြီးခံထား၍သာ တော်တော့သည်။

သို့မဟုတ်လျှင် သူ လုံးဝရှုံးနိမ့်သွားမည်မှာသေချာ၏။

ပန်းဘွားဘွားက...

'ဟကျင်း မြွေဟောက်တွင်းဝင်'

ဟု လှမ်းအော်လိုက်သည်။

တုကျိကောင်းမှာ ထိုသိုင်းကွက်ကိုသိထား၏။

သူ သိုင်းပညာသင်ကြားစဉ်က အခြေခံသိုင်းကွက်တစ်ခုပင်ဖြစ်သည်။

သူက စဉ်းစားမနေတော့ဘဲ ဓားကိုဝှေ့ယမ်းကာ အပေါ်မှအောက်သို့စိုက်ချလိုက်ကာ အရိပ်ထဲသို့ထိုးထည့်လိုက်သည်။

'အား'

ဖုရှောက်လုံ၏လက်ဝါးမှာ သွေးချင်းချင်းနီရဲသွားသည်။

တုကျိကောင်းမှာ ဝမ်းသာသွား၏။

သိုင်းကွက်တစ်ကွက်နှင့်ပင် ဖုံရှောက်လုံအား ဒဏ်ရာရအောင် တိုက်ခိုက်နိုင်လိုက်ပြီ မဟုတ်ပါလား။

ဖုံရှောက်လုံမှာ အံကိုတင်းတင်းကြိတ်လိုက်သည်။

ထပ်မံ၍ အရိပ်သိုင်းကွက်ကို အကုန်ထုတ်သုံးလိုက်ခြင်း ဖြစ်သည်။

လေအရှိန်ပင် တစီးစီးမြည်နေသည်။

အရိပ်များစွာမှာ တုကျိုကောင်း၏ ခန္ဓာကိုယ်ကို လွှမ်းခြုံသွား၏။

တုကျိုကောင်းမှာ ထိတ်လန့်သွားသည်။

မည်သို့တိုက်ခိုက်ရမည်မသိ ဖြစ်သွားသည်။

ထိုစဉ်...

'ခရေပန်းကြဲ'

ဟူသော ပန်းဘွားဘွား၏အသံ ထွက်ပေါ်လာ၏။

တုကျိုကောင်းကလည်း မဆိုင်းမတွပင် ခရေပန်းကြဲဓားကွက်ကို အသုံးပြုလိုက်လေသည်။

ဓားကို စက်ဝိုင်းပုံသဏ္ဌာန်သုံးခုဝေ့ယမ်းကာ ရှေ့သို့ ထိုးချလိုက်၏။

'အား'

စူးရှသောအော်သံနှင့်အတူ အရိပ်များ ပျောက်ကွယ်သွား၏။

တုကျိုကောင်းမှာ သက်ပြင်းချလိုက်သည်။

ထို့နောက် ဓားကို ပြန်လည်သိမ်းဆည်းလိုက်လေသည်။

ပန်းဘွားဘွားက...

'မင်းရဲ့သူကို လက်စားချေပြီးပြီ ဝမ်းမသာဘူးလား'



တုကျိုကောင်းက

'ဝမ်းသာစရာ တစ်ကွက်မှကျန်တော်မတွေ့ပါဘူး'

ပန်းဘွားဘွားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် လူသတ်တာဟာ ဝမ်းသာစရာမကောင်းပါဘူး မင်း အခုဘာဆက်လုပ်မလဲ'

တုကျိုကောင်းက

'ပေ့ဟုန်နဲ့ သေမင်းတမန်ဂိုဏ်းကို ဖြိုခွဲရဦးမယ်'

'မင်းတစ်ယောက်တည်းနဲ့ ဖြိုခွဲနိုင်ပါ့မလား'

တုကျိုကောင်းက သူ၏အစီအစဉ်များကို ပြောပြလိုက်၏။

ပန်းဘွားဘွားက စကားဆုံးအောင်နားထောင်လိုက်ပြီး

'ကောင်းတယ် ငါမင်းကိုကူညီပါ့မယ်၊ ပေ့ဟုန်ဆီရောက်ရင် ဒီလိုလုပ်'

ပန်းဘွားဘွားက တုကျိုကောင်း၏နား နားသို့ကပ်၍ ပြောလိုက်လေသည်။

တုကျိုကောင်းက

'ဒါဆို သူသိပ်ကိုဝမ်းသာသွားမှာ သေချာတယ်'

ပန်းဘွားဘွားက

'ကဲ မင်းသွားတော့ နောက်ကျနေတော့မယ်'

တုကျိုကောင်းက ပန်းဘွားဘွားကို ရိုသေစွာဝန္ဒာမီပြုလိုက်ပြီး မြင်းပေါ်သို့တက်ကာ ထွက်ခွာသွားလေတော့သည်။

## ထောင်ချောက်နိဂုံး

ပေ့ဟုန်မှာ စိတ်ပျက်သောအမူအရာနှင့် ထိုင်နေ၏။

စွေ့ယင်းဟုန်မှာ သူ၏အနီးတွင် ရပ်နေသည်။

တုကျိကောင်းကအထဲရောက်သည်နှင့် ပေ့ဟုန်အား ဦးညွှတ်လိုက်လေသည်။

ပေ့ဟုန်က

'မင်းကိစ္စ ပြီးခဲ့ပြီလား'

'ဟုတ်ကဲ့ ဌာနခွဲမှူးချုပ်ကျင်းကဲ့ အာလုံးစုံညီအောင် တာဝန်ယူဆောင်ရွက်ပေးပါလိမ့်မယ်'

ပေ့ဟုန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

'ဒါပေမယ့် တို့ဒီအစီအမဉ်တွေ ကမောက်ကမဖြစ်ကုန်ပြီ'

တုကျိကောင်းက သက်ပြင်းချလိုက်သည်။



'ဘာဖြစ်လို့လဲ'

ပေ့ဟုန်က သက်ပြင်းချလိုက်သည်။

'စုမင်းလွတ်သွားပြီ'

တုကျိကောင်းက ပြုံးလိုက်ပြီး

'ဒီအတွက် မပူပါနဲ့'

'မပူလို့မဖြစ်ဘူး စုမင်းသာ သူ့ဌာနချုပ်ပြန်ရောက်သွားရင် ငါတို့ကို သူတို့ယုံကြည်မှာမဟုတ်ဘူး'

'စိတ်ချ စုမင်း ဘယ်တော့မှ သူ့ဌာနချုပ်ရောက်မှာမဟုတ်ဘူး'

ပေ့ဟုန်၏မျက်လုံးအစုံ ပြူးကျယ်သွားပြီး

'သူသေပြီလား'

'ဟုတ်တယ် သူတင်မကဘူး ဖုရှောက်လုံပါ သေဆုံးသွားပါပြီခေါင်းဆောင်ကြီး'

ပေ့ဟုန်မှာ ပို၍အံ့အားသင့်သွားသည်။

တုကျိကောင်းအား မယုံကြည်နိုင်သလိုကြည့်လိုက်ပြီး

'ဟုတ်ရဲ့လား ဘယ်သူသတ်လိုက်တာလဲ'

'ကျုပ်ပါ'

ပေ့ဟုန်က ရယ်မောလိုက်ပြီး

'မင်း စိတ်မှန်သေးရဲ့လား'

တုကျိကောင်းက ခေါင်းညိတ်လိုက်ပြီး

အိတ်ထဲမှအထုပ်ကလေးကို ထုတ်၍ပြသည့်လိုက်သည်။

စုမင်း၏ဆံထိုးနှင့် ဖုရှောက်လုံ၏ လက်စွပ်တို့ပင်ဖြစ်ပါသည်။

ပေ့ဟုန် ကောင်းစွာမှတ်မိလိုက်သည်။

တဒင်္ဂအတွင်း မင်သက်မိသလို ဖြစ်သွားလေသည်။

စွေ့ယင်းဟုန်က

'ရှင် ဖုရှောက်လုံကို ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ဘူး၊ရှင့်ကို ကူညီတဲ့လူရှိရမယ်'

ထုကျိုကောင်း ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်၊ နို့မဟုတ်ရင် ဖုရှောက်လုံကို ကျုပ်မနိုင်ပါဘူး'

ပေ့ဟုန် စိတ်ဝင်စားသွားပြီး

'မင်းကိုကူညီတာ ဘယ်သူလဲ'

တုကျိုကောင်းက

'ပန်းဘွားဘွား'

ဟု တစ်လုံးချင်း ပြောပြလိုက်၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

တုကျိုကောင်း ဆက်ပြောလိုက်၏။

'ပန်းဘွားဘွားက ခေါင်းဆောင်ကြီးကို စကားလှက်ဆောင်ပါးလိုက်ပါတယ်'

ပေ့ဟုန် ပြုံးရှင်သွားပြီး

'ဘာမျှားလဲဗျ'

'ခေါင်းဆောင်ကြီးကို သူတတ်နိုင်သလောက် အကူအညီပေးမယ်၊ ခေါင်းဆောင်ကြီးဘုရင်ဖြစ်ရင် သူ့ကိုမမေ့ပါနဲ့တဲ့'



ပေ့ဟုန်မှာ အလွန်ဝမ်းသာသွား၏။

ပန်းဘွားဘွားဆိုသောလူတစ်ယောက်က သူ့အား ဘုရင်ဖြစ်မည်ဟုဆိုလိုက်ခြင်းအတွက် သူဂုဏ်မယူဘဲ မနေနိုင်ပါချေ။

စွေ့ယင်းဟုန်မှာမူ တွေဝေ စဉ်းစားနေ၏။

တုကျိုကောင်းက

'ကျွန်တော်လဲ အခွင့်အရေးတစ်ခု တောင်းဆိုချင်ပါတယ်'

ပေ့ဟုန်က

'ပြောပါ'

'ကျွန်တော်လဲ ခေါင်းဆောင်ကြီးဆီမှာ သစ္စာရှိစွာနဲ့ အမှုထမ်းပါမယ်၊ ဘယ်လိုရာထူးမျိုးပေးနိုင်မလဲ'

ပေ့ဟုန်က မေးစေ့ကိုပွတ်သပ်စဉ်းစားလိုက်သည်။

တုကျိုကောင်းအား သူအရှင်ထားရန် မစဉ်းစားခဲ့ပါ။

ယခုမူ ပန်းဘွားဘွား၏အကူအညီရရန်အတွက်တုကျိုကောင်းအား သူ့လက်အောက်တွင် သိမ်းသွင်းရမည် မဟုတ်ပါလား။

တုကျိုကောင်းအနေနှင့် သူ့အနီးကပ်တာဝန် မပေးလျှင် သူ့အား လုပ်ကြံခွင့်ရမည် မဟုတ်ပါ။

ထို့ကြောင့် သူက ပြုံးလိုက်ပြီး

'စိတ်ချ၊ မင်းကို လေ့ကျင့်ရေးမှူးတာဝန်ပေးမယ်၊ ကျုပ်တပ်သားတွေကို တိုက်ရည်ခိုက်ရည်ထက်မြက်အောင် လေ့ကျင့်ပေးပါ'

တုကျိုကောင်း ဒူးထောက် ဂါရဝပြုလိုက်ပြီး

‘ကျေးဇူးတင်ပါတယ် ခေါင်းဆောင်ကြီး’

ပေ့ဟုန် ရယ်မောရင်း

‘ထပါ....ထပါ....ကျုပ်တို့ အစီအစဉ်ဆွဲရအောင်၊ ကို့ကျို ကွမ်းတို့လဲ ရောက်လာတော့မယ်’

တုကျိုကောင်းမှာ ရင်ထဲ ကျေနပ်သွား၏။

သူ့အတွက် အခွင့်အရေး ကောင်းလာပြီ မဟုတ်ပါလား။

သူ့ကို မသတ်လျှင်ပင် သူကျေနပ်ပြီ ဖြစ်သည်။

သူ့အနေနှင့် မိုးကောင်းကင်စားသောက်ဆိုင်သို့ ပေ့ဟုန် စိတ်ချလက်ချသွားစေရန် တွန်းအားပေးရဦးမည် မဟုတ်ပါလော။

* * *



လဆန်း ရှစ်ရက်နေ့။

နဂါးရေကန်ထဲဝယ် လှေများစုံညီစွာ ရောက်ရှိနေ၏။

စုစုပေါင်း ဆယ့်သုံးယောက်တိတိပင်ဖြစ်သည်။

ဌာနခွဲမှူး ချိုပုကျင်းက စားသောက်ဖွယ်ရာများ တည်ခင်း ဧည့်ခံလိုက်ပြီးနောက်

‘အခု ကျုပ်ခေါ်ရတဲ့ကိစ္စဟာ ရွှေစင်အရိုးစုအတွက်ပါပဲ’ ဟု စကားစလိုက်၏။

အမှတ်ငါး ဌာနခွဲမှူးက

‘ရွှေစင်အရိုးစု ဘယ်မှာရှိတယ်ဆိုတာ သတင်းရပြီလား’

ချိုပုကျင်းက ခေါင်းညိတ်လိုက်ပြီး

‘ဟုတ်တယ်’

‘ဘယ်မှာလဲ’

‘ပေ့ဟုန်ဆီမှာ’

အားလုံးငြိမ်ကျသွားသည်။

အမှတ်ဆယ့်နှစ်ဌာနခွဲမှူးက

‘ပေ့ဟုန်ဆီ ရောက်နေရင်တော့ ပြန်ယူဖို့ သိပ်လွယ်မှာ မဟုတ်ဘူး’

ချိုပုကျင်းက

‘လွယ်ပါတယ်’

‘ဘယ်လိုအကြံအစည်များ ရှိနေပြီလဲ’

‘ကျုပ်အကြံအစည်ကို မပြောခင် ကျုပ်အကြောင်းအလျင် ပြောပါရစေ’

အားလုံးငြိမ်သက်စွာ နားထောင်လိုက်ကြ၏။

ချီပုကျင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ကျုပ်ဟာ ဌာနခွဲဆယ့်သုံးခုရှိတဲ့အနက် အမှတ်တစ်ဌာနခွဲမှူးပါ၊ ရွှေစင်အရိုးစုရရင် ကျုပ်ပိုင်ဆိုင်ထိုက်တယ်မဟုတ်လား'

အားလုံး မကျေမနပ် ဖြစ်သွားသည်။ တစ်ယောက် တစ်ပေါက်အသံများ ထွက်လာသည်။

ချီပုကျင်းက ရယ်မောလိုက်ပြီး....

'ခင်ဗျားတို့အနေနဲ့ ကျုပ်ရရင် ကျေနပ်မှာ မဟုတ်သလို တခြားလူရလဲ ကျေနပ်ကြမှာမဟုတ်ဘူး၊ ကျုပ်အသက်ကြီးပါပြီ၊ ဒီနေရာကပဲ အားလုံးကို ကြေညာပါ့မယ်၊ ရွှေစင်အရိုးစုကို ပြန်ရအောင်လုပ်မယ်၊ ဒါပေမယ့် ကျုပ်မယူဘူး'

အားလုံးငြိမ်ကျသွားသည်။ ချီပုကျင်းက စကားဆက်လိုက်သည်။

'ကျုပ်တို့ သေမင်းတမန်ဂိုဏ်းဟာ စည်းလုံးမှုမရှိဘဲ ကွဲပြားနေကြတယ်၊ ဒါဟာမကောင်းတဲ့လက္ခဏာပါ၊ ကြာရင်ကျုပ်တို့ဂိုဏ်းတစ်ခုလုံး ပြိုကွဲသွားနိုင်တယ်၊ ဒါကြောင့် ကျုပ်အကြံပေးပါရစေ၊ ခင်ဗျားတို့အထဲက ရွှေစင်အရိုးစုကို ဘယ်သူပိုင်ဆိုင်မလဲ၊ ဘယ်သူ့ကိုဂိုဏ်းချုပ်အဖြစ် တင်မြှောက်မယ်ဆိုတာ ရွေးချယ်ကြပါ'

အားလုံးပင် လှုပ်လှုပ်ရှရှဖြစ်သွားသည်။

အတန်ကြာသည်အထိ မရွေးနိုင်ပါ။

လူတိုင်းက ဂိုဏ်းချုပ်ဖြစ်ချင်နေကြသည် မဟုတ်ပါလော။

ချီပုကျင်းက လက်ကာပြလိုက်သည်။ အားလုံးငြိမ်ကျသွားသည်။



ချီပုကျင်းက...

'ခင်ဗျားတို့ရွေးမရရင် ကျုပ် ပြောတဲ့အကြံကို လိုက်နာမလား'

ဌာနခွဲမှူးအမှတ်ရှစ်က...

'ပြောပါ'

'ဒီလိုလုပ်ပါ သိုင်းလောက စည်းကမ်းအတိုင်း ယှဉ်ပြိုင်ကြပါ၊ ကျုပ်က အကဲဖြတ်ပေးပါ့မယ်'

အားလုံးတွေဝေသွားကြ၏။ အမှတ်ဆယ့်နှစ် ဌာနခွဲမှူးက

'ကျုပ်အနေနဲ့ ဒီသေမင်းတမန်ဂိုဏ်းမှာ ဝါအရင့်ဆုံးပါ၊ ကျုပ်ဂိုဏ်းချုပ်လုပ်မယ်၊ မကျေနပ်တဲ့လူ ယှဉ်နိုင်ပါတယ်'

ဟုစတင် စိန်ခေါ်လိုက်၏။

ဌာနခွဲမှူး အမှတ်သုံးက ဖြုန်းခနဲထရပ်လိုက်ပြီး...

'ကျုပ် ယှဉ်ပြိုင်မယ်'

တစ်ခဏချင်းပင် ညီလာခံဆောင်မှာ ရုတ်တရက်တိုက်ခိုက်ရာကွင်းပြင်ဖြစ်သွားလေတော့သည်။

* * *

အချိန်မှာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ဌာနခွဲမှူးအမှတ်သုံး အမှတ်ငါး၊ အမှတ်ဆယ့်နှစ်၊ အမှတ်တစ်ဆယ်တို့မှာ သေဆုံးသွားကြပြီဖြစ်၏။

ဌာနခွဲမှူးအမှတ်ရှစ်၊ အမှတ်ကိုး၊ အမှတ်နှစ် အမှတ်ခြောက်တို့မှာ ပြင်းထန်စွာ ဒဏ်ရာရနေကြပြီဖြစ်ပါသည်။

ဌာနခွဲမှူးအမှတ် တစ်ဆယ့်တစ်နှင့် အမှတ်လေးတို့မှာသဲ့သဲ့မဲ့မဲ့ယှဉ်ပြိုင်နေကြ၏။

ဌာနခွဲမှူးအမှတ် ခုနစ်ကကြည့်နေရင်း စိတ်ထဲ၌မသိုးမသန့်ဖြစ်လာ၏။

အမှတ်တစ်ဆယ့်တစ်နှင့် အမှတ်လေးတို့မှာညီနေပြီး ဒဏ်ရာကိုယ်စီရနေကြပြီဖြစ်သည်။

ဌာနခွဲမှူးအမှတ်ခုနစ်မှာ ကြည့်ရင်း အချက်တစ်ချက်ကို စဉ်းစားမိလာသည်။

မိမိတို့ယှဉ်ပြိုင်နေလျှင် နောက်ဆုံးတစ်ယောက်သာ ကျန်ပေသည်။ ထိုတစ်ယောက်သည် ချီပုကျင်းအားနိုင်ပါမည်လော။

ချီပုကျင်းကတော့ ကတိတည်ပါမည်လော။

မိမိတို့အား အချင်းချင်းချင်း တိုက်ခိုက်အောင် ဖန်တီးနေခြင်းပင်လော။

အမှတ်ခုနစ်မှာတွေးရင်း ထိတ်လန့်သွားသည်။ အမှတ်လေးနှင့် ဆယ့်တစ်ကို တားမည်အပြု အမှတ်လေး၏ လက်ချက်ဖြင့် အမှတ်တစ် လဲကျသွားသည်ကို တွေ့လိုက်ရလေသည်။

အမှတ်ခုနစ်က ဒေါသမထိန်းနိုင်တော့ပါ။



'ချီပုကျင်း မင်းငါတို့ကို အချင်းချင်းတိုက်ခိုက်အောင်လုပ်နေတာမဟုတ်လား၊ ငါတို့အကုန်သေရင် မင်းရွှေစင်အရိုးစုကိုအပိုင်ယူမယ်မဟုတ်လား'

ဟုအော်ဟစ်လိုက်သည်။

ချီပုကျင်းက ရယ်မောလိုက်ပြီး....

'မင်းမဆိုးဘူး အခုမှတွေးမိတော့ မင်းဘာလုပ်လို့ရတော့မှာလဲ'

အမှတ်လေးမှာ ဒေါသထွက်သွား၏။

ချက်ချင်းပင် ချီပုကျင်းထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။

သို့သော် လောက်ချားက ကြားမှဟန့်တားတိုက်ခိုက်လိုက်၏။

အမှတ်လေးမှာ အံကိုကြိတ်ကာ ဓားကိုဆွဲထုတ်လိုက်သည်။

ချီပုကျင်းထံသို့ တစ်လှမ်းချင်းလျှောက်သွား၏။

ထိုစဉ် တစ်ဖက်လပ်က ကြားမှ ဟန့်တားတိုက်ခိုက်လိုက်လေတော့သည်။

လဆန်းဆယ်ရက်နေ့

အရုဏ်တက်ချိန်....

မိုးကောင်းကင်စားသောက်ဆိုင်သို့ လူတစ်စု ရောက်ရှိလာ၏။

စားသောက်ဆိုင်ပိုင်ရှင်ကိုယ်တိုင် ထိုလူစုအား ခရီးဦးကြို ပြုလိုက်ပြီး အပေါ်ထပ်စားသောက်ခန်းမကျယ်ဆီသို့ ခေါ်သွားလိုက်၏။

ထိုလူစုမှာ ပေ့ဟုန်တို့လူစုပင်ဖြစ်ပါသည်။

ပေ့ဟုန်နှင့်အတူ ကို့ကျိကွမ်း စွေ့ယင်းဟုန်၊ ခြေမရှိ၊ အဆိုပ်ဘုရင်နှင့် တုကျိကောင်းတို့ လိုက်ပါလာ၏။

ပေ့ဟုန်က စားသောက်ခန်းကို ကြည့်လိုက်သည်။

အတော်ပင်ကျယ်ဝန်းပြီး အလယ်တွင် စားပွဲရှည်တစ်လုံး သာချထား၏။

သူစီစဉ်ထားခိုင်းသည့်အတိုင်းပင် ဖြစ်သည်။

အခန်းတစ်ဘက်ထိပ်တွင် အခန်းနှစ်ခန်းသာရှိ၏။

ခြေမရှိမှာ ရွှေစင်အရိုးစုထည့်ထားသောအိတ်ကို ထမ်းထား၏။

ကို့ကျိကွမ်းက

'ခြေမရှိထမ်းထားရတာ မပင်ပန်းဘူးလား စားပွဲပေါ်ချထားလိုက်ပါလား'

ဟု ပြောလိုက်သည်။ ခြေမရှိက....

'ကိစ္စမရှိပါဘူး'

စွေ့ယင်းဟုန်က ...

'သူတို့ ဘယ်အချိန်လာမှာလဲ'



'အခုပဲ ရောက်ပါပြီ'

အသံနှင့်အတူ လူဆယ့်သုံးယောက် ဝင်ရောက်လာလေတော့သည်။

ပေ့ဟုန်က စားပွဲထိပ်တွင် ထိုင်နေ၏။

သူ၏အနီးတွင် စွေ့ယင်းဟုန်နှင့် ကို့ကျိကွမ်းတို့ ထိုင်နေ၏။

ချိပုကျင်းက...

'ကဲ...ကျုပ်တို့ ဆွေးနွေးရအောင်'

ပေ့ဟုန်က ပြုံးလိုက်ပြီး

'သေမင်းတမန်ဂိုဏ်းမှာ စည်းကမ်းတစ်ခုရှိတယ် ဒီစည်းကမ်းဟာ ရွှေစင်အရိုးစုကို ပိုင်ဆိုင်တဲ့လူက ဂိုဏ်းချုပ်အဖြစ်ဆောင်ရွက်နိုင်တယ်တဲ့ မဟုတ်ပါသလား'

ချိပုကျင်းက ခေါင်းညိတ်လိုက်ပြီး—

'ဟုတ်တယ်'

'ဒါဆို ရွှေစင်အရိုးစု ကျုပ်လက်ထဲရှိနေပါပြီ'

ချိပုကျင်းက မဲ့လိုက်ပြီး

'ခင်ဗျားက ဂိုဏ်းချုပ်လုပ်ချင်တယ်ဆိုပါတော့'

'ဟုတ်တယ် ခင်ဗျားတို့အနေနဲ့ ကျုပ်လက်အောက်မှာ အမှုထမ်းရင် ဒီထက်မက ကြီးကျယ်လာပါမယ် ကျုပ်ဟာ အနေ့နဲ့အမြန်ဆိုသလို တိုင်းပြည်ကို စိုးမိုးနိုင်တော့မှာပါ'

ချိပုကျင်းက

'တကယ်လို့ လက်မခံရင်ကော'

ပေ့ဟုန်က ရယ်မောလိုက်ပြီး....

'ကျုပ်ဒီကိုလာကတည်းက အားလုံး တွက်ချက်ထားပြီးပါပြီ ဒါတင်မကသေးဘူး မင်းနဲ့ပါလာတဲ့လူတွေဟာလဲ ဌာနခွဲမှူး ဆယ်နှစ်ယောက်မဟုတ်ဘူးလို့ ပန်းဘွားဘွားက သတိပေးခဲ့ပါတယ်'

ချီပုကျင်းမှာ မျက်နှာပျက်သွားသည်။

ပေ့ဟုန်က

'ကျုပ်အနေနဲ့ ပြောစရာတစ်ခုပဲရှိတယ် မင်းတို့ကိုမသတ်ချင်ဘူး၊ မင်းအပြုံးနဲ့လက်ခံမယ်ဆိုရင် သေမင်းတမန်ဂိုဏ်းချုပ်အဖြစ် မင်းကိုခန့်မယ် ငါ့လက်အောက်မှာ သစ္စာခံရမယ် နို့မဟုတ်ရင် တော့'

ချီပုကျင်းက သက်ပြင်းချရင်း

'ကျုပ်က လက်ခံချင်ပါတယ် သူကသဘောတူမယ်မထင်ဘူး'

ဟု သူ၏ဓားကို ပုတ်ပြလိုက်သည်။

ပေ့ဟုန်က ဒေါသထွက်သွားပြီး

မင်းက ခုခံမယ်ဆိုပါတော့'

'ဟုတ်တယ် သူ့ကိုသတ်လိုက်တော့'

ချီပုကျင်း၏အသံမှာ အေးစက်စွာ ထွက်ပေါ်လာသည်။

ချီပုကျင်း၏ စကားအဆုံးဝယ် ရွှေ့ယင်းဟုန်၏လက်မှာ လျှပ်တစ်ပြက် လှုပ်ရှားသွားလေသည်။

ပေ့ဟုန်မှာ ထိတ်လန့်သွားပြီး စားပွဲခုံကို ခြေနှင့်ကန်ကာ နောက်သို့လှန်ချလိုက်၏။

ရွှေ့ယင်းဟုန်၏ဓားမှာ လေကိုသာတိုးမိသွားသည်။



ကိုးကျိကွမ်းကလည်း ချက်ချင်းဆိုသလိုပင် ရွှေ့ယင်းဟုန်အားတိုက်ခိုက်လိုက်၏။

အဆိပ်ဘုရင်ကလည်း ချီပုကျင်းအား တိုက်ခိုက်လိုက်လေသည်။

ချီပုကျင်း၏ ငယ်သားများကလည်း တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာ၏။

အခြေအနေမှာရှုပ်ထွေးနေ၏။

တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

ငြိမ်သက်စွာထိုင်နေသူဟူ၍ နှစ်ယောက်သာရှိ၏။

ခြေမရှိနှင့် တုကျိကောင်းတို့ပင်ဖြစ်ပါသည်။

ခြေမရှိမှာ ရွှေစင်အရိုးစုကို ပွေ့ပိုက်ကာထိုင်နေ၏။

တုကျိကောင်းအလည်း ခြေမရှိကို မသိမသာကြည့်ရင်းအကဲခတ်နေ၏။

ပေ့ဟုန်မှာမူ တိုက်ပွဲအတွင်း သွက်လက်စွာ တိုက်ခိုက်နေလေသည်။

ရွှေ့ယင်းဟုန်၏ တိုက်ခိုက်မှုမှာ သွက်လက်စွာ တိုက်ခိုက်နေသည်။

သို့သော် ကိုးကျိကွမ်းကို မယှဉ်နိုင်ပါချေ။

သိုင်းကွက်နှစ်ဆယ်မျှ ရောက်သောအခါ ခံစစ်အနေအထားသို့ရောက်ရှိသွားသည်။

ချီပုကျင်း၏သိုင်းပညာမှာ မဆိုးလှပါ။

သို့သော် အဆိပ်ဘုရင်၏ အဆိပ်လက်ဝါးကို အလူးအလဲ ခံနေရသည်။

ချီပုကျောင်း၏လူများမှာလည်း ပေ့ဟုန်အား လုံးဝမယှဉ်နိုင်ပါချေ။

တုကျိကောင်းမှာ ပေ့ဟုန်၏သိုင်းပညာကို ချီးကျူးမိ၏။

ပေ့ဟုန်သည် ဖုရှောက်လုံထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းသည်ဟု ခံစားလိုက်ရသည်။



ပန်းတစ်ရာတောင်ကြား....

ပန်းတစ်ရာတောင်ကြား အတွင်း၌ လီဟုန်းမှာ အုပ်ချုပ်နေ၏။

သူသည် အုပ်ချုပ်မှုအတတ်ပညာကို မကျွမ်းကျင်ပါ။

ငယ်သားများနှင့်သာလွှဲထားပြီး အရက်သောက်နေမိသည်။

ယနေ့လည်းနံနက်စောစောအချိန် အိပ်ကောင်းနေစဉ်မှာပင် ဆူညံသောအသံများကို ကြားလိုက်ရသဖြင့် လန့်နိုးလာ၏။

လီဟုန်းက ကမန်းကတန်း လိုဏ်ဂူအပြင်ဘက်သို့ထွက်ကြည့်လိုက်ရာ ကိတ်လန့်တုန်လှုပ်သွားရ၏။

အကြောင်းမှာ နေပြည်တော်မှ စစ်သည်များ ပန်းတစ်ရာတောင်ကြားအတွင်းသို့ ထိုးဖောက်တိုက်ခိုက်နေပြီ မဟုတ်ပါလား။

သို့ဖြစ်၍ လီဟုန်းသည်မိမိကိုမိမိအပြစ်တင်လိုက်မိသည်။

ကင်းပုန်းများကို သေသေချာချာ နေရာ ချမထားသောကြောင့်ဖြစ်သည်မဟုတ်ပါလား။

ထို့နောက် သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး လိုဏ်ဂူနံရံမှ ကွဲချိုကိုဖြုတ်ယူကာ မှုတ်လိုက်သည်။

ထို့နောက် ဓားကိုဆွဲကာ တိုက်ပွဲအတွင်းသို့ ပြေးဝင်သွားတော့သည်။

ရာဇဝတ်ဘေးဟူသည်ကား၊ ပြေး၍လွတ်ရိုးထုံးစံမရှိချေ။

မကောင်းမှုဟူသည်မှာလည်း ဆိတ်ကွယ်ရာမရှိနိုင်ချေ။

လောဘတရားဖြင့် မိမိအလိုဆန္ဒပြည့်ဝနိုင်ရေးအတွက် အဓမ္မနည်းပေါင်းစုံ အသုံးပြုဆောင်ရွက်မှုခြင်းများသည် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်ခါခါ၌ မုချပြိုကွဲပျက်သဉ်းရမည်သာ ဖြစ်ပေသည်။ မိုးကောင်းကင် စားသောက်ခန်းထဲ၌အခြေအနေရှုပ်ထွေးလျက်ရှိသည်။

ချီပုကျင်းတို့လူစုနှင့် အဆိပ်ဘုရင်တို့၏ ပြင်းထန်သောတိုက်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

သို့ရာတွင် အခြေအနေအား တဖြည်းဖြည်း သိသာကွဲပြားလာသည်။ ချီပုကျင်းတို့လူစုမှာ ရှုံးနိမ့်စပြုလာပြီဖြစ်ပေသည်။

ခြေမရှိမှာ အခြေအနေကိုအကဲခတ်ပြီးနောက် လျှပ်တစ်ပြက် အခန်းထဲမှခုန်ထွက်သွားလေသည်။

ပေ့ဟုန်သည် တိုက်ခိုက်နေရင်း ခြေမရှိကရွှေစင်အရိုးစုအား ခိုးပြေးသွားကြောင်း တွေ့လိုက်ရသဖြင့်...

'တုကျိကောင်း ခြေမရှိကိုမလွှတ်စေနဲ့'

ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

သို့သော် တုကျိကောင်းသည် ပေ့ဟုန်၏စကားကို မကြားသကဲ့သို့ ထိုင်မြဲထိုင်နေ၏။

ထို့ကြောင့် ပေ့ဟုန်မှာ ဒေါသထွက်သွား၏။ ခြေမရှိနောက်သို့ သူကိုယ်တိုင်လိုက်ရန်ကာလည်း မဖြစ်နိုင်သော အခြေအနေ၌ ရှိနေသည် မဟုတ်ပါလား။



ဒုစရိုက်သမားများ၏ တိုက်ပွဲကား ပြီးဆုံးသွားပြီဖြစ်သည်။

ချီပုကျင်းတို့လူစုမှာ မရှုမလှအရေးနိမ့်သွားခဲ့ရပြီဖြစ်ပေ၏၊

မည်သို့ဆိုစေ တရားဥပဒေ စိုးမိုးရေးနှင့်၊ ရပ်ရွာငြိမ်းချမ်းသာယာရေးကို နှောင့်ယှက် ဖိပါးသူမှန်သမျှ မုချအရေးနိမ့်ကျဆုံးရမည်သာဖြစ်ပေသည်။

မိုးကောင်းကင်စားသောက်ခန်းမမှာ ပြန်လည် ငြိမ်သက်သွားကြပြီဖြစ်သည်။

အခန်းတွင်း၌ စားပွဲ၊ ကုလားထိုင်များမှာ ကျိုးပဲ့ပျက်စီးနေ၏။

သက်ရှိလူသားဟူ၍ လေးဦးသာရှိတော့၏။

ပေ့ဟုန်၊ ကို့ကျိကွမ်း၊ အဆိပ်ဘုရင်နှင့် တုကျိကောင်းတို့ပင်ဖြစ်သည်။

အဆိပ်ဘုရင်မှာ အသက်ရှိသေးသော်လည်း ဒဏ်ရာ ပြင်းထန်စွာ ရနေပြီဖြစ်၏။

ပေ့ဟုန်က တုကျိကောင်းအားကြည့်လိုက်ပြီး

'မင်း ဘာလို့ ခြေမရှိနောက်ကို မလိုက်သွားရတာလဲ'

ဟု အေးစက်စွာမေးလိုက်၏။

တုကျိကောင်းက

'လိုက်စရာမလိုလို့ပါ'

တုက္ကိုကောင်းက အဖြေမပေးပါ။

အပေါ်ထပ်သို့တက်သည့် လှေကားကိုသာ ငေးကြည့်နေသည်။

ပေ့ဟုန်ကလည်း တုက္ကိုကောင်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

တစ်ခေါင်းလုံး ပန်းများဝေနေအောင် ပန်ဆင်ထားသည့် အဘွားအိုတစ်ယောက် တက်လာသည်ကိုတွေ့လိုက်ရ၏။

သူ၏လက်ထဲတွင် ရွှေစင်အရိုးစုပြန်ပါလာသည်ကို တွေ့လိုက်ရလေသည်။

ပေ့ဟုန်က ဝမ်းသာသွားသည်။

ဤအဘွားအိုသည် ပန်းဘွားဘွားပင် မဟုတ်ပါလော။

ပေ့ဟုန်ကဦးညွှတ်လိုက်ပြီး

'အခုလို ရွှေစင်အရိုးစုကို ပြန်ယူလာတာ ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်၏။

ပန်းဘွားဘွားကရယ်မောလိုက်ပြီး

'ငါ မင်းကို မပေးသေးဘဲ ဘာလို့ ကျေးဇူးတင်နေ ရတာလဲ'

ပေ့ဟုန်မှာ အံ့အားသင့်သွား၏။



ပန်းဘွားဘွားအား မော့ကြည့်ကာ....

'ပန်းဘွားဘွားက ဘာကိုဆိုလိုတာလဲ၊ ဒါဆို ကျုပ်ကို ပြန်မပေးတော့ဘူးလို့ ဆိုတာလား'

ပန်းဘွားဘွားက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ပြန်ယူမယ့်လူတွေလာနေပြီလေ၊

ပန်းဘွားဘွား၏ စကားအဆုံးတွင် ခြေသံများစွာကို ကြားလိုက်ရသည်။

တစ်ခဏချင်းမှာပင် ဗိုလ်မှူးကလေး ဦးဆောင်သော စစ်သည်တော်များ တက်လာသည်ကို တွေ့လိုက်ရသည်။

ပေ့ဟုန်မှာ မျက်နှာပျက်သွား၏။

ဒေါသတကြီးဖြင့် တုက္ကိုကောင်းအား လှမ်းကြည့်လိုက်၏။

တုက္ကိုကောင်းက ရယ်မောလိုက်ပြီး

'ကျုပ်တစ်ချိန်လုံး အလိမ်အညာခံ အသုံးချနေရတာပဲ၊ ဒီတစ်ခါပဲ ခင်ဗျားတို့ကို ပြန်လိမ်ခဲ့ပါတယ်'

ပေ့ဟုန်မှာ အံ့ကြိတ်လိုက်၏။

လျှပ်တစ်ပြက် ပြတင်းပေါက်မှ ခုန်ချဟန်ဖြင့် ပြင်လိုက်၏။

သို့သော် သူခုန်မချဖြစ်ပါ။

စားသောက်ဆိုင်ပတ်လည်တွင် စစ်သည်တော်များစွာကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ပေ့ဟုန်မှာ ခေါင်းငိုက်စိုက်ကျသွား၏။

ရည်မှန်းချက်ပန်းတိုင်ကား ပြိုကွဲပျက်ပြယ်သွားရချေပြီ။
သိုင်းလောကတစ်ခုလုံးကို စိုးမိုးရန် ကြံရွယ်မှု။

တရားဥပဒေကို မျက်ကွယ်ပြုပြီး ထင်ရာစိုင်းလိုမှု။
ပြည်သူများကို ဥပဒေမဲ့ နိုင်ထက်စီးနင်းပြုလိုမှု။
စသည့် ပေ့ဟုန်၏ကြံရွယ်ချက်များ၊ အပြုအမူများသည် ယခုအခါ လုံးဝပျက်ပြယ်သွားရပြီဖြစ်သည်။
မကောင်းမှုဟူသည် စိတ်ကွယ်ရာမရှိနိုင်ချေ။
ရာဇဝတ်ဘေးမှ ပြေးလွတ်နိုင်ခြင်းလည်း မရှိတော့ပြီ။

## အရေးကြီးလျှင် သွေးစည်းမည်

တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားလာလျှင်။
ရပ်ရွာအေးချမ်းမှု မရှိနိုင်ပါ။
ရပ်ရွာ အေးချမ်းသာယာမှုမရှိပါက
ပြည်သူအများ စိုးရိမ်ကြောင့်ကြဖြစ်ကာ
တိုင်းပြည်နှင့်အဝှမ်း မငြိမ်မသက်ဖြစ်နိုင်ပါသည်။
သို့ဖြစ်ရာ....

တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး အတွက် သက်ဆိုင်ရာ အာဏာပိုင်များသာမက ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ကြရန်လိုအပ်ပေသည်။

သို့မှသာ တိုင်းပြည်အဝှမ်းအေးချမ်းသာယာပြီး

ပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့နိုင်ကြမည်ဖြစ်ပေသည်။

တုကျိုကောင်းက ဗိုလ်မှူးကလေးအား ဦးညွှတ်လိုက်ပြီး....

'ပန်းတစ်ရာတောင်ကြားအခြေအနေ ဘယ်လိုရှိသလဲ'

ဟု မေးလိုက်၏။

ဗိုလ်မှူးကလေးက

'ပြီးသွားပါပြီ၊ ကျုပ်တို့အောင်မြင်စွာ ချေမှုန်းနိုင်လိုက်ပါ
ယ်၊ ဒါတင်မကသေးဘူး နတ်ရေကန်ကိုလဲ ဖြိုခွဲနိုင်လိုက်ပါပြီ'

တုကျိုကောင်းက ဝမ်းသာသွားပြီး

'ဒါဆို ကျွန်တော့်ဇနီး'

ဗိုလ်မှူးကလေးက

အောက်မှာအသင့် စောင့်နေပါတယ်ဗျာ'

တုကျိုကောင်းမှာ စကားဆုံးအောင်ပင် နားမထောင်တော့ပါ။

အောက်သို့ ပြေးဆင်းသွားလေတော့သည်။



တုကျိုကောင်းမှာ ချင်းပင်၏ပခုံးကို ဖက်ကာ ထွက်ခွာသွားသော ဗိုလ်မှူးလေးတို့လူစုအား ကြည့်နေ၏။

ချင်းပင်က

'အစ်ကို ညီမကို လိုက်ရှာနေတာ နှံ့နေတာပဲဆို'

တုကျိုကောင်းက ခေါင်းညိတ်လိုက်ပြီး

'ညီမကို ဘယ်သူပြောသလဲ'

'လုဖုန်းပါ၊ သူပဲ ညီမကိုကယ်ခဲ့တာ'

'အခု သူကော'

'ဘဝသစ်ထူထောင်မယ်တဲ့၊ ပြီးတော့ အစ်ကို့ကိုလဲ ကျေးဇူးတင်ပါတယ်လို့ ပြောသွားပါတယ်'

တုကျိုကောင်းမှာ လုဖုန်းကို သတိရသွား၏။

သူ ဖြတ်သန်းလာခဲ့ရသည့် ခရီးကြမ်းကိုလည်း ပြန်လည်သတိရလာ၏။

ထိုစဉ် ပန်းဘွားဘွားရောက်ရှိလာပြီး

'တုကျိုကောင်း... မင်း ဘာဆက်လုပ်မယ်လို့ ရည်ရွယ်ထားသလဲ'

ဟု မေးလိုက်၏။

တုကျိုကောင်းက သက်ပြင်းချရင်း

'သိုင်းလောကကို စိတ်ကုန်သွားပါပြီ၊ မုဆိုးအလုပ်ပဲလုပ်ပြီး အေးအေးဆေးဆေးနေဖို့ စိတ်ကူးပါတယ် ဘွားဘွား'

ပန်းဘွားဘွားက ခေါင်းညိတ်လိုက်ပြီး

'ကောင်းပါတယ်၊ ဒါပေမယ့် သိုင်းလောကအရေးထက် နိုင်ငံတော်အရေးကြုံရင်တော့ မင်းမထွက်လို့မဖြစ်ဘူး'

'ဟုတ်ကဲ့၊ ဒီအခါကျရင်တော့ ကျွန်တော် မုဆိုးအလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်မယ် မထင်ပါဘူး'

သူ၏စကားအဆုံး၌ အားလုံး လွတ်လပ်စွာ ရယ်မောလိုက်ကြသည်။

သူတို့၏ရင်ထဲ၌ လေးလံသောတာဝန် ပြီးဆုံးသွားသဖြင့် ပေါ့ပါးနေသည် မဟုတ်ပါလွား။

တာဝန်သိ ပြည်သူတစ်ယောက်အနေဖြင့် ဒုစရိုက်အမားများကို အာဏာပိုင်များနှင့်အတူ ပူးပေါင်းလက်တွဲ နှိမ်နင်းခဲ့ခြင်းသည် ကြီးစွာသောပီတိအဟုန်ကို ဖြစ်ပေါ်စေခဲ့သည်။

ထိုပီတိသည် မည်သို့သော ဝမ်းသာပျော်ရွှင်မှုနှင့်မှ မလဲလှယ်အစားမထိုးနိုင်သော ပီတိအဟုန်ပင်ဖြစ်သည်။

ပြီး၏။

နန္ဒကျော်သူ


ကျင်းဟုန်၏ ရှင်းလီ ပချွန်းလီ...